



# STUDENT'S BOOK













# မာတိကာ


## ၁. စတင်မလေ့လာမီ 2

၁. ၁ နိဒါန်း 3
၁. ၂ ပထဝီမြေအနေအထား 6
၁. ၃ ပြန်လည်ဆန်းစစ်ခြင်း 11

## ၂. ရှေးခေတ် အရှေ့တောင်အာရှ 13

၂. ၁ နိဒါန်း 14
၂. ၂ လူမှုတိုးတက်မှုနှင့် ယဉ်ကျေးမှု 15
၂. ၃ ပိုလျှံခြင်းနှင့် မညီမျှခြင်း 17
၂. ၄ လူတန်းစားစနစ် 19
၂. ၅ ရှေးခေတ် ကိုးကွယ်မှုဘာသာအယူဝါဒများ 21
၂. ၆ အရှေ့တောင်အာရှလူမျိုးများ 22
၂. ၇ ရှေးခေတ်အရှေ့တောင် အာရှသားများ၏အင်ပါယာများ 27
၂. ၈ အိန္ဒိယနိုင်ငံ နှင့်တရုတ်နိုင်ငံ 31
၂. ၉ ဘာသာအယူဝါဒသစ်များ 38
၂. ၁၀ ပြန်လည်ဆန်းစစ်ခြင်း 42

## ၃. ကိုလိုနီစနစ်နှင့် လွတ်လပ်ရေး 44

၃. ၁ နိဒါန်း 45
၃. ၂ စူးစမ်းရှာဖွေခြင်းနှင့် ကုန်သွယ်မှု 51
၃. ၃ တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း 54
၃. ၄ ကိုလိုနီအုပ်ချုပ်မှုအကျိုးသက်ရောက်မှု 58
၃. ၅ အမျိုးသားရေးစိတ်ဓာတ်ကြီးထွားလာခြင်း 62
၃. ၆ ပျိုးထောင်ခါစနိုင်ငံသစ်များအတွက် စိန်ခေါ်မှုများ 67
၃. ၇ ပြန်လည်ဆန်းစစ်ခြင်း 70

## ၄. မျက်မှောက်ခေတ်အရှေ့တောင်အာရှ 73

၄. ၁ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) 74
၄. ၂ မျက်မှောက်ခေတ် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ 78
၄. ၃ မျက်မှောက်ခေတ်အရှေ့တောင်အာရှ 85
၄. ၄ ပြန်လည်ဆန်းစစ်ခြင်း 95


## ၅. အရှေ့တောင်အာရှအနာဂတ် 98


၅. ၁ နိဒါန်း 99
၅. ၂ ထင်မြင်ချက်များ 100

# ၁။ မစတင်လေ့လာမီ

**ဤအခန်းတွင် အောက်ပါတို့အကြောင်းကို လေ့လာရမည်၊**

- ပြည်မကြီး အရှေ့တောင်အာရှနှင့် ကျွန်းမြေအရှေ့တောင်အာရှ
- အရှေ့တောင်အာရှနိုင်ငံများ





**ဤအခန်းကိုလေ့လာပြီးလျှင် အောက်ပါတို့ကိုလုပ်ဆောင်နိုင်မည်၊**

- အရှေ့တောင်အာရှ အဓိကပထဝီမြေအင်္ဂါရပ်များကိုဖော်ထုတ်ခြင်း
- သံလိုက်အိမ်မြှောင်မှညွှန်ပြသောလမ်းကြောင်းများကိုမြေပုံသုံးရှာဖွေခြင်း
- အရှေ့တောင်အာရှနိုင်ငံများကြား တူညီချက်နှင့် ခြားနားချက်များကိုဖော်ထုတ်ခြင်း

## ၁၊(၀) နိဒါန်း

**အဓိကဝေါဟာရများ**

ဗိသုကာ(နာမ်) - အဆောက်အဦးနှင့်အခြားတည်ဆောက်ပုံဒီဇိုင်းဖော်ခြင်းပညာရပ်

ရှေးရိုးစဉ်လာ(နာမ်) -လူမျိုးတစ်စု. ရိုးရာပုံပြင်များ။ ဒ္ဓာရီများ။တေးဂီတများ။အကများနှင့် သမိုင်းဖြစ်ရပ်များ

| ကြိုတင်လေ့လာခြင်း |
|---|
| တွေးခေါ်ခြင်း |

- အရှေ့တောင်အာရှဟု နှုတ်မှဆိုမိသောအခါမည်သည့်အရာများကိုတွေးမိသနည်း။ စကန့်အနည်းငယ်ကြာမျက်စိမှိတ်စဉ်းစားပြီးနောက် ရရှိလာသောအချက်အချို့ကိုရေးချကာ သူငယ်ချင်းနှင့်ဖလှယ်ပါ၊
- တူညီသောအချက်များ ရေးချမိပါသလား။ အရှေ့တောင်အာရှလူမျိုးများကြား တူညီချက်များကိုရေးချမိပါသလား။ မရေးခဲ့မိသော်တူညီချက်အချို့ကိုစာရင်းပြုစုပါ။

| လေ့ကျင့်ခန်း |
|---|
| နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း |

ကမ္ဘာပေါ်ရှိနိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုကိုလေ့လာပါကငင်း သမိုင်း၊ ပထဝီမြေအနေအထား၊စီးပွားရေး၊နိုင်ငံရေး နှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလေ့လာလေ့ရှိသည်။ ပေးထားသောခေါင်းစဉ်များအတွက်အရှေ့တောင်အာရှနိုင်ငံများကြားနှင့် လူမျိုးတို့ကြားတူညီချက်တစ်ခုစီကိုရှာပြီးဇယားတွင်ဖြည့်ပါ။

| | တူညီချက် | ခြားနားချက် |
|---|---|---|
| သမိုင်း | | |
| ပထဝီမြေအနေအထား | | ဘရူနိုင်းနိုင်ငံသည် အလွန်သေးငယ်သည်။ 5765km2 မျှသာရှိသည်။ သို့သော် အင်ဒိုနီးရှားသည်အလွန်ကြီးမားသည်။ 1904,569km ကျယ်ပြန့်သည်။ |
| စီးပွားရေး | | |
| နိုင်ငံရေး | ထိုင်းနှင့် ကမ္ဘောဒီးယားနှစ် နိုင်ငံစလုံးသည် စည်းမျည်းခံ ဘုရင်စနစ်ကျင့်သုံးသည်။ | |

အရှေ့တောင်အာရှနှင့်ပတ်သက်၍ ဗဟုသုတမည်မျှရှိသည်ကိုဆန်းစစ်ရန် အောက်ပါဉာဏ်စမ်း မေးခွန်းများကိုဖြေဆိုပါ။ မေးခွန်းများအားလုံးကိုမဖြေဆိုနိုင်လျှင်မစိုးရိမ်ပါနှင့်။ မကြာမီတွင် ၄င်းတို့ အကြောင်းကိုလေ့လာရမည်ဖြစ်သည်။

ကြိုတင်လေ့လာခြင်း

**ခန့်မှန်းခြင်း**

**အရှေ့တောင်အာရှနှင့် ပတ်သတ်သောအထွေထွေဗဟုသုတစမ်းမေးခွန်းများ**

က. စင်ကာပူနိုင်ငံတွင် လူဦးရေမည်မျှနေထိုင်သနည်း။
ခ. ဘရူနိုင်းနိုင်ငံသားများသည် မည်သည့်ဘာသာစကားများပြောဆိုကြသနည်း။
ဂ. ဗီယက်နမ်နိုင်ငံ ပြည်တွင်းသုံးငွေကြေးကို ဖော်ပြပါ။
ဃ. ဖိလစ်ပိုင်နိုင်ငံ မြို့တော်ကို ဖော်ပြပါ။
င. အရှေ့တောင်အာရှတွင် မည်သည့်နိုင်ငံသည် အကြီးဆုံးဖြစ်သနည်း။
စ. အရှေ့တောင်အာရှတွင် မည်သည့်နိုင်ငံသည် အသေးငယ်ဆုံးဖြစ်သနည်း။
ဆ. အရှေ့တောင်အာရှတွင် လူဦးရေအများဆုံးနေထိုင်သောနိုင်ငံကို ဖော်ပြပါ။
ဇ. အရှေ့တောင်အာရှရှိ အမြင့်ဆုံးတောင်အမည်ကို ဖော်ပြပါ။
ဈ. အရှေ့တောင်အာရှရှိ အရှည်ဆုံးမြစ်အမည်ကို ဖော်ပြပါ။
ည. အရှေ့တောင်အာရှတွင် နောက်ဆုံးပေါ်ပေါက်ခဲ့သောနိုင်ငံအမည်ကို ဖော်ပြပါ။
ဋ . အရှေ့တောင်အာရှတွင်ကိုလိုနီလက်အောက်မကျရောက်ခဲ့ဘူးသည့်နိုင်ငံတစ်နိုင်ငံတည်းရှိသည် မည်သည့်နိုင်ငံဖြစ်သနည်း။

**ကွဲပြားခြားနားသောအရှေ့တောင်အာရှ လူမျိုးများကိုမည်သည့်ထူးခြားချက်များကပေါင်းစည်းထားသနည်း။**

- ပင်မဘာသာစကားများသည် တစ်ခုတည်းသောမျိုးရိုးသာသာစကားမှ ဆင်းသက်လာသည်။
- သဘာဝမြေမြက်နှာပြင်အများစုသည် ရေနှင့်သစ်တောများဖြစ်သည်။
- ဆန်နှင့် ငါးသည် လူကြိုက်အများဆုံးအစားအစာဖြစ်သည်။ လူအများအပြားသည် ကွမ်းသီးစားကြသည်။
- အရှေ့တောင်အာရှလူမျိုးများ ယုံကြည်မှုနှင့် ဘာသာအယူဝါဒဓလေ့ထုံးတမ်းတို့သည် တူညီကြသည်။
- အရှေ့တောင်အာရှဒေသတစ်ဝိုက်တွင်တွေ့ရသောရှေးရိုးစဉ်လာများနှင့် ရိုးရာဗိသုကာလက်ရာ ပုံစံများသည် ဆင်တူကြသည်။
- စိုက်ပျိုးရေးနည်းစနစ်များဆင်တူကြသည်၊
- ရှေးခေတ်လူမှုရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများဆင်တူကြသည်၊
- လူအမြောက်အများတွင် အရပ်ပုခြင်းနှင့် ဝါညိုရောင်အသားရေရှိခြင်း အစရှိသည့် ရုပ်ပိုင်းဆိုင်ရာဆင်တူချက်များရှိသည်။

## ကြိုတင်လေ့လာခြင်း

အရှေ့တောင်အာရှလူမျိုးများသည် မျိုးနွယ်စုများအဖြစ်စတင်ခဲ့ကြသည်။ မျိုးနွယ်စုတစ်စုစီသည်အမဲလိုက်သူများ စပါးစိုက်သူများ သို့မဟုတ်တံငါသည်အုပ်စုများဖြစ်ကြပြီးလူမှုအသိုင်းအဝိုင်းငယ်လေးဖွဲ့၍နေထိုင်ခဲ့ကြသည်။ အုပ်စုတစ်စုကို မျိုးနွယ်စုခေါင်းဆောင်တစ်ဦးအုပ်ချုပ်ခဲ့သည်။ ၎င်းမျိုးနွယ်စုဝင်များသည်ခိုင်မာသော ပိုင်ဆိုင်မှုစိတ်ဓာတ်ကိုလက်ဝယ်ထားရှိကြသည်။

(က) သင်သိသော လူမှုအသိုင်းအဝိုင်းဖြစ်ပေါ်လာပုံနည်းအမျိုးမျိုးကို ဖော်ပြပါ။
(ခ) မည်သည့်နည်းမျိုးကို အရှေ့တောင်အာရှတွင် အများဆုံးတွေ့လေ့ရှိသနည်း။
(ဂ) လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်အချိန်နှင့်နှိုင်းယှဉ်ပါကခြားနားမည်ဟုထင်ပါသလား။

ထိုအချိန်တွင်လူ့အသိုင်းအဝိုင်းများကို အများအားဖြင့် မည်သို့စုစည်းဖွဲ့စည်းခဲ့ကြသနည်း။

| လေ့ကျင့်ခန်း |
|---|
| **ကြိုတင်လေ့လာခြင်း** |

အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်သောလူမျိုးအုပ်စုမည်မျှကိုသိသနည်း။
သင်သိသော လူမျိုးအုပ်စုအမျိုးမျိုးနှင့် ၄င်းတို့ကိုတွေ့ရှိနိုင်သောနေရာများကို ဖော်ပြပါ။

*ဥပမာ* - မုန်းလူမျိုးများကို လာအိုနှင့်ထိုင်းနိုင်ငံတွင် တွေ့ရှိနိုင်သည်။
နေရာငယ်လေးတစ်ခုအတွင်းတွင်ကွဲပြားခြားနားသောလူမျိုးစုအများအပြားနေထိုင်သည်မှာ အဘယ်ကြောင့်နည်း။
ခြားနားသောတိုင်းရင်းသားလူမျိုးစုနေထိုင်သည့်နိုင်ငံများတွင် အဘယ်ကြောင့် ပဋိပက္ခဖြစ်လေ့ရှိသနည်း။
အရှေ့တောင်အာရှတွင်ပဋိပက္ခမရှိဘဲ တိုင်းရင်းသားလူမျိုးခြားများငြိမ်းချမ်းစွာအတူတကွယှဉ်တွဲနေသည့် နိုင်ငံကိုသိပါသလား။

## ၁။(၂)ပထဝီမြေအနေအထား

| ဆွေးနွေးခန်း |
|---|
| **စိတ်ဖြာသုံးသပ်ခြင်း** |

| ကြိုတင်လေ့လာခြင်း |
|---|
| **အနက်ဖွင့်ခြင်း** |
| **ခန့်မှန်းခြင်း** |

| | |
|---|---|
| ပြာ(နာမ်) | - တစ်စုံတစ်ခုလောင်ကျွမ်းပြီးနောက် ကျန်ရစ်သောအမှုန့်။ |
| ပေါက်ကွဲ(ကြိယာ) | - ကမ္ဘာမြေကြီးအတွင်းမှ ချော်ရည်ပူများနှင့်မီးများကို မီးတောင်မှတဆင့်ထုတ်လွှတ်သည်။ |
| သတ္တုဓာတ်(နာမ်) | - ကမ္ဘာမြေကြီးအတွင်းမှထွက်သော အသုံးဝင်သည့်အရာ။ |
| ကျွန်းဆွယ်(နာမ်) | - အနားသုံးဘက်ပတ်လည်တွင် ရေဝန်းရံထားသောမြေ။ |
| တောင်ရိုး(နာမ်) | - တောင်ထိပ်တစ်လျှောက် မြေကြော။ |
| မီးတောင်(နာမ်) | - တခါတရံပေါက်ကွဲသော၊ မီးများထုတ်လွှတ်သော၊ ကမ္ဘာမြေကြီးအတွင်းမှ ကျောက်များနှင့် ဓာတ်ငွေ့များကိုအရည်ပျော်စေပြီး ချော်ရည်အဖြစ် မြေမျက်နှာပြင်ပေါ်သို့ တွန်းထုတ်သောတောင်။ |

- **ပထဝီမြေအနေအထားနှင့်ပတ်သက်၍ မည်မျှသိရှိထားသနည်း။**
- **သင်ကိုယ်ပိုင်စကားဖြင့်ပထဝီမြေအနေအထားကို အဓိပ္ပာယ်ဖွင့်ဆိုပါ။**

**အရှေ့တောင်အာရှကို၄င်း ပထဝီမြေအနေအထားအရပြည်မကြီးအရှေ့တောင်အာရှနှင့်ကျွန်းမြေ အရှေ့တောင်အာရှဟူ၍နှစ်ပိုင်းပိုင်းခြားနိုင်သည်။**

### ပြည်မကြီးအရှေ့တောင်အာရှ



ပြည်မကြီးအရှေ့တောင်အာရှတွင် လွတ်လပ်သောနိုင်ငံခြောက်နိုင်ငံ ရှိသည်။ ၄င်းတို့မှာမြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ကမ္ဘောဒီးယား နှင့် မလေးရှားတို့ ဖြစ်သည်။ ပြည်မကြီးအရှေ့တောင်အာရှဒေသ အများစုကို တောင်တန်းများကဖုံးလွှမ်းထားသည်။ ၄င်းတောင်တန်းများကြား တွင် တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟေမာလေးရပ်ကုန်းမြေမြင့်မှ ဆန့်ထွက်လာ သည့် ကုန်းမြင့်ဒေသများလည်းပါဝင်သည်။




ဤတောင်တန်းများနှင့် ကုန်းမြေမြင့်ဒေသများသည်အရှေ့တောင် အာရှကို အာရှတိုက်ကြီး အခြားအစိတ်အပိုင်းများနှင့် ပိုင်းခြားထားသည်။ တောင်ရိုးများသည်မြောက်မှ တောင်သို့သွယ်တန်းသွားပြီး ၄င်းတို့အကြား တွင်ချိုင့်ဝှမ်းများရှိသည်။ မြစ်ကြီးလေးစင်းဖြစ်သော ဧရာဝတီမြစ်၊သံလွင်မြစ်၊ ချောင်အိုဖရပ်ရာမြစ် (ကျောက်ဖရားမြစ်)(Chao Phraya)နှင့်မဲခေါင်(Mekong) မြစ်တို့သည်၄င်းချိုင့်ဝှမ်းများကြားတစ်လျှောက်ဖြတ်သန်းစီးဆင်းသည်။ မြစ်များသည် တောင်တန်းများမှမြေဆီများကိုတိုက်စားပြီး မြစ်ဝှမ်းတစ်လျှောက် အနယ်ထိုင်စေသောကြောင့်မြစ်ဝှမ်းများသည် မြေဩဇာ ကြွယ်ဝသည်။ ဤ မြစ်ဝှမ်းများပေါ်တွင်လူမျိုးစုများ ထွန်ယက်စိုက်ပျိုးနေထိုင်လာကြသည်မှာ နှစ်ထောင်ချီပြီးဖြစ်သည်။

## ကျွန်းမြေအရှေ့တောင်အာရှ

သမုဒ္ဒရာထဲတွင် ကီလိုမီတာထောင်ပေါင်းများစွာ ပြန့်ကျဲနေသောကျွန်းများဖြင့် ကျွန်းမြေအရှေ့တောင်အာရှကို ဖွဲ့စည်းထားသည်။ ကျွန်းမြေအရှေ့တောင်အာရှတွင်လည်း လွတ်လပ်သောနိုင်ငံငါးနိုင်ငံရှိသည်။ ၄င်းနိုင်ငံများမှာ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် အရှေ့တီမောတို့ဖြစ်ကြသည်။ မလေးရှားနိုင်ငံ တစ်စိတ်တစ်ပိုင်းသည်လည်း ဘော်နီယိုကျွန်းပေါ်တွင်တည်ရှိသည်။

ဤနိုင်ငံများသည် အရွယ်ပမာဏအလွန်ကွာခြားကြသည်။ ဘရူနိုင်းနိုင်ငံသည် ဘော်နီယို (Borneo) ကျွန်းပေါ်ရှိ နိုင်ငံငယ်လေးဖြစ်ပြီး စင်ကာပူသည် မလေးကျွန်းဆွယ်မှ ဖြာထွက်သောကျွန်းငယ်လေးဖြစ်သည်။ အရှေ့တီမောသည် တီမောကျွန်းပေါ်တွင်တည်ရှိပြီး အင်ဒိုနီးရှားအရှေ့ပိုင်းအထိ နယ်နိမိတ်ထိစပ်သည်။ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် ကျွန်းအများအပြားဖြင့်ဖွဲ့စည်းထားသောနိုင်ငံများ ဖြစ် သည်။ အင်ဒိုနီးရှားတွင်ကျွန်းပေါင်း ၁၃၅၀၀ ကျော်ရှိပြီး ဖိလစ်ပိုင်တွင်လည်း ကျွန်းပေါင်း ၇၀၀၀ ကျော်ရှိသည်။ ကျွန်းမြေအရှေ့တောင်အာရှသည် ပစိဖိတ်သမုဒ္ဒရာတစ်ဝိုက်ရှိ မီးတောင်ကြောပေါ်တွင်တည်ရှိသည်။ မီးတောင်ပေါက်ကွဲသော အခါမီးတောင်ချော်ရည်များသည်အနီးအနားရှိကျွန်းများ ပေါ်တွင်ဖြန့်ကြသွားသည်။ မီးတောင်ချော်ရည်များတွင်သတ္တုဓာတ်ကြွယ်ဝသောကြောင့် မြေဆီများကြွယ်ဝလာသည်။





လူပ်ရှားလျက်ရှိသော မီးတောင်များအနီးပတ်ဝန်းကျင်တွင် မြေဆီကြွယ်ဝခြင်းကြောင့် စိုက်ပျိုးထွန်ယက်ကြသည်။ သို့သော် အလွန်ပင်အန္တရာယ်ကြီးမားသည်။ ဖိလစ်ပိုင်နိုင်ငံ လူဇုံ(Luzon)ကျွန်းပေါ်ရှိ ပင်နတူဘို (Pinatubo) မီးတောင်သည် ၁၉၇၁ ခုနှစ်တွင် ပေါက်ကွဲခဲ့သောကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရပြီး လူအမြောက်အများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အရှေ့တောင်အာရှ ကျွန်းများနှင့်တောင်တန်းများသည် နေထိုင်ရာဒေသနီးခြင်း၊ ဘာသာစကားနှင့်ယဉ်ကျေးမှု မတူညီခြင်း၊ တို့က လူမျိုးစုအသိုင်းအဝိုင်းများကြားတွင်အတားအဆီးများ ဖြစ်ပေါ်စေသည်။ထို့ကြောင့် အရှေ့တောင်အာရှ ယဉ်ကျေးမှုထွန်းကားမှု ပိုင်းသည် အလွန်ပင်ကွဲ ပြားသည်။

| လေ့ကျင့်ခန်း |
| --- |
| **သဘောပေါက်မှု** |

(က)မည်သည့်မြေအင်္ဂါရပ်များသည် ပြည်မကြီးအရှေ့တောင်အာရှအတွက် အရေးပါသနည်း။

(ခ)မည်သည့်မြေအင်္ဂါရပ်များသည် ကျွန်းမြေအရှေ့တောင်အာရှအတွက်အရေးပါသနည်း။


(ဂ)မြစ်ဝှမ်းများသည် ရှေးခေတ်အရှေ့တောင်အာရှသားများအတွက် အဘယ်ကြောင့်အသုံးဝင်သနည်း။

(ဃ)မီးတောင်များသည် ရှေးခေတ်အရှေ့တောင်အာရှသားများအတွက် အဘယ်ကြောင့်အသုံးဝင်သနည်း။

(င)တောင်တန်းများနှင့် ကျွန်းများသည် အရှေ့တောင်အာရှလူမျိုးများအပေါ်တွင် မည်သို့လွှမ်းမိုးမှုရှိသနည်း။

**ကြိုတင်လေ့လာခြင်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**
**အချက်အလက်များ**
**အသုံးချခြင်း**

**မြေပုံပေါ်ရှိပေးထားချက်များကိုကြည့်ပြီး ၁ မှ ၁၁ အထိရှိသောနိုင်ငံများ အမည်ကို ဖော်ပြပါ။**




**မြေပုံ(၁) - အရှေ့တောင်အာရှအနှစ်ချုပ်ဖော်ပြချက်**

**ကြိုတင်လေ့လာခြင်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**
**အချက်အလက်များ**
**အသုံးချခြင်း**

အောက်ပါမေးခွန်းများကို ကြိုးစားဖြေဆိုပါ။ ဤသင်ခန်းစာကိုလေ့လာပြီးလျှင်တဖန်ပြန်လည် ဖြေရမည်ဖြစ်သော ကြောင့် မဖြေဆိုနိုင်သော်လည်း စိုးရိမ်စိတ်မထားပါနှင့်။


က. မည်သည့်နိုင်ငံများသည် အရှေ့တောင်အာရှနှင့်နီးကပ်စွာတည်ရှိသနည်း။
ခ. မည်သည့်နိုင်ငံများသည် အရှေ့တောင်အာရှပေါ်ဩဇာလွှမ်းမိုးမှုရှိသနည်း။
ဂ. ယခင်စာမျက်နှာကိုပြန်မကြည့်ဘဲ ပင်မအရှေ့တောင်အာရှနိုင်ငံများကိုစက်ဝိုင်းဝိုင်းပါ။ ကျွန်းမြေအရှေ့ တောင်အာရှနိုင်ငံများဖြစ်လျှင်လေးထောင့်ပုံဆွဲပါ။


## မြေပုံကြည့်ခြင်း

ဦးတည်ရာလမ်းကြောင်းနှင့် အကွာအဝေးကိုအသုံးပြုခြင်းဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့်၎င်း မြေအင်္ဂါရပ်များကို သိရှိလာမည့်အပြင် မြေပုံကြည့်နည်းကိုလည်း ပိုမိုနားလည်သွားမည်။ အောက်ပါလေ့ကျင့်ခန်းများတွင် အရှေ့တောင် သို့မဟုတ် တောင်-အနောက်တောင် စသောလမ်းကြောင်းများကိုလေ့လာရမည်။ အရှေ့ - တောင်ဆိုသည်မှာ အရှေ့နှင့်တောင်ဘက် ကြားလမ်းကြောင်း တွင်ရှိသောနေရာဖြစ်သည်။ တောင်-အနောက်တောင်ဆိုသည်မှာ တောင်ဘက်နီးပါးကျရှိသောနေရာ ဖြစ်သည်။ သို့သော် အနောက် ဘက်သို့လည်းအနည်းငယ်မျှဦးတည်သည်။

မြေပုံများအားလုံးကို စကေးဖြင့်ဆွဲသားသည်။ သို့သော် ဆိုလိုသည်မှာ စာရွက်ပေါ်နှင့် မြေပြင်ပေါ်ရှိမြေပုံအရွယ်အစားသည် မတူညီပါ။ တစ်နေ ရာ မှ တစ်နေရာသို့ မည်မျှကွာဝေးသည်ကို သိလိုလျှင်မြေပုံစကေးကို ကြည့်ရမည်။ မြေပုံ(၂)တွင် တစ်စင်တီမီတာသည် မြေပြင်ပေါ်တွင် မိုင် ၂၀၀နှင့် ညီမျှသည်။

သံလိုက်မြှောင်သည် အောက်ပါလမ်းကြောင်းများကို မှတ်မိနိုင်ရန်အထောက်အကူပြုသည်။ အချို့မြေပုံများတွင်သံလိုက်အိမ်မြှောင်လမ်းကြောင်း များစွာပါရှိပြီး အချို့တွင်မပါရှိပါ။





ဥပမာ

B သည် A တောင်-အရှေ့တောင်ဘက်ဖြစ်သည်။
C သည် B အနောက်ဖက်ဖြစ်သည်။
D သည် A တောင်-အနောက်တောင်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် ၎င်းသည် တောင်ဖက်ကျ လုနီးပါးဖြစ်သော်လည်း အနောက်ဖက်သို့အနည်းငယ် ဦးတည်သည်။

**လေ့ကျင့်ခန်း**
**မြေပုံသုံး လုပ်ဆောင်ခြင်း**

အရှေ့တောင်အာရှတွင် ခန့်မှန်းခြေ ကျွန်းနှစ်သောင်း ခန့်ရှိသည်။ အထက်ပါသံလိုက်အိမ်မြှောင်ကို အသုံးပြု၍မြေပုံ(၂) တွင် ပေးထားသော ကျွန်းများ တည်နေရာနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေပါ။

**မြေပုံ ၂ - အရှေ့တောင်အာရှရှိ မြေပုံလမ်းကြောင်း**



(က) စပရေးလီကျွန်းစု(Spratly Isands)သည် ပလောကျွန်း(Palau) ---ဘက်တွင်တည်ရှိသည်။

(ခ) ကပူလောအန်အတူနကျွန်း(Kepalauan Atuna)သည် စပရေးလီကျွန်းစု(Spratly Isands) ----ဘက်တွင် တည်ရှိသည်။

(ဂ) ----သည် နီကိုဘားကျွန်းစု(Nicobar Islands) အရှေ့-အရှေ့တောင်ဘက်တွင် တည်ရှိသည်။

(ဃ) ပူလောစီဘာရု(Palau Siberut)သည် --- အနောက်မြောက်ဘက်တွင် တည်ရှိသည်။

(င) ပလောကျွန်း(Palau)သည် ကပူလောအန်အရူကျွန်း(Kepulauan Aru) --ဘက်တွင်တည်ရှိသည်။

(စ) လွမ်ဘို့ကျွန်း(Lombok)သည် စပရေးလီကျွန်းစု(Spratly Isands)----ဘက်တွင်တည်ရှိသည်။

(ဆ) အဓမ့်ကျွန်းစု(Adaman Islands)သည် ပလောကျွန်း(Palau) ----ဘက်တွင် တည်ရှိသည်။

(ဇ)ပူလောစီမောလူ(Pulau Simeulue)သည်----- အနောက်တောင်ဘက်တွင်တည်ရှိသည်။

တိုးချဲ့လေ့ကျင့်ခန်း

**မြေပုံသုံး လုပ်ဆောင်ခြင်း**

အောက်တွင်ပေးထားသော ဥပမာအတိုင်းအရှေ့တောင်အာရှကျွန်းများသို့ ညွှန်ပြသောလမ်းကြောင်းများကိုပြုလုပ်ပြီးနောက် မိမိသူငယ်ချင်းများအားမေးပါ။

- ၄င်းသည် ကပူလောအန်အတုနကျွန်း(Kepalauan Atuna)မြောက်-အနောက် မြောက်ဘက်တွင်တည်ရှိသည်။ **(အဖြေ-ပလော)**

# ၁၊၃ ပြန်လည်ဆန်းစစ်ခြင်း

| ပြန်လည်ဆန်းစစ်ခြင်း |
| --- |
| **သဘောပေါက်နားလည်မှု** |

**ယခင်လေ့လာပြီးသားကိုပြန်မကြည့်ဘဲ အောက်ပါမေးခွန်းများကိုဖြေပါ။**

၁. အရှေ့တောင်အာရှကို ပထဝီမြေအနေအထားပေါ်မူတည်၍ နှစ်ပိုင်းပိုင်းခြားနိုင်သည်။ ၎င်းတို့ကို ဖော်ပြပါ။

၂. အရှေ့တောင်အာရှတိုက်အတွင်းရှိ နိုင်ငံဆယ့်တစ်နိုင်ငံကို ဖော်ပြပါ။

၃. ပထဝီမြေအနေအထားပေါ်မူတည်၍ ၎င်းနိုင်ငံများကို အုပ်စုနှစ်စုခွဲပါ။

၄. အရှေ့တောင်အာရှ အရေးပါသောအခြားမြေ အင်္ဂါရပ်နှစ်ခုကို ဖော်ပြပါ။

၅. မြေအင်္ဂါရပ်တစ်ခုစီသည် အရှေ့တောင်အာရှတွင်လူအခြေချနေထိုင် မှုကြီးထွားလာရန် အတွက်အဘယ့်ကြောင့် အရေးပါသည် ကိုရှင်းပြပါ။


၆. အရှေ့တောင်အာရှတွင် နေထိုင်သောတိုင်းရင်းသားလူမျိုးစုငါးမျိုး ကိုဖော်ပြပါ၊

၇. အရှေ့တောင်အာရှနိုင်ငံများကြားတူညီချက်သုံးခုနှင့် ခြားနားချက်သုံးခုရှာဖွေပါ။

၈. အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံသုံးနိုင်ငံကို ဖော်ပြပါ။


၉. ဤစာမျက်နှာ လက်ယာဘက်တွင်ဆွဲသားထားသောပုံ အမည်ကိုရေးပါ။

၁၀. သံလိုက်အိမ်မြှောင်အသုံးဝင်ပုံကို ဖော်ပြပါ။



**ပြန်လည်ဆန်းစစ်ခြင်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**

**အောက်ပါမြေပုံကိုကြည့်၍ နောက်စာမျက်နှာရှိမေးခွန်းများကိုဖြေပါ။**




၁။ မည်သည့်ကျွန်းသည် ဖလိုကျွန်း အနောက်တောင်ဖက်တွင် တည်ရှိသနည်း။
၂။ မည်သည့်ကျွန်းသည် မန်တဝီကျွန်းစု အရှေ့ - အရှေ့မြောက်တွင်တည်ရှိသနည်း။
၃။ မည်သည့်ကျွန်းသည် ပလဝန်ကျွန်း အရှေ့တောင်တွင် တည်ရှိသနည်း။
၄။ မည်သည့်ကျွန်းသည် ပလဝန်ကျွန်းစု တောင်-အနောက်တောင်တွင် တည်ရှိသနည်း။
၅။ မည်သည့်ကျွန်းသည် ဘတန်ကျွန်းစု တောင်-အနောက်တောင်ဖက်တွင်တည်ရှိသနည်း။
၆။ မည်သည့်ကျွန်းသည် နန်တူနကျွန်း တောင်-အနောက်တောင်ဖက်တွက်တည်ရှိသနည်း။
၇။ မည်သည့်ကျွန်းသည် နန်တူနာကျွန်း. အရှေ့ဏှာဖက်တွင်တည်ရှိသနည်း၊
၈။ မည်သည့်ကျွန်းသည်တနင်ဘားကျွန်း နောက်အနောက်တောင်ဖက်တွင်တည်ရှိသနည်း။

**ပြန်လည်ဆန်းစစ်ခြင်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**

ယခင်စာမျက်နှာရှိမြေပုံကိုအသုံးပြု၍ အောက်ပါလမ်းကြောင်းများကိုရှာပါ။
*ဥပမာ* - နန်တူနကျွန်းမှ ဘန်ကာသို့ နန်တူနကျွန်းမှ တောင်-အနောက်တောင်ဖက်သို့ မိုင်၅၀၀ဖြတ်ကျော်လျှင် ဘန်ကာသို့ရောက်မည်။

၁။ ဘန်ကာမှ တနင်ဘားကျွန်းသို့
၂။ စန်ဂီဟဲကျွန်းစုမှ တလော့ကျွန်းစုသို့
၃။ စန်ဘာမှ မန်တဝီကျွမ်းစုသို့
၄။ ဖလိုမှ နတူနာကျွမ်းသို့
၅။ ပလဝန်မှ ဘတန်ကျွန်းစုသို့

| ပြန်လည်ဆန်းစစ်ခြင်း |
| --- |
| **အနက်ဖွင့်ခြင်း** |


သင်ကိုယ်ပိုင်စကားဖြင့် အောက်ပါစကားလုံးကို အနက်ဖွင့်ပါ။


**"ပထဝီမြေအနေအထား"**

**တိုးချဲ့လေ့ကျင့်ခန်း**


သင့်သူငယ်ချင်းသည် ရတနာသိုက်တည်နေရာနှင့် လမ်းကြောင်းများပါသည့် မြေပုံဟောင်းတစ်ခုကိုလက်ဝယ် ရရှိထားသည်။ သို့သော် သူသည်သံလိုက်အိမ်မြှောင်ကိုမည်သို့အသုံးပြုရမည်ကို မသိသောကြောင့် အကူအညီလိုအပ်သည်။ ရတနာသိုက်တည်နေရာကိုရှာပါ။


ရတနာသိုက်ဆီသို့သွားသောလမ်းကြောင်းတစ်ခုပြုလုပ်ပါ။ ရတနာသိုက်ရှိသောလျို့ဝှက်နေရာသို့သွားရန် အရှေ့တောင်အာရှကျွန်းများအား ဖြတ်စေပါ။ ယခင်စာမျက်နှာများတွင်ပါသောကျွန်းများကိုအသုံးပြုနိုင်သည်။ ရတနာသိုက်ဆီသို့သွားသော လမ်းကြောင်းပြုလုပ်ပြီးသောအခါသင် စာရွက်ကိုသင့်သူငယ်ချင်း စာရွက်နှင့်ဖလှယ်ပါ။ သင့်သူငယ်ချင်းပြုလုပ်ထားသော လမ်းကြောင်းအတိုင်းရှာဖွေပါ။






**မည်သူပထမဦးဆုံး ရှာတွေ့နိုင်သနည်း။**





# ၂။ ရှေးခေတ်အရှေ့တောင်အာရှ

**အောက်ပါတို့ကိုဤအခန်းတွင် လေ့လာရမည်။**

- လူမှုတိုးတက်မှုနှင့် ယဉ်ကျေးမှုတို့အဓိပ္ပာယ်ဖွင့်ဆိုချက်
- ပိုလျှံခြင်းနှင့်မညီမျှခြင်း
- ပထမဆုံးလူမှုအဆင့်အတန်းပေါ်ပေါက်လာခြင်းနှင့် ရှေးခေတ်အရှေ့တောင်အာရှ လူတန်းစားစနစ်
- အရှေ့တောင်အာရှတွင် ရှေးခေတ်ဘာသာအယူဝါဒများ
- ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများနှင့် အရှေ့တောင်အာရှလူမျိုးအချို့သမိုင်းဖြစ်ရပ်များ
- ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများနှင့် လူမျိုးများ သမိုင်းဝင်အထောက်အထားများ
- အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ရှေးခေတ်သမိုင်း

**ဤအခန်းကိုလေ့လာသင်ယူပြီးလျှင် အောင်ပါတို့ကို လုပ်ဆောင်နိုင်မည်။**

- အရှေ့တောင်အာရှနိုင်ငံအားလုံးကို မြေပုံပေါ်တွင်ရှာခြင်း
- လူမှုတိုးတက်မှုနှင့် ယဉ်ကျေးမှုတို့ကို အနက်ဖွင့်ခြင်း
- ရှေးခေတ်လူမှုတိုးတက်မှု ယဉ်ကျေးမှုကိုဖော်ပြခြင်း
- ပိုလျှံခြင်းနှင့် မညီမျှခြင်းကြား ဆက်သွယ်ချက်ကိုရှင်းပြခြင်း
- ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများကိုဖော်ထုတ်ခြင်း
- အရှေ့တောင်အာရှသားများ၊ အိန္ဒိယလူမျိုးနှင့် တရုတ်လူမျိုးတို့ မူရင်းဒေသများကိုဖော်ပြခြင်း
- ရှေးခေတ်လူမှုတိုးတက်မှု သမိုင်းဝင်အထောက်အထားများကိုရှာဖွေခြင်း

# ၂ ။ရှေးခေတ်အရှေ့တောင်အာရှ

## ၂ ။(၁) နိဒါန်း

**အဓိကဝေါဟာရများ**


| | |
|---|---|
| ရှေးဟောင်းသုတေသနပညာရှင်(နာမ်) | - ရုပ်ပိုင်းဆိုင်ရာအကြွင်းအကျန်များမှတဆင့် ရှေ့ခေတ်လူမှုတိုးတက်မှုများကိုလေ့လာသောသိပ္ပံပညာရှင် |
| ပစ္စည်းသက်သေအထောက်အထား(နာမ်) | - ဟုတ်ကြောင်း၊ မှန်ကြောင်းကိုယုံကြည်နိုင်ရန် အကြောင်းရင်းပြနိုင်သော။ တွေ့မြင် သို့မဟုတ် ထိတွေ့ကိုယ်တွယ်နိုင်သောတစ်စုံတစ်ခု |
| ရှုထောင့်(နာမ်) | - လူတစ်ဦးစိတ်ထဲတွင်ရှုမြင်သောရုပ်ပုံ သို့မဟုတ် အမြင်၊ ထင်မြင်ချက်၊ ရပ်တည်ချက် |

ကြိုတင်လေ့လာခြင်း

က. ရှေးခေတ်အရှေ့တောင်အာရှအကြောင်းကို မည်မျှသိရှိထားသနည်း။ မည်သို့သိရှိသနည်း။ သင်သိသောအရာများအမှန်တကယ်ဖြစ်ပျက်ခဲ့ပါသလား။

ခ. သမိုင်းပညာရှင်များသည် ရှေးခေတ်အရှေ့တောင်အာရှဖြစ်ရပ်များကို မည်သို့ရှာဖွေတွေ့ရှိခဲ့သနည်း။

ဤအခန်းတွင်အရှေ့တောင်အာရှ ရှေးခေတ်သမိုင်းဖြစ်ရပ်များ အကြောင်းကိုလေ့လာရမည်ဖြစ်သည်။အရှေ့တောင်အာရှသည် အလွန်ပင်ရှေးကျသောဒေသဖြစ်ပြီး လူမျိုးများသည်၎င်းဒေသတွင် အထောက်အထားမကျန်ပဲ နှစ်ထောင် ပေါင်းများစွာ နေထိုင်ခဲ့ကြသည်။ ထို့အပြင်လူမျိုးကွဲများသည် မတူညီသော အချိန်များ နေရာတစ်ခုတည်း ထဲတွင်နေထိုင်ခဲ့ကြသောကြောင့် မည်သူမည်ဝါမှမည်သည့်အရာများ ပြုလုပ်ခဲ့သည်ကို အတည်ပြုပြောဆိုရန် ခက်ခဲသည်။



လွန်လေပြီးသောအချိန်ကာလဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကိုလေ့လာရာတွင်သေသေချာချာသိနိုင်ရန် ခက်ခဲသည်။ အကြောင်းရင်းမှာ မည်သည့်အရာများအမှန်တကယ်ဖြစ်ပျက်ခဲ့သည်ကို သက်သေပြနိုင်သော ပစ္စည်းအထောက်အထားများမရှိသလောက်နီးပါးဖြစ်သည်။ သမိုင်းပညာရှင်အပြားအများနှင့် ရှေးဟောင်းသုတေသန ပညာရှင်များသည် မည်သည့်အချိန်မည်သည့်အရာများ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့ပုံနှင့် ပတ်သက်၍သဘောထားကွဲလွဲကြသည်။ သမိုင်းပညာရှင်များသည် ရှေးခေတ်အရှေ့တောင် အာရှအကြောင်းကို ရေးသားရာတွင်မည်သည့်အရာများဖြစ်ပျက်ခဲ့ဖွယ်ရှိသည်ကိုသာ ခန့်မှန်းနိုင်ကြပြီး တိတိကျကျမသိရှိနိုင်ကြောင်းကို စာဖတ်သူများ အားပြသရန်ဖြစ်နိုင်ဖွယ်။"ဖြစ်ပုံရတယ်"နှင့် "အချို့သမိုင်း ပညာရှင်များယုံကြည်ကြသည်"စသောစကားစုများကိုအမြဲတမ်းအသုံးပြုလေ့ရှိသည်။

အခန်းတွင်လေ့လာရမည့်အရာအားလုံးသည် လွန်ခဲ့သောနှစ်ရာပေါင်းများစွာ အချိန်ဖြစ်ပျက်ခဲ့သော အရှေ့တောင်အာရှ ဖြစ်ရပ်များကိုလေ့ လာသောရှုထောင့်များအနက် မှတစ်ခုသာဖြစ်သည်။ ရှုထောင့်တစ်ခုသာဖြစ်သော်လည်း သမိုင်းပညာရှင် အများစုသဘောတူညီကြသည်မှာ အရှေ့တောင် အာရှသမိုင်းကြောင်းသည် လူမျိုးများလှုပ်ရှားသွားလာမှု ပေါ်တွင်အခြေပြုခဲ့သည်။ အရှေ့တောင်အာရှဒေသအတွင်း နှင့်ပြင်ပသို့သာမကဘဲ အနီးတစ်ဝိုက်တွင်လည်း လူမျိုးစုအမျိုးမျိုး ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ဘုရင်အုပ်ချုပ်မှုနှင့် အင်ပါယာများပေါ်ပေါက်ခဲ့ပြီး ထိုဖြစ်ပေါ်မှုများ သည် ခေတ်သစ်အရှေ့တောင်အာရှ မတိုင်မီတွင်ပျက်စီးပျောက်ကွယ်ခဲ့သည်။ မည်သို့ပျက်စီးပျောက်ကွယ်ခဲ့သည်ကို ဤအခန်းတွင်အနည်းငယ်လေ့လာရမည်ဖြစ်သည်။

| ဆွေးနွေးခန်း |
| --- |
| **သဘောပေါက်နိုင်မှု<br>အချက်အလက်များအသုံးချခြင်း** |

က. အထက်ပါနိဒါန်းမှ မည်သည့်အရာများသင်ယူရရှိသနည်း။
ခ. ရှေးခေတ်သမိုင်းကြောင်းကို လေ့လာရာတွင်မည်သည့်အချက်ကို သိရှိထားရန် အရေးကြီးသနည်း။
ဂ. မည်သည့်အရာများအမှန်တကယ်ဖြစ်ပျက်ခဲ့သည်ကို တိတိကျကျမပြောနိုင်သည်မှာ အဘယ်ကြောင့်နည်း။
ဃ. အရှေ့တောင်အာရှ သမိုင်းဖြစ်ရပ်များကို ပိုမိုတိကျစွာဖော်ထုတ်နိုင်ရန်အတွက်မည်သည့်အရာများသည် သမိုင်းပညာ ရှင် များကို အထောက်အကူပြုသနည်း။

## ၂။(၂) လူမှုတိုးတက်မှုနှင့် ယဉ်ကျေးမှု

| ကြိုတင်လေ့လာခြင်း |
| --- |
| **တွေးခေါ်ခြင်း** |

"လူမှုတိုးတက်မှု" ဟူသောစကားလုံးကို ကြားဖူးပါသလား။
မည်သို့အဓိပ္ပာယ်ဆောင်သည်ဟုသင်ထင်သနည်း။

| ကြိုတင်လေ့လာခြင်း |
| --- |
| **အနက်ဖွင့်ဆိုခြင်း** |

လူမျိုးစုများအတူတကွယှဉ်တွဲနေထိုင်လာချိန်နှင့် ယဉ်ကျေးမှုဖွံ့ဖြိုးမှုရှိလာသောအချိန်တို့ လူမှုတိုးတက်မှုစတင်ခဲ့သည်ဟု အချို့ကဆိုကြသည်။ ထို့ကြောင့်ယဉ်ကျေးမှုနှင့်လူမှုတိုးတက်မှုသည်တူညီသောအဓိပ္ပာယ်ဆောင်သည်ဟူ၍လည်းဆိုကြသည်။

**အောက်ပါစာပိုဒ်ကို ဖတ်ရှုလေ့လာပါ။**

လူမျိုးတစ်စုသည် တူညီစွာလှုပ်ရှားနေထိုင်လျှင် ထိုလူမျိုးစုယဉ်ကျေးမှုသည် တူညီသည်ဟုဆိုကြသည်။ဆိုလိုသည်မှာ ၎င်းတို့သည်တူညီသောဘာသာစကားပြောဆိုကြပြီး အမျိုးအစားတူညီသောအစားအစာများစားသုံးကြသည်။ ထို့နောက် ၎င်းတို့တွင် တူညီသောအပြုအမူနှင့် ရိုးရာဓလေ့ထုံးတမ်းများရှိသည်။

- **အထက်ပါအနက်ဖွင့်ဆိုချက်ကို သင်လက်ခံနိုင်ပါသလား။**
- **မည်သည့်အရာများထပ်မံဖြည့်စွက် သို့မဟုတ် ပြောင်းလဲချင်သနည်း။**

| လေ့ကျင့်ခန်း |
|---|
| **အမျိုးအစားခွဲခြင်း** **စာရင်းပြုစုခြင်း** **အချက်အလက်များကို** **အသုံးချခြင်း** |

**စာမျက်နှာ လက်ယာဘက်ရှိအကွက်ထဲတွင်ပေးထားသော ဝေါဟာရများကိုလေ့လာပါ။**


က. မည်သည့်ဝေါဟာများသည် ယဉ်ကျေးမှုနှင့်သက်ဆိုင်သနည်း။
ခ. မည်သည့်ဝေါဟာရများ ထပ်ဖြည့်စွက်နိုင်သနည်း။
ဂ. ယဉ်ကျေးမှုနှင့်မသက်ဆိုင်သောအရာ(ဝေါဟာရစု) များကိုစာရင်းပြုစုပါ။
ဃ. ရှေးခေတ်လူသားများနေထိုင်သောမြို့များပေါ်ပေါက်သည့် လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာအချိန် နေထိုင်ခဲ့သူအဖြစ် သင့်ကိုယ်သင်မြင်ယောင်ကြည့်သော် မည်သည့်ဝေါဟာရသည် သင့်ယဉ်ကျေးမှုတစ်ခုအဖြစ်ရပ်တည်လာခဲ့သနည်း။

| |
|---|
| အားကစား၊လက်ထပ်ထိမ်းမြားခြင်း၊ ငါးပိရည်၊ စာသင်ကျောင်း၊ သင့်အမည်၊ သင်ဝတ်ဆင်သော အဝတ်အစား၊ သင့်အိမ်၊ ကိုးကွယ်သည့်ဘာသာ၊ တေးဂီတ၊ ရွာ၊ ပွဲ၊ သင့်မိသားစု၊ ဘာသာစကား။ |

| လေ့ကျင့်ခန်း |
|---|
| မြေပုံသုံးလုပ်ဆောင်ခြင်း နှိုင်းယှဉ်ချက်နှင့် ခြားနားချက်ရှာခြင်း |

မြေပုံပေါ်တွင်အရောင်ချယ်ထားသော နေရာများကိုလေ့လာကြည့်ပါ။

**မြေပုံ(၃) - ရှေးခေတ်အာရှ**




က. မည်သည့်နိုင်ငံများထဲတွင်တည်ရှိသနည်း။
ခ. အရောင်ချယ်ထားသော နေရာများတွင်မည်သည့် တူညီချက်များရှိသနည်း။
ဂ. လူမှုတိုးတက်မှုသည် မြစ်ဝှမ်းများတွင် အဘယ်ကြောင့်စတင်ခဲ့ရသနည်း။

ရှေးကျဆုံးလူမှုတိုးတက်မှုသည် နေရာအတည်တကျ(သို့) အခြေကျသောနေရာများတွင် နေထိုင်ခဲ့သော လူများမှစတင်ခဲ့သည်။ ၎င်းလူမှုတိုးတက်မှုတို့သည် အီဂျစ်နိုင်ငံရှိနိုင်းမြစ်ဝှမ်း မက်ဆိုပိုတေးမီးယား(Mesopotamia) ဒေသရှိ တိုက်ဂရစ်-ယူဖရစ်(Tigris-Euphrates)မြစ်။အိန္ဒိယနိုင်ငံရှိ အင်ဒတ်စ် (Indus)နှင့် တရုတ် နိုင်ငံရှိဟွန်ဖဲ (Huanghe)စသောမြစ်ဝှမ်း အသီးသီးများမှစတင်ခဲ့ကြသည်။ ရှေးကျဆုံးလူမှုတိုးတက်မှုနေရာလေးခုအကြောင်းကို သင်မည်မျှ သိရှိထားသနည်း။ ထိုနေရာများတွင်အဘယ်ကြောင့်ဖွံ့ဖြိုးပေါ်ပေါက်ခဲ့ရသည်ဟုသင်ထင်သနည်း။


| ဆွေးနွေးခန်း |
|---|
| **တွေးခေါ်ခြင်း** |

ရှေးကျဆုံးလူမှုတိုးတက်မှု နေရာလေးခုအကြောင်းကို သင်မည်မျှ သိရှိထားသနည်း။
ထိုနေရာများတွင်အဘယ်ကြောင့် ဖွံ့ဖြိုးပေါ်ပေါက်ခဲ့ရသည်ဟုသင်ထင်သနည်း။

| လေ့ကျင့်ခန်း |
|---|
| ယှဉ်တွဲခြင်း |

ပေးထားသောဖော်ပြချက်များကို ရုပ်ပုံများနှင့်ယှဉ်တွဲပါ။

၁



၂



၃



က. ရှေးကျဆုံးလူမှု တိုးတက်မှု သည် အခြေကျသောနေရာများ တွင်နေထိုင် ခဲ့သောလူသား များမှ စတင်ခဲ့ ကြသည်။

ခ. ကုန်သွယ်မှု စတင်လာသည်နှင့်အမျှ အခြေကျသောနေရာငယ်လေးများသည် မြို့ငယ် နှင့် မြို့ကြီးများအဖြစ်သို့ ပြောင်းလဲခဲ့သည်။

ဂ. ရှေးခေတ်လူအများအပြားသည် လှည့်လည်နေထိုင်သူများဖြစ်ကြပြီး သိုး၊ မြင်းအစရှိသည့် တိရစ္ဆာန်များကို မွေးမြူကြသည်။ ထိုသူများသည်နေရာတစ်ခုတည်းတွင်သာမနေထိုင်ကြပါ။တိရစ္ဆာန်များအတွက် မြက်ခင်းစိမ်းများ ရှာဖွေရန်နှင့်ကုန်သွယ်ရန်အတွက်တစ်နေရာမှအခြား တစ်နေရာသို့လှည့်လည်သွားလာခဲ့ကြသည်။

## ၂။(၃) ပိုလျှံခြင်းနှင့် မညီမျှခြင်း

အဓိကဝေါဟာရများ

| | |
|---|---|
| စုဆောင်း(ကြိယာ) | - စုသည်၊ သိမ်းသည်။ |
| ကုန်ဖလှယ်ခြင်း(နာမ်) | - ငွေကြေးမသုံးဘဲ ကုန်ပစ္စည်းချင်းဖလှယ်ခြင်း |
| လူတန်းစား(နာမ်) | - တူညီသောစီးပွားရေးနှင့် လူမှုရေးဝိသေသလက္ခဏာရှိသည့် လူမှုအသိုင်းအဝိုင်း |
| လက်မှုပညာသည်(နာမ်) | - လက်မှုပညာနယ်ပယ်တစ်ခုတွင် ကျွမ်းကျင်သူ |
| ခရီးရောက်သော(နာမဝိသေသန) | - ရလဒ်ကောင်းထွက်ပေါ်စေပြီး အချိန်ကုန်မှုနည်းစေသောတစ်စုံတစ်ခု |
| မညီမျှခြင်း(နာမ်) | - တစ်ဦးတစ်ယောက် သို့မဟုတ် တစ်အုပ်စုတွင် အခြားသူများထက်ပိုင်ဆိုင်မှုပိုမိုရှိခြင်း |
| မြေထည်(နာမ်) | - ရွှံ့ဖြင့်ပြုလုပ်သော ပန်းကန်လုံးများနှင့် အခြားပစ္စည်းများ |
| ကြီးကြပ်(ကြိယာ) | - အခြားသူအလုပ်ကို ညွှန်ကြားစစ်ဆေးသည် |
| အပိုအလျှံ(နာမ်) | - လိုအပ်သည်ထက်ပိုရှိနေခြင်း |

**ကြိုတင်လေ့လာခြင်း**

ယနေ့ခေတ် လူအချို့တွင် ငွေအမြောက်အများရှိပြီး အချို့တွင်အနည်းသာရှိသည်။ အချို့တွင် စားသောက်စရာ ပိုလျှံပြီး အချို့တွင်စားသောက်စရာမရှိပါ။ အဘယ်ကြောင့်ဖြစ်ရသည်ဟု သင်ထင်သနည်း။ဤအတိုင်းယခင်ကတည်းကဖြစ်တည် လာခဲ့ပါသလား။ မည်သို့ထင်မြင်သနည်း။

**ဖြစ်ရပ်လေ့လာခြင်း**

ဇင်၊ ဒေဗီနှင့်လင်းဦးတို့သည် လယ်ယာလုပ်သားများဖြစ်ကြသည်။ ဇင်သည် တောင်ယာစိုက်ခင်းတစ်ခင်း ပိုင်ဆိုင်ပြီးသူ့တောင်ယာများသည် မိုးမရွာလျှင် ရေအလုံအလောက်မရရှိပါ။ သူသည် မိသားစုစားဝတ်နေရေးအတွက် နှစ်စဉ်နှစ်တိုင်း အစားအစာလုံလောက်ရုံသာရရှိသည်။ သို့သော်တခါတရံတွင်တောင်ယာမဖြစ်ထွန်းသောကြောင့် စားသောက်စရာများပြတ်လပ်သည်။ ဒေဗီတွင်ကုန်းမြင့်ယာခင်းတစ်ခင်းရှိပြီး ၄င်းယာခင်းသည် မြေဆီကြွယ်ဝသည်။ အဘယ်ကြောင့်ဆိုသော် တောင်ကုန်းများပေါ်မှ မြေသြဇာဓာတ် ပါသောသတ္တုဓာတ်များကို မျှောပါလာပြီး ဒေဗီယာခင်းပေါ်တွင်အနယ်ထိုင်စေသည်။ ဒေဗီသည် နှစ်စဉ်နှစ်တိုင်းမိသားစု အတွက်လုံလောက်သောအစားအစာများရရှိပြီး အပိုအလျှံအချို့ကျန်ရှိသည်။ လင်းဦးသည်မြစ်ဝှမ်းပေါ်ယာတစ်ခင်းပိုင်ဆိုင်ထား သည်။ ၄င်းယာခင်းသည်မြေသြဇာအလွန် ကြွယ်ဝသော ကြောင့်သူသည် နှစ်စဉ်နှစ်တိုင်း စားပင်သီးနှံများစွာ စိုက်ပျိုးနိုင်သည်။ မိုးရေမရသောအချိန်ပင်သီးနှံများကိုမြစ်ရေများသွင်းကာစိုက်ပျိုးနိုင်သည်။

**ဆွေးနွေးခန်း**

**နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း အကြောင်းနှင့်အကျိုး**

အချိန်ကြာမြင့်လာသော် ထိုလယ်သမားသုံးဦးကြားတွင်မည်သည့်ခြားနား ချက်ဖြစ်ပေါ်လာနိုင်သနည်း။ အောက်ပါအတိုင်းတွေးကြည့်ပါ။ ဇင်မြေ မှတောင်ပေါ်တွင်ကြေးနီများကိုတွေ့ရှိပြီးနောက်စိုက် ပျိုးရေးအတွက်အထောက်အကူပြုသည့်ပစ္စည်းများပြုလုပ်ရာက မည်သို့ပြောင်းလဲနိုင်သနည်း။

မညီမျှခြင်းသည်လယ်သမားများ ပိုင်ဆိုင်မှုပိုလျှံလာခြင်းမှ စတင်ခဲ့သည်။ လူသားများသည်စိုက်ပျိုးရေး၊တိရစ္ဆာန်မွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် အခြားလုပ်ငန်းရပ်များတွင်တတ်ကျွမ်းမှုပိုမိုရှိလာသည်နှင့်အမျှအချိန်တိုတိုအတွင်း အကျိုးများများရရှိခံစား လာကြသည်။အသက်ရှင်ရန်လိုအပ်သည်ထက်ပို၍ပိုင်ဆိုင်လာကြသည်။ အစားအစာလုံလောက်စွာပိုင်ဆိုင်လာသောအခါ အစားအစာများစိုက်ပျိုးခြင်းထက် အခြား အရာများပြုလုပ်လာနိုင်ကြသည်။ များမကြာမီပင် သီးသန့်ရွေးချယ်ပြုလုပ်လာကြပြီးစိုက်ပျိုးရေးထက် မြေထည်လုပ်ငန်းသို့မဟုတ် ရက်ကန်းယက်ခြင်းစသော လက်မှုပညာများကိုအချိန်ပေးပြုလုပ်လာကြသည်။ ထို့နောက် ကုန်ပစ္စည်းချင်းဖလှယ်ခြင်းနှင့် ကုန်သွယ်မှုတို့ လည်းစတင်ဖွံ့ဖြိုးလာခဲ့သည်။ *ဥပမာ*-လယ်သမားတစ်ဦးသည် အိုးလုပ်သမားထံမှအိုးအချို့ သို့မဟုတ် ရက်ကန်းယက်သူထံမှအထည်အချို့ ကိုဆန်နှင့်လဲလှယ်နိုင်သည်။ထိုသူတို့ ခေါင်းဆောင်များသည်လည်းအလုပ်လုပ်ရန်မလိုတော့ဘဲ အစားအစာ နှင့် လိုအပ်သော အခြားပစ္စည်းများကိုလည်း အခြားသူများထံမှရရှိနိုင်သည်။

ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှမညီမျှမှုလည်း ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ အချို့သူများတွင် ပိုင်ဆိုင်မှုပိုမိုများပြားလာပြီးအချို့တွင် လျော့နည်းလာ ကြသည်။ ပိုမိုအောင်မြင်သောလယ်သမားများ သို့မဟုတ် လက်မှုပညာသည်များ ပစ္စည်းတန်ဖိုးလည်းမြင့်တက်လာသည်။ လူမျိုးစုခေါင်းဆောင်များ နှင့်ဘာသာရေးခေါင်းဆောင်များသည်လည်းပစ္စည်းအမျိုးမျိုး ရယူစုဆောင်းနိုင်သည်။ ထို့နောက်လူတွေအပေါ် သြဇာအာဏာပိုမို သက်ရောက်လာ ပြီး အဆင့်အတန်းများလည်းစတင်ဖွံ့ဖြိုးလာခဲ့သည်။

| လေ့ကျင့်ခန်း |
| --- |
| **အချက်အလက်များအသုံးချခြင်း** |

ယခင်စာမျက်နှာများမှ အချက်အလက်များဖြင့် အောက်ပါတို့ကို ဖြည့်ပါ။

| | | | | |
| --- | --- | --- | --- | --- |
| လူသားလုပ်ဆောင်မှုများသည်အချိန်တိုတိုအတွင်းထိရောက်မှုရှိလာသည်။ | | လက်မှုပညာပိုင်းတွင်အချိန်ပေးအလုပ်လုပ်လာကြသည်။ | | အာဏာ မညီမျှမှုနှင့်လူတန်းစားများစတင်လာသည်။ |

ဖြစ်ရပ်လေ့လာခြင်း

လွန်ခဲ့သောနှစ်သုံးဆယ်ခန့်တွင် တားအဘိုးအဖွားများသည် ၄င်းတို့အိမ်ပတ်ဝန်းကျင်တွင် ၄က်ပျောပင်အချို့စိုက်ပျိုးခဲ့သည်။ ယခုအခါ၄င်းနေရာသည်၄က်ပျောပင်စိုက်ခင်းကြီးဖြစ်လာပြီး တားမိသားစုလိုအပ်သည်ထက်၄က်ပျောသီးအရေအတွက် ပိုမိုထွက်ရှိသည်။ ၄င်း၄က်ပျောသီး များရောင်း၍ ဆန်၊ အသားငါးနှင့် အဝတ်အစားများ ဝယ်နိုင်သည့်အပြင် ပိုလျှံနေသေးသည်။တားမိဘများသည် ၄က်ပျောသီးစိုက်ခင်းတွင် အလုပ် မဆင်းတော့ဘဲအသီးရိတ်သိမ်းရန် အလုပ်သမားအချို့ခန့်ထားသည်။ အလုပ်သမားများကို ၄က်ပျောသီး၊ ဆန်၊ အသားငါးနှင့် အဝတ်အစားစသော ကုန်ပစ္စည်းများဖြင့် ဝန်ဆောင်ခပေးသည်။

တားမိခင်သည် အားလပ်ချိန်တွင်အိုးများပြုလုပ်ပြီး ၄င်းအိုးများကိုလှပစွာချယ်သသည်။ အခြားကုန်ပစ္စည်းများနှင့် ဖလှယ်နိုင်ရန် အိုးကုန်သွယ်မှုလုပ်သည်။ ထို့အပြင် တားမိဘနှစ်ပါးသည် အနီးပတ်ဝန်းကျင်တွင်နေထိုင်သောအခြားမိသားစုများ ကိုလည်းကြီးကြပ်သည်။ ထိုမိသားစုအချို့သည် တားမိသားစုအတွက်အလုပ်လုပ်ပေးကြပြီး အချို့မှာတားမိသားစုနှင့် ကုန်ပစ္စည်းချင်းဖလှယ်ကြသည်။ သူတို့နေထိုင်သောဧရိယာ တွင်စားနပ်ရိက္ခာမလုံလောက်ပါက တားမိသားစုသည် အခြားမိသားစုများအား ပိုလျှံသောအစားအစာများနှင့် ကူညီသည်။ ဤသို့ဖြင့် တားမိဘနှစ်ပါး ကိုထိုပတ်ဝန်းကျင်တစ်ဝိုက်တွင် ရှိသောလူများကရိုသေလေးစားလာကြသည်။ သူတို့နေထိုင်သော လူမှုအသိုင်းအဝိုင်းအတွက် ဆုံးဖြတ်ချက်ချရာတွင် တားမိသားစုသည် သြဇာအရှိဆုံးဖြစ်လာသည်။

| လေ့ကျင့်ခန်း |
| --- |
| **အချက်အလက်များအသုံးချခြင်း၊ အကြောင်းနှင့်အအကျိုး** |

က. တားနှင့်သူ့မိသားစုသည် မည်သည့်လူမှုအသိုင်းအဝိုင်းမျိုး တွင်နေထိုင်သနည်း။

ခ. ဤသင်ခန်းစာတွင်မည်သည့်ကုန်သွယ်မှုမျိုးကိုဖော်ပြထားသနည်း။

ဂ. ပိုလျှံသောအစားအစာများဝေ၄ခြင်းသည် တားမိသားစု နေထိုင်မှုပုံစံနှင့်လူမှုအသိုင်းအဝိုင်းတစ်ခုလုံးရပ်တည်မှုပေါ် မည်သို့အကျိုးသက်ရောက်စေသနည်း။

## ၂။(၄) လဖတ်စရာ


**အဓိကဝေါဟာရများ**

| | |
|---|---|
| ယုံကြည်ကိုးကွယ်မှု(နာမ်) | - ဘာသာရေးအသေးစားတစ်မျိုး သို့မဟုတ် ဘာသာရေးအသစ်တစ်မျိုး |
| ထွက်ပေါ်(ကြိယာ) | - ပေါ်လာသည်၊ ထွက်လာသည်။ |
| ဘုရားသခင်ကဲ့သို့(နာမဝိသေသန) | - အထွဋ်အမြတ်ဖြစ်သော၊ ဘုရားသခင်နှင့်ဆက်နွှယ်သော |
| သားစဉ်မြေးဆက်(နာမ်) | - လွန်ခဲ့သည့်မျိုးဆက်များ မိသားစုတစ်စုမှ ဆင်းသက်လာသူ။ |
| ပြောင်းလွယ်ပြင်လွယ်(နာမဝိသေသန) | -ပြောင်းရန်လွယ်ကူသော၊ တစ်ခုမှအခြားတစ်ခုသို့ပြောင်းနိုင်သော။ |
| ဘိန္ဒောဆရာ(နာမ်) | - နေမကောင်းဖြစ်သူများကို ရိုးရာနည်းလမ်းဖြင့် ကူညီကုသပေးသောသူ။ |
| နယ်မြေခံဖြစ်သော(နာမဝိသေသန) | - တစ်နေရာတွင် ပထဆုံးနေထိုင်အခြေချသူ။ |
| မျိုးမတူထိမ်းမြား(ကြိယာ) | - လူမျိုးကွဲ နှစ်ဦးလက်ထပ်ထိမ်းမြားခြင်း။ |
| ရေကြောင်း(နာမဝိသေသန) | - ပင်လယ်နှင့်ဆိုင်သော။ |
| ကုန်သည်(နာမ်) | - ကုန်ပစ္စည်းများရောင်းဝယ်ခြင်းဖြင့် ငွေရှာသောသူ။ |
| သာသနာပြုအဖွဲ့(နာမ်) | -မိမိဘာသာအယူဝါဒကိုအခြားသူများလိုက်စားရန်နေရာအများအပြားသို့ သွားရောက်ဆောင်ရွက်သူ |
| ဆွေးကြီးမျိုးကြီး(နာမ်) | - အုပ်ချုပ်သူ(ဘုရင်) မိသားစုနှင့်ဆက်နွှယ်သောမိသားစုမှ တစ်ဦးတစ်ယောက် |
| အိုးလုပ်သမား(နာမ်) | - ရွှံ့ဖြင့် အိုးနှင့်အခြားပစ္စည်းများပြုလုပ်သူ။ |
| တရားဟောဆရာ(နာမ်) | - ဘာသာရေးအကြီးအကဲဆရာ |
| နတ်ဆရာ(နာမ်) | -ရိုးရာဓလေ့ထုံးတမ်းအားဖြင့်ဝိညဉ်များကိုပြောဆိုထိန်းချုပ်နိုင်သူဟု ယုံကြည်ခံရသောဆရာ။ |
| ပညာရှင်(နာမ်) | - လောက၊ သက်ရှိအရာအားလုံးကိုလေ့လာသောသူ။ |
| ရက်ကန်းယက်သူ | - ရိုးရာနည်းလမ်းဖြင့် အထည်ယက်သူ။ |

**၁.** ပိုလျှံမှုစတင်ဖွံ့ဖြိုးလာသည်နှင့်အမျှ ရက်ကန်းသမား၊ အိုးလုပ်သမား၊ သတ္တုပစ္စည်းအလုပ်သမားနှင့် အခြားလက်မှုပညာသည်များ စသောလုပ်ငန်း သစ်များထွက်ပေါ်လာသည်။ ဤသို့ဖြင့်ပိုမိုအောင်မြင်သောလက်မှုပညာသည်များနှင့် လယ်သမားများတွင် ပိုင်ဆိုင်မှုပိုမိုများပြား လာပြီး တားမိသား စုကဲ့သို့၄င်းတို့လုပ်ငန်းများကိုအခြားသူ လုပ်ပေးလာသောကြောင့် လူတန်းစားများ ပေါ်ထွက်လာသည်။ ထို့အပြင်အစားအစာများပိုလျှံသောကြောင့် ဒေသခံတရားဟောဆရာများနှင့် လူမျိုးစုခေါင်းဆောင်များသည် ၄င်းတို့နေထိုင်သည့် လူမှုအသိုင်းအဝိုင်းတို့ထံမှ အထောက်အပံ့များရရှိကြသည်။

**၂.** အရှေ့တောင်အာရှသည်တရုတ်၊ အိန္ဒိယနှင့်အာရှတိုက် အခြားအစိတ်အပိုင်းတို့ကြားတွင် တည်ရှိသောအရေးပါသည့် ရေကြောင်းကုန်သွယ် ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ရေကြောင်းကုန်သွယ်မှုမှတဆင့် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ ဩဇာအရှိန်အဝါများပျံ့နှံ့ခဲ့သည်။အိန္ဒိယ ကုန်သည် များသည်အရှေ့တောင်အာရှတွင် အခြေချနေထိုင်လာခဲ့ပြီး ဒေသခံလူမျိုးစုခေါင်းဆောင်များ မိသားစုဝင်များနှင့် လက်ထိပ်ထိမ်းမြားကြသည်။ ထိုကုန်သည်များသည် အိန္ဒိယလူတန်းစားပုံစံကိုအခြေခံထားသော အထွဋ်အထိပ်ဘုရင်စနစ်ကိုယူဆောင်လာခဲ့ကြသည်။ ဤစနစ်တွင်အုပ်ချုပ်သူ များနှင့်ဘုရင်များကိုနတ်ဘုရားများကဲ့သို့(သို့မဟုတ်) နတ်ဘုရား သားစဉ်မြေးဆက်များအဖြစ်ရှိသေရသည်။ ဆိုလိုသည်မှာအုပ်ချုပ်ပိုင်ခွင့်ကို ထာဝရဘုရားထံမှရရှိကြပြီး အခြားသူများကအတိုက်အခံပြုလုပ်ပိုင်ခွင့်မရှိပေ။

၃. အဓိကလူတန်းစားသုံးမျိုးတည်ရှိခဲ့သည်။ အမြင့်ဆုံးအဆင့်သည် အုပ်ချုပ်သူလူတန်းစားဖြစ်သောဘုရင်နှင့်ဆွေကြီးမျိုးကြီး မှပေါက်ဖွားလာသူများ ဖြစ်ပြီးကုန်သည်နှင့်ဘာသာရေးဆရာလူတန်းစားသည် ဒုတိယဖြစ်သည်။ အောက်ခြေလူတန်းစားမှာ အလုပ်လုပ်သူများဖြစ်သော လယ်သမားများ၊လက်မှု ပညာသည်များနှင့် အခြားအလုပ်သမားများဖြစ်သည်။ ကုန်သွယ်မှုမှကုန်သည်လူတန်းစားဖြစ်ပေါ်လာပြီးကုန်သည်လူတန်းစားတွင် စီးပွားရေးလုပ်စား သောဒေသခံလူမျိုးများနှင့် ဒေသဘေးပတ်ဝန်းကျင်တစ်ဝိုက်မှ လာသောကုန်သည်များလည်းပါဝင်သည်။ အချို့ကုန်သည်များသည်ဝေးလံ သော နိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့မှလာရောက်ကြသည်။




၄. အရှေ့တောင်အာရှတွင်တည်ရှိခဲ့သော ဘုရင့်နိုင်ငံများတွင်ဘာသာရေးဆရာများထွန်းကားခဲ့သည်။ အစောပိုင်းကာလတွင် ဒေသခံများသည်ဘာသာရေးဆရာများ၊ နတ်ဆရာများနှင့် ဘန္ဓောဆရာများကိုကိုးကွယ်ယုံကြည်ကြသည်။ ထိုသူများသည် ၎င်းနေထိုင်သောရွာများတွင်ရိုသေလေးစားမှုခံရသည်။ အယူဝါဒသစ်များစတင်ပျံ့နှံ့ခဲ့ပြီးနောက် ဘာသာရေးဆရာအသစ်များ ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာအိန္ဒိယနိုင်ငံမှ ဟိန္ဒူဗုဒ္ဓဘာသာ၊တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှဗုဒ္ဓဘာသာသာသနာပြုအဖွဲ့များ၊ ဥရောပမှမူဆလင် ဥလမတ်စ်နှင့် ခရစ်ယာန်သာသနာပြုအဖွဲ့များမှ ဘာသာရေးဆရာများဖြစ်ကြသည်။

၅. ရှေးခေတ်အရှေ့တောင်အာရှတွင် တည်ရှိခဲ့သောလူတန်းစားစနစ်သည် အလွန်ပင်ပြောင်းလွယ်ပြင်လွယ်နိုင်ခဲ့သည်။ တံငါသည်များသည် စီးပွားရေးလုပ်စားနိုင်ပြီး ကုန်သည်လူတန်းစားများဖြစ်လာနိုင်သည်။ ထို့အပြင်မည်သူမဆို ဘာသာရေးပညာရှင်တစ်ယောက် ဖြစ်ချင်သည့်ဆန္ဒရှိလျှင်ဖြစ်လာနိုင်ခြေရှိသည်။ သို့သော်လည်း ဤအခွင့်အရေးသည် အများအားဖြင့်အမျိုးသားများအတွက်သာဖြစ်သည်။

| လေ့ကျင့်ခန်း |
| --- |
| **သဘောပေါက်နိုင်မှု အဓိကအချက်အလက်ရှာခြင်း အတိုချုံးခြင်း၊ကောက်ချက်ချခြင်း** |

**(က) အထက်ပါအကြောင်းအရာခေါင်းစဉ်သည်**

၁. ရှေးခေတ်အရှေ့တောင်အာရှ အုပ်ချုပ်သူများအကြောင်းဖြစ်သည်။

၂. ရှေးခေတ်အရှေ့တောင်အာရှ လူတန်းစားစနစ်ဖြစ်သည်။

၃. အရှေ့တောင်အာရှတွင် မတူညီသောဘာသာအယူဝါဒမျိုးမျိုးအကြောင်းဖြစ်သည်။

၄. ကုန်သွယ်မှုအရေးပါပုံအကြောင်းဖြစ်သည်။

**(ခ) မည်သည့်ဝါကျသည် ယခင်အကြောင်းအရာအကောင်းဆုံးအကျဉ်းချုပ်ဖြစ်သနည်း။**

၁. ရှေးခေတ်အရှေ့တောင်အာရှ အုပ်ချုပ်သူများသည် ကုန်သွယ်ရေးတွင်ပါဝင်ခဲ့ကြသည်။

၂. အစောပိုင်းကာလတွင် လူများသည် လူတန်းစားတစ်ခုမှ အခြားတစ်ခုသို့ပြောင်းနိုင်ခဲ့သည်။

၃. ကုန်သွယ်မှုကြောင့်ရှေးခေတ်အရှေ့တောင်အာရှတွင်လူတန်းစားသုံးလွှာဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။

၄. ရှေးခေတ်အရှေ့တောင်အာရှတွင်အမျိုးသားများသာဘာသာရေးဆရာများလုပ်နိုင်ခွင့်ရှိခဲ့သည်။

**(ဂ) အောက်ပါအကျဉ်းချုပ်များကို ယခင်စာမျက်နှာရှိစာပိုဒ်များနှင့်ယှဉ်တွဲပါ။**

၁. ကုန်သည်လူတန်းစားတွင် ဒေသခံနှင့်နိုင်ငံရပ်ခြားကုန်သည်များပါဝင်သည်။

၂. အရှေ့တောင်အာရှတွင် ကုန်သွယ်မှုနှင့်ဆိပ်ကမ်းမြို့များဖွံ့ဖြိုးတိုးတက်လာသည်။ အလုပ်သစ်များပေါ်ပေါက်လာခဲ့ပြီး လူတန်းစားသုံးလွှာလည်း ပေါ်ပေါက်လာသည်။

၃. အစောပိုင်းတွင် လူများသည် လူတန်းစားတစ်ခုမှ တစ်ခုသို့ပြောင်းနိုင်ခဲ့သည် (စီးပွားရေးပြုလုပ်ပြီး ကုန်သည်လူတန်းစားဖြစ်လာနိုင်သည်)။

၄. အရှေ့တောင်အာရှနိုင်ငံအများစုတွင် အုပ်ချုပ်သူလူတန်းစားသည်ဘုရင်များဖြစ်သည်။ အုပ်ချုပ်သူလူတန်းစားသည်ကုန်သွယ်မှုပြုလုပ်ကြသည်။

၅. အရှေ့တောင်အာရှကိုးကွယ်ကြသည့်ဘာသာအမျိုးမျိုးတွင်မတူကွဲပြားသော ဘာသာရေးဆရာများထွန်းကားလာသည်။

**(ဃ) ဤသင်ခန်းစာတွင်ပေးထားသောအလုပ်အကိုင်အမျိုးမျိုးကိုဖော်ပြပါ။**

**(င) ဤသင်ခန်းစာတွင် မည်သည့်ဘာသာအယူဝါဒများကိုဖော်ပြထားသနည်းမည်မျှရှိပါသနည်း။**

**(စ) ကုန်သွယ်မှုသည်အရှေ့တောင်အာရှတွင်လူတန်းစားစနစ်ကိုမည်သို့ဖြစ်ပေါ်စေသနည်း။**

## ၂.(၅) ရှေးခေတ်ကိုးကွယ်မှုဘာသာအယူဝါဒ

**အဓိကဝေါဟာရများ**

| | |
|---|---|
| ယှဉ်တွဲရပ်တည်(ကြိယာ) | - တစ်ချိန်တည်းတွင်အတူတကွနေထိုင်သည်။ |
| ပူဇော်ပသခြင်း(နာမ်) | - နတ်ဘုရား သို့မဟုတ် ဝိညာဉ်အားတစ်စုံတစ်ခုပူဇော်ခြင်း။ |
| သည်းခံနိုင်သော(နာမဝိသေသန) | - အခြားယုံကြည်မှုများ၊ အတွေးအခေါ်များနှင့်နေထိုင်မှုပုံစံများကို လက်ခံနိုင်သောသို့မဟုတ်နားလည်ပေးနိုင်သော |
| ပုံစံ(နာမ်) | - ပြုလုပ်နည်းတစ်မျိုး၊ အမျိုးအစားတစ်ခု။ |
| ဝတ်ပြုခြင်း(နာမ်) | - ဆုတောင်းခြင်း၊ နတ်ဘုရား သို့မဟုတ် ဝိညာဉ်ကိုအရိုအသေပြုခြင်း။ |

**ကြိုတင်လေ့လာခြင်း**
**တွေးခေါ်ခြင်း**
**စိတ်ကူးဖော်မြေပုံ**

(က) ဘာသာအယူဝါဒဆိုသည်မှာ အဘယ်နည်း။
(ခ) သင်သိသောဘာသာအယူဝါဒများကို စာရင်းပြုစုပါ။
(ဂ) ဘာသာအယူဝါဒတစ်ခုစီသည် မည်သည့်နေရာတွင်စတင်ခဲ့သနည်း။
(ဃ) ထိုဘာသာအယူဝါဒတစ်ခုစီနှင့် ပတ်သက်၍မည်မျှသိရှိထားသနည်း။ စိတ်ကူးဖော်မြေပုံ ဖြင့်ပြပါ။ ထို့နောက်ထိုဘာသာအယူဝါဒများ အကြောင်းကိုလေ့လာပြီးသောအခါတွင်သင်ရရှိ သောအချက်အလက်မှန်သမျှ ကိုသင်စိတ်ကူးဖော်မြေပုံတွင်ပြန်လည် ထည့်သွင်းရေးသားပါ။

အရှေ့တောင်အာရှတွင်ဒေသခံကိုးကွယ်သည့်ဘာသာမှာ ဝိဉာဉ်ကိုးကွယ်မှုဖြစ်သည်။ ဝိညာဉ်ကိုးကွယ်မှုကို ယုံကြည်သောသူအား ဝိဉာဉ်ကိုးကွယ်သူဟုခေါ်သည်။ ထိုသူများသည် သဘာဝအတိုင်းတည်ရှိသော သစ်ပင်များ၊ တိရစ္ဆာန်များ၊ မြစ်ချောင်းများ၊ တောင်များ အစရှိသည်တို့ကို ရှိခိုးပူဇော်ကြသည်။ ဘသာဝအတိုင်းဖြစ်ပေါ်တည်ရှိသောအရာများတွင် ဝိဉာဉ်များရှိပြီး ၎င်းဝိဉာဉ်များသည် လူသားတို့ရှင်သန်မှု(အသက်)ပေါ် ဩဇာလွှမ်းမိုးမှု၊ ထိန်းချုပ်မှုရှိသည်ဟု ယုံကြည်ကြသည်။ ဝိညာဉ်ကိုးကွယ်ယုံကြည်မှုသည် တစ်နေရာမှ အခြားတစ်နေရာ၊ လူမျိုးတစ်မျိုးမှ အခြားတစ်မျိုး၊ မျိုးနွယ်တစ်စုမှ အခြားတစ်စုပေါ်မူတည်၍ အလွန်ကွဲပြားသည်။ လူမှုအသိုင်း အဝိုင်းငယ်လေးတစ်ခုထဲပင်လျှင် ကိုယ်ပိုင် ဝိဉာဉ် ကိုးကွယ်ယုံကြည်မှုအများအပြားရှိသည်။ ထိုယုံကြည်မှုအရ တောတောင်၊ လယ်ကွင်း သို့မဟုတ် အိမ်တွင်းမီးဖိုတင်းနေသောဝိဉာဉ်များကိုကိုးကွယ်ကြသည်။ ထိုဝိဉာဉ်တစ်မျိုးစီသည်သီခြားအရာတစ်ခုအတွက် အရေးပါသည်ဟုယုံကြည်သည်။

*ဥပမာ* - ထိုင်းလူမျိုး အိမ်ခြံတွင် နတ်စင်များရှိသည်။ နတ်စင်ပေါ် အိမ်ကိုစောင့်ရှောက်သောဝိဉာဉ်များနေထိုင်ပြီး မိသားစုကို ထောက်မသည်ဟု ယုံကြည်ကြသည်။ တရုတ်လူမျိုးဈေးဆိုင်များတွင်လည်း မွန်မြတ်သည်ဟုယူဆသော မြေပေါ်တစ်နေရာ နတ်စင်ဆောက် ထားသည်။ ၎င်းနေရာတွင် စီးပွားရေးကိုထောက်မပေးနိုင်သောဝိဉာဉ်များနေထိုင်ပြီး ထိုဝိဉာဉ်များကို ပေးကမ်းပူဇော်ပသလျှင် စီးပွား ရေးလုပ်ငန်းတွင်ကံကောင်းနိုင်သည် ဟုယုံကြည်ကြသည်။

ဝိဉာဉ်ကိုးကွယ်ယုံကြည်မှုအမျိုးမျိုးတွင် ဘိုးဘေးဘီဘင်ပူဇော်ခြင်းလည်း ပါဝင်သည်။ ထိုပူဇော်ခြင်းကို တရုတ် လူမျိုးများက အများဆုံး ပြုလုပ်ကြသည်။ ဝိဉာဉ်ကိုးကွယ်မှုသည် အခြားဘာသာများဖြစ်သော ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလမ် သို့မဟုတ် ခရစ်ယာန်နှင့်ပေါင်းစည်း ရပ်တည်လေ့ ရှိသည်။

အရှေ့တောင်အာရှတွင် ဘာသာအယူဝါဒသစ်များစတင်ပြန့်ပွားလာချိန်တွင် ဝိဉာဉ်ကိုးကွယ်မှုများသည် ၎င်းဘာသာသစ်များနှင့် ပေါင်းစည်းခဲ့သည်။ သို့မဟုတ် ယှဉ်လျက်ရပ်တည်ခဲ့သည်။ ဘာသာအယူဝါဒသစ်များကို ကိုးကွယ်ကြသော်လည်း ရိုးရာစဉ်လာယုံကြည်မှု၊ ဇာတ်ကြောင်းနှင့် ရှေးဟောင်းပုံပြင် များကို လက်ဝယ်ကိုင်ဆောင်ထားဆဲရှိသည်။

(က)အထက်ပါကြောင်းအရာကိုဖတ်၍ "ဝိဉာဉ်ကိုးကွယ်မှု" ဟူသောဝေါဟာရ အဓိပ္ပါယ်ကိုသင့်ကိုယ်ပိုင်စကားဖြင့် ရှင်းပြပါ။
(ခ) သင်နေထိုင်သောလူ့အသိုင်းအဝိုင်းတွင် မည်သည့်ဝိဉာဉ်ကိုးကွယ်မှုမျိုးရှိသနည်း။
(ဂ) ဘာသာအယူဝါဒသစ်များကိုကိုးကွယ်လာကြသော်လည်း ဝိဉာဉ်ကိုးကွယ်မှု (သို့) ရိုးရာယုံ ကြည်မှုအစွဲများ ဆက်လက်ရှင်သန်နေခြင်းမှာ အဘယ်ကြောင့်နည်း။

## ၂။(၆) ရှေးခေတ်အရှေ့တောင်အာရှလူမျိုးများ

| အဓိကဝေါဟာရများ | |
|---|---|
| ရှေးဟောင်းသုတေသနဆိုင်ရာ(နာမဝိသေသန )- | မြေအောက်ရှိအကြွင်းအကျန်များကိုတူးဖော်ခြင်းဖြင့် ရှေးခေတ် လူသားနှင့်ယဉ်ကျေးမှုများကိုလေ့လာခြင်း |
| ထက်ကျော်လွန်၍(ဝိဘတ်) | - ပို၍ဝေးသော၊ တစ်စုံတစ်ခုအပြင်ဘက်။ |
| တူးဖော်(ကြိယာ) | - မြေအောက်မှ ဖော်ထုတ်သည်။ |
| မှီတင်းနေထိုင်သူ(နာမ်) | - တစ်နေရာတွင် နေထိုင်သူများ။ |
| ရွှေ့ပြောင်း(ကြိယာ) | - တစ်နေရာမှ အခြားတစ်နေရာသို့ နေရာပြောင်းသည်။ |
| သမိုင်းမတိုင်မီ(နာမဝိသေသန) | - သမိုင်းတွင်မထည့်သွင်းရေးသားမီ။ အလွန်ရှေးကျသော။ |
| တိမ်သော(နာမဝိသေသန) | -နက်သော၊ ဆန့်ကျင်ဘက် |

**ကြိုတင်လေ့လာခြင်း**
**ခန့်မှန်းခြင်း**

အောက်ပါမေးခွန်းများကိုခန့်မှန်းဖြေဆိုပါ။

က. မည်သည့်အချိန်တွင် အရှေ့တောင်အာရှသို့ လူများ ပထဦးဆုံးရောက်ရှိလာသနည်း။
ခ. မည်သူများဖြစ်သနည်း။
ဂ. ထိုသူများသည် မည်သည့်ပုံသဏ္ဌာန်ရှိသနည်း။
ဃ. အရှေ့တောင်အာရှတွင် ပထမဆုံးဆန်စပါးစိုက်ပျိုးသောလူမျိုးမှာ မည်သူများဖြစ်သနည်း။
င. အရှေ့တောင်အာရှသို့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ မည်သို့ရောက်ရှိလာခဲ့ကြသနည်း။

**အောက်ပါအကြောင်းအရာများကိုဖတ်၍သင့်အဖြေများကိုစစ်ဆေးပါ။**

**မူလဇစ်မြစ်**

၁. သမိုင်းမတိုင်မီလွန်ခဲ့သောနှစ်ပေါင်းလေးသောင်းခန့်အချိန်ကတည်းက အရှေ့တောင်အာရှတွင်လူများနေထိုင်လာ ခဲ့ကြသည်ဟု သမိုင်းပညာရှင်အချို့ကဆိုသည်။ အရှေ့တောင်အာရှ ဒေသခံများကို "နီဂရစ်တို" ဟုခေါ်ဆိုကြသည်။ ၎င်းတို့သည် အာဖရိကတိုက်မှရွှေ့ပြောင်း လာခဲ့သည် ဟု သမိုင်းပညာရှင်အများအပြားကလက်ခံယုံကြည်ကြသည်။ ထိုလူမျိုးများသည် အရပ်ပု၊ အမွေးအမှင်ထူ၊ အသားရေမဲသောသူများ ဖြစ်သည်။ ၎င်းတို့သည် ဩစတြေးလျားတွင် ကနဦးနေထိုင်ခဲ့သောလူမျိုး(Australian Aborigines) နှင့်ဆက်နွယ်မှုရှိသည်။ သို့သော် ၎င်းတို့ သမိုင်းကြောင်း အနည်းငယ်ကိုသာသိရှိရသည်။

၂. ဆန်စပါးကို အခြားနေရာများတွင်မစိုက်ပျိုးမီ အရှေ့တောင်အာရှတွင် လွန်ခဲ့သောအချိန်များစွာကတည်းက စိုက်ပျိုးခဲ့ကြသည်ဟု စိုက်ပျိုးရေးဆိုင်ရာ ရှေးဟောင်းသုတေသနအဖွဲ့ကဆိုသည်။ သို့သော် ဤပြောဆိုချက်သည် မသေချာပေ။ ထိုအချိန် နေထိုင်ခဲ့သောလူများသည် သင်္ဘောဖြင့် ကုန်သွယ်သူများ ဖြစ်နိုင်ဖွယ်ရှိပြီး အရှေ့တောင်အာရှကျွန်းများနှင့် ပြင်ပဒေသများသို့ ရွက်လွှင့်သွားလာခဲ့ကြသည်။ ဒေသခံအရှေ့တောင်အာရှတိုက် သားများသည် ကျောက်ဖြင့်ပြုလုပ်သော ကိရိယာတန်ဆာပလာများကိုအသုံးပြု၍ ကန်းရိုးတန်းများနှင့် မြစ်ကမ်းများတွင် အများဆုံးနေထိုင် အသက်မွေးခဲ့ကြသည်။

၃. လွန်ခဲ့သောနှစ်လေးထောင် သို့မဟုတ် ငါးထောင်အချိန် အရှေ့တောင်အာရှသို့ မြောက်ပိုင်းမှလူမျိုးသစ်များဝင်ရောက်လာပြီး ရွှေ့ပြောင်းသွားသောနီဂရစ်တိုများ နေရာများသို့ သို့မဟုတ် ဒေသခံနီဂရစ်တို များကိုတိုက်ထုတ်ကာ ၎င်းနေရာများသို့ အစားထိုးဝင်ရောက်လာခဲ့သည်။ ဝင်ရောက်လာသူများသည် တရုတ်နိုင်ငံတောင် နှင့်အနောက်တောင်ဘက်မှမြစ်ဖျားခံသော မြစ်များတစ်လျှောက်ဖြတ်၍ အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ သို့မဟုတ် တရုတ်နိုင်ငံကမ်းတစ်ဝိုက်ရှိရေတိမ်သည့် ကမ်းရိုးတန်းဒေသအတိုင်း လာရောက်ခဲ့သည်။ ထိုလူမျိုးအချို့သည် ထိုင်ဝမ်နိုင်ငံသို့ရောက်လာခဲ့သည်။ထို့နောက် ထိုင်ဝမ်နိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီရှားကျွန်းစုများအထိ ရွှေ့ပြောင်းခဲ့ကြသည်။

**လေ့ကျင့်ခန်း**
**ကောက်ချက်ချခြင်း**

က. စာပိုဒ်(၁)၊ (၂) နှင့် (၃)တို့တွင်ပေးထားသောအချက်အလက်များမှန်ကန်မှုရှိပါသလား။
ခ. စာရေးသူမှ သက်သေအထောက်အထားများတင်ပြပါသလား။
ဂ. မည်သည့်သက်သေအထောက်အထားသည် စာပိုဒ် (၁)၊ (၂) နှင့် (၃) တို့ရှိအချက်အလက်များကိုပိုမိုခိုင်မာစေနိုင်သနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| အလျှံပယ်ရှိခြင်း(နာမ်) | - ပမာဏများသောတစ်စုံတစ်ခု။ |
| ဓာတုဗေဒစိစစ်ချက်(နာမ်) | -ဓာတုပစ္စည်းများကိုအသုံးပြု၍အရာဝတ္ထုများသက်တမ်း မည်မျှရှိသည်ကိုစမ်းသပ်ခြင်း။ |
| ရွှံ့(နာမ်) | - အိုးနှင့်အခြားပစ္စည်းများကိုပြုလုပ်နိုင်သောစေးကပ်သည့် မြေ(မီးဖုတ်သောအခါမာကျောသွားသည်)။ |
| ဆည်မြောင်းစနစ်(နာမ်) | - စမ်းချောင်းများ(သို့)မြောင်းများကိုအသုံးပြု၍ လယ်ယာ များသို့ရေပေးသွင်းခြင်း။ |
| ဖြစ်ထွန်းစည်ပင်(နာမဝိသေသန) | - အောင်မြင်သော၊ ချမ်းသာကြွယ်ဝသော။ |

လေ့ကျင့်ခန်း

**အချက်အလက်များ အသုံးချခြင်း**

(က) မာဂျာပါဟစ်ဇကေရာဇ်အကြောင်းကို လေ့လာသောသမိုင်းပညာရှင်တစ်ဦးမ ဆိုထားသည်မှာ မာဂျာပါဟစ်အင်ပါယာ ဖြစ်ထွန်း စည်ပင်လာတာနဲ့ မြို့ထဲမှာ လူများစုပြုံနေထိုင်ခဲ့ကြတယ်။ အဲဒီအချိန်မှာ အစားအစာများအလျှံအပယ်ရှိပြီး၊ ပင်လယ်ရပ်ခြားမှ လူအများအပြားလည်း မရပ်မနားဝင်ထွက်သွားလာခဲ့ကြတယ်။

(ခ) မြန်မာနိုင်ငံအောက်ပိုင်း မြစ်တစ်မြစ်အနီးတွင် မြားခေါင်းပုံစံထွင်းထားသော ကြေးနီအပိုင်းအစအချို့ကို ရှေးဟောင်းသုတေသနပညာရှင်များ ကရှာဖွေတွေ့ရှိခဲ့ကြသည်။ ဓာတုဗေဒစိစစ်ချက်အရ ၎င်းကြေးနီများသက်တမ်းမှာ နှစ်ပေါင်းငါးထောင်ခန့်ရှိပြီးဖြစ်သည်။လာအိုနိုင်ငံတွင်လည်း ဂူအချို့တွေ့ရှိပြီး ၎င်းဂူများနံရံပေါ်တွင်လည်း ပန်းချီဆွဲထားသည်။ ၎င်းပန်းချီများမှာ အရာဝတ္ထုအမျိုးမျိုးနှင့် လူအပြည့်တင်ထားသော လှေပုံများဖြစ်သည်။

(ဂ) ရှေးဟောင်းသုတေသနပညာရှင်များသည် လက်ရှိမလေးရှားနိုင်ငံ လူရိုးများကိုရှာဖွေတွေ့ရှိခဲ့သည်။ ဓာတုဗေဒစိစစ်ချက်အရ ၎င်းအရိုးများ သက်တမ်းမှာအနည်းဆုံးနှစ်ပေါင်း ငါးသောင်းခန့်ရှိပြီဖြစ်သည်။ လက်ရှိ ဖနွမ်းပင်မြို့တွင်လည်း ဆန်စေ့တစ်စေ့ကပ်ထားသောမြေအိုး အစိတ်အပိုင်း တစ်ခုကိုလည်းတွေ့ရှိခဲ့သည်။ ၎င်းသက်တမ်းမှာ နှစ်ပေါင်းတစ်သောင်းငါးထောင်ခန့်ရှိသည်ဟု ရှေးဟောင်းသုတေသနပညာရှင်များက ခန့် မှန်းကြသည်။

| |
|---|
| လေ့ကျင့်ခန်း |
| **သဘောပေါက်နိုင်မှု** |

(က) နီဂရစ်တိုလူမျိုးများသည်မည်သူများဖြစ်သနည်း။
(ခ) အရှေ့တောင်အာရှသို့ မည်သို့ရွှေ့ပြောင်းရောက်ရှိလာကြသနည်း။
(ဂ) စာပိုဒ်(၃)တွင် အသစ်ဝင်ရောက်လာသူများအကြောင်းကိုဖော်ပြထားသည်
ထိုသူများသည်မည်သည့် နေရာမှရွှေ့ပြောင်းလာကြသနည်း။

| |
|---|
| ဆွေးနွေးခန်း |
| **အကြောင်းရင်း အသေးစိတ်ဖတ်ခြင်း** |

(က) ဒုတိယစာပိုဒ်တွင် "ဆိုသည်" "ဖြစ်နိုင်ဖွယ်ရှိ" ဟူသောဝေါဟာရများသုံးထားသည်မှာ အဘယ့်ကြောင့်နည်း။
(ခ) အကြောင်းအရာထဲတွင် အရှေ့တောင်အာရှ ပထမဆုံးဆန်စပါးစိုက်ပျိုးခြင်းအကြောင်းနှင့် ပတ်သက်၍ မည်သည့်အထောက်အထားကိုပေးထားသနည်း။

အရှေ့တောင်အာရှသို့ ပထမဆုံးဝင်ရောက်အခြေစိုက်လာသူများမှာ မလေးယိုပိုလီနီးရှား(Malayo-Polyne sians)ဖြစ်သည်။ ၎င်းတို့သည်လွန်ခဲ့သောနှစ်ငါးထောင်ခန့် တရုတ်နိုင်ငံမှလှေများဖြင့်ထွက်ခွာလာခဲ့ကြပြီး ပစိဖိတ်သမုဒ္ဒရာထဲတွင်ရှိသောကျွန်းများသို့ ဝင်ရောက်လာခဲ့ကြသည်။ထိုလူမျိုးများသည်အရှေ့တောင်အာရှကျွန်းနေ လူမျိုးအများစု ဘိုးဘေးဘီဘင်များဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းလေးထောင်ခန့် အရှေ့တောင်အာရှသို့ ရွှေ့ပြောင်းအခြေချနေထိုင်မှု စတင်ခဲ့သည်။ ဗီယက်နမ် လူမျိုးများပထမဆုံး ဝင်ရောက်လာခဲ့ပြီးနောက် မွန်ခမာ၊ တီဘက်တိုဗားမားနှင့် ထိုင်းလူမျိုးများ ဝင်ရောက်လာသည်။ ထို့နောက် ဘီစီ ၃၀၀ခန့် မွန်ခမာများသည် မျိုးနွယ်စုများအဖြစ်သို့ အုပ်စုခွဲခဲ့သည်။ ၎င်းတို့မှာ ခမာ၊ မဲခေါင်မြစ်တစ်လျှောက်ရွှေ့ပြောင်း နေထိုင်ခဲ့သည့် လက်ရှိကမ္ဘောဒီးယားလူများ ဘိုးဘေးဘီဘင်နှင့် မြန်မာနိုင်ငံတောင်ပိုင်း၊ မလေးကျွန်း တစ်စိတ်တစ်ပိုင်းနှင့် အနောက်ဘက်ပိုင်းတွင်ရှိသော ထိုင်းနိုင်ငံသို့ အခြေချနေထိုင်သော မွန်များဖြစ်သည်။ ထိုလူမျိုးများသည် သံဖြင့်လုပ်သောပစ္စည်းကိရိယာများကိုစတင်ဖန်တီးခဲ့ပြီးနောက် စိုက်ပျိုးရေးနည်းများလည်း ပိုမိုဖွံ့ဖြိုးလာကာ ဆည်မြောင်းစနစ်ကိုလည်း ဖန်းတီးနိုင်ခဲ့ကြသည်။

| |
|---|
| ကြိုတင်လေ့လာခြင်း |
| **အကြောင်းနှင့်အကျိုး** |

စိုက်ပျိုးရေးနှင့် ရေနှုတ်မြောင်းစနစ်ထိရောက်မှုရှိခြင်းသည် မည်သည့်အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေသနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| ကွဲပြားစေခြင်း(နာမ်) | - အရာဝတ္ထုများကိုခြားနားစေသောဖြစ်စဉ်။ |
| လူဦးရေသိပ်သည်းမှု(နာမ်) | - နေရာတစ်နေရာ နေထိုင်သောလူဦးရေအရေအတွက်။ ဥပမာ - တစ်စတုရန်းကီလိုမီတာကျယ်သောနေရာတွင် နေထိုင်သည့်လူဦးရေ(၁၀၀)ယောက်။ |
| ရေစက်(နာမ်) | - ရေသယ်ပို့ခြင်းစနစ်(ရေကြောင်းခရီးနှင့် ရေနှုတ်မြောင်းစနစ်)။ |

စိုက်ပျိုးရေးနည်းစနစ် ကောင်းမွန်အောင်မြင်လာသည်နှင့်အမျှ လူဦးရေသိပ်သည်းမှု ပိုမိုများပြားလာသဖြင့် လူတို့သည်မြို့များနှင့် အခြေကျသောနေရာများကိုလည်း ပိုမိုတည်ဆောက်ခဲ့ကြသည်။ ထိုမြို့များတွင် အစားအစာပိုလျှံသောသူများက လက်မှုအတတ်ပညာများဖန်တီးလာပြီး ဖွံ့ဖြိုးသော အခြေချနေရာများ နှင့်ကုန်သွယ်မှုပြုလုပ်သည်။

အရှေ့တောင်အာရှနိုင်ငံများနှင့် လူမှုတိုးတက်မှုဖြစ်ပေါ်ဖွံ့ဖြိုးခြင်းကို အကျဉ်းချုပ်ဖော်ပြလိုပါက အောက်ပါအချက်များသည်အလွန်အရေးပါသည်။

- စိုက်ပျိုးရေး
- ကုန်သွယ်မှု
- ရေစက်အဆောက်အအုံ
- ရှေးဟောင်းမြို့များ
- လူမှုကွဲပြားမှု

**လေ့ကျင့်ခန်း**
**အကြောင်းနှင့်အကျိုး**

(က) သံဖြင့်ပြုလုပ်သောကိရိယာများကိုအသုံးပြုမှု ဖွံ့ဖြိုးလာခြင်းသည် စိုက်ပျိုးရေးအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။

(ခ)စိုက်ပျိုးရေးတိုးတက်ကောင်းမွန်လာခြင်းသည် လူမှုအသိုင်းအဝိုင်းနှင့်ကုန်သွယ်မှုအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိနိုင်သနည်း။

**တိုးချဲ့လေ့ကျင့်ခန်း**
**အကြောင်းနှင့်အကျိုး**


အရှေ့တောင်အာရှအပေါ် အကျိုးသက်ရောက်မှုရှိသောအချက်တစ်ချက်ကိုရွေး၍ ၄င်းအရေးပါ ပုံကိုအုပ်စုဖွဲ့၍ဆွေးနွေးပါ။

**လေ့ကျင့်ခန်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**

(က)ခေတ်သစ်အရှေ့တောင် အာရှသားတို့ ဘိုးဘေးဘီဘင်များဆင်းသက်လာသည့်လမ်းကြောင်းကိုမြေပုံပေါ်တွင်ဆွဲပါ။

(ခ) မည်သည့်မြစ်အတိုင်းဆင်းသက်လာခဲ့ကြသနည်း။ အရှေ့တောင်အာရှတွင် တည်ရှိခဲ့သောရှေးခေတ် ဘုရင်အုပ်ချုပ်မှုကိုအုပ်စုနှစ်စုခွဲနိုင်သည်။ ဤအုပ်စု များကို ပထဝီမြေအနေအထားပေါ်တွင်အခြေခံထားသည်။ မည်သည့်အုပ်စုများဖြစ်သနည်း။ ဖြေဆိုရာတွင် အထောက် အကူလိုအပ်ပါက အရှေ့တောင်အာရှမြေပုံကိုကြည့်ရှုလေ့လာနိုင်သည်။

**မြေပုံ(၄) အရှေ့တောင်အာရှမြစ်များ**





**လေ့ကျင့်ခန်း**
**စိတ်ဖြာသုံးသပ်ခြင်း**

အဓိကဝေါဟာရများ

| | |
|---|---|
| လယ်ယာမြေဆိုင်ရာ(နာမဝိသေသန) | - စိုက်ပျိုးရေးကိုအခြေခံထားသော။ |
| ပြောင်းသည်(ကြိယာ) | - စနစ်တစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းသည်။ |
| အင်ပါယာ(နာမ်) | - နိုင်ငံတစ်နိုင်ငံက နိုင်ငံအများအပြားကိုကြီးစိုးခြင်း။ |
| အတုခိုးသည်(ကြိယာ) | - တစ်စုံတစ်ဦးအတိုင်းလုပ်သည်၊ ကူးယူသည်။ |
| မဟာရာဂျာ(နာမ်) | - အိန္ဒိယအိမ်ရှေ့မင်းသားများဘွဲ့အမည်။ |


ရှေးခေတ်အရှေ့တောင်အာရှတွင် ဘုရင်နိုင်ငံနှစ်မျိုးနှစ်စားရှိခဲ့သည်။ ပထမတစ်မျိုးမှာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံများဖြစ်သည်။ စိုက်ပျိုးရေးသည် ထိုနိုင်ငံများအတွက် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ၄င်းနိုင်ငံအများစုသည် ပင်မအရှေ့တောင်အာရှတွင်တည်ရှိ သည်။ ဥပမာ-ချာအိုဖရပ်ရာမြစ်ဝကျွန်းပေါ်တွင် တည်ရှိသောအယုဒ္ဓယနှင့်တွန်လေးစပ်အိုင် (TonleSap) တွင် တည်ရှိခဲ့သော ခမာအင်ပါယာတို့ ဖြစ်သည်။



ဒုတိယတစ်မျိုးမှာ ပင်လယ်ပိုင်းနိုင်ငံများဖြစ်သည်။ထိုနိုင်ငံများသည် ရေကြောင်းကုန်သွယ်မှုပေါ်အဓိကရပ်တည်သည်။

***ဥပမာ***-မလက္ကာ နှင့်စရီဝိဂျယ (Srivijaya) တို့သည်ပင်လယ်ပိုင်းနိုင်ငံများ ဖြစ်သည်။

အိန္ဒိယကုန်သွယ်မှုမှ အိန္ဒိယယဉ်ကျေးမှုကူးစက်လာခဲ့သည်။ အိန္ဒိယသာသနာပြုအဖွဲ့များသည်ဒေသခံတိုင်းရင်းသားများကိုဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာအဖြစ်သို့ ပြောင်းပေးခဲ့သည်။ မကြာမီပင်ဒေသခံ အုပ်ချုပ်သူများသည် မဟာရာဂျာအဖြစ်မိမိကိုယ် မိမိခေါ်ဆိုခဲ့ကြပြီး အိန္ဒိယတရားစီရင်ရေးပုံစံကိုလည်း အတုခိုးလာခဲ့ကြသည်။ အေဒီပထမရာစုမြန်မာ၊မလေးရှား၊ထိုင်း၊ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တောင်ပိုင်းရှိ ကန်းရိုးတမ်းဒေသများသည် အိန္ဒိယပုံစံမြို့နိုင်ငံများ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့) ဖြစ်လာခဲ့သည်။



**ရှေ့ခေတ်အရှေ့တောင်အာရှတွင် တန်ခိုးဩဇာအလွန်ကြီးမားခဲ့သောအင်ပါယာအချို့မှာ -**

| အင်ပါယာ | ဤချိန်ကာလ | မြို့တော် | နယ်မြေထိန်းချုပ်နိုင်မှုအတိုင်းအတာ |
|---|---|---|---|
| ဖူနန် | ပထမရာစုမှ ခြောက်ရာစုအထိ | အိုစီအီးအို (Oc-Eo) | ထိုင်းနိုင်ငံတောင်ပိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မလေးကျွန်းဆွယ် ၁က်မိုင်းတစ်စိတ်တစ်ဒေသ |
| စရီဝိဂျယ | ခုနှစ်ရာစုမှ ဆယ့်သုံးအထိ | ပလဲန်ဘန် (Palembang) | မလက္ကာရေလက်ကြားနှစ်ဖက်စလုံး၊ ဘော်နီယိုကျွန်းအနောက်ဘက်ပိုင်း၊ဂျာဗာကျွန်းအနောက် ဘက်ပိုင်း။ |
| ခမာ | ကိုးရာစုမှ ဆယ့်သုံးရာစုအထိ | အန်ကော (Angkor) | ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မလေးကျွန်းဆွယ် မြောက်ပိုင်းတစ်စိတ်တစ်ဒေသ |
| ပုဂံ | ကိုးရာစုမှ ဆယ့်သုံးရာစုအထိ | ပုဂံ | မြန်မာနိုင်ငံဒေသအများစု |
| မဂျပါဟစ် | ဆယ့်သုံးရာစုမှ ဆယ့်ခြောက်အထိ | မဂျပါဟစ် (Majapahit) | ခေတ်သစ်အင်ဒိုနီးရှားနိုင်ငံ ဒေသအများစု |
| မလက္ကာ | ဆယ်ငါးရာစုမှ ဆယ့်ခြောက်အထိ | မလက္ကာ (Malacca) | မလက္ကာရေလက်ကြားဘေးနှစ်ဖက်စလုံး |

**ဆွေးနွေးခန်း**
ကောက်ချက်ချခြင်း

အရှေ့တောင်အာရှ ရှေးခေတ်လူမျိုးများသည် မည်သည့်ပစ္စည်းကိရိယာများကိုဖန်တီးခဲ့ကြပြီး မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုခဲ့ကြသနည်း။

ကြိုတင်လေ့လာခြင်း

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် အရှေ့တောင်အာရှအပေါ် မည်သို့မည်ပုံနှင့် အဘယ်ကြောင့်ဩဇာလွှမ်းမိုးမှုရှိလာခဲ့သနည်း။

လေ့ကျင့်ခန်း
**မြေပုံသုံးလုပ်ဆောင်ခြင်း**

ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများမှ သိမ်းပိုက်အုပ်ချုပ်ခဲ့သောဧရိယာများကို နောက်စာမျက်နှာရှိ မြေပုံ(၅) တွင်ရှာပါ။

အုပ်စုဖွဲ့ပြီးလျှင် ယခင်ဇယားထဲရှိအင်ပါယာတစ်ခုကိုရွေး၍ ၎င်းအင်ပါယာမှ သိမ်းပိုက်အုပ်ချုပ်ခဲ့သောနယ်မြေများကို စက်ဝိုင်းဝိုင်ပါ။ သင်ရွေးချယ်သောအင်ပါယာနယ်ပယ်နှင့် တည်နေရာကိုကြည့်ပြီး ၎င်းဩဇာအာဏာလွှမ်းမိုးမှုကို မည်မျှခန့်မှန်းဖြေဆိုနိုင်သနည်း။ ယခင်ဇယားကွက်ကိုအသုံးပြု၍ သင်ရွေးချယ်သောအင်ပါယာနှင့်ပတ်သက်သည့် မေးခွန်းများကိုဖြေပါ။

(က) ၎င်းသည် ပင်လယ်ပိုင်း သို့မဟုတ် ကုန်မြေပိုင်းနိုင်ငံဖြစ်ပါသလား။
(ခ) ၎င်းတွင် အရေးပါသောဆိပ်ကမ်းမြို့များရှိပါသလား။
(ဂ) ထိုဆိပ်ကမ်းမြို့များကိုဖြတ်ရသည့် အရေးပါသောကုန်သွယ်ရေးလမ်းကြောင်းရှိပါသလား။

တိုးချဲ့လေ့လာခြင်း
**သုတေသနလုပ်ငန်း ကောက်ချက်ချခြင်း**

ထပ်ဖြည့်စွက်နိုင်သော(သို့)ခန့်မှန်းနိုင်သောအခြားအချက်အလက်များရှိပါသလား။ ရှိခဲ့သော် အခြားသူများသိနိုင်ရန်တင်ပြပါ။



**အေဒီ ၁၃၂၈-၅၈ ခုနှစ် မဟာရာဇ္ဇာဘုရင်မနှင့် အုပ်ချုပ်သူ**



**မြေပုံ(၅)အရှေ့တောင်အာရှအနှစ်ချုပ်ဖော်ပြချက်**

## ၂။(၇) ရှေးခေတ်အရှေ့တောင်အာရှသားများအင်ပါယာများ

**အဓိကဝေါဟာရများ**

| | |
|---|---|
| ဒီမိုကရေစီနည်းကျစည်းဝေးခြင်း(နာမ်) | - လူတိုင်းမဲပေးခြင်းဖြင့် ဆုံးဖြတ်ချက်ချခြင်း။ |
| ကြီးစိုးသည်(ကြိယာ) | - ထိန်းချုပ်သည်။ |
| မြေသြဇာကောင်း(နာမဝိသေသန) | - အပင်မျိုးပေါင်းများစွာစိုက်ပျိုးနိုင်သော။ |
| ထွက်ပြေး(ကြိယာ) | - အဝေးသို့ပြေးသည်။ |
| ဝရမ်းပြေး(နာမ်) | - အမိန့်အာဏာကိုရှောင်ပြေးသောတစ်ဦးတစ်ယောက်။ |
| ကုန်းပြင်မြင့်(နာမ်) | - တောင်တန်းများပေါ်ရှိကြီးမားကျယ်ပြန့်သောဧရိယာ။ |
| နာခံ(ကြိယာ) | - လိုက်နာသည်။ |
| မြစ်လက်တက်(နာမ်) | - မြစ်ကြီးထဲသို့စီးဝင်သောမြစ်ငယ်။ |
| မကျိန်းသေ(နာမဝိသေသန) | - မသေချာသော၊ မတိကျသော။ |

**ရှေးခေတ်အရှေ့တောင်အာရှတွင် ဘုရင့်နိုင်ငံများ**

ဤသင်ခန်းစာတွင် ရှေးခေတ်အရှေ့တောင်အာရှအရေးပါသောနိုင်ငံအချို့နှင့် ဘုရင့်နိုင်ငံများအကြောင်းကို လေ့လာရမည်ဖြစ်သည်။ သို့သော်ပြည့်စုံသော အကြောင်းအရာများမဟုတ်ပေ။ ဤမော်ဂျူးတွင်အရှေ့တောင်အာရှအခြေခံသမိုင်းကို သာလေ့လာနိုင်သည်။ ဤအခြေခံသည် အသေးစိတ်သမိုင်းကြောင်းကိုလေ့လာရာတွင် သင့်အားအထောက်အကူပြုနိုင်သည်။ ဤအပိုင်းသည် ယခုလေ့လာသောသင်ခန်းစာအစဖြစ်ပြီး ရှုထောင့်တစ်ခုမှကြည့်သောအကြောင်းအရာများဖြစ်သည်။ အရှေ့တောင်အာရှတွင် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များနှင့်ပတ်သက်၍ သမိုင်းပညာရှင်များတွင် အမြင်အမျိုးမျိုးရှိသည်။

**မြေပုံ(၆)တွင်ပေးထားသော ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများ အမည်များကို လေ့လာပါ။**

| ကြိုတင်လေ့လာခြင်း |
|---|
| **ခန့်မှန်းပြောဆိုခြင်း အချက်အလက်အသုံးချခြင်း ကောက်ချက်ချခြင်း** |

- ၎င်းတို့နှင့်ပတ်သက်၍ သင်မည်မျှသိရှိထားသနည်း။
- ၎င်းတို့သည် မည်သည့်နေရာများကို ထိန်းချုပ်ခဲ့သနည်း။
- ထိုလူမျိုးများသည် မည်သည့်ဘာသာစကားများကိုပြောဆိုကြသနည်း။
- မည်သည့်နေရာများသည် ၎င်းတို့ဗဟိုဌာနချုပ်များဖြစ်ခဲ့သနည်း။
- မည်သည့်ဘာသာအယူဝါဒများကို ကိုးကွယ်ကြသနည်း။
- ၎င်းတို့ယဉ်ကျေးမှုနှင့်ပတ်သက်၍ မည်မျှသိရှိထားသနည်း။

| တိုးချဲ့လေ့ကျင့်ခန်း |
|---|
| **ထပ်မံပြောဆိုခြင်း** |

အုပ်စုခွဲနေပြီးလျှင် အောက်ပါစာပိုဒ်များမှ တစ်ပိုဒ်ကိုရွေး၍လေ့လာပါ။
သင့်အုပ်စုလေ့လာသောစာပိုဒ်ကို အခြားအုပ်စုများအား ရှင်းပြရမည်။

## မူဆလင်မတိုင်မီ အင်ဒိုနီးရှား

ခမာအုပ်ချုပ်မှုအောက်သို့ ဖူနန်ကျရောက်ခဲ့ရပြီးနောက် အရှေ့တောင်အာရှနိုင်ငံအချို့သည် အိန္ဒိယနှင့်တရုတ်နိုင်ငံကြား ကုန်သွယ်မှုကို စတင်ကြီးစိုးလာခဲ့ကြသည်။ ကုန်သွယ်ရေးလမ်းကြောင်းပေါ် အကောင်းဆုံးနေရာတစ်ခုမှာ မလက္ကာနှင့် စန်ဒရေလက်ကြား နှစ်ခုစလုံးနှင့်နီးသည့် စူမားတြားကျွန်းကမ်းရိုးတန်းအရှေ့တောင်ဘက်ပိုင်းတွင်ရှိသော စရီဝိဂျယဖြစ်သည်။ စရီဝိဂျယအင်ပါယာသည် စူမားတြားကျွန်းကိုသာမက မလေးကျွန်းဆွယ်နှင့် ဂျာဗားကျွန်းအနောက်ပိုင်းတို့ကို အုပ်ချုပ်ခဲ့ပြီးအင်ဒိုချိုင်းနားကုန်သွယ်မှု တစ်ခုလုံးနီးပါးကို ထိန်းချုပ်နိုင်ခဲ့သည်။

## ဖူနန်

မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းသည် အလွန်ပင်မြေသြဇာကောင်းသည်။ တွန်လေးစပ်အိုင်မှ ရေထောက်ပံ့မှုတစ်စိတ် တစ်ပိုင်းကြောင့် ၎င်းဒေရိယာသည် ဆန်စပါးစိုက်ပျိုးရန်နေရာကောင်းတစ်ခုအဖြစ် ရပ်တည်နေသည်။ လက်ရှိအချိန်၎င်းနေရာသည် ကမ္ဘောဒီးယားနိုင်ငံဒေသ အများစုနှင့် ဗီယက်နမ်နိုင်ငံတောင်ပိုင်းတစ်စိတ်တစ်ဒေသဖြစ်နေသည်။ သို့သော် အေဒီပထမရာစုတွင် မဲခေါင်မြစ်အောက်ပိုင်းဒေသတစ်ခု လုံးကို ဖူနန်ဘုရင်နိုင်ငံကအုပ်ချုပ်ခဲ့သည်။ ဖူနန်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော အိုစီအီအိုသည် ထိုင်းပယ်လယ်ကွေ့နှင့်ထိစပ်နေသော မဲခေါင်မြစ်ဝကျွန်းပေါ်တွင် တည်ရှိခဲ့သည်။ထိုမြို့သည် တရုတ်၊ အိန္ဒိယနှင့် ရောမမှလာသောကုန်သည်များ ကုန်သွယ်မှုဗဟိုဖြစ်သည်။ ဖူနန် သည်အင်အားကြီးနိုင်ငံဖြစ်ခဲ့ပြီး အေဒီ ၅၁၄ တွင်ပြည်တွင်း ပဋိပက္ခနှင့် ပြည်ပခြိမ်းခြောက်မှုများကြောင့် ယိုယွင်းခဲ့သည်။

## မွန်နှင့် မလေး

အေဒီ ၅၀၀ ဝန်းကျင်ထိုင်းနိုင်ငံအလယ်ပိုင်းနှင့်တောင်းပိုင်းတို့တွင် ဗာရာဗတီ(Dvaravati) နှင့် ဟာရိပန်ဂျယ (Haripunjaya) အမည်ရှိသော မွန်နှစ်နိုင်ငံပေါ်ပေါက်ခဲ့သည်။ ထိုနိုင်ငံများသည် ပင်လယ်ပိုင်းသို့ဝင်ရောက်နိုင်သည့် အခွင့်လမ်းမရှိသောကြောင့် စိုက်ပျိုးရေး ပေါ်ရပ်တည်သောနိုင်ငံ ဖြစ်နိုင်ဖွယ်ရှိသည်။ မလေးကျွန်းဆွယ်တွင်နိုင်ငံငယ်လေးအမြောက်အများပေါ်ထွက်ခဲ့သည်။ ထိုနိုင်ငံများသည် ခရာကုန်းရိုး (Isthmus of Kra)တစ်လျှောက်နေရာအသီးသီး တည်ရှိခဲ့ကြသည်။ ထိုမလေးနိုင်ငံများသည် မလက္ကာ ရေလက်ကြားထက်ပိုမိုလုံခြုံ လျင်မြန်သော ကုန်သွယ်ရေးလမ်းကြောင်းတစ်ခု ဖွင့်လှစ်ခဲ့ခြင်းဖြင့် ဖြစ်ထွန်းစည်ပင်ခဲ့သည်။

## မြန်မာ

ယနေ့မြန်မာလူမျိုး မူလမျိုးရိုးများသည် ဘီစီ ၅၀၀-၂၀၀ ကြားဝန်းကျင်စတင်ပြီး မြန်မာနိုင်ငံအထက်ပိုင်းတွင် နေထိုင်ခဲ့ကြသည်။ ၎င်း တိဘက်တိုဗားမား လူမျိုးအများစုသည်ယူနန်တောင်ပေါ်နှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်သန်းလာပြီးနောက် ဧရာဝတီမြစ်ဝှမ်းသို့ ရောက်ရှိလာခဲ့ပြီး ဘေးပတ်ဝန်းကျင်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ ထိုမှတဆင့်ဧရာဝတီ မြစ်လမ်းကြောင်းဖြင့် အိန္ဒိယ နှင့်တရုတ် နိုင်ငံကြားကုန်သွယ်မှုများကြောင့် ပျူလူမျိုးဖြစ်ထွန်းစည်ပင်ခဲ့သည်။ပျူလူမျိုးများသည်သထုံရှိ မွန်၊ အိန္ဒိယတို့နှင့် သင့်တင့်မျှတစွာနေထိုင်ပြီး လူမျိုးစုတစ်စုစီကို ဒီမိုကရေစီနည်းကျစည်းဝေးခြင်းဖြင့် အုပ်ချုပ်ခဲ့သည်။ ရှစ်ရာစုနောက်ပိုင်းတွင် ပျူလူမျိုးများသြဇာအာဏာလျော့ပါးခဲ့သည်။ သုံး ရာစုတွင်ရခိုင်လူမျိုးများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့်လက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား ကမ်းရိုးတန်းပေါ်တွင် ဓညဝတီကိုတည်ထောင်ခဲ့သည်။ ၎င်းမြို့သည် အိန္ဒိယနှင့်ကုန်သွယ်မှုပြုလုပ်ရာတွင် အချက်အချာကျသောမြို့ဖြစ်ခဲ့သည်။

ပျူလူမျိုးများသြဇာအာဏာလျော့နည်းသည်နှင့်အမျှ ဗမာလူမျိုးများတန်ခိုးအာဏာကြီးထွားလာသည်။ အေဒီ ၈၃၂တွင် ထိုင်းလူမျိုးမှ ပျူမြို့တော် ကိုတိုက်ခိုက်ပျက်စီးစေပြီးနောက် ဗမာလူမျိုးများသည်မြို့တော်သစ်အဖြစ် ပုဂံမြို့ကိုတည်ဆောက်ခဲ့သည်။ မွန်လူမျိုးများသည်လည်း ထိုအချိန် ဧရာဝတီမြစ်ဝကျွန်းပေါ်အစွန်အဖျားအရှေ့ဘက်ပိုင်းတွင် ပဲခူးမြို့ကိုတည်ထောင်ခဲ့သည်။ အနော်ရထာမင်းဟုအမည်တွင်သော အာဏာအရှိန်အဝါကြီးမားသည့် ဘုရင်တစ်ပါး (အေဒီ ၁၀၄၄-၁၀၇၇)သည် ယနေ့မြန်မာနိုင်ငံဟုဖြစ်ပေါ်လာမည့် နယ်မြေများကို သိမ်းပိုက်အောင်နိုင်ခဲ့သည်။

**ဗီယက်နမ်**

ဗီယက်နမ်လူမျိုးများမူလမျိုးရိုးကို သေသေချာချာမသိရှိရပေ။ ထိုလူမျိုး ဘာသာစကားသည် မွန်ခမာ၊ ထိုင်း၊ မလေးဘာသာစကားတို့ နှင့်ဆင်တူသည်။ ဗီယက်နမ်လူမျိုးများသည် မိမိတို့ကိုယ်ကို ပထမဦးဆုံး တရုတ်ဘုရင်မျိုးနွယ်များအနက်မှ မျိုးနွယ်တစ်စုဖြစ်သည်ဟုဆိုကြသည်။ သမိုင်းပညာရှင်များယုံကြည်ကြသည်မှာ ဗီယက်နမ်လူမျိုးများသည် ဘီစီ(၄)ရာစုတွင် တရုတ်လူမျိုးများကိုရှောင်တိမ်းခဲ့ရာမှ တောင်ဘက်သို့ရွှေ့ ပြောင်းနေထိုင်လာခဲ့သည်။ ဗီယက်နမ်လူမျိုးအချို့သည် ဖူဂျန်ခရိုင်တွင်အခြေချခဲ့ကြပြီးအချို့မှာဆက်လက်၍ ရတ်မြစ်ဝကျွန်းပေါ်အထိအခြေချခဲ့ကြသည်။ ထို့နောက်ထိုဒေသရှိမျိုးမတူသူများနှင့်လက်ထပ်ထိမ်းမြားပြီး ယနေ့ဗီယက်နမ်လူမျိုးများဖြစ်လာသည်။ ဗီယက်နမ်ဟုခေါ်သောဒေသကို ဘီစီ ၁၁၁ တွင် တရုတ်လူမျိုးများကတိုက်ခိုက်အောင်နိုင်ခဲ့သဖြင့် ထိုအချိန်မှစ၍ ယနေ့တိုင် တရုတ် လူမျိုးများအတွေးအခေါ်နှင့် ယဉ်ကျေးမှုလွှမ်းမိုးလျှက်ရှိနေသည်။ အေဒီ ၉၃၉ တွင် တရုတ်လူများကို အောင်မြင်စွာတွန်းလှန်တိုက်ထုတ်နိုင်ခဲ့ကြသည်။

**နန်းဇို**

ထိုင်းလူမျိုးသည် တရုတ်နိုင်ငံမှအရှေ့တောင်အာရှသို့ နောက်ဆုံးဝင်ရောက်လာသော တိုင်းရင်းသားလူမျိုးဖြစ်သည်အခြားလူမျိုးများကဲ့သို့ ၎င်းတို့နောက်ခံသမိုင်းကြောင်းအနည်းငယ်ကိုသာသိရှိရသည်။ ထိုင်းလူမျိုး မူလဇစ်မြစ်မှာ တရုတ်နိုင်ငံရှိ စီချိုင်ခရိုင်ဖြစ်နိုင်ဖွယ်ရှိသည် ဟုဆိုကြသည်။ ၎င်းတို့သည် ကြီးထွားလာသောတရုတ်အင်ပါယာများနှင့် သဟဇာတမဖြစ်သောကြောင့် တောင်ဘက်ပိုင်းရှိ ယူနန်ပြည်နယ်သို့ ရွှေ့ပြောင်းလာခဲ့ကြသည်။ ကိုးရာစုတွင်နန်းဇိုများသည် မြန်မာနှင့်ဗီယက်နမ်များကိုအောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့သည်။ သို့သော် အေဒီ ၁၂၅၃ တွင် ၎င်းတို့ကို မွန်ဂိုးလ်များမှပြန်လည်တိုက်ခိုက်အောင်နိုင်ခဲ့သည်။

ထိုအချိန်မတိုင်မီကတည်းကလည်း ထိုင်းလူမျိုးအချို့သည်ပြည်ပသို့ရွှေ့ပြောင်း နေထိုင်မှုရှိခဲ့သည်။ ရှမ်းဟုခေါ်သောထိုလူမျိုးတစ်စုမှာ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် အခြေချနေထိုင်လာခဲ့သည်။ လာအိုကဲ့သို့သောအခြားအုပ်စုများသည် ခိုရတ်နှင့် မဲခေါင်မြစ်ဝှမ်းအပေါ်ပိုင်းတွင် အခြေချနေထိုင်ခဲ့ကြသည်။

**လန်ဇန်**

ခိုရတ်ကုန်ပြင်မြင့်နှင့် မဲခေါင်မြစ်အပေါ်ပိုင်းဒေသတွင် နေထိုင်သောလာအိုလူမျိုးများသည် ဆယ့်လေးရာစုနှစ်အထိလာအိုအုပ်ချုပ်သူ လက်အောက်တွင်စည်းလုံးညီညွတ်မှုမရှိခဲ့ကြပေ။ ရှေးဟောင်းလာအိုပုံပြင်များတွင်ဖော်ပြထားသည်မှာလူဝွန်ဖရပ်ဘန်ကိုအုပ်ချုပ်သော သူ့သားသည် ကမ္ဘောဒီးယားသို့ပြည်နှင်ဒဏ်ပေးခြင်းခံရပြီးနောက်ဘုရင်နိုင်ငံစတင်ခဲ့သည်။ ပြည်နှင်ဒဏ်ခံရသူသည် ကမ္ဘောဒီးယားတွင် မိန်းမနှင့်သားတစ်ယောက်ရှိသည်။ ပြည်နှင်ဒဏ်ခံရသူ သားအိမ်ရှေ့မင်းသား ဖာညွန်သည်ကမ္ဘောဒီးယားရှိခမာများ စစ်တပ်အကူအညီဖြင့် မဲခေါင်မြစ်အတိုင်း ချီတက်တိုက်ခိုက်ခဲ့သည်။ထို့နောက် လာအိုအလယ်ပိုင်း၊ တောင်ပိုင်းနှင့် လူဝွန်ဖရပ်တန်တို့ကိုအောင်နိုင်ခဲ့ပြီး ၁၃၅၃ ခုနှစ်တွင်ဘုရင်ဖြစ်လာခဲ့သည်။ ထိုဘုရင့်နိုင်ငံသစ်ကို “ဆင်တစ်သန်းမြေ” ဟုခေါ်သော “လန်ဇန်” ဟု အမည်ပေးခဲ့သည်။

**ခမာ**

ပထမဦးဆုံးခမာဘုရင်အုပ်ချုပ်မှုစနစ်နိုင်ငံကို “ချန်လာ” ဟုခေါ်ဆိုခဲ့ကြပြီး ၎င်းစနစ်သည် မခိုင်မာခဲ့ပေ။ ၎င်းနိုင်ငံသည် (၇) ရာစုတွင် ဖြစ်ထွန်းစည်ပင်ခဲ့ပြီး ၇၀၆ ခုနှစ်တွင် မြေချန်လာ(လာအို)နှင့် ရေချန်လာ(ကမ္ဘောဒီးယား)ဟုခေါ်သော နိုင်ငံနှစ်နိုင်ငံအဖြစ်သို့အုပ်စုခွဲခဲ့သည်။ မြေချန်လာသည် အချိန်ကာလအချို့စည်းလုံးညီညွတ်သောနိုင်ငံအဖြစ်ရပ်တည်ခဲ့သော်လည်း ရေချန်လာမှာ မည်သူမျှအုပ်ချုပ်မှုအပေါ် သဘောတူညီမှုမရှိခဲ့သောကြောင့်နိုင်ငံငါးနိုင်ငံအဖြစ်သို့ ခွဲထွက်ခဲ့သည်။ ရှစ်ရာစုအဆုံးတွင် ရေချန်လာနိုင်ငံအားလုံးသည်ဂျာဗားဘုရင်များလက်အောက်ခံနယ်မြေများ ဖြစ်ခဲ့သည်။ ဒုတိယခမာဘုရင့်နိုင်ငံမှာအန်ကောဖြစ်သည်။ မြေချန်လာသည်အန်ကောအုပ်ချုပ်မှုကိုငြိမ်းချမ်းစွာနာခံခဲ့သည်။ အလားတူပင်ခမာဘုရင်စူယာဘာမန်(Suryavarman) လက်အောက်တွင် ထိုင်းနှင့်မလေးရှားရှိနိုင်ငံများသည်လည်း ငြိမ်းချမ်းစွာနာခံခဲ့ကြသည်။ ခမာဘုရင်များ နောက်ထပ်မျိုးဆက်နှစ်ဆက်သည် ထိုဒေသရှိနယ်မြေများကိုဆက်လက်တိုက်ခိုက်သိမ်းပိုက်ပြီး မြန်မာနှင့်ဗီယက်နမ်တို့ကိုလည်း တိုက်ခိုက်ခဲ့သည်။

**မလက္ကာ**

အရှေ့တောင်အာရှတွင် အင်အားကြီးမားခဲ့သော ပထမဦးဆုံးမူဆလင်နိုင်ငံမှာ မလက္ကာဖြစ်သည်။ မလက္ကာကို "ပါရမီစဝါရ"ဟုခေါ် သောဝရမ်းပြေး စူမားတြားအိမ်ရှေ့မင်းသားက သက္ကရာဇ် ၁၄၀၁ ခုနှစ်တွင်တည်ထောင်ခဲ့သည်။ မလက္ကာသည် ကုန်သွယ်မှုအတွက်ထိပ် တန်းအရေးပါသောတည်နေရာဖြစ်ပြီး မလက္ကာရေလက်ကြား ကျဉ်းမြောင်းသောအစွန်တွင်တည်ရှိသည်။ မတူညီသောအချိန်များ စီယမ်နှင့် မဂျပါဟစ် ဘုရင့်နိုင်ငံတို့သည်လည်း ထိုမလေးကျွန်းဆွယ်ကိုထိန်းချုပ်ခဲ့ကြသည်။

| လေ့ကျင့်ခန်း |
|---|
| **အစဉ်လိုက်စီခြင်း** |

အရှေ့တောင်အာရှတွင်နေထိုင်သောလူမျိုးတစ်မျိုး အကြောင်းကိုလေ့လာ၍ အချက်အလက်များကို အောက်ပါအချိန်မျဉ်းလိုင်းပေါ်တွင်ရေးပါ။

၅၀၀ ဘီစီ　　　　　၁ အေဒီ　　　　　၂၀၀၀

အေဒီ ←——————————————→

အခြားသူများပြုလုပ်သော အခြားအချိန်အလျားပြမျဉ်းလိုင်းများကိုလည်း လေ့လာပြီးအရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များကိုနှိုင်းယှဉ်ပါ။

| တိုးချဲ့လေ့ကျင့်ခန်း |
|---|
| **သဘောပေါက်နိုင်မှု** |

ယခင်စာမျက်နှာတွင်ဖော်ပြထားသောနိုင်ငံတစ်နိုင်ငံချင်းအကြောင်းကိုမေးခွန်းတစ်ခုထုတ်ပြီး အခြားအဖွဲ့အားမေးပါ။

| လေ့ကျင့်ခန်း |
|---|
| **အတိုချုံးခြင်း** |

အောက်ပါစာပိုဒ်လေးပိုဒ်ကိုလေ့လာဖတ်ရှုပါ။ မည်သည့်စာပိုဒ်သည်ယခင်စာမျက်နှာတွင်ဖော်ပြ ထားသောအစောဆုံးအင်ပါယာများအကြောင်းအကောင်းဆုံးအကျဉ်းချုပ်ဖြစ်သနည်း။

**က.** ယနေ့အရှေ့တောင်အာရှကို အုပ်ချုပ်နေသောလူမျိုးအများစုသည် တရုတ်နိုင်ငံမှရွှေ့ပြောင်းလာသူများ ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကာလတစ်လျှောက် နယ်မြေသိမ်းပိုက်စိုးမိုးမှုအတွက် လူမျိုးတစ်မျိုးနှင့် အခြား တစ်မျိုးတို့အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ထိုအုပ်စုများသည်အချင်းချင်းထံမှ အရှေ့တောင်အာရှကိုတစ်လှည့်စီ တိုက်ခိုက်သိမ်းပိုက်ပြီး အင်ပါယာ များတည်ထောင်ခဲ့သည်။ အင်ပါယာအများစုသည်တရုတ်၊ အိန္ဒိယတို့နှင့် ကုန်သွယ်မှု ဆက်ဆံရေးရှိသည်။ မတူညီသောအချိန်များ လူမျိုးအုပ်စုအသီးသီးသည်အရှေ့တောင်အာရှကိုကြီးစိုးခဲ့ကြသည်။

**ခ.** ထိုင်းလူမျိုးများသည် တရုတ်နိုင်ငံမှအရှေ့တောင်အာရှသို့နောက်ဆုံးဝင်ရောက်လာသော တိုင်းရင်းသားလူမျိုးစုဖြစ်သည်။ အခြားလူမျိုး များကဲ့သို့ပင်၎င်းတို့အကြောင်းအနည်းငယ်ကို သာသိရသည်။ ထိုင်းလူမျိုးများ မူလဇစ်မြစ်သည် တရုတ်နိုင်ငံရှိ စီချိုင်ခရိုင်ဖြစ်နိုင် ဖွယ်ရှိသည်ဟုဆိုကြသည်။ ထိုင်းလူမျိုးတို့သည်ကြီးထွားလာခဲ့သောတရုတ် အင်ပါယာများနှင့် သဟဇာတမဖြစ်သောကြောင့် တောင်ဘက်ပိုင်းရှိ ယူနန်ပြည်နယ်သို့ရွှေ့ပြောင်းလာကြသည်။ ထို့နောက်ကိုးရာစုနှစ်တွင် နန်းဇိုလူမျိုးများ အင်းအားကြီးမားခဲ့ ပြီးမြန်မာနှင့် ဗီယက်နမ်လူမျိုးကိုအောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။

**ဂ.** လူမှုတိုးတက်မှုသည် ကမ်းရိုးတန်းဒေသများမှ ထိုင်းနှင့်မလေးယကျွန်းအတွင်းပိုင်းသို့ ပြန့်နှံ့သွားခဲ့သည်။ အေဒီ ၅၀၀ ဝန်းကျင်ထိုင်းနိုင်ငံ အလယ်ပိုင်းနှင့် တောင်းပိုင်းတို့တွင် "ဗာရာဗီတ္တီနှင့်" "ဟာရိပန်ဂျယ" ဟုအမည်ရှိသော မွန်နှစ်နိုင်ငံ ပေါ်ပေါက်ခဲ့သည်။ ထိုနိုင်ငံ များသည်ပင်လယ်နှင့်ထိတွေ့မှုအခွင့်အလမ်းမရှိသောကြောင့်စိုက်ပျိုးရေးပေါ် ရပ်တည်သော နိုင်ငံများဖြစ်နိုင်ဖွယ်ရှိသည်။

မလေးကျွန်းဆွယ်တွင်လည်း နိုင်ငံငယ်လေးအမြောက်အများပေါ်ထွက်ခဲ့သည်။ ထိုနိုင်ငံများသည် ခရာကုန်းရိုးတစ်လျှောက် နေရာအသီးသီး တည်ရှိခဲ့သည်။ ထိုမလေးနိုင်ငံများသည် မလက္ကာရေလက်ကြားထက် ပိုမိုလုံခြုံလျင်မြန်သော ကုန်သွယ် ရေးလမ်းကြောင်းပေါ်တွင်တည်ရှိသောကြောင့် ဖြစ်ထွန်းစည်ပင်ခဲ့သည်။

**ဃ.** အနော်ရထာ ဟုခေါ်သော အာဏာကြီးမားခဲ့သည့် ဗမာဘုရင်တစ်ပါးသည် အေဒီ ၁၀၄၄ -၁၀၇၇ ခုနှစ်အထိ ထီးနန်းစိုးစံခဲ့ပြီး ယနေ့ မြန်မာနိုင်ငံဖြစ်သောနယ်မြေအများစုကိုတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ၎င်းမင်းဆက်များ လက်ထက်တွင် ဘုန်းတော်ကြီး များအရေအတွက်တိုးမြင့်ခြင်း၊ ၎င်းတို့ထောက်ခံမှုကိုရရှိရန်နှင့် စေတီပုထိုးအများအပြားတည်ဆောက်ခြင်းတို့တွင် အရင်း အနှီးများစွာအသုံးပြုခဲ့သည်။ ၎င်းကုန်ကျမှုအားလုံးသည် နိုင်ငံတော်အုပ်ချုပ်မှုကိုအားပျော့စေခဲ့သည်။

| လေ့ကျင့်ခန်း |
|---|
| **လွတ်လပ်စွာရေးသားခြင်း** |

အချိန်(၁၅)မိနစ်ယူ၍ အရှေ့တောင်အာရှအင်ပါယာများနှင့် နိုင်ငံတို့အကြောင်းကိုရေးပါ။ ဤမော်ဂျူးထဲမှမကူးယူသရွေ့ သိသင်သမျှကိုမည်သည့်ဘာသာဖြင့်မဆို ရေးသားနိုင်သည်။

## ၂။ (ဂ) အိန္ဒိယနိုင်ငံ နှင့် တရုတ်နိုင်ငံ

| ကြိုတင်လေ့လာခြင်း |
| --- |
| **ခန့်မှန်းခြင်း** |

အရှေ့တောင်အာရှတွင် တရုတ်နှင့် အိန္ဒိယတို့ အကျိုးအမြတ်ပါဝင်မှုအခန်းနှင့် ပတ်သက်၍ နေစဉ်သတင်းများတွင်များစွာတွေ့ရှိနိုင်သည်။ ဤအကျိုးအမြတ်နှင့်ပါဝင်မှုအခန်း ကဏ္ဍများ သည်ရှည်လျားသောသမိုင်းကြောင်း ဖြစ်သည်။

**က.** ထိုနိုင်ငံတို့ဩဇာလွှမ်းမိုးမှုသည် အဘယ်ကြောင့် ကြီးမားရသနည်း။

**ခ.** မည်သည့်နည်းလမ်းများဖြင့် အိန္ဒိယနိုင်ငံသည်အရှေ့တောင်အာရှပေါ်ဩဇာလွှမ်းမိုးမှုရှိသနည်း။ တရုတ်နိုင်ငံသည် လည်းမည်သည့်နည်းလမ်းများဖြင့် ဩဇာလွှမ်းမိုးမှုရှိသနည်း။

**ဂ.** အိန္ဒိယဩဇာလွှမ်းမိုးမှု အများဆုံးခံရသောနိုင်ငံများမှာ မည်သည့်နိုင်ငံများဖြစ်သနည်း။
တရုတ်နိုင်ငံသည်လည်း မည်သည့်နိုင်ငံများကို အများဆုံးဩဇာလွှမ်းမိုးသနည်း။

**ဃ.** ယနေ့ပစ္စုပ္ပန်ကာလကိုစဉ်းစားကြည့်ပါ။ အရှေ့တောင်အာရှဒေသတွင်တရုတ်နှင့်အိန္ဒိယတို့ဩဇာလွှမ်းမိုးမှု ရှိသေးပါသလား။ ထိုဩဇာလွှမ်းမိုးမှုကိုဖော်ပြပါ။

**င.** ဟာရာပန်(Harappan) လူမှုတိုးတက်မှုအကြောင်းကို ကြားဖူးပါသလား။

**အဓိကဝေါဟာရများ**

| | |
| --- | --- |
| ဝါဂွမ်း(နာမ်) | - အဝတ်အစားများပြုလုပ်ရန်အသုံးပြုသောအပင်။ |
| အောင်နိုင်(ကြိယာ) | - တိုက်ခိုက်သိမ်းပိုက်သည်။ |
| မှီတင်းနေထိုင်သူ(နာမ်) | - တစ်နေရာတွင်နေထိုင်သောလူမျိုး သို့မဟုတ် တစ်စုံတစ်ဦး။ |
| အများစု(နာမ်) | - အုပ်စုတစ်စု သို့မဟုတ် နိုင်ငံတစ်နိုင်ငံထဲတွင် ထက်ဝက်ကျော်လူဦးရေ။ |
| ထုတ်ကုန်(နာမ်) | - တစ်စုံတစ်ဦးမှထုတ်လုပ်သောအရာတစ်ခု၊ ရောင်းဝယ်နိုင်သောအရာတစ်ခု။ |
| စည်ပင်ဖြစ်ထွန်း(ကြိယာ) | - အောင်မြင်လာသည်၊ ချမ်းသာကြွယ်ဝလာသည်။ |
| တိုက်ငယ်(နာမ်) | - တိုက်ကြီးတစ်တိုက်အောက် သေးငယ်သောမြေဒုကြီး။ |
| ဂျုံ(နာမ်) | - ပေါင်မုန့်ပြုလုပ်နိုင်သောအစေ့။ |


တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အရှေ့တောင်အာနိုင်ငံအများစုနှင့်ဒေသတစ်ခုလုံးတို့ကိုဖွံ့ဖြိုးတိုးတက်စေ သောအခန်းကဏ္ဍတွင်ရပ်တည်ခဲ့သည်။သို့သော်တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံအချို့ ယဉ်ကျေးမှု၊ ဘာသာရေးနှင့်စီးပွားရေး တို့ပေါ်ဩဇာလွှမ်းမိုးမှုရှိသည်။

အိန္ဒိယကုန်သည်များသည် အရှေ့တောင်အာရှသို့ အေဒီ(၁)ခန့်တွင် စတင်ဝင်ရောက်လာခဲ့သည်။ ထုတ်ကုန်များအပြင် ဘာသာအယူဝါဒ သုံးမျိုးဖြစ်သော ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာနှင့် အစ္စလမ်ဘာသာတို့ကို ယူဆောင်လာခဲ့ကြသည်။ ဗုဒ္ဓဘာသာသည် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင်အဓိကကိုးကွယ်သည့်ဘာသာဖြစ်လာသည်။ အစ္စလမ်ဘာသာသည် ဘရူနိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အဓိကကိုးကွယ်သည့် ဘာသာဖြစ်လာသည်။ ဟိန္ဒူဘာသာကိုးကွယ်သော လူ့အသိုင်းအဝိုင်းငယ်လေးများကို အရှေ့တောင်အာရှနေရာအနှံ့တွင်တွေ့ရှိနိုင်ပြီး အထူးသဖြင့်အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်အများဆုံး တွေ့ရှိနိုင်သည်။

တရုတ်ဩဇာလွှမ်းမိုးမှုသည်လည်း အရှေ့တောင်အာတွင် ပျံ့နှံ့ခဲ့သည်။ တရုတ်လူမျိုးသည် ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အခြေချလာခဲ့ကာကုန်သွယ်မှုပြုလုပ်ခဲ့ကြသည်။ ယနေ့ခေတ် အရှေ့တောင်အာရှဒေသ အစိတ်အပိုင်းအား လုံးတွင် တရုတ်လူမျိုးကို တွေ့ရှိနိုင်သည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဘာသာရေးတို့ပေါ်တွင်အကြီးမားဆုံးဩ ဇာလွှမ်းမိုးမှုရှိသည်။

**လေ့ကျင့်ခန်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**

(က) ရှေ့တောင်အာရှမြေပုံကိုလေ့လာပြီး အထက်ပါစာပိုဒ်များတွင်ဖော်ပြထားသောနိုင်ငံများကိုရှာပါ။ မည်သည့်အရှေ့တောင်အာရှနိုင်ငံများသည်တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နမိတ်ထိစပ်သနည်း။
(ခ) အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှကုန်သည်များနှင့်သာသနာပြုအဖွဲ့များသည်မည်သည့် လမ်းကြောင်းကိုအသုံးပြုခဲ့ကြပြီး မည်သည့်နိုင်ငံများသို့ ဦးစွာပထမသွားရောက်ခဲ့သနည်း။
(ဂ) အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် အခြားမည်သည့်နိုင်ငံများနှင့်နယ်နိမိတ်ထိစပ်သနည်း။





**မြေပုံ (၇) - အာရှတိုက်**

**အိန္ဒိယနိုင်ငံ**

**ကြိုတင်လေ့လာခြင်း**
**တွေးခေါ်ခြင်း**

**မျက်မှောက်ခေတ်ခေတ် အိန္ဒိယနိုင်ငံအကြောင်းကို မည်မျှသိရှိထားသနည်း။**


**မြေပုံ(၈) -ရှေးခေတ်အိန္ဒိယ**




## အိန္ဒိယလူမျိုး လူမှုတိုးတက်မှု မူလဇာစ်မြစ်

ထွန်ယက်စိုက်ပျိုးခြင်းသည် ဘီစီ ၄၀၀၀ ခန့် အိန္ဒိယတိုက်ငယ်တွင် စတင်ခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးပြုလုပ်ရာမှအခြေချသောနေရာများသည် မြို့နှင့်ရွာများကို တဖြည်းဖြည်းတိုးတက် ပြောင်းလဲခဲ့သည်။

ဘီစီ ၂၅၀၀ ခန့်ပထမဆုံးကျူးကျော်သူများသည် မြောက်ပိုင်းရှိတောင်တန်းများကိုဖြတ်၍ ၄င်းတိုက်ငယ်ထဲသို့ဝင်ရောက်လာပြီး ဒေသခံမြို့ နှင့်ရွာများကိုလွယ်ကူစွာအောင်နိုင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့တွင်ကြေးဖြင့်ပြုလုပ်သောလက်နက်ကိရိယာများရှိပြီး ဒေသခံများတွင်ကျောက်ဖြင့်ပြုလုပ်သောကိရိယာများသာရှိသည်။ကျူးကျော်သူများသည် ၄င်းမြို့များထဲတွင် ဒေသခံများနှင့်အတူတကွအခြေချနေထိုင်ကြပြီးဒေသခံများနှင့်လက်ထပ်ထိမ်းမြားကြကာ ဒေသခံဘာသာစကားကိုပြောဆိုကြသည်။ ထို့နောက်ဘီစီ ၂၄၀၀ ပထမဆုံးလူမှုတိုးတက်မှုဖြစ်သော ဟာရာပန် "လူမှုတိုးတက်မှု" စနစ်ဖြစ်ထွန်းစည်ပင်ခဲ့သည်။




မိုဟာဂျိုဒါရိုမြို့တည်ဆောက်ပုံ

က. စိုက်ပျိုးရေးသည်မြို့ပြများကို မည်သို့ဖွံ့ဖြိုးတိုးတက်စေခဲ့သနည်း။
ခ. ကြေးဖြင့်ပြုလုပ်သောလက်နက်များသည် ကျောက်ဖြင့်ပြုလုပ်သောလက်နက်ထက် အဘယ့်ကြောင့်ပိုမိုကောင်းမွန်သနည်း။

## နေထိုင်မှုပုံစံ

ယခုလက်ရှိ ပါကစ္စတန်တွင်ဟာရာပန်နှင့်မိုဟာဂျိုဒါရို ဟုခေါ်သောမြို့နှစ်မြို့ရှိခဲ့သည်။ ထိုမြို့တစ်မြို့စီသည် တစ်စတုရန်းကီလိုမီတာခန့်ကျယ်ပြီးလူဦးရေ ၃၅၀၀ ခန့်စီရှိသည်။ မြို့တွင်းအဆောက်အအုံများကို မီးဖုတ်ထားသောအုတ်များဖြင့် ကောင်းမွန်စွာစနစ်တကျတည်ဆောက်ခဲ့သည်။ မြို့တွင်းလမ်းများသည်အရွယ်အစားတူညီပြီး အတော်အသင့်ရှုပ်ထွေးသော ရေနုတ်မြောင်းစနစ်လည်းရှိသည်၊

ဟာရာပန်လူမျိုးများသည်လယ်သမားနှင့်ကုန်သည်များဖြစ်ပြီးကုန်ချင်းဖလှယ်နိုင်ရန်အတွက် ကြက်နှင့်ဂျုံပင် မွေးမြူစိုက်ပျိုးကြသည်။ ၎င်းတို့သည် ပထဦးဆုံးဝါဂွမ်းစိုက်ပျိုးသောလူမျိုးလည်းဖြစ်သည်။ ထို့အပြင်အီဂျစ်ကဲ့သို့သော ရှေးခေတ်လူမှု တိုးတက်မှုဒေသများနှင့်ကုန်သွယ်ကြပြီး အီဂျစ်လူမျိုးအရုပ်စာနှင့် ဆင်တူသောစာရေးသားနည်းကိုလည်းအသုံးပြုကြသည်။

| လေ့ကျင့်ခန်း |
|---|
| အထောက်အထားရှာခြင်း။ ကောက်ချက်ချခြင်း |

သမိုင်းပညာရှင်များသည် လွန်ခဲ့သောအချိန်ဟာရာပန်တွင်တည်ဆောက်ခဲ့သော အိမ်အမျိုးအစားကိုမည်သို့သိရှိသနည်း။ မည်သည့်အထောက်အထားများရှာတွေ့နိုင်ခဲ့ဖွယ်ရှိသနည်း။
ပေးထားသောမိုဟာဂျိုဒါရိုမြို့မြေပုံကိုလေ့လာပါ။
သမိုင်းပညာရှင်များသည်သိုလှောင်ရုံ(စပါးကျီ) တည်နေရာကိုမည်သို့တွေ့ရှိသနည်း။

| လေ့ကျင့်ခန်း |
|---|
| ကောက်ချက်ချခြင်း |

မိုဟာဂျိုဒါရိုမြို့ကို ထိုအချိန်ကာလတွင်တည်ရှိခဲ့သောအခြားအခြေချနေရာများနှင့်နှိုင်းယှဉ်ပြပါ။

| ကြိုတင်လေ့လာခြင်း |
|---|
| ကောက်ချက်ချခြင်း ခန့်မှန်းခြင်း |

မည်သည့်လူမှုတိုးတက်မှုစနစ်များ ယုတ်လျော့သွားသနည်း။
မည်သည့်အကြောင်းကြောင့် ယုတ်လျော့သွားသနည်း။

| | |
|---|---|
| | အဓိကဝေါဟာရများ |
| နှင့်အတူ(ကြိယာဝိသေသန) | - ယှဉ်လျက်၊ အနီးတွင်။ |
| ကျွဲနွားတိရစ္ဆာန်(နာမ်) | - စားသုံးရန်အတွက် မွေးမြူသောနွား၊ သို့မဟုတ် ကျွဲ |
| တိုက်စားမှု(နာမ်) | - သစ်တောပြုန်းတီးမှုကြောင့် လေနှင့်ရေတို့မှတဖြည်းဖြည်း မြေများကိုပျက်စီးစေခြင်း။ |
| မြက်ခင်းစိမ်း(နာမ်) | - တိရစ္ဆာန်များ မြက်စားသုံးသောနေရာ။ |
| ရုပ်ကြွင်း(နာမ်) | - တစ်စုံတစ်ဦးပျက်ဆီးသွားသောအခါ ကျန်ရှိခဲ့သောအရာ။ |
| ပြင်းထန်(နာမဝိသေသန) | - အလွန်သန်မာသော၊ ဆိုးရွားသော။ |

## ဟာရာပန်လူမှုတိုးတက်မှုနိဂုံးနှင့် အာရာလူမျိုး

ဟာရာပန်လူမျိုးသည် ဘီစီ ၂၄၀၀ ခန့်တွင် အစောဆုံးအင်ဒတ်စ်မြို့များကိုတည်ထောင်ခဲ့သည်။ ရှေးဟောင်းသုတေသန ပညာရှင်များသည် ဟာရာပန်မြို့နှင့် မဟာဂျိုဒါရိုမြို့အပါအဝင် မြို့ပေါင်း၆၀ ရုပ်ကြွင်းများကိုရှာဖွေတွေ့ ရှိခဲ့ကြသည်။

ဘီစီ ၁၅၀၀ခန့်တွင် အင်ဒတ်စ်လူမှုတိုးတက်မှုယုတ်လျော့ခဲ့သည်။ သမိုင်းပညာရှင်အချို့ယုံကြည်ကြသည်မှာ ပြင်းထန်သော ရေလွှမ်းမိုးမှုကြောင့် ယုတ်လျော့ကျဆင်းခဲ့ပြီး နောက်ဆုံးပျက်စီးခဲ့ရခြင်းဖြစ်သည်။ ရေလွှမ်းမိုးမှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ ဖွယ်ရှိပြီး အသက်ရှင်ကျန်ရစ်သူများသည် အင်ဒတ်စ်မြေပြင်မှ ထွက်ခွာခဲ့ဖွယ်ရှိသည်။ လောင်စာဆီအတွက် ဘေးပတ်ဝန်းကျင်ရှိတောင် များခုတ်ထွင်ရှင်းလင်းမှုကြောင့်မြေတိုက်စားခြင်းခံရပြီး ရေလွှမ်းမိုးမှုဖြစ်လာသည် ဟုဆိုသည်။

မဟာဂျိုဒါရိုကဲ့သို့မြို့များကိုစွန့်ခွာရခြင်း အကြောင်းရင်းတစ်ခုမှာ စစ်ပွဲများဖြစ်သည်ဟု အချို့ကယုံကြည်ကြသည်။ ဘီစီ ၁၅၀၀ ခန့်တွင် လက်ရှိအီရန်နိုင်ငံနှင့်နီးသော ဒေသများဖြစ်သည့် အာရှတိုက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ အဲရီရန်လူမျိုးများက ထိုမြို့များကိုဝင်ရောက်တိုက်ခိုက်ခဲ့သည် ဟုယူဆကြသည်။ ထိုလူမျိုးများသည်သိုး၊ ကျွဲ၊ နွားနှင့်ဆိတ်များမွေးမြူ၍ မြက်ခင်းစိမ်းများ လိုက်လံရှာဖွေကြသည်ဟုယူဆသည်။

အင်ဒတ်စ်မြစ်ရေစီးဆင်းမှု လမ်းကြောင်းပြောင်းလဲခဲ့ဖွယ်ရှိခြင်းသည်လည်း ရှေးဟောင်းမြို့များကို စွန့်ခွာရသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။ မြေငလျင်လှုပ်ရှားမှုများကြောင့် ရေစီးလမ်းကြောင်းပြောင်းလဲခဲ့ဖွယ်ရှိသည်ဟုဆိုကြသည်။

**လေ့ကျင့်ခန်း**
**နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း**

က. ဟာရာပန်လူမျိုးများသည် အာရာလူမျိုးများနှင့်မည်သို့ခြားနားသနည်း။
ခ. ဟာရာပန်မြို့နှင့် မဟာဂျိုဒါရိုမြို့များပျောက်ကွယ်သွားခြင်း အဓိကအကြောင်းအရင်းသုံးခုကို အကျဉ်းချုပ်ရေးပါ။

ဟာရာပန်လူမျိုးအချို့သည်အာရာတို့နှင့် အတူနေထိုင်ခဲ့ကြပြီး ဆန်ခရစ်ဟုခေါ်သော အာရာတို့ဘာသာစကားကို ပြောဆိုကြသည်။ အခြားဟာရာပန်လူမျိုးအချို့သည် အိန္ဒိယတိုက်ငယ် တောင်ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ယနေ့ခေတ်တွင် အိန္ဒိယနိုင်ငံရှိ မြောက်ပိုင်းဘာသာစကားများကို အာရာဘာသာ စကားဟုခေါ်ဆိုပြီး တောင်ပိုင်းဘာသာစကားများကိုဒရပ်ဝိဒီယမ် ဟုခေါ်ဆိုကြသည်။ တောင်ပိုင်းလူမျိုးသည် ဒရပ်ဝိဒီရမ်လူမျိုး အုပ်စုခွဲ တစ်စုသို့မဟုတ် ဘာသာစကားကွဲသော အာရာလူမျိုး တစ်စုဖြစ်နိုင်ချေရှိသည့်အချက်နှင့် ပတ်သက်၍ ပညာရှင်များ ကြားတွင်အငြင်းပွားမှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။



အဓိကဝေါဟာရများ

| | |
|---|---|
| အရှက်ရစေသော(နာမဝိသေသန) | - အကျိုးနည်းစေသော၊ အောက်တန်းကျအောင်ခံစားစေသော။ |
| အလျော့အတင်းမလုပ်နိုင်(နာမဝိသေသန) | - ပြောင်းလွယ် ပြင်လွယ်နိုင်သော ဆန့်ကျင်ဘက်။ ပြောင်းလဲမှုရသော။ |
| အပယ်ခံ(နာမ်) | - လူမှုအသိုင်းအဝိုင်းမှပစ်ပယ်ထားသော သို့မဟုတ် အုပ်စုတစ်စုမှမောင်းထုတ်ခံရသောတစ်ဦးတစ်ယောက်။ |
| အနိမ့်ဆုံးဇာတ်(နာမဝိသေသန၊ နာမ်) | - ထိမိရန်မသင့်သော၊ အဆင့်အတန်းနိမ့်သူ။ |

**ကြိုတင်လေ့လာခြင်း**

လူတန်းစားဆိုသည်မှာအဘယ်နည်း။
လူတန်းစားစနစ်များနှင့်ပတ်သက်၍ မည်သည့်အရာများ သိရှိထားသနည်း။
သီးသန့်လူတန်းစားစနစ် (Caste system)ကို ကြားဖူးပါသလား။

## ဟိန္ဒူဘာသာနှင့် သီးသန့်လူတန်းစားစနစ်

ဟိန္ဒူဘာသာသည် လွန်ခဲ့သောနှစ်ပေါင်းများစွာအချိန့်တစ်ဆင့်ပြီးတစ်ဆင့်ဖွံ့ဖြိုးပေါ်ပေါက်လာခဲ့သည်။ ဟိန္ဒူဘာသာ ရှေးခေတ်ကာလဖြစ်သောရစ်ဗီဒစ် (Rig Vedic) ကာလတွင် ဇာတ်နိမ့်ဇာတ်မြင့်များပေါ်ပေါက်လာခဲ့သည်။ အစောပိုင်းကာလတွင် ဆွေကြီးမျိုးကြီးနှင့် အရပ်သူ အရပ်သားဟူ၍လူတန်းစားနှစ်မျိုးသာရှိခဲ့သည်။ ထို့နောက် ဒစတ် (Dasas) သို့မဟုတ် ဒတ်ခ်(Darks)ဟု ခေါ်သော တတိယလူတန်းစားတစ်မျိုး ထပ်မံပေါ်ပေါက်လာသည်။ ၎င်းလူတန်းစားသည်ဟိန္ဒူလူမျိုးကိုရှုံးနိမ့်ခဲ့သည့် အသားအရောင်မဲသောလူမျိုးဖြစ်သည်။

ရစ်ဗီဒစ်ကာလအဆုံးပိုင်းတွင်လူတန်းစားစနစ်သည် "ဗာနတ်" ခေါ်တင်းကြပ်သော ဇာတ်လေးမျိုးအဖြစ်သို့ ပြောင်းလဲခဲ့သည်။ အမြင့်ဆုံးဇာတ်တွင် ဘာသာရေးဆရာများ သို့မဟုတ်ပြမ္မာများရှိသည်။ ဒုတိယအမြင့်ဆုံးဇာတ်တွင် မင်းမျိုးမင်းနွယ် သို့မဟုတ် ဆွေးကြီးမျိုးကြီး (Kashtriya)ရှိပြီး တတိယဇာတ်တွင် လက်မှုပညာသည်များနှင့် ကုန်သည်များ (Vaishya) ရှိသည်။ နောက်ဆုံးအနိမ့်ဆုံးဇာတ်မှာ လူမှုအသိုင်းအဝိုင်း လူဦးရေအများဆုံးဖြစ်သည့် ကျွန်(Shudra)များဖြစ်သည်။ ထိုလူတန်းစားများသည် နောက်ပိုင်းတွင်များစွာသောလူတန်းစားအသေးစားအဖြစ်သို့ ထပ်ဆင့်ကွဲခဲ့သည်။

အထက်ပါဇာတ်လေးမျိုးစလုံးတို့ ထိတွေ့ရန်ပင်မသင့်။ ထိတွေ့ခွင့်မရှိသောအပယ်ခံလူတန်းစားလည်းရှိသည်။ ထိုလူတန်းစားသည် အညစ်ကြေးသန့်ရှင်းရေးစသည့် အဆင့်နိမ့်သောအလုပ်အကိုင်များကိုသာလုပ်ကိုင်ရသည်။ ပထမဇာတ်သုံးမျိုးတွင် လူမှုရေးနှင့် စီးပွားရေးလုပ်ပိုင်ခွင့်များရှိပြီး စူတျာနှင့် အပယ်ခံတို့တွင်ထိုအခွင့်အရေးမျိုးမရှိပါ။

ရစ်ဗီဒစ်ခေတ်အဆုံးပိုင်းတွင်လူတန်းစားစနစ်သည်ဟိန္ဒူဘာသာရေးဆိုင်ရာ ယုံကြည်မှုများအပေါ်အခြေခံထားသောကြောင့်အလျော့အတင်းမလုပ်နိုင်သော အခြေအနေသို့ရောက်ရှိခဲ့သည်။ ၎င်းလူတန်းစားများ ယုံကြည်မှုများမှာ နတ်ဘုရားပြမ္မာများသည် ပြမ္မာများကိုပါးစပ်ဖြင့်သော်လည်ကောင်း၊ မင်းမျိုးမင်းနွယ်ကို လက်ဖြင့်သော်လည်းကောင်း၊ လက်မှုပညာသည် နှင့်ကုန်သည်များ (Vaishya) ကိုပေါင်ဖြင့်သော်လည်း၊ ကျွန်(Shudra) များကိုခြေဖြင့်လည်းကောင်း အသီးသီးဖန်ဆင်းခဲ့သည်။ သို့သော် အရှေ့တောင်အာရှရှိ လူတန်းစားများသည်အချိန်ကာလကြာရှည်စွာ ပြောင်းလွယ်ပြင်လွယ်နိုင်သောအခြေအနေတွင်တည်ရှိခဲ့သည်။

| လေ့ကျင့်ခန်း |
|---|
| ထပ်မံဖော်ပြခြင်း |

သီးသန့်လူတန်းစားစနစ်(ဇာတ်နိမ့်ဇာတ်မြင့်)ကို သင့်ကိုင်ပိုင်စကားဖြင့် ရှင်းလင်းဖော်ပြပါ။
သီးသန့်လူတန်းစားများကြား ဆက်သွယ်ချက်ကိုဖော်ပြသောပုံတစ်ပုံဆွဲပါ။

**ဆွေးနွေးခန်း**

သီးသန့်လူတန်းစားစနစ် တည်ရှိသေးပါသလား။ တည်ရှိနေသော်လူသားများနေထိုင်မှုဘဝပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။
ကမ္ဘာပေါ်တွင် ထိုစနစ်နှင့်ဆင်တူသောလူတန်းစားစနစ်တည်ရှိပါသလား။

| လေ့ကျင့်ခန်း |
|---|
| ဇယားကွက်သုံးခြင်း အချက်အလက်အသုံးချခြင်း |

အထက်ပါအကြောင်းအရာများဖြင့် အောက်ပါဇယားကွက်ကို ဖြည့်ပါ။

| ဤချိန်ကာလ | ရစ်ဗီဒစ်ခေတ်အစောပိုင်း | နောက်ပိုင်း | ရစ်ဗီဒစ်ခေတ်အဆုံးပိုင်း |
|---|---|---|---|
| ဇာတ်များနှင့် လူတန်းစား | ဆွေးကြီးမျိုးကြီး | | |
| အပြောင်းအလဲ | | | လုံးဝမပြောင်းလဲနိုင်သော |

**တရုတ်နိုင်ငံ**

**အဓိကဝေါဟာရများ**

မျိုးနွယ်စုအ=ကီးအကဲ(နာမ်) - လူမျိုးစုတစ်စု သို့မဟုတ် လူမျိုးနွယ်စုတစ်. ခေါင်းဆောင်
မင်းဆက်(နာမ်) - မျိုးရိုးအမွေဆက်ခံသောအုပ်ချုပ်သူအဆက်ဆက်
ကောက်နှံ(နာမ်) - အစေ့တစ်မျိုး
အင်္ဂတေ(နာမ်) - ထုံး(ကယ်စီယမ်အောက်ဆိုဒ်)။ သဲနှင့် ရေတို့ဖြင့် ရောစပ်သောအရာ
အိုးလုပ်သမားသုံးသောဘီး(နာမ်) - အိုးပြုလုပ်ရန်အတွက် အသုံးပြုသည့်
ထိပ်ဝိုင်းသောစက်ကိရိယာတစ်မျိုး
ဖော်ထုတ်သည်(=ကြိယာ) - တွေ့ရှိသည်၊

ယန်ရှအို(Yangshao)ဟုခေါ်သောလူမျိုးတစ်စုသည် မြစ်ဝါမြစ်အနီးတွင် အခြေချနေထိုင်လာကြရာမှ ဘီစီ ၁၀၀၀၀ ဝန်းကျင်တွင်တရုတ်လူမျိုးများတွင် လူမှုတိုးတက်မှု၊ လူနေမှုစနစ်တိုးတက်မှု စတင်ခဲ့သည်။ ရှေးဟောင်းသုတေသနပညာရှင်များသည် တရုတ်နိုင်ငံမြောက်ပိုင်းတွင် ရန်ရှအိုရွာအများအပြားကိုရှာဖွေတွေ့ရှိခဲ့သည်။ ထိုရွာများအနက် ရွာတစ်ရွာတွင်မြေအောက်နှင့် တစ်စိတ်တစ်ပိုင်းဆက်စပ်ဆောက်လုပ်ထားသော လယ်တဲတစ်လုံး ရုပ်ကြွင်းများကိုတွေ့ရှိခဲ့ကြသည်။ ထိုလယ်တဲကို အင်္ဂတေကြမ်းပြင်နှင့် သစ်သားတိုင်ဒေါက်ပါသော ခေါင်မိုးတို့ဖြင့်ဆောက်လုပ်ထားသည်။

ဘီစီ၅၀၀၀ခန့် တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးပြုလုပ်သော လူ့အသိုင်းအဝိုင်းများစွာရှိသည်။ ၄င်းတို့မှာ မြစ်ဝါမြစ်(Yellow River) နှင့်ယှဉ်လျှက်တည်ရှိသောဝေ(Wei)vမြစ်ဝှမ်းမှစ၍အရှေ့ဘက်ပိုင်းအထိ တည်ရှိခဲ့သောရွာများဖြစ်သည်။ ဝေမြစ်သည် ခူလန်တောင်တန်းများကြားမှ စီးဆင်းလာပြီးမြောက်ဘက်ပိုင်းတရုတ်မြေပြန့်မြေဆီကြွယ်ဝသောနေရာများနှင့် တောအုပ်များထဲသို့စီးဝင်သည်။

ဘီစီ ၃၀၀၀ခန့်တွင်လည်းလွန်ရှမ်း(Lungshan)ဟုခေါ်သောစိုက်ပျိုးရေး လုပ်စားသည့်အုပ်စုတစ်စုပေါ်ထွက်ခဲ့သည်။ လွန်ရှမ်းလူမျိုးများသည်ပိုးမွေးမြူ၍ ပိုးသားဖြင့်ကောင်းမွန်သော အထည်များရက်လုပ်နိုင်ကြသည်။ အိမ်ဆောက်လုပ်ရန်အတွက် ဘီးတစ်မျိုးကိုအသုံးပြု၍ဖိများပေါ်တွင် ခိုင်ခံသောအုတ်များဖုတ်ကြသည်။ ဆန်စပါးနှင့်ကောက်နှံပင်များကိုလည်း စိုက်ပျိုးသည်။ ရေလွှမ်းမိုးမှုထိန်းချုပ်ခြင်းနှင့် ဆည်မြောင်းစီမံကိန်းတို့ကိုဖော်ဆောင်နိုင်ခဲ့ကြသည်။ ၄င်းတို့သည် အင်ဂျင်နီယာအတတ်ပညာများကိုကောင်းမွန်စွာကျွမ်းကျင်ကြသည်။


**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**

က. တရုတ်လူမျိုးများ အစောဆုံးလူမှုတိုးတက်မှုကို မည်သို့ရှာဖွေတွေ့ရှိသနည်း။
ခ. ဟာရာပန်နှင့် လွန်ရှမ်းလူမျိုးလူမှုတိုးတက်မှုတို့ ကြားတွင်မည်သည့်ဆင်တူချက်များရှိသနည်း။

ဘီစီ ၂၂၀၀ ဝန်းကျင်ခန့်တွင် ပထမဆုံးတရုတ်မင်းဆက်သည် မြောက်ပိုင်းတရုတ်မြေပြန့်များကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ၎င်းစစ်သည်မင်းဆက်များသည် ရှယားမျိုးနွယ်ဝင်များဖြစ်ပြီး ၎င်းတို့ယဉ်ကျေးမှုခေတ်တွင် တရုတ်နိုင်ငံပထမဦးဆုံး စာရေးနည်း စနစ်ပေါ်ပေါက်နိုင်ခဲ့ဖွယ်ရှိသည်ဟု ဆိုကြသည်။ သို့သော် ဤမင်းဆက်အကြောင်းရေးသားမှတ်တမ်းတင်ချက်များ၊ စစ်မှန်သောမှတ်တမ်းများမရှိပေ။

**မြေပုံ(၁၀)တရုတ်လူမျိုးလူမှုတိုးတက်ပြောင်းလဲပုံအဆင့်ဆင့်မူလဇစ်မြစ်**




သမိုင်းအထောက်အထားရှိ သောပထမဆုံး မင်းဆက်မှာ ရှန်မင်းဆက်ဖြစ်သည်။ဘီစီ ၁၇၅၀ တွင်ရှန်လူမျိုးအုပ်ချုပ်မှုစတင် ခဲ့သည်။ ရှန်မျိုးနွယ် စုသည်ဝေမြစ်ဝှမ်းမှရွှေ့ပြောင်း လာကာ တိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် မြောက်ပိုင်း တရုတ် မြေပြန့်များတွင်နေထိုင်သော လူမျိုးများ ကိုပေါင်းစည်းစေကာ အင်ပါယာတစ်ခု တည်ထောင်ခဲ့သည်။

နောက်ဆုံးရှန်အုပ်ချုပ်သူကို “ ဇို ” (Zhou)ခေါ် နယ်ခြားလူမျိုးစုခေါင်းဆောင်မှအောင်နိုင်ခဲ့သည်။ ဇိုလူမျိုးသည် ယနေ့လက်ရှိ တရုတ်နိုင်ငံနယ်မြေများကို သိမ်းပိုက်အုပ်ချုပ်ခဲ့ပြီး ဇိုလူမျိုးယဉ်ကျေးမှုများကိုပျံ့နှံ့စေခဲ့သည်။
နောက်မင်းဆက်ဖြစ်သော“ဂျင်”(Qin) လူမျိုးလက်အောက်တွင် ယနေ့လက်ရှိတရုတ်နိုင်ငံကိုပေါင်းစည်းခဲ့သည်။ သို့သော် လက်ရှိ တရုတ်ယဉ်ကျေးမှု အများစုသည်နောက်ထပ်“ဟန်” (Han)မင်းဆက်မှ သက်ဆင်းလာခြင်းဖြစ်ပါသည်။ လက်ရှိတရုတ်နိုင်ငံတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးအများစုသည် မိမိတို့ကိုယ်ကို ဟန်လူမျိုးအဖြစ်သတ် မှတ်ကြသည်။

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**
**အချက်အလက်များ**
မည် **အသုံးချခြင်း**

က. ဤသင်ခန်းစာတွင် မည်သည့်တရုတ်မင်းဆက်များအကြောင်းကိုသိရှိရသနည်း။
ခ. “ရှယား” (Xia)ဟုခေါ်သောတရုတ်လူမျိုး အစောဆုံး မင်းဆက်ကိုတည်ထောင်သည့်အချိန် အိန္ဒိယနိုင်ငံတွင် သည့်အရာများဖြစ်ပျက်နေခဲ့သနည်း။



**လေ့ကျင့်ခန်း**

**မြေပုံသုံးလုပ်ဆောင်ခြင်း**

မြေပုံ(၁၀)တွင် တရုတ်လူမျိုးလူမှု တိုးတက်မှုမူလဇစ်မြစ်များကို ရှာပါ။

**ဆွေးနွေးခန်း**

**နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း**

ရှေးခေတ်အိန္ဒိယနှင့် တရုတ်လူမျိုးတို့ လူမှုတိုးတက်မှုတို့ကိုနှိုင်းယှဉ်ပါ။
(က) မည်သည့်ခြားနားချက်များတွေ့ရသနည်း။
(ခ) မည်သည့်တူညီချက်များတွေ့ရသနည်း။
(ဂ) မည်သည့်နိုင်ငံကပို၍ တိုးတက်သနည်း။ အဘယ်ကြောင့်နည်း။
(ဃ) ထိုနှစ်နိုင်ငံအနက်မည်သည့်နိုင်ငံတွင်သင်နေထိုင်ချင်သနည်း။ အဘယ်ကြောင့်နည်း။
(င) ရှေးခေတ်အိန္ဒိယနှင့် တရုတ်လူမျိုးတို့ ဖွံ့ဖြိုးတိုးတက်မှုနှင့်နည်းပညာကို နှိုင်းယှဉ်ပါ။

## ၂(ဃ) ဘာသာအယူဝါဒသစ်များ

**ပြန်လည်ဆန်းစစ်ခြင်း**

အေဒီ(၁)ဝန်းကျင်တွင် အိန္ဒိယကုန်သည်များသည် အရှေ့တောင်အာရှသို့ရောက်ရှိလာသည်။ ၎င်းတို့နှင့်အတူ မည်သည့်အရာနှစ်ခုကို သယ်ဆောင်လာသနည်း။၎င်းအရာနှစ်ခုကိုမှတ်မိပါသလား။

ခရစ်နှစ်(အေဒီ ၁ နောက်ပိုင်း)စဦးပိုင်းတွင် အရှေ့တောင်အာရှသို့ ဘာသာအယူဝါဒသစ်များ စတင်ပြန့်နှံ့လာခဲ့သည်။ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ တို့သည်အစောဆုံးပျံ့နှံ့ခဲ့ပြီး နောက်ပိုင်းတွင် အစ္စလမ်နှင့် ခရစ်ယာန်ဘာသာတို့လည်းပျံ့နှံ့ခဲ့သည်။ ယနေ့အချိန်တွင် အရှေ့တောင်အာရှတွင်နေထိုင်သော လူမျိုးအများစုသည် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ မူစလင်နှင့်ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ သို့သော်လည်း ဝိဉာဉ်ကိုးကွယ်မှုသည် ဆက်လက်ရှင်သန်ဆဲဖြစ်သည်။

**ဆွေးနွေးခန်း**
**ကောက်ချက်ချခြင်း**

အရှေ့တောင်အာရှတွင်နေထိုင်သောလူမျိုးများသည်အဘယ်ကြောင့်ဘာသာသစ်များသို့ကူးပြောင်းသွားကြသနည်း။

**ကြိုတင်လေ့လာခြင်း**
**ခန့်မှန်းခြင်း**

အုပ်စုဖွဲ့ပြီးလျှင်အောက်ပါဇယားကွက်ကို တတ်နိုင်သမျှဖြည့်ပါ။ ထို့နောက်နောက်စာမျက်နှာတွင် ပေးထားသောဘာသာအယူဝါဒများ အကြောင်းကိုလေ့လာပြီး အဖြေများကိုစစ်ဆေးကြည့်ပါ။

| ကိုးကွယ်သည့်ဘာသာ | စတင်သည့်အချိန် | စတင်သည့်နေရာ | အဓိကယုံကြည်ချက်များ | ကိုးကွယ်သူအများစုနေထိုင်သည့်နေရာ |
|---|---|---|---|---|
| ဝိဉာဉ်ကိုးကွယ်မှု | | | | |
| ဟိန္ဒူ | | | | |
| ဗုဒ္ဓ | | | | |
| အစ္စလာမ် | | | | |
| ခရစ်ယာန် | | | | |

**အဓိကဝေါဟာရများ**

| | |
|---|---|
| ကြိုးပမ်းရရှိ(ကြိယာ) | - အားထုတ်မှုဖြင့်ရရှိသည်သို့မဟုတ်အောင်နိုင်သည်။ |
| ဂိုဏ်းခွဲ(နာမ်) | - အမည်။ တည်ဆောက်ပုံနှင့်ယုံကြည်မှုရှိသောဘာသာ တစ်ခုအတွင်းအုပ်စုငယ်များ။ |
| အာဏာအလင်းရ(နာမဝိသေသန) | - မှားယွင်းသောယုံကြည်မှုမှလွတ်မြောက်သော။ သဘာဝတရားစစ်မှန်သော လမ်းစဉ်ကိုနားလည်သဘောပေါက်သော။ |
| ကယ်တင်(ကြိယာ) | - ကယ်သည်၊ပေးဆပ်သည်။ |
| ဝင်စားခြင်း(နာမ်) | - ခန္ဓာကိုယ်အသစ်ဖြင့်ပြည်လည်မွေးဖွားခြင်း။ |
| ဖွင့်ဟ(ကြိယာ) | - ရှုပ်ထွေးမှုမှရှင်းလင်းသည်။ လျှို့ဝှက်မှုမှတစ်စုံတစ်ခုကိုထုတ်ဖော်ပြသသည်။ |
| စူလတန်စော်ဘွားနယ်ပယ်(နာမ်) | - စော်ဘွားဘုရင်အုပ်ချုပ်သောနိုင်ငံ။ |

## ဟိန္ဒူဘာသာ

### ဟိန္ဒူဘာသာမူလဇာစ်မြစ်



ဟိန္ဒူဘာသာသည်အိန္ဒိယနိုင်ငံ အဓိကကိုးကွယ်သည့်ဘာသာဖြစ်ပြီး သက်တမ်းမှာအနည်းဆုံးနှစ်ပေါင်း ၃၀၀၀ခန့်ရှိပြီးဖြစ်သည်။ ဟိန္ဒူဘာသာသည်အိန္ဒိယနိုင်ငံသို့ အဲရီယန်လူမျိုးများယူဆောင်လာသော ရိုးရာယုံကြည်မှုများနှင့် ဒဏ္ဍာရီတို့မှစတင်ခဲ့ပြီးယဉ်ကျေးမှုခြားနားသော အိန္ဒိယလူမျိုးစုများ ရောနှောယုံကြည်မှုများမှလည်း ရာစုနှစ်များစွာတဖြည်းဖြည်းဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။ ဟိန္ဒူလူမျိုးများသည် နတ်ဘုရားအမျိုးမျိုးကိုပူဇော်ပသကြပြီး ပြန်လည်ဝင်စားခြင်းကိုယုံကြည်ကြသည်။

### အရှေ့တောင်အာရှတွင် ဟိန္ဒူဘာသာပျံ့နှံ့မှု

ဟိန္ဒူဘာသာသည် ပြင်ပဒေသမှအရှေ့တောင်အာရှသို့ ပထမဦးဆုံးပျံ့နှံ့ခဲ့သည်။ အေဒီ ၂ ရာစုတွင်အိန္ဒိယကုန်သည်များသည် ဟိန္ဒူဘာသာကို အရှေ့တောင်အာရှတိုက်သို့ ပျံ့နှံ့စေခဲ့သည်။ ဟိန္ဒူဘာသာဝင်များ အရေးပါဆုံးသမိုင်းဝင် အဆောက်အဦးအချို့မှာ ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝတ်ဘုရားကျောင်းတော်ကြီးနှင့် ဂျားဗားကျွန်းရှိဖရမ်ဘနန်ကျောင်းတော်တို့ဖြစ်သည်။ ယနေ့အရှေ့တောင်အာရှဟိန္ဒူဘာသာဝင်များကို အင်ဒိုနီရှားနိုင်ငံဘာလီကျွန်းနှင့် ဟိန္ဒူမျိုးနွယ်များ လူနည်းစုအသိုင်းအဝိုင်းများတွင်တွေ့ရှိနိုင်သည်။



## ဗုဒ္ဓဘာသာ

### ဗုဒ္ဓဘာသာမူလဇာစ်မြစ်နှင့် ဗုဒ္ဓဘဝ


ဗုဒ္ဓဘာသာသည်"ဂေါတမသိဒ္ဓတ္ထ"ဟုအမည်တွင်သောမင်းသားတစ်ပါး လမ်းညွှန်ပညာပေးမှုမှ ဖွံ့ဖြိုးပေါ်ပေါက်ခဲ့ပြီးနောက် လွန်ခဲ့သောနှစ်ပေါင်း၂၀၀၀ကျော် အိန္ဒိယနိုင်ငံတွင်စတင်ပျံ့နှံ့ခဲ့သည်။ မင်းသားသည် "ပူဆွေးသောကနှင့် ဝေဒနာတို့က လူသားတို့ဘဝကိုအဘယ်ကြောင့်ဖိစီးနေရသနည်း" ဟူသောမေးခွန်းကို အဖြေထုတ်ရန် ထီးနန်းကိုစွန့်ခွာပြီး နှစ်ပေါင်းများစွာကျင့်ကြံ အားထုတ်ခဲ့သည်။ နှစ်ပေါင်းများစွာ စူးစမ်းရှာဖွေပြီးနောက်အဖြေမှန်ကို သိမြင် သဘောပေါက်လာကာ ဂေါတမသည်ဗုဒ္ဓဖြစ်လာသည်။ ဆိုလိုသည်မှာဉာဏ်အလင်း ရသောသူဖြစ်လာသည်။

လူသားအားလုံးသည်တန်းတူညီတူမွေးဖွားလာကြပြီး မည်သူမဆို ဉာဏ်အလင်း ရနိုင်ကြောင်းဗုဒ္ဓလမ်းညွှန်ခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက်ယုံကြည်သူများသည် ဗုဒ္ဓအားဘုရားတစ်ဆူအဖြစ် သတ်မှတ်ကိုးကွယ်လာကြရာမှ ဗုဒ္ဓဘာသာဖြစ်ပေါ်လာသည်။

## အရှေ့တောင်အာရှတွင် ဗုဒ္ဓဘာသာပြန့်ပွားမှု

အေဒီ ၃၀၀ ဝန်းကျင်တွင် အရှေ့တောင်အာရှဗုဒ္ဓဘာသာပျံ့နှံ့ခဲ့သည်။ ဗုဒ္ဓသာသနာပြုအဖွဲ့များအပြင် အိန္ဒိယ နှင့်တရုတ်ကုန်သည်တို့ကလည်း ဗုဒ္ဓဘာသာကို ပြန့်နှံ့အောင်ဆောင်ရွက်ခဲ့ကြသည်။ ဤဆောင်ရွက်မှုမှတဆင့်အရှေ့တောင်အာရှဒေသတစ်ခုလုံးဖြစ်သော ခမာ အင်ပါယာများ၊ လာအို၊ ဆီယမ်(ထိုင်း)၊ မြန်မာ၊ ဗီယက်နမ်၊ မလေးကျွန်းဆွယ်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ပြန့်နှံ့ခဲ့သည်။

## အစ္စလမ်ဘာသာ



"အစ္စလမ်" ဘာသာကိုယုံကြည်သူများအား "မူဆလင်" ဟုခေါ်သည်။ ဘုရားသခင်က တမန်တော်မိုဟာမက်"ကို အစ္စလမ်ဘာသာအကြောင်း ထုတ်ဖော်ပြောပြခဲ့သည် ဟုယုံကြည်သည်။ မိုဟာမက်သည် အေဒီ ၅၇၀ တွင်အာရေဗီယမ်ရှိ မက္ကာမြို့တွင် မွေးဖွားခဲ့သည်။ အာရပ်ဘစ်ဘာသာစကားတွင် "အလာ" ဆိုသည်မှာ တစ်ဆူတည်းသောဘုရားကိုဆိုလိုသည်။အလာထံမှ တမန်တော် မိုဟာမက်ရရှိသောမှာကြားချက်များကို ပြန်လည်ရေးသား ရာမှ"ခိုရန်"ဟုခေါ်သောအထွတ်အမြတ်ဆုံးကျမ်းစာ ဖြစ်လာသည်။ ခိုရန် ထဲတွင်မူဆလင်များအား "အလာ" မှ အသက်ရှင်နေထိုင်စေလိုသော ပုံကိုဖော်ပြထားသည်။

## အရှေ့တောင်အာရှတွင် အစ္စလမ်ဘာသာပြန့်နှံ့မှု

အေဒီ ၁၁ ရာစုတွင်အရှေ့တောင်အာရှသို့ အစ္စလမ်ဘာသာ စတင် ပြန့်နှံ့ခဲ့သည်ဟု သမိုင်းပညာရှင်များကယုံကြည်ကြသည်။အာရေဗီယမ်၊ ပါစီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ မူဆလင်ကုန်သည်များသည် အစ္စလမ်ဘာသာပြန့်ပွားအောင် လုပ်ဆောင် ခဲ့ကြသည်။ မလေးကျွန်းဆွယ်မှ စ၍အစ္စလမ်ဘာသာသည် ဆီယမ်၊ စူမားတြားနှင့် အင်ဒိုနီးရှားနိုင်ငံသို့ပြန့်နှံ့သွားခဲ့သည်။ ထိုဒေသများတွင် စူလတန်စော်ဘွားနယ်ပယ် ဖြစ်သော မူဆလင်နိုင်ငံများစွာပေါ်ပေါက်ခဲ့သည်။ ကျော်ကြားသောစူလတန်စော်ဘွားနယ်ပယ်တစ်ခုမှာ "မက္ကာ" ဖြစ်သည်။



## ခရစ်ယာန်ဘာသာ

### ခရစ်ယာန်ဘာသာ မူလဇာစ်မြစ်

ခရစ်ယာန်ဘာသာသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်တွင်ကမ္ဘာ့ အရှေ့အလယ်ပိုင်း စတင်ပေါ်ပေါက်ခဲ့သည်။ယေရှုခရစ်တော် လမ်းညွှန်ပညာ ပေးမှုမှတဆင့် ခရစ်ယန်ဘာသာသည် ဂျူးဘာသာမှတဆင့် ဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။ ယေရှုခရစ်တော်သည် လူသားများအား တစ်ဦးပေါ်တစ်ဦး ဂရုဏာ၊ မေတ္တာနှင့် နားလည်ခွင့်လွှတ်မှုထားရန် လမ်းညွှန်ခဲ့သည်။ ကမ္ဘာကြီးကို ကင်တင်ရန်ဆင်းလာသော ဘုရားသခင်သားတော်ဟု ယေရှုခရစ်တော်ကို ခရစ်ယာန်ဘာသာဝင်များက ယုံကြည်ကြသည်။

ယေရှုခရစ်တော်သည် ကမ္ဘာ့လူသားများကိုကယ်တင်ရန် အသက်စွန့်လွှတ်ခဲ့သည် သာမကာ သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်ခဲ့သည်ဟု ခရစ်ယာန်ဘာသာဝင် များကယုံကြည်ကြသည်။ ခရစ်ယာန် ဘာသာယုံကြည်သူများသည် ရေနှစ်ခြင်း ခံခြင်းဖြင့် ခရစ်ယာန်ဘာသာဝင်များဖြစ်လာသည်။ကမ္ဘာကြီးငြိမ်းချမ်းလာစေရန် အတွက် ယေရှုသည်လူသားများအတွင်းတွင် ရှင်သန်နေဆဲဖြစ်ပြီး ကမ္ဘာပေါ်သို့ ဒုတိယအကြိမ် ခရစ်တော်ပြန်လည်ရောက်ရှိလာချိန်သည် ကမ္ဘာ့လူသားများအား ကယ်တင်နိုင်ချိန်ဖြစ်သည် ဟူ၍လည်းယုံကြည်ကြသည်။

## အရှေ့တောင်အာရှတွင် ခရစ်ယာန်ဘာသာပြန့်ပွားမ×

လွန်ခဲ့သောနှစ်ရာပေါင်းအနည်းငယ်တွင် ခရစ်ယာန်ဘာသာသည် ဥရောပတိုက်နှင့် အာရှတိုက်နိုင်ငံများသို့ ပြန့်နှံ့ခဲ့သည်။သက္ကရာဇ် ၁၅၀၀၀န်းကျင် ဖိလစ်ပိုင်နိုင်ငံတွင်းသို့ ကာသိုလစ်သာသနာပြုအဖွဲ့များမှစတင်၍၂၀ ရာစုနှစ် မြန်မာနိုင်ငံတွင်းသို့အမေရိကန် ပရိုတက်စတင့် သာသနာပြုအဖွဲ့များဖြင့် ခရစ်ယာန်ဘာသာစတင်ဝင်ရောက်ပြန့်ပွားလာသည်။ ယနေ့ခေတ်အရှေ့တောင်အာရှတွင် နှစ်ခြင်းခရစ်ယာန်၊ မက်သဒစ်ခရစ်ယာန်၊ အက်စ်ဒီအေ(စနေအသင်း)နှင့်ရိုမန်ကာသိုလစ်ခရစ်ယာန်(ဘရင်ဂျီဘာသာအယူဝါဒ) များ အပါအဝင် ခရစ်ယာန်ဂိုဏ်းခွဲများစွာရှိလာသည်။ သို့သော်လည်း ခရစ်ယာန်ဘာသာဝင်များသည် လူနည်းစုများသာဖြစ်သည်။

| လေ့ကျင့်ခန်း |
| --- |
| နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း |

က. ဟိန္ဒူ၊ ဗုဒ္ဓ၊ ခရစ်ယာန်နှင့် အစ္စလမ်ဘာသာများကို နှိုင်းယှဉ်ပါ။
ခြားနားချက်များနှင့်တူညီချက်များကို ဖော်ပြပါ။
ခ. ဤဘာသာအသစ်များနှင့် အရှေ့တောင်အာရှဒေသခံများ ဝိညာဉ်ကိုးကွယ်ယုံကြည်မှု
တို့ကြားတူညီချက်များနှင့် ခြားနားချက်များကို ဖော်ပြပါ။

| တူညီချက် | ခြားနားချက် |
| --- | --- |
| | |

| တိုးချဲ့လေ့ကျင့်ခန်း |
| --- |
| ထင်မြင်ချက်ပြောဆိုခြင်း အကြောင်းပြချက်ချဲ့ခြင်း |

ဘာသာရေးနှင့်ပတ်သက်၍ စကားရည်လုပြိုင်ပွဲတစ်ပွဲပြုလုပ်ပါ။
ခေါင်းစဉ်ရွေးချယ်နိုင်ရန်အတွက် အောက်တွင်ပေးထားသည်။

က. အခြားဘာသာများကိုမယုံကြည်သော်လည်း လေ့လာရန်လိုအပ်သည်။
ခ. အခြားဘာသာများကိုရိုသေလေးစားရန်လိုအပ်သည်။
ဂ. အခြားသူများကိုတိုက်ခိုက်သည့်သဘောမဆောင်သော်လည်း ဘာသာရေးကိုလွတ်လပ်စွာဝေဖန်နိုင်ငံခွင့်ရှိရန် လိုအပ်သည်။ ခေါင်းစဉ်တစ်ခုကိုရွေးချယ်လိုက်ပြီးချေပချက်(သို့)တင်ပြချက်များပါသောအကြောင်းပြချက်များပြင်ဆင်ထားပါ။

| တိုးချဲ့လေ့ကျင့်ခန်း |
| --- |
| သုတေသနလုပ်ငန်း တင်ပြခြင်း |

အုပ်စုဖွဲ့ပြီးလျှင်ကိုးကွယ်သည့်ဘာသာ တစ်ခုအကြောင်း(သို့)ထိုဘာသာတစ်စိတ်တစ်ပိုင်းနှင့် ပတ်သက်၍တင်ပြချက်တစ်ခုပြုလုပ်ပါ။ တင်ပြချက်ဖြစ်လာရန်သုတေသနပြုလုပ်ရန်လိုအပ်သည်။

●သင်ကိုးကွယ်ယုံကြည်သော ဘာသာအကြောင်းနှင့်ပတ်သက်၍ တင်ပြချက်ပြုလုပ်လိုလျှင်သင့်ရပ်ကွပ်၊ သင်နေထိုင်သည့်နေရာတွင် ရှိသောလူများထံမှအချက်အလက်အချို့စုဆောင်းရန်လိုအပ်သည်။
●အခြားဘာသာတစ်ခုနှင့်ပတ်သက်၍ တင်ပြချက်ပြုလုပ်လိုပါက ထိုဘာသာကိုယုံကြည်သောသူအားတွေ့ဆုံမေးမြန်းပြီး အချက်အလက်များကိုစုဆောင်းပါ။
●သင့်ရပ်ကွက်၊ သင်နေထိုင်သည့်နေရာတွင်ရှိသောသူများ ကိုးကွယ်မှုမရှိသည့်ဘာသာဖြစ်နေပါက အင်တာနက် သို့မဟုတ် စာကြည့်တိုက်တွင် သုတေသနပြုလုပ်ပါ။

## ၂။(၁၀)ပြန်လည်ဆန်းစစ်ခြင်း

| ပြန်လည်ဆန်းစစ်ခြင်း |
|---|
| အနက်ဖွင့်ခြင်း |

**သင်ကိုယ်ပိုင်စကားဖြင့် အောက်ပါဝေါဟာရများအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရေးပါ။**

၁။ လူမှုတိုးတက်မှု
၂။ ယဉ်ကျေးမှု
၃။ ကိုးကွယ်သည့်ဘာသာ
၄။ ဝိဉာဉ်ကိုးကွယ်မှု
၅။ သီးသန့်လူတန်းစား(ဇာတ်နိမ့်ဇာတ်မြင့်)
၆။ လူတန်းစားကွဲပြားခြင်း(သို့)လူတန်းစားခွဲခြားခြင်



**ဇာတ်နိမ့် ဇာတ်မြင့်လူတန်းစားစနစ်ကို ဖယ်ရှားရမည်။**

| ပြန်လည်ဆန်းစစ်ခြင်း |
|---|
| သဘောပေါက်နိုင်မှု |

သင့်ကိုယ်ပိုင်စကားဖြင့် အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ အစောဆုံးလူမှုတိုးတက်မှုသည် မည်သည့်နေရာတွင်စတင်ခဲ့သနည်း။ အဘယ်ကြောင့်ထိုနေရာတွင်စတင်ခဲ့ရသနည်း။
၂။ လူသားများကြားတွင်မညီမျှမှုများမည်သို့စတင်ခဲ့သနည်း။
၃။ သမိုင်းပညာရှင်များသည် ရှေးဟောင်းလူမှုတိုးတက်မှုအကြောင်းကိုပြောဆိုကြရာတွင် အချက်အလက်မှန်ကန်မှုအများဆုံး ရှိနိုင်သည်ကိုမည်သို့သိရှိကြသနည်း။
၄။ မည်သည့်အချက်များသည် အရှေ့တောင်အာရှလူမျိုးများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသနည်း။ အဘယ့်ကြောင့်အရေးပါသနည်း။
၅။ ရှေးခေတ်အရှေ့တောင်အာရှ ဘုရင်စနစ်နှင့်အုပ်ချုပ်ခဲ့သည့်နိုင်ငံနှစ်မျိုးကိုဖော်ပြပါ။
၆။ ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများအနက်မှတစ်ခုအကြောင်းကိုဖော်ပြပါ။
၇။ ရှေးခေတ်အရှေ့တောင်အာရှပေါ်တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ဩဇာလွှမ်းမိုးမှုနည်းလမ်းအချို့ကိုဖော်ပြပါ။

၈။ အိန္ဒိယနိုင်ငံတွင် အစောဆုံးသိရှိရသော လူမှုတိုးတက်မှုကိုဖော်ပြပါ။


၉။ လူမှုတိုးတက်မှုကို ယုတ်လျော့စေသောအကြောင်းအရင်းများကိုဖော်ပြပါ။

၁၀။ တရုတ်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော အစောဆုံးလူမှုတိုးတက်မှုအကြောင်းကိုဖော်ပြပါ။

၁၁။ အရှေ့တောင်အာရှတွင် လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင် စတင်ကိုးကွယ်ခဲ့သော အဓိကဘာသာအယူဝါဒ ၅ ခုကိုဖော်ပြပါ။

**ပြန်လည်ဆန်းစစ်ခြင်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**

အရှေ့တောင်အာရှမြေပုံကို လေ့လာကြည့်ပါ။ မြေပုံပေါ်တွင် အရှေ့တောင်အာရှသို့ ဘာသာအသစ်များပြန့်နှံ့လာသော လမ်းကြောင်းများကို ရှာဖွေဖော်ထုတ်ပါ။





**မြေပုံ(၁၁) အရှေ့တောင်အာရှတွင် ဘာသာအယူဝါဒများ**

**ပြန်လည်ဆန်းစစ်ခြင်း**
**စိတ်ဖြာသုံးသပ်ခြင်း**
**အဆုံးဖြတ်ပေးခြင်း**

အောက်ပါသမိုင်းဝင်ပစ္စည်း အထောက်အထားများကို ၄င်းနှင့်ကိုက်ညီသောဖော်ပြချက်များနှင့် ယှဉ်တွဲပါ။

| | | | |
|---|---|---|---|
| **(၁)**သိပ္ပံပညာရှင် များသည် သံရည်ကျိုသော နေရာတစ်ခု ရုပ်ကြွင်းကို တွေ့ရှိခဲ့သည်။ ၄င်းတို့မှာ သံဖြင့်ပြုလုပ်သည့် ရှေးဟောင်းလုပ်ကိရိယာများ၊ အဆောက်အအုံရုပ်ကြွင်းများ၊ လည်ဆွဲပုတီးများနှင့် အိုးများကို သုံးရာစုနှစ်တွင် ပြုလုပ်ခဲ့သည် ဟုယူဆကြသည်။ | **(၂)**ရှေးဟောင်းပစ္စည်း တူးဖော်သည့်အဖွဲ့မှ ကျောက်ဖြင့်လုပ်သော လက်နက်ကိရိယာများကို တွေ့ရှိခဲ့သည်။ ၄င်းတို့နှင့် တချိန်တည်းလောက်က ပြုလုပ်ခဲ့ပုံရသည့် ကမ္ဘာ့အခြားနေရာများ မှ တူးဖော်ရရှိသည့် ကျောက်လက်နက်ကိရိယာများနှင့် နှိုင်းယှဉ်ကြည့်လျှင် ပိုမိုအဆင့်မြင့်သည်ကိုတွေ့ရသည်။ | **(၃)**ဂူသင်္ချိုင်းအချို့ထဲတွင် အရိုးများ၊အဖိုးတန် အကြွေစေ့ပုံ လက်ဝတ်ရတနာများ၊ခရုခွံများ၊ မြေအိုးများနှင့် အရိုးစုများတွေ့ရှိခဲ့သည်။ ထိုသင်္ချိုင်းများသည် ကြေးခေတ်သင်္ချိုင်းများဖြစ်သည် ဟုယူဆကြသည်။ | **(၄)**တရုတ်နိုင်ငံ ရှေးခေတ်ရန်ရှမ်း ယဉ်ကျေးမှုမှစတင်ခဲ့သော အထူးအိုးလုပ်ငန်းတမျိုးကို ရှေးဟောင်းပစ္စည်း ရှာဖွေမှုနေရာများတွင် တွေ့ရှိခဲ့သည်။ ၄င်းတို့သည်လွန်ခဲ့သောဘီစီဒုတိယနှစ်ပေါင်းတစ်ထောင် အချိန်ပေါ်ပေါက်ခဲ့သည် ဟု ယူဆကြသည်။ |









| | | | |
|---|---|---|---|
| က။ ကမ္ဘောဒီးယားနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ လူတန်းစားစနစ် မညီမျှမှုဖွံ့ဖြိုးခဲ့သည်။ | ခ။ ဘီစီ ၂၀၀၀ ခန့်လောက်တွင် ထိုင်ဝမ်(တရုတ်)မှ ဖိလစ်ပိုင်သို့ လူများသွားလာခဲ့ဖွယ် ရှိသည်။ | ဂ။လွန်ခဲ့သောနှစ်ပေါင်း ၃၁၀၀ အချိန် ဆာဘတ် (Sabah) တွင်လူမှုရေးကွဲပြားခြားနားမှု ဖြစ်ပွားနေခဲ့ပြီးဖြစ်သည်။ ဆာဘတ်တွင်ကျွမ်းကျင်သောသံထည်လုပ် အလုပ်သမားများ နေထိုင်ခဲ့ဖွယ်ရှိသည်။ | ဃ။ မလေးရှားနိုင်ငံရှိ ရှေးခေတ်အခြေကျနေရာများတွင် နေထိုင်သောသူများသည် ဘီစီ ၃၀၀ ခန့် လောက်ကတည်းက သံများ ထုတ်လုပ်ခဲ့သည်။ |

**ပြန်လည်ဆန်းစစ်ခြင်း**

**မြေပုံသုံးနည်း မှတ်သားခြင်း**

**ဤစာအုပ် (သို့) အခြားမြေပုံကိုမကြည့်ဘဲ အရှေ့တောင်အာရှမြေပုံကိုဆွဲပြီး အခန်း(၁)တွင် ဖော်ပြခဲ့သော နိုင်ငံဆယ့်တစ်နိုင်ငံကို ရေးသွင်းဖော်ပြပေးပါ။**

# ၃။ ကိုလိုနီစနစ်နှင့် လွတ်လပ်ရေး





### ဤအခန်းတွင် အောက်ပါတို့ကို လေ့လာရမည်။

- အရှေ့တောင်အာရှသို့ ဥရောပတိုက်သားများရောက်ရှိလာပုံနှင့် အကြောင်းအရင်း။
- မလက္ကာရေလက်ကြားတွင် နေထိုင်ရခြင်း ကောင်းကျိုးနှင့် ဆိုးကျိုး။
- အရှေ့တောင်အာရှတွင် ဥရောပသားများသွားလာလှုပ်ရှားပုံ၊ အောင်နိုင်ပုံနှင့် အခြေချပုံ။
- ဥရောပတိုက်သားများ ကုန်သွယ်မှုနှင့် ကုန်ကြမ်းတင်ပို့မှုအကြောင်း။
- နယ်ချဲ့အုပ်ချုပ်မှုစီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးပေါ်အကျိုးသက်ရောက်မှု။
- ဥရောပစက်မှုတော်လှန်ရေး အရှေ့တောင်အာရှပေါ် အကျိုးသက်ရောက်ပုံ။
- လွတ်လပ်ရေးအတွက် ဗီယက်နမ်နှင့် အရှေ့တီမောတို့ကြိုးပမ်းမှုများ။
- ကိုလိုနီစနစ်ပြီးနောက် အရှေ့တောင်အာရှတွင် ပျိုးထောင်ခါစနိုင်ငံသစ်များရင်ဆိုင်နေရသောစိန်ခေါ်မှုများ။

### ဤအခန်းကိုလေ့လာပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

- ကိုလိုနီစနစ်သို့ဦးတည်ခဲ့သော အဖြစ်အပျက်နှင့် အခြေခံအကြောင်းရင်းများကိုဖော်ပြခြင်း။
- အရှေ့တောင်အာရှတွင် ကိုလိုနီလက်အောက်ကျရောက်ခဲ့သောနိုင်ငံများနှင့် အုပ်ချုပ်သူ နယ်ချဲ့နိုင်ငံများကိုဖော်ပြခြင်း။
- အရှေ့တောင်အာရှနိုင်ငံများအပေါ် ကိုလိုနီအုပ်ချုပ်မှုစနစ် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအကျိုးသက်ရောက်မှုများကိုဖော်ထုတ်ခြင်း။
- အရှေ့တောင်အာရှတွင် ကိုလိုနီစနစ်ကိုအားကောင်းစေသော အခြေခံအကြောင်းရင်းကို ဖော်ထုတ်ခြင်း။
- ၂၀ရာစု ပထမရာစုနှစ်ဝက်အချိန်တွင် ပေါ်ပေါက်ခဲ့သောအမျိုးသားရေးဝါဒီ ရည်မှန်းချက်များကို ဖော်ထုတ်ခြင်း။
- ဗီယက်နမ်နှင့် အရှေ့တီမောနိုင်ငံတို့တွင် အမျိုးသားရေးကြိုးပမ်းမှုဖြစ်ရပ်ကြီးများကို အသေးစိတ်ပြန်ပြောပြခြင်း။
- လွတ်လပ်သောနိုင်ငံများ လွတ်လပ်ရေးရပြီးစနိုင်ငံများ ကြုံတွေ့လေ့ရှိသောစိန်ခေါ်မှုများကိုဖော်ထုတ်ခြင်း။

# ၃။ ကိုလိုနီစနစ်နှင့် လွတ်လပ်ရေး

## ၃၊(၁)နိဒါန်း

| ကြိုတင်လေ့လာခြင်း |
|---|
| မြေပုံသုံးလုပ်ဆောင်ခြင်း ခန့်မှန်းခြင်း |

က။ မလက္ကာရေလက်ကြားအကြောင်းကို မည်မျှလေ့လာသိရှိထားသနည်း။

ခ။ အခန်းငယ်(၂၊၁၀)ရှိမြေပုံပေါ်တွင် မလက္ကာ တည်နေရာကို ရှာပါ။

ဂ။ ဤအခန်းခေါင်းစဉ်ကိုဖတ်ကြည့်ပါက မည်သည့်အကြောင်းအရာကိုလေ့လာရမည် ဟု သင်ထင်သနည်း။

| တွေးခေါ်ခြင်း |
|---|
| ကောင်းကျိုးနှင့် ဆိုးကျိုး |

ဃ။ မလက္ကာရေလက်ကြားပေါ်တွင် မည်သည့်နိုင်ငံများတည်ရှိသနည်း။
မလက္ကာရေလက်ကြားပေါ်တွင် မြို့တည်ရှိခြင်း ကောင်းကျိုးနှင့် ဆိုးကျိုးများကိုရှာပါ။
အုပ်စုဖွဲ့၍ အောက်ပါဇယားကွက်ကို ဖြည့်စွက်ပါ။

| ကောင်းကျိုး | ဆိုးကျိုး |
|---|---|
| | |

အောက်ပါအကြောင်းအရာများကိုဖတ်၍ လေ့လာရရှိသောအချက်အလက်များကို အထက်ပါဇယားကွက်ထဲတွင်ထည့်သွင်းပါ၊

**အဓိကဝေါဟာရများ**

| | |
|---|---|
| ဖွယ်(နာမဝိသေသန) | - ပျင်းရိစရာကောင်းသော၊ အရသာမရှိသော။ |
| ပရုတ်ဆီ(နာမ်) | - ဆေးဝါးများတွင်သုံးသည့်ပရုတ်ပင်မှထွက်သော အနံ့ပြင်းသည့်အဖြူရောင် အရာဝတ္ထုတစ်မျိုး။ |
| သစ်ကြံပိုးခေါက်(နာမ်) | - ဟင်းချက်ရာတွင်သုံးသောအမွှေးအကြိုင်တစ်မျိုး။ |
| လေးညှင်းပွင့်(နာမ်) | -အမွှေးအကြိုင်အဖြစ်သုံးသော အထူးပန်းခြောက်တစ်မျိုး၊ ကွမ်းယာထဲထည့်စားသည်။ |
| တရွတ်တိုက်ဆွဲ(ကြိယာ) | - လေးလံသောတစ်စုံတစ်ခုကို သယ်ပိုးပုံ။ |
| ကုန်းရိုး(နာမ်) | - ကုန်းမြေကြီးများကြား ကျဉ်းမြောင်းသောမြေကြောတစ်ကြော။ |
| ဇာတိပ္ပိုလ်ပွင့်(နာမ်) | -ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးသော။ |
| ဇာတိပ္ပိုလ်သီး(နာမ်) | -အလွန်မွှေးကြိုင်သည့်အပင်တစ်မျိုးအစေ့ (၄င်းအစေ့ကိုဟင်းခတ်အမွှေးအကြိုင် အဖြစ်သုံးသည်)။ |
| ဘုရားဖူး(နာမ်) | -ဘာသာရေးရည်ရွယ်ချက်ဖြင့် အဓိကနေရာများသို့သွားလည်သူ။ |
| ပုပ်သိုး(နာမဝိသေသန) | - သုံးဆောင်ရန်မကောင်းတော့ပါ။ |

## မလက္ကာရေလက်ကြား


မလက္ကာရေလက်ကြား တည်ငြိမ်သောရေပြင်သည် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ကြားတွင် အတော်လုံခြုံမှုရှိသော ပင်လယ်ရေလမ်းကြောင်း တစ်ခုဖြစ်သည်။ ကုန်ပစ္စည်းများနှင့် ယဉ်ကျေးမှုများကို ယူဆောင်လာကြသောကုန်သည်များ၊ စစ်သည်များ၊ ဘုရားဖူးများနှင့် ပညာရှင်များသည် ရေလမ်းကြောင်းဖြတ်၍ သွားလာရသည်။ ၎င်းရေလမ်းကြောင်းသည်လျှင်မြန်သော လမ်းကြောင်းမဟုတ်သော်လည်း၊ မုတ်သုန်လေကြောင့်သွားလာမှုကို များစွာအထောက်အကူပြုသည်။

## အခြားရေလမ်းကြောင်း

မလက္ကာ မုတ်သုံလေသည် ဇူလိုင်လနှင့်အောက်တိုဘာလကြားတွင်သာ တိုက်ခိုက်သည်။ ထို့ကြောင့်အာရှတိုက် အနောက်ဘက်မှလာသောကုန်သည် သင်္ဘောများသည်တရုတ်နိုင်ငံသို့ ရေလမ်းကြောင်းအတိုင်းသာ မသွားရောက်နိုင်ကြပေ။ ကုန်ပစ္စည်းများကို မြစ်လမ်းကြောင်းအတိုင်း လှေများဖြင့်သယ်ပို့ခြင်းနှင့် တောတောင်များကြားတွင်ဆင်များဖြင့် သယ်ပို့ခြင်းတို့ဖြင့် ခရာကုန်းရိုးကိုဖြတ်ကျော်၍သယ်ဆောင်ကြရသည်။ ၎င်းကုန်းရိုးအရှေ့ဘက်သို့ရောက်သောခါ ကုန်ပစ္စည်းများကို အခြားသင်္ဘော များပေါ်သို့တင်သည်။ တရုတ်နိုင်ငံမှလာသောသင်္ဘောများသည် ကုန်ပစ္စည်းများကို ဆန့်ကျင်ဘက်လမ်းကြောင့်ဖြင့် အထက်ပါအတိုင်းသယ်ဆောင်ရသည်။

ကုန်းလမ်းကြောင်းဖြင့် ကုန်ပစ္စည်းများကို တရုတ်ပင်လယ်သို့ သယ်ပို့နိုင်သောခရာကုန်းရိုး (ယနေ့ခေတ်ကရတ်ဘီ၊ ဖူးခက်တို့နှင့်နီးသော) တွင်တည်ရှိသည့် ရေလက်ကြားမြောက်ဘက်ပိုင်းအစွန်ဆုံးတွင် ဆိပ်ကမ်းမြို့များပေါ်ပေါက်ခဲ့သည်။ နောက်ပိုင်းတွင်အနောက်ဘက်ပိုင်းမှ ကုန်တင်သင်္ဘောများသည် မလက္ကာရေလက် ကြားကိုဖြတ်ကျော်၍ ပိုမိုဝေးလံသောနေရာများသို့ သွားလာခဲ့သောကြောင့် ဂျားဗားကမ်းရိုးတန်းပေါ် တောင်ဘက်ပိုင်းအထိ ဆိပ်ကမ်းမြို့များပေါ် ထွက်ခဲ့သည်။

မလက္ကာသည် အရှေ့တောင်အာရှအချက်အချာ အကျဆုံးဆိပ်ကမ်းမြို့ဖြစ်လာပြီး အရှေ့အလယ်ပိုင်း၊ အိန္ဒိယ၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံများမှ ကုန်တင်သင်္ဘောများလာရောက်ကြသည်။ အင်ဒိုနီးရှားကုန်တင်သင်္ဘောများသည် နယူးဂွင်နီယာနှင့်နီးသော မိုလူကာကျွန်းစုမှ ဟင်းခတ်အမွှေးအကြိုင်များ သယ်ဆောင်လာသောကြောင့်အရေးပါဆုံးသင်္ဘောများဖြစ်သည်။




မြေပုံ(၁၂)- ပင်လယ်ပိုင်းဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးလမ်းကြောင်း

### ဟင်းခတ်အမွှေးအကြိုင်ကျွန်းစုနှင့် အမွှေးအကြိုင်များ

မိုလူကာကျွန်းစုသည် အမဲရောင်ငရုတ်ကောင်းများ၊ သစ်ကြံပိုးခေါက်၊ ဂျင်း၊ လေညှင်းပွင့်၊ ဇာတိပ္ဖိုလ်သီးနှင့် ပရုတ်များထွက်ရှိသည့်ကမ္ဘာ့အကြီးဆုံးပင်ရင်းတစ်ခုကြောင့် ၄င်းကိုဟင်းခတ်အမွှေးအကြိုင်ကျွန်းစု ဟုခေါ်ဆိုသည်။ ဥရောပတိုက်သား များနှင့်အရှေ့အလယ်ပိုင်းနေသူတို့အစားအစာများသည် အမွှေးအကြိုင်မပါက အရသာလုံးဝဖွယ်၊ အရသာမပြည့်ဝသောကြောင့် အာရှတိုက်အနောက်ဘက်ပိုင်းမှထွက်ရှိသည့် ဟင်းခတ်အမွှေးအကြိုင်အား လိုအပ်မှုအလွန်မြင့်မားသည်။ ထိုအမွှေးအကြိုင်များသည် မလတ်ဆတ်သောအသားများကိုလည်း အနံ့အရသာကောင်းမွန်လာစေသည်။ ထို့အပြင် ဆေးဝါးအဖြစ်လည်းများစွာအသုံးပြုကြသည်။ကုန်သည်များသည်အမွှေးအကြိုင်များကို အကောင်းဆုံးကုန်ပစ္စည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။ အကြောင်းမှာ အမွှေးအကြိုင်ပမာဏအနည်းသာ ရောင်းသော်လည်း ငွေများစွာရပြီး အခြားကုန်ပစ္စည်းများကဲ့သို့ မပုပ်သိုးတတ်သောကြောင့်ဖြစ်သည်။

များစွာသော(အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ၊ ပါဆီယမ်၊ အာရပ်နှင့်အီတလီ)ကုန်သည်များသည် အနောက်ဘက်ပိုင်းသို့ ဟင်းခတ်အမွှေးအကြိုင်များကို တင်ပို့ရောင်းချခဲ့ကြသည်။ ဟင်းခတ်အမွှေးအကြိုင်သည် အခြားကုန်သည်များလက်ထဲသို့ ရောက်သွား သည်နှင့်ဈေးနှုန်းမြင့်တက်သွားသည်။ ရောင်းသူများထံမှ ဟင်းခတ်အမွှေးအကြိုင်များကိုရယူသောမည်သူမဆို အကျိုးအမြတ်များ စွာရရှိကြသည်။ ထို့ကြောင့်ပေါ်တူဂီသည် "ငရုတ်ကောင်းထွက်သည့်မြေကိုထိန်းချုပ်သောနိုင်ငံသည် ကမ္ဘာကိုထိန်းချုပ်နိုင်သောနိုင်ငံ" ဟူသောအတွေးအခေါ်ကိုရိပ်မိသွားသည်။ ပေါ်တူဂီသည် ဟင်းခတ်အမွှေးအကြိုင်ဈေးနှုန်းနှင့် ဝယ်ယူသူများကို လက်ဝါးကြီးအုပ်နိုင်ရန် ထိုကျွန်းစုကိုထိန်းချုပ်လိုခဲ့သည်။

| လေ့ကျင့်ခန်း |
|---|
| မြေပုံသုံးလုပ်ဆောင်ခြင်း |

က။ မြေပုံ(၁၂)ပေါ်တွင် မလက္ကာရေလက်ကြား တည်နေရာကို ပြပါ။
ခ။ ခရာကုန်းရိုးကို ဖြတ်သွားသောအခြားလမ်းကြောင်းကို ရှာပါ။
ဂ။ မိုလူကာကျွန်းစုကို စက်ဝိုင်းဝိုင်းပါ။
ဃ။ မြေပုံ(၁၁)ကို ပြန်လည်လေ့လာပါ။ အရှေ့တောင်အာရှသို့ ဘာသာအယူဝါဒတစ်ခုစီမည်သို့ပြန့်နှံ့ လာခဲ့ပုံကိုဖော်ပြပါ။

| ဆွေးနွေးခန်း |
|---|
| နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း |

က။ လွန်ခဲ့သောအချိန် လူကြိုက်အများဆုံးဟင်းခတ်အမွှေးအကြိုင်ကဲ့သို့ ယနေ့ဈေးကွက်တွင် မည်သည့်ကုန်ပစ္စည်းကို အများဆုံးလိုအပ်ကြသနည်း။
ခ။ ပေါ်တူဂီသည် ဟင်းခတ်မွှေးကြိုင်ကုန်သွယ်မှုကို ထိန်းချုပ်လိုခဲ့သည်။ ယနေ့ခေတ်တွင်၄င်းနှင့် ဆင်တူသောအနေအထားတစ်ခုကို စဉ်းစားပေးပါ။


| အဓိကဝေါဟာရများ | |
|---|---|
| အရှေ့တိုင်း(နာမ်) | - အနောက်တိုင်းသားများမှ အာရှတိုက်ကိုခေါ်ဆိုသောအမည် (ခေတ်သစ်အင်္ဂလိပ်ဘာသာစကားတွင် အသုံးမများတော့ပေ)။ |
| နည်းဗျူဟာ(နာမဝိသေသန) | - ရည်မှန်းချက်နှင့်ပန်းတိုင်သို့ရောက်အောင် အထောက်အကူပေးသောတစ်စုံတစ်ခု။ |

## စူးစမ်းသွားလာမှုစတင်ဖြစ်ပေါ်ခြင်း

ဆယ့်ငါးရာစုအစောပိုင်းတွင်ပေါ်တူဂီလူမျိုးသည် အာဖရိကတစ်ဝိုက်တွင် သင်္ဘောဖြင့်ရွက်လွှင့်ခြင်းဖြင့် အရှေ့တိုင်းသို့ရောက်နိုင်သောလမ်းကြောင်းကို စတင်ရှာဖွေခဲ့ရာမှ စူးစမ်းသွားလာမှုစတင်ခဲ့သည်။ သို့သော် ဟင်းခတ်အမွှေးအကြိုင်ကျွန်းစုသို့ ရောက်ရန်မလက္ကာရေလက်ကြားကိုဖြတ်ကျော်ရန်လိုအပ်သည်။

မလက္ကာရေလက်ကြားကိုထိန်းချုပ်နိုင်သည့် ကျော်ကြားသောပထမဆုံးအင်ပါယာမှာ စရီဝိဇယဖြစ်သည်။ ဆယ့်တစ်ရာစုကုန် ဆုံးပြီးနောက် ၎င်းထိန်းချုပ်မှုအားနည်းလာခဲ့သည်။ ထို့နောက်ဆယ့်ငါးရာစုအချိန်မှစ၍ မလက္ကာစော်ဘွားမှပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အာရေဘီယမ်၊ ပါဆီးယား၊ အန္ဒိယ၊ တရုတ်၊ ပေါ်တူဂီနှင့် ဂျပန်နိုင်ငံတို့မှလာသော ကုန်ပစ္စည်းများသည် မလက္ကာဈေးကွက် ကိုဖြတ်ကျော်ရသည်။ မလက္ကာကုန်သွယ်ရေးအောင်မြင်မှုနှင့် နည်းဗျူဟာကျသောတည်နေရာကြောင့်သက္ကရာဇ် ၁၅၁၁ခုနှစ်တွင်ပေါ်တူဂီမှမလက္ကာကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့နောက်မလက္ကာကို ၁၆၄၁ခုနှစ်တွင်ပေါ်တူဂီထံမှ ဒတ်ချ်များကသိမ်းပိုက်နိုင်ခဲ့သည်။ ၁၉ ရာစုအစောပိုင်းတွင် ဗြိတိသျှများသည် ဒတ်ချ်များကိုအောင်နိုင်ပြီး ရေလက်ကြားတစ်လျှောက်တွင် စီးပွားရေးလုပ်ငန်းများတည်ထောင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် မလက္ကာသည် မလေးယန်ပြည်ထောင်စုအစိတ်အပိုင်းတစ်ခုဖြစ်လာပြီး နောက်ပိုင်းတွင်မလေးရှားနိုင်ငံဖြစ်လာသည်။

မလက္ကာရေလက်ကြားနှင့် ဂျားဗားကျွန်းတို့သည် ၁၅ ရာစုခန့်မှစ၍ ကုန်သွယ်မှုကွန်ယက်အတွက် အချက်အချာကျသောနေရာများဖြစ်ခဲ့သည်။ နောက်ပိုင်းဥရောပတိုက်သားများလည်း ကုန်သွယ်မှုတွင်ပါဝင်လာသည်။ထို့နောက် ဥရောပတိုက်သားများသည် မလက္ကာကိုသိမ်းယူခဲ့ပြီး ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုကွန်ယက်ကို ကြီးစိုးခဲ့သည်။ ဥရောပတိုက်သားများသည် ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုကွန်ယက်ကို ကြီးစိုးခဲ့ရာမှ အနောက်တိုင်းနယ်ချဲ့ဝါဒ စတင်ခဲ့သည်။ နယ်ချဲ့များသည် အာရှတိုက်တွင်ကုန်သွယ်ရေးတပ်စခန်းများကိုတည်ဆောက်ခြင်းဖြင့် ဥရောပတိုက်သား ကုမ္ပဏီများစတင်အခြေချခဲ့သည်။




မြေပုံ(၁၃)-၁၆၆၅ခုနှစ် ကိုလိုနီကုန်သွယ်ရေးတပ်စခန်းများ

| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |
| အစဉ်လိုက်စီခြင်း |
| ကောက်ချက်ချခြင်း |

က။ မလက္ကာရေလက်ကြား သိမ်းပိုက်အုပ်ချုပ်ခံရသည့် ခုနှစ်သက္ကရာဇ်များကို အချိန်အပိုင်းခြားပြမျဉ်းလိုင်းဖြင့်ဖော်ပြပါ။
ခ။ မလက္ကာရေလက်ကြား ကုန်သွယ်မှုအရေးပါပုံကိုဖော်ပြပါ။
ဂ။မလက္ကာရေလက်ကြားသည် အဘယ်ကြောင့် ရေပန်းစားသောဈေးကွက်မျိုးဖြစ်လာရသနည်း။
ဃ။ မလက္ကာရေလက်ကြားကိုထိန်းချုပ်နိုင်ရန်အတွက် အဘယ့်ကြောင့်နိုင်ငံအမြောက်အများက ယှဉ်ပြိုင်ခဲ့ကြသနည်း။
င။ ၁၆ ရာစုဥရောပတိုက်သားများအတွက် မလက္ကာရေလက်ကြားအရေးပါပုံကိုဖော်ပြပါ။

| လေ့ကျင့်ခန်း |
| --- |
| ကောက်ချက်ချခြင်း |
| အချက်အလက် |
| အသုံးချခြင်း |

က။ "အတော်လုံခြုံမှုရှိသောလမ်းကြောင်း" ကိုအနက်ဖွင့်ပါ။
အဘယ့်ကြောင့် "အတော်" ကိုအသုံးပြုထားသနည်း။ မလက္ကာရေလက်ကြားတွင် သင်္ဘောသားများသည်မည်သည့်အန္တရာယ်ကြုံတွေ့နိုင်သနည်း။
ခ။ မုတ်သုံလေနှင့်ပတ်သက်၍ မည်မျှသိရှိထားသနည်း။
သင်္ဘောရွက်လွှင့်ရာတွင်မည်သို့အထောက်အကူပြုသနည်း။


| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |

အောက်ပါ အကြောင်းအရာများသည် ခရီးထွက်ခွာမည့်လူလေးဦးအကြောင်းဖြစ်သည်။ ၎င်းတို့ပြောပြချက်ကိုဖတ်၍ နောက်စာမျက်နှာတွင်ရှိသောဇယားကွက်ကိုဖြည့်စွက်ပါ။

**(က)**ကျွန်တော်ရဲ့ခရီးဟာ ရှည်ကြာလိမ့်မယ်။ ပေါ်တူကီကို နှစ်နှစ်အတွင်းပြန်လာနိုင်မယ်လို့ မမျှော်လင့်ဘူး။ မုန်တိုင်းတိုက်ပြီးပင်လယ်ဓားပြတွေပေါတဲ့အတွက်ကြောင့် လမ်းခရီးဟာအလွန်အန္တရာယ်ကြီးမားတယ်ဆိုတာ သိရတယ်။ ဒါပေမဲ့လုံးဝစွန့်စားရမယ်။ အာရှနှင့်ကုန်သွယ်မှုကနေ အီတလီနိုင်ငံဟာ အမြတ်အစွန်းအားလုံးရနေတာအထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာထဲမှာရှိတဲ့ ကျွန်းစုတွေနဲ့ ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုကနေအမြတ်ရနေတာဟာ တရားမျှတမှုမရှိဘူး။ ဒေသခံတွေနဲ့ တိုက်ရိုက်ကုန်သွယ်တဲ့ အိန္ဒိယကုန်သည်တွေထံကနေ အာရပ်လူမျိုးတွေလက်ထက်ထဲကို ဟင်းခတ်အမွှေးအကြိုင်တွေ ရောက်လာတယ်။ အဲဒီကနေတဆင့် အီတလီလူမျိုးတွေကဝယ်ယူတယ်။ ကုန်ပစ္စည်းတွေဖြစ်တဲ့ ပရုတ်၊ ဇာတိပ္ပိုလ်သီး၊ ငရုပ်ကောင်းနဲ့ လေညှင်းပွင့်တွေဟာ ဥရောပကိုရောက်လာတဲ့အခါမှာ ဈေးနှုန်းဆယ်ဆမြင့်သွားတယ်။ ဒေသခံတွေကိုဈေးပေါပေါနဲ့အတင်းအကြပ်ရောင်းခိုင်း၊ စိုက်ခိုင်းတဲ့နေရာ (ဟင်းခတ်အမွှေးအကြိုင်ကျွန်းစု)ကိုတိုက်ရိုက်သွားနိုင်တဲ့လမ်းကြောင်းရှိရမယ်။ အဲဒီလမ်းကြောင်းကိုတွေ့ရှိသွားရင်တော့ ကျွန်တော်တို့ ပေါ်တူကီသင်္ဘောတွေနဲ့ တင်ဆောင်လာမယ်။ ဥရောပမှာအမြတ်များများနဲ့ ပြန်ရောင်းမယ်။ အဲဒါမှ ကျွန်တော်တို့နိုင်ငံတိုးတက်လာမယ်။ ပြီးတော့ခေတ်မှီတဲ့သင်္ဘောကြီးတွေဆောက်လုပ်ပြီး ကမ္ဘာအနှံ့အပြားသွားလာနိုင်မယ်။

**(ခ)**ကျွန်တော်ကတော့ အိန္ဒိယကနေ မလက္ကာဆီကိုသွားမယ်။ အစ္စလမ်ဘာသာအကြောင်းကို သင်ကြားပေးဖို့ မလက္ကာအုပ်ချုပ်သူများက ကျွန်တော့်ကိုဖိတ်ကြားထားတယ်။ အဲဒီသူတွေဟာ အစ္စလမ်ဘာသာကိုလိုလားတယ်။ မလက္ကာလိုအရေးပါတဲ့မြို့တစ်မြို့က ကျွန်တော်တို့ကိုးကွယ်ယုံကြည်တဲ့ ဘာသာကိုလိုလားတယ်ဆိုရင် အမှန်တကယ်အကျိုးရှိမယ်။ အဲဒီမြို့မှာ ဗလီကျောင်းသစ်အများအပြားဆောက်မယ်ဆိုရင်အစ္စလမ်ဘာသာတိုးတက် ဖြစ်ထွန်းနိုင်တယ်။ မလက္ကာအုပ်ချုပ်သူတွေဟာ မူဆလင်ကိုကမ္ဘာမှကုန်သည်တွေကို အားပေးအားမြှောက်ပြုတယ်။ မလက္ကာရေလမ်းကြောင်းကိုလည်းဖြတ်ကျော်စေပြီးတော့ အရှေ့တောင်အာရှကိုဖြတ်သန်းသွားလာစေလိုတယ်။ ဒီအချက်ဟာ မလက္ကာမြို့ကြီးကိုများစွာ အကျိုးပြုမယ်။ ဇူလိုင်လမှာ ခရီးစတင်မယ်ဆိုရင် အရှေ့မြောက်ဘက်အတိုင်း မြန်မာကမ်းရိုးတန်းဆီကို ဦးတည်သွားရမယ်။ အဲဒီကနေတဆင့်ကမ်းရိုးတန်းတစ်လျှောက်တောင်ဘက်အတိုင်း မလက္ကာရေလက်ကြားဆီဆက်သွားရမယ်။ ဒီလမ်းခရီးကိုသွားလိုစိတ်တော့ရှိတယ်။ဒါပေမဲ့ ပင်လယ်ဓားပြအန္တရာယ်ကိုကြောက်ရတယ်။ အထည်အလိပ်နှင့်ငရုပ်ကောင်းစတဲ့ အဖိုးတန်ကုန်ပစ္စည်းတွေ အပြည့်သယ်ဆောင်သွားမယ့်ကုန်တင်သင်္ဘောနဲ့သွားရမယ်ဆိုတော့ ဒီလိုသင်္ဘောမျိုးတွေကို ပင်လယ်ဓားပြတွေက တိုက်ခိုက်လေ့ရှိတယ်။ အထူးသဖြင့် မလက္ကာရေလက်ကြားမှာ အဖြစ်များတယ်။

ဂ။ ကျွန်တော်ကတော့ ဟင်းခတ်အမွှေးအကြိုင်ကျွန်းစုဆီကိုသွားမယ်၊ အဲဒီကျွန်းစုဆီကိုရောက်ဖို့ ဇူလိုင်လမှာမလက္ကာကနေတောင်ဘက်ဆီ လေတိုက်တဲ့လမ်းကြောင်းအတိုင်းထွက်ခွာရမယ်၊ အဲဒီနောက်တောင်ဘက်ဆီ စူမားတြားကျွန်းကမ်း ရိုးတန်းတစ်လျှောက်ရွက်လွှင့်ပြီးတော့ ဂျားဗားပင်လယ်ထဲကိုရောက်သွားမယ်၊ ဆက်ပြီးတော့ဘော်နီယိုကျွန်း တောင်ဘက်ဆီကိုသွားရမယ်၊အဲဒီကနေတဆင့် အရှေ့ဘက်ရှိ ပရိုရာ ပင်လယ်ကိုဖြတ်ကျော်ရမယ်။ တဖန်အရှေ့ဘက်အတိုင်းဆက်သွားမယ်ဆိုရင် ဘန်ဒါပင်လယ်ထဲကိုရောက်မယ်။ အဲဒီမိုလူကာကျွန်းစုသို့ရာက်တဲ့ အခါဒေသခံကုန်သည်တွေနဲ့ အဆက်အသွယ်ကောင်းကောင်းရနိုင်တဲ့ တာနိတ်ကျွန်းမှာရပ်နားမယ်။ မလက္ကာမှာဈေးကောင်းကောင်းရတဲ့လေးညှင်းပွင့်ကို လှေတစ်စီးအပြည့်ဝယ်မယ်။ ကျွန်တော့်ဆီမှာပါတဲ့ အိန္ဒိယနိုင်ငံမှ ထုတ်တဲ့ဆန်နှင့်အထည်အလိပ် အပိုအလျှံများကိုရောင်းမယ်။ တာနိတ်ကျွန်းမှာဆန်စပါးနှင့် အခြာသီးနှံပင်တွေမဖြစ်ထွန်းဘူး။ ဒါကြောင့်ဒီနေရာမှာနေထိုင်တဲ့ သူတွေဟာ ဟင်းခတ်အမွှေးအကြိုင်တွေကိုရောင်းပြီးတော့ ဆန်နှင့်အခြားကုန်ပစ္စည်းတွေကို အာရှတိုက်အခြားနေရာတွေဆီကနေဝယ်ယူကြတယ်။ ကျွန်တော့်သင်္ဘောကသိပ်မကြီးဘူး။ သင်္ဘောသား ဆယ်ယောက်လောက်ပဲပါတယ်။ ဒါပေမဲ့လုံလောက်ပါတယ်။ဘာကြောင့်လဲဆိုတော့ အိန္ဒိယနိုင်ငံဆီသွားရတဲ့ လမ်းခရီးနဲ့ယှဉ်ရင်ပင်လယ်ကြီးကိုမဖြတ်ရဘူး။ ဒါပေမဲ့ ပင်လယ်ဓားပြရန်ကိုတော့ကြောက်ရတယ်။ ကမ်းရိုးတန်းတစ်လျှောက်ရွက်လွှင့်ရင်းနဲ့ မုန်တိုင်းတွေကိုလည်းရှောင်ရမယ်။ ကျောက်ဆောင်တွေနဲ့နီးနီးကပ်ကပ်ရွက်မလွှင့်မိဖို့လည်း သတိထားရမယ်။ ဘာကြောင့်လဲဆိုတော့မုန်တိုင်းကျရင် အန္တရာယ်များတယ်။



ဃ။ ကျွန်တော်ကတော့နိုဝင်ဘာလမှာ ဆောင်းရာသီလေရဲ့အကူအညီနဲ့ တောင်ဘက်အတိုင်း တောင်တရုတ်ပင်လယ် ကိုဖြတ်ကျော်ခဲ့ပြီးတော့ ဗီယက်နမ်ကမ်းရိုးတမ်းတစ်လျှောက် ရွက်လွှင့်ခဲ့ပါတယ်။ ယ္ခုမလေးကျွန်းဆွယ်ကိုရောက်နေပါတယ်။ ကျွန်တော်ကတော့ ကုန်သည်မျိုးနွယ်တစ်ယောက်ပါ။ ကျွန်တော်ရဲ့ဘိုးဘွားတွေဟာနှစ်ရာပေါင်း အတော်ကြာဒီရေလမ်းကြောင်းနဲ့ အာရှတိုက်ကိုဖြတ်သန်းသွားလာခဲ့ကြတယ်။ ကျွန်တော့်အဘိုးတွေရဲ့ခေတ်မှာတော့ “အိုစီအီအို” ဆိပ်ကမ်းမြို့မှာ ခရီးတစ်ထောက်နားပြီးတော့ ခရာကုန်ရိုးဘက်ကို ရွက်လွှင့်ခဲ့ရတယ်။ အဲဒီနေရာကနေတဆင့် ကုန်လမ်းနဲ့ကျွန်းဆွယ်ကိုဖြတ်ပြီးတောကုန်ပစ္စည်းတွေသွားယူရတယ်။ ပြီးတော့မှကျွန်းဆွယ်ရဲ့အခြားတစ်ဖက်မှာ ရပ်ထားတဲ့သင်္ဘောတွေဆီ ပြန်သယ်လာရတယ်။ အခုတော့ မလက္ကာရေလက်ကြားမှာရှိတဲ့ မလက္ကာဆိပ်ကမ်းမြို့ဆီကိုပဲ သွားရတယ်။ အဲဒီမြို့ကတော့ တော်တော်အောင်မြင် တဲ့ဆိပ်ကမ်းမြို့ပဲ။ ထောင်ချီတဲ့ကုန်သည်တွေ ဒီမြို့မှာလာဆုံကြတယ်။ ဒီမလက္ကာမှာ နွေရာသီမုတ်သုံလေမတိုက်မီအချိန် အထိခုနှစ်လလောက်စောင့်ရအုံးမယ်။ မုတ်သုံလေရဲ့အကူအညီနဲ့ အထက်ဘက်ဆီကို မလက္ကာရေလက်ကြားအတိုင်း ဆန်တက်ပြီးတော့ အိန္ဒိယသမုဒ္ဒရာကိုဖြတ်ရမယ်။ အိန္ဒိယမှာ ပိုးထည်နဲ့ကြွေထည်တွေကိုရောင်းပြီးတော့ ကောင်းမွန်တဲ့အထည် အချို့ဝယ်ခဲ့မယ်။ ပြီးတော မလက္ကာကိုပြန်လာမယ်။ ဒီနည်းလမ်းနဲ့ဆို ကျွန်တော်ရဲ့လမ်းခရီးဟာ တစ်နှစ်ထက်ပိုကြာမယ်။ ဘာ ပဲဖြစ်ဖြစ် ဆောင်းရာသီမုတ်သုံလေပြန်တိုက်တဲ့အထိ နောက်ထပ်လအချို့စောင့်ရလိမ့်မယ်။ တရုတ်နိုင်ငံဆီပြန်မှာမဟုတ်ဘူး။ဘာကြောင့်လဲဆိုတော့ တရုတ်အင်ပါယာက တရုတ်ပြင်ပဆီထွက်ခွာမှုအားလုံးကို ပိတ်လိုက်တဲ့အတွက် ကျွန်တော့မှာအန္တရာယ် ရှိတယ်။ ကျွန်တော်ပြန်မယ်ဆိုရင် အင်ပါယာအမိန့်ကို မနာခံမှုနဲ့ အသတ်ခံရလိမ့်မယ်။

| ဦးတည်သောနေရာ | ဖြတ်သန်းရသောလမ်းကြောင်း | သွားရသောအကြောင်းရင်း |
|---|---|---|
| က | | |
| ခ | | |
| ဂ | | |
| ဃ | | |

**တိုးချဲ့လေ့ကျင့်ခန်း**

**ရှုထောင့်အမျိုးမျိုးမှ နားလည်သဘောပေါက်ခြင်း**

**အောက်ပါပေးထားချက်များအနက်တစ်ခုကို ရွေးချယ်ပါ။**

က။ သင်သည်တရုတ်ကုန်သည်တစ်ယောက်ဖြစ်သည်။ တရုတ်ပိုးထည်များနှင့် ကြွေထည်ပစ္စည်းများကိုအိန္ဒိယသို့ရောင်းချရန်အတွက် သင်္ဘောဖြင့်သယ်ဆောင်သွားသည်။

ခ။ သင်သည် အိန္ဒိယမှ မူဆလင်သာသနာပြုတစ်ယောက်ဖြစ်သည်။ သင်ကိုးကွယ်သည့်ဘာသာကို အရှေ့ဘက်ဒေသတွင် ပျံ့နှံ့စေလိုသည်။

ဂ။ သင်သည်ပေါ်တူကီလူမျိုး စူးစမ်းရှာဖွေသူတစ်ဦးဖြစ်သည်။ ဥရောပနိုင်ငံတွင် ဟင်းခတ်အမွှေးအကြိုင်ရောင်းဝယ်မှုကို ချုပ်ကိုင်နိုင်ရန်အတွက် ကျော်ကြားသောဟင်းခတ်အမွှေးအကြိုင်ကျွန်းစုသို့ရောက်ရှိလိုသည်။

ဃ။ သင်သည်မိုလူကာကျွန်းစုသို့ ဦးတည်နေသောမလက္ကာကုန်သည်တစ်ဦးဖြစ်သည်။

သင်လမ်းခရီးကို ဖော်ပြပါ။ သင့်လမ်းခရီးကိုဖော်ပြရာတွင် အထောက်အကူဖြစ်စေမည့်မေးခွန်းအချို့ကိုအောက်တွင်ပေးထားသည်။ မေးခွန်းများအားလုံးကိုဖြေဆိုရန်မလိုပါ။ လိုအပ်သောအချက်အလက်မှန်သမျှထည့်သွင်းပေးပါ။

- မည်သည့်ကုန်ပစ္စည်းများကိုသယ်ဆောင်သွားသနည်း။
- လမ်းခရီးမည်မျှကြာမည်နည်း။
- နှစ်တစ်နှစ်မည်သည့်ကာလတွင် ခရီးထွက်ရန်ပိုမိုကောင်းမွန်သနည်း။
- မည်သည့်နေရာသို့ ဦးတည်နေသနည်း။
- သင့်လမ်းကြောင်းကို မြေပုံပေါ်တွင် နေရာချပါ။
- လမ်းခရီးတွင် မည်သည့်အန္တရာယ်များရှိနိုင်သနည်း။



## ၃။(၂)စူးစမ်းရှာဖွေခြင်းနှင့်ကုန်သွယ်မှု

**အဓိကဝေါဟာရများ**

| | |
|---|---|
| လူသုံးကုန်(နာမ်) | - ကုန်သွယ်နိုင်သောပစ္စည်း။ |
| ပေါင်းစည်း(ကြိယာ) | - အတူတကွကြီးပြင်းသည်။ အချင်းချင်းဆက်စပ်သည်၊ အချင်းချင်းမှီခိုသည်။ |
| ထုတ်လုပ်(ကြိယာ) | - ထုတ်သည်၊ တစ်စုံတစ်ခုကို အရေအတွက်များစွာထုတ်သည်။ |
| ကြွေထည်(နာမ်) | - အစဉ်အလာအားဖြင့် တရုတ်နိုင်ငံတွင်ပြုလုပ်သည့် ဈေးကြီးသောမြေထည်ပစ္စည်းတစ်မျိုး |
| စိုက်ခင်း(နာမ်) | - သီးနှံတစ်မျိုး(ဝါဂွမ်း၊ကော်ဖီ၊ သစ်သီး စသည်ဖြင့်) သာစိုက်ပျိုးသည့်ကျယ်ပြန့်သောမြေ |
| အရေအတွက(နာမ်) | - ပမာဏ |
| လမ်းကြောင်း(နာမ်) | - သွားရန်လမ်း။ |
| သင်္ဘောသား(နာမ် | - ရွက်လွှင့်သူ၊ ရေကြောင်းသွားလာသူ |
| ဖူလုံ(နာမဝိသေသန) | - လွတ်လပ်သော၊ မိမိကိုယ်ပေါ် သာရပ်တည်နိုင်သော။ |
| ကုန်သွယ်မှုဌာန(နာမ်) | - ကုန်ပစ္စည်းရောင်းဝယ်ရန်အတွက် အဖွဲ့အစည်းအဖွဲ့သို့မဟုတ် နိုင်ငံတစ်နိုင်ငံမှ တည်ထောင်သည့်နေရာ |

**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု**

အခန်းငယ် (၃၊၁)တွင်လေ့လာပြီးသောအချက်အလက်များပေါ် အခြေခံပြီး ဥရောပတိုက်သားများ နယ်ချဲ့စနစ်အစကိုဖော်ပြပါ။

သက္ကရာဇ် ၁၅၀၀ မတိုင်မီတွင်ဥရောပစီးပွားရေးသည်အများအားဖြင့်ကိုယ်ပိုင်ဖူလုံမှုရှိခဲ့သည်။ အာရှ၊ အာဖရိကတို့နှင့် အနည်းငယ်သာ ကုန်သွယ်ခဲ့သည်။

ရေလမ်းကုန်သွယ်ရေးလမ်းကြောင်းများ ရှာဖွေတွေ့ရှိပြီးနောက် ဥရောပတိုက်နှင့်အာရှတိုက်တို့ စီးပွားရေးစတင်ပေါင်းစည်းခဲ့သည်။ အာရှတိုက်တွင်ဥရောပတိုက်သားများ နိုင်ငံရေးအာဏာနှင့် ကုန်သွယ်မှုကြီးထွားလာသည်။ အမြတ်စားကုန်ပစ္စည်း ကုန်သွယ်မှု တိုးမြင့်လာခဲ့သည်။ နောက်ဆုံးတွင်ဥရောပနှင့်အခြားကမ္ဘာ့ဒေသများကြား ကုန်သွယ်မှုတိုးတက်လာမှုသည် ခေတ်သစ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး(အရင်းရှင်စနစ်)သို့ ဦးတည်ဖွံ့ဖြိုးစေခဲ့သည်။

**လေ့ကျင့်ခန်း**
**စကားပြေရေးခြင်း**
**သဘောပေါက်နိုင်မှု**

က။ ကိုယ်ပိုင်ဖူလုံမှု ဆိုလိုရင်းကို ရေးပါ။
ခ။ ၁၅ရာစုနှစ်နောက်ပိုင်းတွင် အာရှတိုက်စီးပွားရေးမည်သို့ပြောင်းလဲခဲ့သနည်း။
ဂ။ အဘယ်ကြောင့် ပြောင်းလဲမှုများဖြစ်ရသနည်း။
ဃ။ မည်သည့်အကျိုးရလဒ်ဖြစ်ပေါ်ခဲ့သနည်း။

**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု**

ပေးထားသောစာပိုဒ်နှစ်ပိုဒ်မှ စာပိုဒ် A သို့မဟုတ် B ကိုဖတ်ရှုလေ့လာပါ။
သင်မဖတ်သော စာပိုဒ်အကြောင်းကိုအခြားအုပ်စုအားမေးပါ။

## (က)

၁၅ ရာစုနှင့်၁၆ ရာစုနှောင်းပိုင်းတွင် ဥရောပသင်္ဘောသားများသည် ကမ္ဘာကြီးလုံးဝန်းသည်ကို သိရှိခဲ့သည်။ ရေကြောင်းကုန်သွယ်မှုလမ်းကြောင်း ပိုမိုဖွံ့ဖြိုးလာပြီးနောက် ဥရောပတိုက်သားများသည် အရှေ့တိုင်းထုတ်ကုန်များဖြစ်သော အိန္ဒိယနိုင်ငံမှထွက်သည့် လက်ရာမြောက်ဝါဂွမ်းအထည်များနှင့် တရုတ်နိုင်ငံမှထွက်သည့် ပိုးထည်နှင့်မြေထည်များကို လိုချင်ခဲ့ကြသည်။ဥရောပတိုက်သားများသည် ရွှေနှင့်ဟင်းခတ်အမွှေးအကြိုင်များကိုလိုက်လံရှာဖွေသည့်အပြင် ဥရောပတိုက် မဖြစ်ထွန်းသည့် လက်ဖက်နှင့်ကော်ဖီတို့ကိုလည်း ရှာဖွေခဲ့ကြသည်။

ဤကုန်သွယ်မှုဖြင့် ဥရောပတိုက်သားများ ချမ်းသာကြွယ်ဝလာသည်။ ကောင်းမွန်သောသင်္ဘောများ ဆောက်လုပ်နိုင်ပြီး ရေလမ်းကုန်သွယ်မှုလမ်းကြောင်းများပေါ်တွင် ကုန်သွယ်ရေးစခန်းများ တည်ဆောက် ခဲ့ကြသည်။ခေတ်မှီလက်နက်များပိုင်ဆိုင်ထားသောကြောင့် နိုင်ငံတစ်နိုင်ငံမှ၄င်းတို့အား ဆန့်ကျင်ကန့်ကွက်လျှင် လက်နက်သုံးတိုက်ခိုက်ခဲ့သည်။ ထို့နောက်စိုက်ပျိုးသောမြေကိုလည်း သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။

### မေးခွန်းများ(က)

(၁)သက္ကရာဇ် ၁၇၀၀ ဝန်းကျင်တွင်မည်သည့်ဥရောပနိုင်ငံများသည် ကမ္ဘာ့ဒေသအများအပြားကို သိမ်းပိုက်အုပ်ချုပ်ခဲ့သနည်း။

(၂)အမေရိကတိုက်ရှိ ကိုလိုနီလက်အောက်ခံနိုင်ငံများစိုက်ခင်းများတွင် မည်သူများအလုပ်လုပ်ကိုင်ကြသနည်း။

(၃)ကိုလိုနီကုန်သွယ်မှု အကျိုးရလဒ်ကြောင့် ဥရောပတိုက်တွင်းဖွံ့ဖြိုးတိုးခဲ့သော လမ်းကြောင်းများအနက် တစ်ခုကိုဖော်ပြပါ။

(၄)မည်သည့်နိုင်ငံတွင် စက်မှုတော်လှန်ရေးအစောဆုံးစတင်ခဲ့သနည်း။

## (ခ)

သက္ကရာဇ် ၁၇၀၀အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီနှင့်ဟော်လန်နိုင်ငံတို့သည် အမေရိကန်တိုက်နှင့်အာရှတိုက် ပင်လယ်ကမ်းခြေတစ်လျှောက်တွင် လက်အောက်ခံ ကုန်သွယ်ရေးနိုင်ငံများသိမ်းသွင်းခဲ့ကြသည်။ အာဖရိကမှကျွန်များ သယ်ဆောင်လာ၍အမေရိကန်တိုက်ရှိ ကိုလိုနီလက်အောက်ခံနိုင်ငံများ ကြံနှင့် ဝါဂွမ်းစိုက်ခင်းတို့တွင်လုပ်ကိုင်စေသည်။

ကိုလိုနီကုန်သွယ်မှုမှ အကျိုးအမြတ်များသည် ဥရောပတိုက်အားဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ထိုအကျိုးအမြတ်များကို စက်မှုတော်လှန်ရေးအား စတင်စေခဲ့သောစက်ရုံများတွင်သုံးစွဲကြသည်။ ထို့နောက် ဥရောပတိုက်သားများသည် ကုန်ပစ္စည်း များကို ပမာဏအများအပြားနှင့်ကုန်ကျစရိတ် သက်သာစွာထုတ်လုပ်နိုင်သည်။ ဤထုတ်လုပ်မှုသည် ဗြိတိန်နိုင်ငံတွင် ပထမဦးဆုံးစတင်ခဲ့ပြီးနောက် အခြားအနောက်ဘက် ဥရောပနိုင်ငံများသို့ ပြန့်နှံ့သွားသည်။

### မေးခွန်းများ(ခ)

(၁)၁၅ရာစုနှင့်၁၆ရာစုကြားကာလတွင် ဥရောပတိုက်သားများသည် ကမ္ဘာကြီးနှင့်ပတ်သက်၍မည်သည့်အချက်ကိုရှာဖွေတွေ့ရှိခဲ့သနည်း။

(၂)ဥရောပတိုက်သားများ(ဥရောပနိုင်ငံသားများ) လိုချင်သော အရှေ့တိုင်းကုန်ပစ္စည်းများအနက် အနည်းဆုံး သုံးမျိုးခန့်ဖော်ပြပါ။

(၃)ထိုကုန်ပစ္စည်းများကို ထုတ်ကုန်နှင့်စိုက်ပျိုးကုန်များအဖြစ်ခွဲခြားပြပါ။


(၄)ကုန်သွယ်မှုသည်ဥရောပကို မည်သို့အကျိုးဖြစ်စေသနည်း။

(၅)ဥရောပတိုက်သားများသည် အခြားသူများအား အင်အားသုံးတိုက်ခိုက်ခဲ့ပါသလား။ မည်သည့်အတွက်ကြောင့်တိုက်ခိုက်ရသနည်း။

| လေ့ကျင့်ခန်း |
| --- |
| အစဉ်လိုက်စီခြင်း ယှဉ်တွဲခြင်း |

အထက်ပါစာပိုဒ်**(က)**နှင့်**(ခ)**တို့ကိုအခြေခံ၍ အောက်ပါပုံများကိုအစဉ်လိုက်စီပြီး ပုံတစ်ပုံစီကို ဖော်ပြသော စာကြောင်းတစ်ကြောင်းရေးပါ။

၁




၂





၃



၄

| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |

(က)၁၅ ရာစုနှင့် ၁၆ရာစုအတောအတွင်းတွင် ဥရောပတိုက်သားများသည် အရှေ့တိုင်းမည်သည့် ကုန်ပစ္စည်းများကိုလိုလာခဲ့သနည်း။

(ခ)ထိုအချိန် ဥရောပတိုက်သားများသည် အာရှတိုက်တွင်နောက်ထပ်မည်သည့်အရာများကို လုပ်ဆောင်ခဲ့သနည်း။

(ဂ)သက္ကရာဇ် ၁၇၀၀၀န်းကျင်တွင် ဖြစ်ပွားနေသောအခြေအနေသည် မည်သို့ပြောင်းလဲခဲ့သနည်း။

## ၃၊(၃)တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း

**အဓိကဝေါဟာရများ**

| | |
|---|---|
| နယ်ချဲ့ခြင်း(နာမ်) | - ပိုမိုကြီးမားလာခြင်း၊ ပြန့်နှံ့သွားခြင်း။ |
| ကုန်ကြမ်း(နာမ်) | - တစ်စုံတစ်ခုအဖြစ်သို့ မပြောင်းလဲရသေးသောသဘာဝသယံဇာတ။ |
| ဆောင်ပုဒ်(နာမ်) | - မှတ်မိရန်လွယ်ကူသော၊ လူတို့အာရုံကိုဆွဲဆောင်ရန်သုံးသောစကားစု။ |
| အဆင့်(နာမ်) | - ဖြစ်စဉ်တစ်ခုတစ်စိတ်တစ်ပိုင်း။ |
| လက်နက်ချ(ကြိယာ) | - လက်မြောက်အရှုံးပေးသည်။ |

**ကြိုတင်လေ့လာခြင်း**
**သဘောပေါက်နိုင်မှု**

"တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း" တို့ဆိုလိုရင်း အဓိပ္ပါယ်ကိုရေးပါ။ ၄င်းသည် မည်သည့်အချက်ကိုရည်ညွှန်းထားသနည်း။

**က။** ကိုလိုနီလက်အောက်ခံနိုင်ငံများပေါ်ပေါက်လာခဲ့ပြီးနောက် ဥရောပတိုက်သားများ နယ်ချဲ့ခြင်းဒုတိယအဆင့် စတင်လာခဲ့သည်။ ဥရောပ တိုက်ရှိစက်ရုံများသည် တွင်းထွက်၊ သတ္တု၊ အုန်းဆီ၊ ရာဘာနှင့် သစ်စသော ကုန်ကြမ်းပစ္စည်းများကို ပိုမိုလိုအပ်လာပြီး ၄င်းတို့စက်ပစ္စည်း၊ အဝတ်အစား၊ လက်နက်ကိရိယာများစသည့်ထုတ် ကုန်များကိုရောင်းချလိုသောကြောင့် ဥရောပ ကုန်သည်များသည် မိမိတို့ထုတ်ကုန်အတွက်ဈေးကွက်နှင့် ကုန်ကြမ်းအသစ်များကို ရရှိနိုင်ရန် ကမ္ဘာ့တိုက်ကြီးများအနှံ့လိုက် လံရှာဖွေခဲ့ကြသည်။

**ခ။** ဥရောပအင်အားကြီးနိုင်ငံများသည် အမေရိက၊ အာဖရိကနှင့်အာရှတိုက်တို့တွင် နယ်မြေစိုးမိုးရန်အတွက် အချင်းချင်းပြန်လည်တိုက် ခိုက်ခဲ့ကြပြီး ၁၉၀၀ ခုနှစ်အတွင်းကမ္ဘာ့ဒေသအသီးသီးကို အချင်းချင်းကြားခွဲဝေသတ်မှတ်ခဲ့ကြသည်။ ရုရှားနိုင်ငံသည်လည်း အာရှတိုက်အလယ်ပိုင်း အချို့အစိတ်အပိုင်းကိုအုပ်ချုပ်ခွင့်ရရှိခဲ့သည်။ ၂၀ ရာစုအစောပိုင်းတွင်ဂျပန်နိုင်ငံသည် အာရှတိုက် အရှေ့ပိုင်းကိုသိမ်းပိုက်ခဲ့သည်။

**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု**

အုပ်စုဖွဲ့၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က)ဥရောပတိုက်သားများအတွက် မည်သည့်ကုန်ကြမ်းများလိုအပ်သနည်း။
(ခ)ဥရောပသားများအတွက်ကုန်ကြမ်းများကို မည်သည့်နေရာတွင်ရရှိကြသနည်း။
(ဂ)ဥရောပတိုက်သားများသည် မည်သည့်ကုန်ပစ္စည်းများကိုထုတ်လုပ်သနည်း။
(ဃ)ဥရောပတိုက်သားများသည် ၄င်းတို့ထုတ်ကုန်ပစ္စည်းများကို မည်သို့ပြုလုပ်လိုသနည်း။

**တိုးချဲ့လေ့ကျင့်ခန်း**
**အချက်အလက်အသုံးချခြင်း တင်ပြခြင်း**

အုပ်စုဖွဲ့၍ ဥရောပနှင့်အခြားနိုင်ငံများကြား ကုန်ပစ္စည်းများလဲလှယ်ခြင်းကို ပုံအချို့ ဆွဲ၍ဖော်ပြပါ။ အထောက်အကူပြုရန်အတွက် ယခင်အခန်းငယ်မှပုံများကိုနမူနာယူပါ။ သင့်အုပ်စုဆွဲသောပုံများအကြောင်းကို အခြားအုပ်စုများအား ရှင်းပြပေးပါ။

## နယ်ချဲ့ဝါဒသစ်

နယ်ချဲ့ဝါဒသည် ဆိပ်ကမ်းမြို့များနှင့် ရေလမ်းကုန်သွယ်ရေးလမ်းကြောင်းများကို တိုက်ခိုက်သိမ်းပိုက်ခြင်းဖြစ်သည်။ စက်မှုတော်လှန်ရေး မစတင်မီ ဥရောပနယ်ချဲ့ဝါဒကို တွန်းအားပေးစေသောအချက်မှာ အာရှတိုက်တွင်းထွက်သော ကုန်ပစ္စည်းများကို အများဆုံးလိုအပ်ခြင်း ဖြစ်သည်။ ထိုအချိန်တွင်အိန္ဒိယကိုဗြိတိန်က သိမ်းပိုက်ထားပြီးဖြစ်သည်။ သို့သော် ဥရောပအင်အားကြီးနိုင်ငံအများစုသည် ကုန်သွယ်ရေး စခန်းများသာတည်ထောင်ခဲ့သည်။

ဥရောပတိုက်တွင် စက်မှုတော်လှန်ရေးစတင်ပြီးနောက် အခြေအနေပြောင်းလဲခဲ့သဖြင့် အာရှတိုက်ထုတ်ကုန်ထက် ကုန်ကြမ်းများကို ဥရောပက ပိုမိုလိုအပ်လာသည်။ ဥရောပနိုင်ငံများသည် စက်မှုထုတ်ကုန်များကို ရောင်းချနိုင်ရန်အတွက် အာရှတိုက်တွင်ဈေးကွက်များ ကိုယှဉ်ပြိုင်ရယူခဲ့ကြသည်။ ဤသို့ဖြင့်တစ်ကမ္ဘာလုံးတွင် ကိုလိုနီစနစ်ပြန့်ပွားချိန် "နယ်ချဲ့ဝါဒသစ်" ဟုလူသိများသော ခေတ်သစ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ ကုန်သွယ်မှုစနစ်မှ နိုင်ငံရပ်ခြားနယ်မြေအများအပြားကို တိုက်ရိုက်ထိန်းချုပ်မှုစနစ်သို့ပြောင်းလဲခဲ့သည်။

**ဆွေးနွေးခန်း**
**ကောက်ချက်ချခြင်း**

အနောက်တိုင်းစက်မှုဖွံ့ဖြိုးသောနိုင်ငံများသည် စက်မှုထုတ်ကုန်များကို ရောင်းချနိုင်ရန် အတွက် အာရှတိုက်တွင်ဈေးကွက်များကိုမည်သို့ရယူခဲ့ကြသနည်း။

ထိုအချိန်ကိုလိုနီဝါဒ(သို့)နယ်ချဲ့ဝါဒသစ်ကို ရှောင်ရှားနိုင်ရန်အတွက် အရှေ့တောင်အာရှတိုက်သားများသည် မည်ကဲ့သို့ဆောင်ရွက်သင့်သနည်း။

**တိုးချဲ့လေ့ကျင့်ခန်း**
**နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း**

ကိုလိုနီနိုင်ငံတည်ထောင်ခြင်း ပထမအဆင့်နှင့် ဒုတိယအဆင့်တို့အကြား ခြားနားချက်များ ကိုတင်ပြပါ။

**လေ့ကျင့်ခန်း**
**အစဉ်လိုက်ထားခြင်း**


အောက်ပါဖြစ်ရပ်များကို အစဉ်လိုက်စီပါ။

က။ ဥရောပတိုက်သားများသည် အာရှတိုက်နှင့်ကုန်သွယ်မှုမှအမြတ်အစွန်းများစွာရရှိခြင်းဖြင့် ဥရောပတိုက်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်နိုင်ခဲ့သည်။ ထိုမှတဆင့်စက်မှုတော်လှန်ရေးစတင်ခဲ့သည်။
ခ။ ဥရောပတိုက်သားများသည်ကမ္ဘာကြီးလုံးဝန်းသည်ကိုသိရှိသွားပြီးနောက် အာရှတိုက်သို့တိုက်ရိုက်သွားနိုင်သော ပင်လယ်လမ်းကြောင်းများကို စတင်ရှာဖွေခဲ့သည်။
ဂ။ စက်မှုထုတ်ကုန်များကိုရောင်းချရန်နှင့် စိုက်ပျိုးမြေများကို ထိန်းချုပ်နိုင်ရန်အတွက် ဥရောပတိုက်သားများသည် အာရှတိုက်ရှိနိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။
ဃ။ ဥရောပတိုက်သားများသည် စက်မှုထုတ်ကုန်အမြောက်အများကို ရောင်းချနိုင်ရန်အတွက်ဈေးကွက်များလိုအပ်သည်။
င။ ဥရောပတိုက်သားများသည်အရှေ့တောင်အာရှနိုင်ငံအချို့သို့ရောက်ရှိပြီးနောက် ဒေသတွင်းထုတ်ကုန်များကို မိမိနိုင်ငံသို့ ပြန်လည်တင်ပို့ရန်အတွက် ကုန်ပစ္စည်းဝယ်ယူရေးဌာနများကို တည်ဆောက်ခဲ့သည်။

**လေ့ကျင့်ခန်း**
**မြေပုံသုံးလုပ်ဆောင်ခြင်း**

မည်သူကမည်သူ့ကို ကိုလိုနီနိုင်ငံအဖြစ်သိမ်းပိုက်အုပ်ချုပ်ခဲ့သနည်း။ ခဲတံကိုသုံး၍ ထိုနိုင်ငံများတည်နေရာကို အောက်ပါမြေပုံပေါ်တွင်ပြပါ။

## မြေပုံ(၁၄) - နံပါတ်တပ်ထားသော အရှေ့တောင်အာရှအနှစ်ချုပ်




၁၆ ရာစုဥရောပတိုက်သားများသည် အရှေ့တောင်အာရှသို့ စတင်ရောက်ရှိခဲ့သည်။ ကုန်သွယ်မှုအတွက် အဓိကလာရောက်ခြင်းဖြစ်ပြီး ၄င်းတို့နှင့်အတူ အရှေ့တောင်အာရှဒေသအတွင်း ခရစ်ယာန်ဘာသာပြန့်ပွားရေး ရည်ရွယ်ချက်ဖြင့် လာရောက်သောသာသနာပြုအဖွဲ့များလည်းပါရှိသည်။

- သက္ကရာဇ် ၁၅၁၁ ခုနှစ်တွင် ပေါ်တူကီသည် မလက္ကာစော်ဘွားကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် အမြတ်အစွန်းထွက်သော အရှေ့တောင်အာရှကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ခိုင်ခံ့စွာပထမဦးဆုံးနေရာယူထားသော ဥရောပ အင်အားကြီးနိုင်ငံဖြစ်လာခဲ့သည်။
- နောက်ပိုင်းတွင်ထိုဒေသကို နယ်သလန်နှင့်စပိန်နိုင်ငံတို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မျှားမကြာမီပင် ၄င်းနိုင်ငံနှစ်နိုင်ငံသည် အဓိက ဥရောပအင်အားကြီးနိုင်ငံများဖြစ်ခဲ့သည်။
- သက္ကရာဇ် ၁၆၄၁ ခုနှစ်တွင်ဒတ်ချ်များသည် ပေါ်တူဂီတို့ထံမှ မလက္ကာကိုတိုက်ခိုက်သိမ်းယူခဲ့သည်။
- သက္ကရာဇ် ၁၅၆၀ ဝန်းကျင်တွင် စပိန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံဟူ၍ (စပိန်နိုင်ငံ၊ ဖိလစ် ဘုရင် (၂) အားအစွဲပြုကာ နံမည်ပေးသိမ်းပိုက်အုပ်ချုပ်ခဲ့သည်။
- ဒတ်ချ်တို့ အရှေ့တိုင်းအိန္ဒိယကုမ္ပဏီလှုပ်ရှားမှုမှတစ်ဆင့် ဒတ်ချ်များသည် ဂျားဗားကျွန်း အခြားအစိတ်အပိုင်းများ နှင့်ဘေးပတ်ဝန်းကျင်နယ်မြေများတွင် နယ်ချဲ့ရန်နှင့်ကုန်သွယ်မှုပြုလုပ်ရန်အတွက် အခြေစိုက်စခန်းတစ်ခုအဖြစ် ဘတ်တာဗီးယား(လက်ရှိဂျာကာတာ) မြို့ကိုတည်ထောင်ခဲ့သည်။
- ဗြိတိန်(ဗြိတိသျှတို့အရှေ့တိုင်းအိန္ဒိယကုမ္ပဏီ)သည် အချိန်အတော်ကြာပြီးမှသာ ဝင်ရောက်လာခဲ့သည်။ ဗြိတိန်သည် မလေးရှား တွင်းရှိ ဖနန်မြို့မှစတင်၍၄င်း အရှေ့တောင်အာရှအင်ပါယာကြီးကို ချဲ့ထွင်ခဲ့သည်။ ဒတ်ချ်နယ်မြေများကိုလည်း ယာယီထိန်းချုပ်နိုင်ခဲ့သည်။ သက္ကရာဇ် ၁၈၁၉ ခုနှစ်တွင် စတန်းဖော့ရတ်ဖယ်သည် စင်ကာပူနိုင်ငံကိုတည်ထောင်ခဲ့သည်။ စက်ာပူသည် ဒတ်ချ်များနှင့်ယှဉ်ပြိုင်ရာတွင်ဗြိတိန်နိုင်ငံအတွက် အရေးပါသောကုန်သွယ်ရေးစခန်းတစ်ခုဖြစ်လာသည်။

သက္ကရာဇ် ၁၉၁၃ ခုနှစ်တွင်အောက်ပါဖြစ်ရပ်များဖြစ်ပွားခဲ့သည်။

- ဗြိတိန်သည် မြန်မာ၊ မလေးရှားနှင့် ဘော်နီယိုကျွန်းရှိနယ်မြေများကိုသိမ်းပိုက်ခဲ့သည်။
- ပြင်သစ်သည် အင်ဒိုချိုင်းနား (ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအို)ကိုထိန်းချုပ်ခဲ့သည်။
- ဒတ်ချ်သည် ဒတ်ချ်တို့အရှေ့တိုင်းတစ်သီးပုဂ္ဂလကုမ္ပဏီများကိုကြီးစိုးခဲ့သည်။
- ယူအက်စ်အေ (USA)သည်စပိန်လက်အောက်မှ ဖိလစ်ပိုင်နိုင်ငံကိုသိမ်းယူခဲ့သည်။
- ပေါ်တူကီသည်ပေါ်တူကီလက်အောက်တွင်ရှိသော တီမောကိုထိန်းချုပ်နိုင်ဆဲဖြစ်သည်။

ကိုလိုနီဝါဒသစ်ကာလအတောအတွင်း အရှေ့တောင်အာရှနယ်မြေများအားလုံးနီပါးကို အင်အားကြီးနယ်ချဲ့နိုင်ငံများက သိမ်းပိုက်ခဲ့သည်။ ထိုင်းနိုင်ငံတစ်နိုင်ငံသာ နိုင်ငံရပ်ခြားလက်အောက်သို့(ကိုလိုနီစနစ်လက်အောက်သို့)မကျရောက်ခဲ့သော်လည်း အနောက်တိုင်းအင်အားကြီးနိုင်ငံများအာဏာလုပွဲတွင် များစွာထိခိုက်ခံရသည်။




### ဂျပန်လူမျိုး

ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်နိုင်ငံစစ်ခေါင်းဆောင်များသည် အရှေ့တောင်အာရှ ပေါကြွယ်ဝသောသယံဇာတများကိုမက်မောခဲ့သည်။ ဂျပန်နိုင်ငံသည် ခြောက်လတာကာလအတွင်းအရှေ့တောင်အာရှအားလုံးကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ အစောပိုင်းတွင် အရှေ့တောင်အာရှသားများသည် “အာရှတိုက်သည်အာရှတိုက်သားများအတွက်သာဖြစ်သည်” ဟူသောဆောင်ပုဒ်ကိုယုံကြည်၍ဂျပန်ကို လက်ခံကြိုဆိုခဲ့သည်။ ဂျပန်အုပ်ချုပ်မှုသည် အရှေ့တောင်အာရှသားများအတွက်ပိုမိုကောင်းမွန်မည်ဟု ထင်မြင်ခဲ့ ကြသည်။ သို့သော် ဂျပန်များသည် ကိုလိုနီစနစ်ကျင့်သုံးသော ဥရောပတိုက်သားများကဲ့သို့ပင်အလွန်ဆိုးရွားခဲ့သည်။

သက္ကရာဇ် ၁၉၄၅ ခုနှစ်တွင် ဂျပန်လက်နက်ချသောအခါ အရှေ့တောင်အာရှသားများသည် ကိုလိုနီစနစ်ကိုမလိုလားတော့ပေ။ အချို့နိုင်ငံများသည် စစ်ပွဲအနည်းငယ်ဆင်နွှဲရုံမျှဖြင့် လွတ်လပ်ရေးကိုရယူနိုင်ခဲ့ကြသည်။ သို့သော် အချို့နိုင်ငံများသည် လွတ်လပ်ရေးအတွက် အချိန်ကြာစွာ ခက်ခက်ခဲခဲဆင်နွှဲ တိုက်ခိုက်ခဲ့ရသည့်နိုင်ငံများလည်း ရှိခဲ့သည်။

| လေ့ကျင့်ခန်း |
| --- |
| **သဘောပေါက်နိုင်မှု ကိုယ်ပိုင်အမြင် ဖော်ပြခြင်း** |

က။ ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများကို အဘယ့်ကြောင့် ထိန်းချုပ်လိုခဲ့သနည်း။
ခ။ အရှေ့တောင်အာရှတိုက်သားများသည် အစောပိုင်းတွင် ဂျပန်ကိုအဘယ်ကြောင့် လက်ခံကြိုဆိုခဲ့သနည်း။
ဂ။ ၁၉၄၅ ခုနှစ်တွင်ဂျပန်လက်နက်ချပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအတွက် မည်သည့် အရေးကြီးကိစ္စပေါ်ပေါက်ခဲ့သနည်း။
ဃ။ ယခင်စာမျက်နှာတွင်ပေးထားသော ပိုစတာကိုလေ့လာပါ။ သင်သည်ဥရောပတိုက်သားအုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့သူတစ်ယောက်ဖြစ်ခဲ့ပါက မည်သို့ခံစားရမည်နည်း။

| တိုးချဲ့လေ့ကျင့်ခန်း |
| --- |
| **အချက်အလက်အသုံးချခြင်းနှင့်တင်ပြခြင်း** |

သင်လေ့လာပြီးသောကိုလိုနီစနစ် အဆင့်နှစ်ဆင့်အကြောင်းကိုရေးပါ။
အောက်ပါမေးခွန်းတို့ကိုလည်းထည့်သွင်းစဉ်းစားပါ။
ကိုလိုနီစနစ်မည်သို့စတင်ခဲ့သနည်း။
ကိုလိုနီစနစ် ပထမတစ်ဆင့်သည် ဒုတိယအဆင့်ဖြစ်ပေါ်လာရန်မည်သို့တွန်းအားပေးခဲ့သနည်း။
ဥရောပတိုက်သားများသည် အရှေ့တောင်အာရှနိုင်ငံများကို ထိန်းချုပ်နိုင်ရန်မည်သို့ ဆောင်ရွက်ခဲ့ကြသနည်း။

## ၃။(၄)ကိုလိုနီအုပ်ချုပ်မှု အကျိုးသက်ရောက်မှု

အဓိကဝေါဟာရများ

| | |
|---|---|
| လက်မှုပညာရှင်(နာမ်) | -လက်မှုအတတ်ပညာတစ်မျိုးကိုကျွမ်းကျင်သူ။ |
| အသက်မွေးဝမ်းကျောင်း(နာမ်) | -ဘဝတစ်လျှောက်လုံး ကြိုးပမ်းလုပ်ကိုင်လာခဲ့သောလုပ်ငန်း(သို့မဟုတ်)အလုပ်အကိုင်။ |
| ရောင်းကုန်သီးနှံ(နာမ်) | - ဆန်၊ ကော်ဖီ၊ နံနတ်သီး၊ ဘိန်း စသည့် လူတို့စိုက်ပျိုးသော အသီးအနှံများ။ |
| ထောက်ပံ့(ကြိယာ) | - ကူညီသည်၊ တစ်စုံတစ်ခုသောအကြောင်းကြောင့်ပေးကမ်းသည်။ |
| ယုတ်လျော့(ကြိယာ) | - ကျဆင်းသည်၊ နည်းပါးသွားသည် သို့မဟုတ် ပိုမိုဆိုးရွားသွားသည်။ |
| စိတ်ဆန္ဒလျော့စေသည်(ကြိယာ) | -အခြားသူများ ကြိုးပမ်းမှုကိုယုတ်လျော့စေရန်ပြောဆိုသည်၊ လုပ်ဆောင်သည်။ |
| ငတ်မွတ်ခေါင်းပါးခြင်း(ကြိယာ) | -အချိန်ကြာမြင့်စွာအစားအစာပြတ်လပ်ခြင်းကြောင့် လူအများဆာလောင်မွတ်သိပ်နေခြင်း။ |
| အကျိုးသက်ရောက်မှု(နာမ်) | - လွှမ်းမိုးမှု၊ အကျိုးရလဒ်၊ သက်ရောက်မှု။ |
| အားသွန်ခွန်စိုက် | - အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ခြင်း။ |
| အကျိုးအမြတ်ရှိသော(နာမဝိသေသန) | -ဝင်ငွေရစေသော။ |
| တည်ဆောက်ပုံစနစ်(နာမ်) | - အနေအထား၊ တစ်စုံတစ်ခုကိုဖွဲ့စည်းထားပုံ၊ တစ်စုံတစ်ခုလုပ်ဆောင်ပုံ။ |
| အနှံ့အပြား(နာမဝိသေသန) | - ယေဘုယျ၊  မကြာမခဏဖြစ်လေ့ရှိသော၊ နေရာတိုင်းတွင်တွေ့နိုင်သော။ |

**ကြိုတင်လေ့လာခြင်း**

**တွေးခေါ်ခြင်း**

ကိုလိုနီစနစ်ဆိုသည်မှာ အဘယ်နည်း။ ၄င်းအကြောင်းကို သင်မည်မျှသိသနည်း။

**ဆွေးနွေးခန်း**

က။ ကိုလိုနီအုပ်ချုပ်မှုသည် ကိုလိုနီနိုင်ငံများတွင်နေထိုင်သောသူများပေါ် မည်သို့ဩဇာလွှမ်းမိုးမှုရှိသနည်း။

ခ။ နေထိုင်သူတို့ဘဝကို မည်သည့်ရှုထောင့်များအရ ထိခိုက်နိုင်သနည်း။

## စီးပွားရေးပေါ် သက်ရောက်မှု

ကိုလိုနီစနစ်သည် အရှေ့တောင်အာရှဒေသစီးပွားရေးကို ပြောင်းလဲစေခဲ့သည်။ ဥရောပတိုက်သားများသည် ဂျားဗားကျွန်း၊ မလေးရှား နှင့်အင်ဒိုချိုင်းနားကျွမ်းဆွယ်တို့တွင် နိုင်ငံခြားသို့တင်ပို့ရန်အတွက် ရောင်းကုန်သီးနှံများကို စိုက်ပျိုးစေခဲ့သည်။ ဤသို့ဖြင့် ဒေသတွင်းစီးပွားရေးသည် ဥရောပဈေးကွက်ကို မှီခိုအားထားရသောအခြေအနေသို့ ရောက်ရှိခဲ့ရသည်။

ဥရောပတိုက်သားများသည်လည်း ၎င်းတို့လက်အောက်ခံနိုင်ငံများသို့ စက်မှုထုတ်ကုန်များဖြစ်သော အဝတ်အထည်များ၊ ပစ္စည်းကိရိယာများနှင့် အခြားထုတ်ကုန်များကို ဈေးသက်သာစွာတင်ပို့ရောင်းချသည်။ ဤသို့ရောင်းချခြင်းသည် ဒေသတွင်းလက်မှုလုပ်ငန်းများကိုအလွန်ပင်ထိခိုက်ခဲ့သည်။ ဒေသတွင်းလက်မှုလုပ်ငန်းရှင်များသည် စက်မှုထုတ်ကုန်များကိုမယှဉ်ပြိုင်နိုင်တော့သဖြင့် စီပွားရေးအခွင့်အလမ်းများဆုံးရှုံးကြရသည်။ အကျိုးဆက်အနေဖြင့် အရှေ့တောင်အာရှစီးပွားရေးသည် စက်မှုတိုးတက်သောနိုင်ငံများ ထုတ်ကုန်များပေါ် မှီခိုအားထားရသောအခြေအနေသို့ ရောက်ရှိခဲ့ရသည်။

**လေ့ကျင့်ခန်း**
**အတိုချုံးခြင်း**
**ဦးစားပေးလုပ်ဆောင်ခြင်း**

ကိုလိုနီစနစ် စီးပွားရေးအပေါ် သက်ရောက်မှုအဓိကအချက်များကို အနှစ်ချုပ်ထုတ်ရေးပါ။

**ကြိုတင်လေ့လာခြင်း**
**ခန့်မှန်းခြင်း**

ကိုလိုနီနိုင်ငံ(နယ်ချဲ့လက်အောက်ခံနိုင်ငံ)များ လူမှုရေးပေါ်မည်သည့်အကျိုးသက်ရောက်မှုများရှိခဲ့သနည်း။ နိုင်ငံရေးပေါ်တွင်လည်း မည်သည့်အကျိုးသက်ရောက်မှုရှိခဲ့သနည်း။

## လူမှုရေးနှင့် နိုင်ငံရေးတို့ပေါ် အကျိုးသက်ရောက်မှု



အုပ်ချုပ်သူ ဥရောပတိုက်သားများသည် မိမိတို့လက်အောက်ခံနိုင်ငံ အစိုးရများ ကိုဖယ်ရှား၍ အသစ်တင်မြှောက်ခဲ့သည်။ ဥပမာ-အရှေ့တီမော ကဲ့သို့သောအချို့ နိုင်ငံများတွင် အစိုးရသစ်တင်မြှောက်ရာ ဒေသခံခေါင်းဆောင်များ ကိုအသုံးပြုခဲ့ ကြသည်။ ဤသို့ဖြင့် ဒေသခံလူမှုအဖွဲ့အစည်းအခြေခံတည် ဆောက်ပုံပျက် စီးခြင်း မှရှောင်ရှားနိုင်ခဲ့သည်။ ဆိုလိုသည်မှာ လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် ဒေသခံများသည် ကိုယ်ပိုင်ခေါင်းဆောင်မှုကို အောင်မြင်စွာဖွဲ့စည်းနိုင်သော အနေအထားတွင်ရှိသည်။

အိန္ဒိယနိုင်ငံကဲ့သို့သော အခြားနိုင်ငံများတွင် ဒေသခံအစိုးရကို ဗြိတိသျှအရာရှိများဖြင့် အစားထိုးခဲ့သည်။ အိန္ဒိယလူမျိုးများသည် မိမိတို့အစိုးရအတွင်းအာဏာပိုင်ဖြစ်ခွင့်နှင့် တာဝန်ထမ်းဆောင်ခွင့်များ မရရှိခဲ့ပေ။ ရာစုနှစ်များစွာတည်ရှိခဲ့သောဒေသတွင်း လူမှုရေးနှင့် နိုင်ငံရေးစနစ်များဖျက်ဆီးခြင်းခံခဲ့ရပြီး မိမိတို့နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရန် အခွင့်များလည်းမရှိခဲ့ပေ။



နိုင်ငံရပ်ခြားအုပ်ချုပ်သူများသည် ၎င်းတို့အတွက် အကျိုးအမြတ်များစွာကို ဖြစ်ထွန်းစေသော သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို တည်ဆောက်ခဲ့သည်။ ဒေသခံများကို အုပ်ချုပ်ရေး၊ ပညာရေးနှင့် ဆေးပညာစသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးနိုင်ရန် စာသင်ကျောင်းများနှင့် တက္ကသိုလ်များကိုဖွင့်လှစ်ခဲ့သည်။ ကိုလိုနီအုပ်ချုပ်သူများ မစဉ်းစားမိသောအချက်မှာ ပညာရေးအခြားရလဒ်များဖြစ်သည်။ ထိုပညာရေးသည် ပညာတတ်လူတန်းစားတစ်ရပ်ကို ပေါ်ပေါက်စေပြီး အမျိုးသားရေးဝါဒကို ကြီးထွားလာစေသည်။

ကိုလိုနီစနစ်အရေးပါသော ရလဒ်တစ်ခုမှာ နယ်ခြားနယ်နမိတ်စည်းခြားသတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှသို့ ဥရောပတိုက်သားများ မရောက်လာမီနှင့် စတင်မအုပ်ချုပ်မီ နိုင်ငံများအကြားတွင် တရားဝင်နယ်ခြားသတ်မှတ်ခြင်းမရှိခဲ့ပေ။ ထိုအချိန်တွင်နိုင်ငံများ နယ်ခြားတို့သည်သတ်မှတ်ချက်တိတိကျကျမရှိဘဲ မကြာခဏပြောင်းလဲသည်။ နိုင်ငံများကိုအများအားဖြင့် မြစ်များ၊ တောင်များဖြင့် နယ်ခြားသတ်မှတ်သည်။ လူတို့သည် မိမိအလိုရှိလျှင် တစ်နေရာမှ အခြားတစ်နေရာသို့ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်သည်။ လူနည်းစုလူမျိုးများနှင့် တောင်ပေါ်နေမျိုးနွယ်စုများသည် နှစ်နိုင်ငံကြားတောင်တန်းများပေါ်တွင် နေထိုင်ကြပြီး ၎င်းတို့ကို မည်သည့်နိုင်ငံကမျှသီးသန့် အုပ်ချုပ်ခြင်း ခြင်းမရှိခဲ့ပါ။



**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု အမျိုးအစားခွဲခြင်း**

(က) ကိုလိုနီနိုင်ငံ အစိုးရနှစ်မျိုးကို ဖော်ပြပါ။

(ခ) ကိုလိုနီစနစ်စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးပေါ် သက်ရောက်မှုများကိုဖော်ပြပါ။
အဖြေများကို ဇယားကွက်ထဲတွင်ဖြည့်ပါ။

| စီးပွားရေးအပေါ် | နိုင်ငံရေးအပေါ် | လူမှုရေးအပေါ် |
|---|---|---|
| | | |

**လေ့ကျင့်ခန်း**
**အတိုချုံးခြင်း**

လူမှုရေးနှင့် နိုင်ငံရေးပေါ်အကျိုးသက်ရောက်မှုအကြောင်းကို တဖန်ဖတ်ရှုလေ့လာပါ။
ထို့နောက် စာပိုဒ်တပိုဒ်စီကိုစာကြောင်းတစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းဖြင့်အတိုချုံးပါ။

**လေ့ကျင့်ခန်း**
**အဓိကအချက် ဖော်ထုတ်ခြင်း**

အောက်ပါစာပိုဒ်များသည် အိန္ဒိယနိုင်ငံပေါ် ကိုလိုနီစနစ်အကျိုးသက်ရောက်မှုအကြောင်းဖြစ်သည်။
၎င်းကိုလေ့လာ၍ မည်သည့်ရှုထောင့်အကြောင်းဖြစ်သည်ကို ဖော်ထုတ်ပါ။
(နိုင်ငံရေး၊ လူမှုအသိုင်းအဝိုင်း၊ စီးပွားရေး၊ ဘာသာရေး သို့မဟုတ် အခြားအကြောင်းများ )။

သက္ကရာဇ် ၁၈၀၀ခုနှစ်အလယ်ပိုင်းသည် ဗြိတိန်နိုင်ငံစက်မှုတော်လှန်ရေး အပြင်းထန်ဆုံးအချိန်ဖြစ်သည်။ ဗြိတိသျှ စက်မှုလုပ်ငန်း ရှင်များသည် မိမိတို့ကုန်ပစ္စည်းအတွက် အိန္ဒိယနိုင်ငံကို ဈေးကွက်တစ်ခုမြင်လာခဲ့သည်။ ၎င်းတို့သည်ဒေသတွင်းအိန္ဒိယ စက်ရုံများလည်ပတ်မှုကို ယုတ်လျော့စေခဲ့သည်။ ထို့အပြင်သတ်မှတ်ချက်များဖြင့်သာ အိန္ဒိယသွင်းကုန်များကို တင်သွင်းရမည်ဟူ၍ ဥပဒေများ ပြဋ္ဌာန်းခဲ့သည်။ အကျိုးဆက်အနေဖြင့် အိန္ဒိယစက်ရုံများလျော့နည်းသွားပြီး ဒေသထုတ်ကုန်များလည်း ပပျောက်ခဲ့သည်။ ထို့ကြောင့်အိန္ဒိယတို့သည် ဒေသတွင်းထုတ်ကုန်များအစား ဗြိတိသျှထုတ်ကုန်များကို ဝယ်ယူသုံးစွဲရသည်။ ဗြိတိသျှသွင်းကုန်များကို ဝယ်ယူရန်အတွက် အိန္ဒိယလူမျိုးတို့သည် ရောင်းကုန်သီးနှံများဖြစ်သော လက်ဖက်၊ငရုတ်ကောင်း၊ ကော်ဖီနှင့်ဝါဂွမ်းများကိုပိုမိုစိုက်ပျိုးရသည်။ အိန္ဒိယနိုင်ငံတွင် အစားအစာများကိုစိုက်ပျိုးမှုလျော့နည်းလာသောကြောင့် ငတ်မွတ်ခေါင်းပါးမှုသည် နေရာအနှံ့တွင်မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ဤပြောင်းလဲမှုသည် အိန္ဒိယနိုင်ငံရိုးရာ စီပွားရေးစနစ်ကိုဖျက်ဆီးခဲ့ပြီး စီးပွားရေးအားဖြင့်ဗြိတိသျှတို့အပေါ် မှီခိုမှုဖြစ်ပေါ်စေသည်။

**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု အတိုချုံးခြင်း**

က။ ၁၈၀၀ခုနှစ်အလယ်ပိုင်းတွင် အိန္ဒယနိုင်ငံသည် မည်သည့်ကုန်ပစ္စည်းများကို အများဆုံးတင်သွင်းခဲ့သနည်း။

ခ။ ထိုအချိန် အိန္ဒိယနိုင်ငံသည် မည်သည့်ကုန်ပစ္စည်းများကို တင်ပို့သနည်း။ (အခြားနိုင်ငံများသို့ရောင်းရန်)။

ဂ။ ကိုလိုနီစနစ်သည် အိန္ဒိယနိုင်ငံ ရိုးရာစီးပွားရေးကို မည်သို့ထိခိုက်ခဲ့သနည်း။

ယ။ အောက်တွင်ပေးထားသော အနှစ်ချုပ်လေးခုအနက် ပေးထားသောအကြောင်းအရာအတွက် အမှန်ကန်ဆုံးအနှစ်ချုပ်ကိုရွေးပါ။

(၁)
- ၁၈၀၀ခုနှစ်အလယ်ပိုင်းတွင် အိန္ဒိယနိုင်ငံသည် ၄င်းထုတ်ကုန်များအတွက် ဈေးကွက်ပိုမိုလိုအပ်လာသည်။
- ထိုထုတ်ကုန်များကို ဗြိတိသျှများအားအတင်းအကြပ်ဝယ်ယူစေသည်။
- ဤသို့ဖြင့် ဗြိတိသျှစက်ရုံလည်ပတ်မှုကိုယုတ်လျော့စေသည်။
- ဗြိတိန်သည် ရောင်းကုန်သီးနှံများ ပိုမိုစိုက်ပျိုးလာပြီး စားပင်သီးနှံများလျော့စိုက်လာသည်။
- အကျိုးဆက်အနေဖြင့် ဗြိတိန်သည် စီးပွားရေးအရ အိန္ဒိယအပေါ် မှီခိုခဲ့ရသည်။

(၂)
- ငတ်မွတ်ခေါင်းပါးမှုမကြာခဏဖြစ်လာပြီး အိန္ဒိယနိုင်ငံသည် စီးပွားရေးအရ ဗြိတိန်ပေါ် မှီခိုခဲ့ရသည်။
- ထုတ်ကုန်များကို အိန္ဒိယအား အတင်းအကြပ်ဝယ်ခိုင်းသည်။
- အိန္ဒိယလူမျိုးများသည် ရောင်းကုန်သီးနှံများကို ပိုမိုစိုက်ပျိုးလာပြီး စားပင်သီးနှံများကိုလျော့စိုက်လာသည်။
- ဗြိတိန်သည် ၄င်းထုတ်ကုန်များအတွက် ဈေးကွက်တစ်ခုလိုအပ်လာသည်။

(၃)
- ထုတ်ကုန်များကို အိန္ဒိယအား အတင်းအကြပ်ဝယ်ခိုင်းသည်။
- ဤသို့ဖြင့် အိန္ဒိယစက်ရုံများ လည်ပတ်မှုကို ယုတ်လျော့စေပြီး အိန္ဒိယစီးပွားရေးကို ပျက်စီးစေသည်။
- အိန္ဒိယလူမျိုးများသည် ရောင်းကုန်သီးနှံများကို ပိုမိုစိုက်ပျိုးလာပြီး စားပင်သီးနှံများကိုလျော့စိုက်လာသည်။
- ငတ်မွတ်ခေါင်းပါးမှုမကြာခဏဖြစ်လာပြီး အိန္ဒိယနိုင်ငံသည် စီးပွားရေးအားဖြင့် ဗြိတိန်ပေါ် မှီခိုခဲ့ရသည်။

(၄)
- ၁၈၀၀ခုနှစ်အလယ်ပိုင်းသည် ဗြိတိန်နိုင်ငံ စက်မှုတော်လှန်ရေးအပြင်းထန်ဆုံးအချိန်ဖြစ်သည်။
- ဗြိတိသျှစက်မှုလုပ်ငန်းရှင်များသည် မိမိတို့ကုန်ပစ္စည်းများအတွက် အိန္ဒိယနိုင်ငံကို ဈေးကွက်တစ်ခုအဖြစ် မြင်လာသည်။
- အိန္ဒိယနိုင်ငံ စက်ရုံလည်ပတ်မှုကို ယုတ်လျော့စေသည်။
- အိန္ဒိယထုတ်ကုန်တင်သွင်းမှုကို တင်းကြပ်သောဥပဒေများဖြင့် ပြဋ္ဌာန်းချုပ်ချယ်ခဲ့သည်။
- အကျိုးဆက်အနေဖြင့် အိန္ဒိယစက်ရုံလည်ပတ်မှုယုတ်လျော့ခဲ့ပြီး ဒေသတွင်းထုတ်ကုန်များပပျောက်ခဲ့ရသည်။

ထိုကြောင့် အိန္ဒိယနိုင်ငံသည် ဈေးကြီးသောဗြိတိသျှလုပ် ထုတ်ကုန်များကိုဝယ်ယူသုံးစွဲရသည်။

**ဖြစ်ရပ်လေ့လာခြင်း** ရိန်းနာမိသားစုသည် ရက်ကန်းယက်သူများဖြစ်သည်။ သူမအမေနှင့် အဖွားတို့သည် ရိုးရာစဉ်လာအားဖြင့် ယက်ကန်းယက်သူများဖြစ်သည်။ လှပသောရိုးရာအထည်များကို ရက်လုပ်ပြီးဈေးထဲတွင် ဆိုင်တစ်ဆိုင်ဖွင့်၍ ရောင်းချခြင်းဖြင့် အသက်မွေးခဲ့ကြသည်။ သူမမိသားစုသည် မချမ်းသာသော်လည်း အသင့်အတင့် နေထိုင်နိုင်ခဲ့သည်။ရိန်းနာသည် သူမမိခင်ထံမှရက်ကန်းပညာကိုသင်ယူပြီး အသက်မွေးဝမ်းကျောင်းပြုသည်။ သူမနေထိုင်သောနိုင်ငံကို ဗြိတိန်မှ ကိုလိုနီစနစ်ဖြင့်စတင်အုပ်ချုပ်သောအခါ သူမအတတ်ပညာဖြင့် အသက်မွေးနိုင်ရန်အလွန်ခဲယဉ်းလာသည်။ ဈေးပေါသော ဗြိတိန်ထုတ်စက်မှုထုတ် အထည်များကိုသင်္ဘောများကမကြာမဏတင်ဆောင်လာသည်။ ထိုအထည်များသည် အလွန်ပင်ဈေးပေါသည်။ ထို့အပြင် ပုံစံတူအဝတ်အထည်များကိုလည်း စက်ဖြင့် အရေအတွက်များပြားစွာ ထုတ်လုပ်နိုင်သည်။ ရိန်းနာကဲ့သို့သော အမျိုးသမီးများပြုလုပ်သည့် အရည်အသွေးကောင်းသော အထည်များနှင့် နှိုင်းယှဉ်ပါကအလွန်ပင်ဈေးတော်သည်။ ဈေးပေါသောစက်မှုထုတ်အဝတ်အထည်များကို ဝယ်ယူသူများသည်။ ယျွအခါသူမ အတတ်ပညာကိုအသုံးပြု၍ အသက်မွေးရန်မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သူမဆိုင်ကိုဖျက်ပြီး မြို့ထဲရှိလူ ချမ်းသာတစ်ဦးအိမ်တွင်အိမ်ဖော်အဖြစ် အလုပ်လုပ်ရသည်။ သူမကလေးများ ပညာသင်စရိတ်ကိုလည်း မထောက်ပံ့နိုင်တော့ပေ။ ဈေးပေါသည့် ဗြိတိန်နိုင်ငံထုတ်အထည်များကြောင့် ရက်ကန်းယက်ယူများနှင့်လက်မှုပညာသည်များလည်း (စီးပွားပျက်) စီးပွားရေးဆုံးရှုံးကြရသည်။

**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု**
**အချက်အလက်အသုံးချခြင်း**

(က)ဤဖြစ်ရပ်သည် မည်သည့်အကြောင်းဖြစ်သနည်း။
(ခ)ကိုလိုနီစနစ် မည်သည့်အကျိုးသက်ရောက်မှုကို ဖော်ပြထားသနည်း။
(ဂ)နေထိုင်မှုဘဝကို အခြားမည်သည့်ရှုထောင့်လည်း ထိခိုက်နိုင်သနည်း။(လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးပေါ် မည်သည့်သက်ရောက်မှုများရှိသနည်း။)
(ဃ)ပစ္စည်းထုတ်လုပ်ရာတွင် စက်ဖြင့် သို့မဟုတ် လက်ဖြင့်ပိုကောင်းပါသလား။

**တိုးချဲ့လေ့ကျင့်ခန်း**
**သရုပ်ဆောင်ခြင်း**

နှစ်ယောက်တစ်တွဲတွဲ၍ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ပါ။ သင်တို့နှစ်ဦးထဲမှတစ်ဦးသည် ရိန်းနာအဖြစ်သရုပ်ဆောင်ပြီး၊ ကျန်တစ်ဦးမှာ သတင်းထောက်အဖြစ်သရုပ်ဆောင်ရမည်။ သတင်းထောက်တစ်ဦးသည် ရိန်းနာဘဝအကြောင်းကိုမေးမြန်းရန် မေးခွန်းအချို့ထုတ်ထားရမည်။ ရှိန်နာကလည်း မိမိဘဝတစ်လျှောက်အရေးကြီးသောအချက်များကို အကြမ်းမျဉ်း ရေးမှတ်ထားခြင်းဖြင့် ပြင်ဆင်ထားရမည်။

## ၃။(၅)အမျိုးသားရေးစိတ်ဓာတ်ကြီးထွားလာခြင်း


**အဓိကဝေါဟာရများ**

| | |
|---|---|
| ရေးရာ(နာမ်) | -အကြောင်း၊ ကိစ္စ။ |
| ဖိနှိပ်ချုပ်ချယ်(နာမဝိသေသန) | -အင်အားကြီးသော၊ အခြားသူများကိုထိန်းချုပ်လိုသော။ |
| ခုခံ(ကြိယာ) | -ကင်းကင်းနေသည်၊ တစ်စုံတစ်ခုကိုအရှုံးမပေးဘဲလုပ်သည်။ |
| ဆုတ်ခွာ(ကြိယာ) | -နောက်ဆုတ်သည်၊ ရုပ်သိမ်းသည် သို့မဟုတ် ဝေးရာသို့နေရာပြောင်းသည်။ |
| လေးနက်(ကြိယာ) | -တစ်စုံတစ်ခုအရေးပါကြောင်းကို ညွှန်ပြသည်၊ သို့မဟုတ် ထင်ရှားစေသည်။ |
| ပျဉ်(နာမ်) | - သစ်သား၊ တစ်စုံတစ်ခုမပြုလုပ်ရသေးသော ဖြတ်ထားပြီးသားသစ်သား။ |

**လေ့ကျင့်ခန်း**
**အနက်ဖွင့်ခြင်း**
**လွတ်လပ်စွာရေးသားခြင်း**

အမျိုးသားရေးဝါဒဆိုသည်မှာအဘယ်နည်း။
ဤချိန်(၅)မိနစ်အတွင်း အမျိုးသားရေးဝါဒနှင့်ပတ်သက်၍ သင်စဉ်းစားမိသောအရာမှန်သမျှ ချရေးပါ။
သင်ရေးချသောအချက်အလက်များကို အခြားသူများနှင့်ဆွေးနွေးပါ။

၁၉၀၀ ခုနှစ်အစောပိုင်းတွင် အရှေ့တောင်အာရှဒေသအနှံ့တွင် အမျိုးရေးလှုပ်ရှားမှုများစတင်ခဲ့သည်။ အမျိုးသားရေးလှုပ်ရှားသူများ သည် မိမိတို့လူမျိုးရိုးရာဓလေ့ထုံးတမ်းနှင့် သမိုင်းကြောင်းကို အထူးဂုဏ်ယူဟစ်ကြွေးကြပြီးလွတ်လပ်ရေးရယူနိုင်ရန်အတွက် နေရာတိုင်းတွင် အင်အားများစုစည်းနိုင်ခဲ့သည်။




ဒုတိယကမ္ဘာစစ်အတွင်းတွင် အရှေ့တောင်အာရှဒေသအများစုကို ဂျပန်နိုင်ငံကသိမ်းယူခဲ့သည်။ အရှေ့တောင်အာရှရှိ အမျိုးသားရေးဝါဒီအချို့သည် ဂျပန်ကို အစောပိုင်းတွင်ကြိုဆိုခဲ့ကြသည်။၎င်းတို့သည် ဂျပန်ကပြင်သစ်၊ ဗြိတိန်နှင့်ဒတ်ချ်များအားတိုက်ထုတ်ခဲ့သည်ကို အားပေးခဲ့ကြသည်။ ထို့နောက် ဂျပန်တို့သည် အာရှတိုက်သားများကြားတွင် ပူးပေါင်းမှုလိုအပ်ကြောင်း၊ ဗုဒ္ဓဘာသာနိုင်ငံများတွင် ဘုံဘာသာကို ကာကွယ်ရန် တာဝန်ရှိကြောင်း လေးလေးနက်နက် ပြောဆိုခြင်းဖြင့် ဒေသတွင်းထောက်ခံမှုကို ကြိုးစားရယူခဲ့သည်။
သို့သော်လည်း ဂျပန်စစ်တပ်ကိုဆန့်ကျင်သော မည်သူ့ကိုမဆို ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည်။ ဥရောပနယ်ချဲ့အင်အားကြီး နိုင်ငံများကိုဆန့်ကျင့်သော အမျိုးသားရေးလှုပ်ရှားသူများသည် များမကြာမီပင် ဂျပန်ကိုတွန်းလှန်ခဲ့ကြသည်။ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များသည် ဂျပန်ကို ခုခံတွန်းလှန်သော ဒေသခံအုပ်စုများကို လက်နက်ခဲယမ်းများထောက်ပံ့ခဲ့သည်။ အကျိုးဆက်အနေဖြင့် ၁၉၄၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံအချို့သည် လက်နက်အပြည့်အဝပိုင်ဆိုင်ထားကြပြီး ပျောက်ကျားစစ်ပွဲများကို ဖော်ထုတ်ရင်ဆိုင် တွန်းလှန်တိုက်ခိုက်ခဲ့ကြရသည်။

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု အကြောင်းနှင့်အကျိုး ခွဲခြားသတ်မှတ်နိုင်ခြင်း**

က။ ၁၉၀၀ခုနှစ်ဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သော အမျိုးသားရေးဝါဒီများ လိုလားချက်များကို ဖော်ပြပါ။
ခ။ ကိုလိုနီလက်အောက်ခံနိုင်ငံများတွင် နေထိုင်သူများသည် အဘယ်ကြောင့် လွတ်လပ်ရေး လိုလားကြသနည်း။ အကြောင်းပြချက်အချို့ပေး၍ ၎င်းအကြောင်းပြချက်များကို အမည်နှင့်အတူဖော်ပြပါ။
ဂ။ ဇယားကွက်ပြုလုပ်၍ အကြောင်းပြချက်များကို နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးခေါင်းစဉ် အောက်တွင်ရေးပါ။

**ဆွေးနွေးခန်း**

**နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း**

ပေးထားသောဂျပန်သုံး စစ်ပိုစတာကို လေ့လာကြည့်ပါ။ ဥရောပကိုလိုနီစနစ်အောက် နေထိုင်ခဲ့ရသူ အာရှတိုက်သားတစ်ဦးဖြစ်ပါက မည်သို့ခံစားရမည်နည်း။ ယခင်ဂျပန်လူမျိုး ခေါင်းစဉ်အောက်ရှိ ပိုစတာနှင့် မည်သို့ခြားနားသနည်း။

အောက်တွင်ပေးထားသော ဇင်ဘလာ(zembla) နိုင်ငံလေးအကြောင်းကိုလေ့လာပါ။ ဇင်ဘလာသည် အမှန်တကယ်မရှိပါ။ စိတ်ကူးယဉ် နိုင်ငံလေးတစ်နိုင်ငံသာ ဖြစ်သည်

## ဖြစ်ရပ်လေ့လာခြင်း

ဇင်ဘလါသည် လွန်ခဲ့သောနှစ်ရာပေါင်းအတော်ကြာထဲက အင်အားကြီးဥရောပနိုင်ငံတစ်နိုင်ငံ လက်အောက်ခံနိုင်ငံဖြစ်ခဲ့သည်။ သို့ရာတွင် လိုနီအုပ်ချုပ်မှုသည် အလွန်ဖိနှိပ်ချုပ်ချယ်မှုမရှိပါ။ ကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်သော်လည်း ဒေသခံအစိုးရစနစ်ဖြင့် အုပ်ချုပ်ခွင့်ရသည်။ ဇင်ဘလါလူမျိုးများသည် မိမိတို့နိုင်ငံပညာရေး၊ ဘာသာရေးစသော ပြည်တွင်းရေးရာများကို စီမံအုပ်ချုပ်ခွင့်ရသည်။

ဇင်ဘလါနိုင်ငံတွင် သစ်ပေါကြွယ်ဝပြီး လူများသည် စားသုံးရန်နှင့်တင်ပို့ရန်အတွက်ကိုပါ ဆန်စပါးများကို လုံလုံလောက်လောက်စိုက်ပျိုးကြသည်။ သို့သော် ၄င်းတို့နိုင်ငံတွင် ရေနံ၊ သဘာဝဓာတ်ငွေ့အများအပြား မထွက်ပါ။



ရာစုနှစ်ပေါင်းများစွာကြာ ဇင်ဘလါလက်မှုပညာသည်များသည် ထိုဒေသတွင်းတွင် အကောင်းဆုံးဟု သတ်မှတ်ခံရသော လက်ရာမြောက် ဝါဂွမ်းထည်များနှင့် ကမ္ဘာတစ်ဝှမ်း လူကြိုက်များသော ကြွေထည်ပစ္စည်းများကို ထုတ်လုပ်လာခဲ့ကြသည်။ သို့သော်နောက်ပိုင်းတွင် ဥရောပမှ ဈေးပေါသောကုန်ပစ္စည်းများ အရေအတွက်များစွာ ရောက်ရှိလာပြီးနောက် ဒေသခံလက်မှုလုပ်ငန်းများလည်း မလည်ပတ်နိုင်တော့ပေ။ထို့အပြင် နိုင်ငံရပ်ခြားသို့တင်ပို့ရောင်းချနိုင်ရန်အတွက် ဇင်ဘလါနိုင်ငံနေရာ အနှံ့အပြားတွင် ငှက်ပျောနှင့် အုန်းပင်များကိုစိုက် ပျိုးကြသည်။ ဆင်းရဲသောသူများသည် ဝင်ငွေရရှိရန်အတွက် စိုက်ခင်းများတွင် အလုပ်လုပ်ကိုင်ရပြီး ဆန်စပါးမစိုက်ပျိုးနိုင်တော့ပေ။

**တိုးချဲ့လေ့ကျင့်ခန်း**
**သရုပ်ဆောင်ခြင်း**

အုပ်စုဖွဲ့ပြီး သင့်အုပ်စုအား ဇင်ဘလါအမျိုးသားရေး လှုပ်ရှားသူများအဖြစ်ယူဆပါ။ သင်သည် ဇင်ဘလါ လွတ်လပ်ရေးရယူရန်အတွက် နိုင်ငံရေးပါတီတစ်ပါတီထောင်မည်။ သင့်သဘောထားနှင့် ရပ်တည်ချက်တို့ကို ပြည်သူလူထုအား ရှင်းပြရမည်ဖြစ်ပြီး လွတ်လပ်ရေးရယူရန်အတွက် ဆီလျော်သည့် အကြောင်းပြချက်များလည်းတင်ပြရမည်ဖြစ်မည်။ သင့်တင်ပြချက်တွင် အောက်ပါအချက်အလက်များကိုထည့်သွင်းပါ။

- သင့်ပါတီ မူဝါဒလမ်းစဉ် (Party platform)မှာအဘယ်နည်း။ ဆိုလိုသည်မှာ သင့်ပါတီ ရည်မှန်းချက်များနှင့် သင့်ပါတီမှ ကြိုးစားရယူနေသောအရာများကိုဖော်ပြပါ။
- လွတ်လပ်ရေးကြိုးပမ်းရယူရခြင်း အကြောင်းအရင်းများမှာအဘယ်နည်း။ ဇင်ဘလါသည် လွတ်လပ်သောနိုင်ငံ ဖြစ်လာသင့်သည်ဟုအဘယ်ကြောင့် သင့်ပါတီကယုံကြည်ရသနည်း။
- သင့်အကြောင်းပြချက်များကို တင်ပြချက်ဖြင့်ပြပါ။
- ထောက်ခံမှုရရှိရန်အတွက် သင့်ပါတီသဘောထားနှင့် ရပ်တည်ချက်များကို ပြည်သူလူထုအား ရှင်းပြပါ။

အထက်ပါအကြောင်းအရာအားလုံးကိုစုစည်းပြီး အတန်းရှေ့ထွက်၍တင်ပြပါ။

**ဗီယက်နမ်တွင် ကြီးထွားခဲ့သောအမျိုးသားရေးဝါဒ**

**အဓိကဝေါဟာရများ**

| | |
|---|---|
| အဆုံးအဖြတ်ပေးနိုင်(နာမဝိသေသန) | -တိကျပြတ်သားသော၊ ဆုံးဖြတ်ချက်ချရန်အသင့်ရှိသော။ |
| ကျူးကျော်ခြင်း(နာမ်) | -နယ်မြေသစ်သို့အတင်းဝင်ရောက်ခြင်း၊ အောင်နိုင်ခြင်း။ |
| စွန့်ခွာ(ကြိယာ) | -ပြောင်းရွှေ့သည်၊ သို့မဟုတ်ရုပ်သိမ်းသည်။ |
| ဝိုင်းရံ(ကြိယာ) | -မြို့တစ်မြို့ကို ရန်သူစစ်တပ်မှအချိန်ကြာမြင့်စွာဝိုင်းထားသည်။ |
| ကိုယ်ပိုင်အချုပ်အခြာအာဏာ(နာမ်) | -ပြင်ပရှိအခြားသူများ မထိန်းချုပ်ခြင်း၊ မိမိကိုယ်ကိုအုပ်ချုပ်နိုင်ရည်။ |
| လက်နက်ချ(ကြိယာ) | -အရှုံးပေးသည် သို့မဟုတ် အညံ့ခံသည်။ |

**ကြိုတင်လေ့လာခြင်း**

**တွေးခေါ်ခြင်း**
**အစဉ်လိုက်စီခြင်း**

←――――――――――――――――――――→

၁၉၄၀ ၁၉၄၅ ၁၉၄၆ ၁၉၅၄ မေ ၁၉၅၄ အောက်တိုဘာ

က။ ပေးထားသာအချိန်ပြမျဉ်းပေါ်ရှိ နှစ်များအတွင်း ကမ္ဘာပေါ်တွင်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များအကြောင်း ကိုသင်မည်မျှသိသနည်း။

ခ။ ထိုအချိန် အရှေ့တောင်အာရှတွင် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များအကြောင်းကို ဖော်ပြပါ။

ဂ။ သင့်နိုင်ငံတွင်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကိုလည်း မည်မျှသိရှိပါသနည်း။

ဃ။ ထိုနှစ်များအတောအတွင်း ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များအကြောင်းကိုဖော်ပြပါ။

င။ အချိန်အလျားပြမျဉ်းလိုင်းပေါ်တွင် ဖြစ်ရပ်အချို့ကိုထပ်မံတင်ပြနိုင်ပါသလား။

| လေ့ကျင့်ခန်း |
| --- |
| စေ့စပ်စွာဖတ်ခြင်း |

အောက်ပါအကြောင်းအရာကို စေ့စပ်စွာလေ့လာဖတ်ရှုပြီး ၁၉၄၀ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်ကြား ဗီယက်နမ်နိုင်ငံသမိုင်းဖြစ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့သော နိုင်ငံများကို စာရင်းပြုစုပါ။

**ဗီယက်နမ် - အပိုင်း ၁**

၁၉၄၀ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်လက်အောက်ခံဗီယက်နမ်သည် ဂျပန်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ဗီယက်နမ်လွတ်လပ်ရေးခေါင်းဆောင် ဟိုချီမင်းသည် ထိုအခြေအနေကို အခွင့်ကောင်းအဖြစ်အသုံးချ၍ မိမိနိုင်ငံကို လွတ်မြောက်အောင်ကြိုးပမ်းခဲ့သည်။ သူသည် ဗီယမ်မင်းဟုခေါ်သော ဗီယက်နမ်လွတ်လပ်ရေးအတွက်အဖွဲ့ချုပ်တစ်ခု တည်ထောင်ခဲ့သည်။ ဗီယက်နမ်သည် ဂျပန်ကျူးကျော်ဝင်ရောက်မှုအားလုံးကို အောင်မြင်စွာတွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ် စက်ဘာလ ၂ ရက်နေ့တွင် ဟိုချီမင်းသည် လွတ်လပ်ရေးမိန့်ခွန်းမြွက်ကြားခဲ့သည်။

ဒုတိယကမာစစ်ပြီးနောက် ပြင်သစ်နိုင်ငံသည် ဗီယက်နမ်ကို တဖန်ပြန်လည်သိမ်းပိုက်လိုက်သည်။ ၁၉၄၆ ခုနှစ်တွင် ဟိုချီမင်းနှင့် ဗီယက်မင်းအဖွဲ့တို့သည် မိမိတို့လွတ်လပ်ရေးအတွက် ပြင်သစ်တပ်များကိုစတင်တိုက်ခိုက်ခဲ့သည်။ ပြင်သစ်သည် အမေရိကန်နှင့် အချို့ဗီယက်နမ်လူမျိုးများထံမှ ငွေကြေးနှင့် အကူအညီများရရှိခဲ့သည်။ စစ်ပွဲသည်နှစ်ချီ၍ဆက်လက်ဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် ၁၉၅၄ ခုနှစ် ဗီယက်နမ်အရှေ့မြောက်ဘက် ဒီယမ်ဘီယမ်ဖူရွာ အဆုံးအဖြတ်ပေးနိုင်သောဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်မှာ ပြင်သစ်စစ်သား ၁၀၀၀၀ကျော်ကို ဒီယမ်ဘီယမ်ရွာ ၅၅ ရက်ကြာဝိုင်းရံပိတ်ဆို့ခြင်းခံရသဖြင့် ပြင်သစ်များ လက်နက်ချ အရှုံးပေးလိုက်ရာမှ ပြင်သစ်များ ဗီယက်နမ်ကို ဆုတ်ခွာပေးခဲ့သည်။

| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |

က။ ဟိုချီမင်းသည် မည်သည့်အဖွဲ့ကိုတည်ထောင်ခဲ့သနည်း။

ခ။ ဒုတိယကမ္ဘာစစ်ပြီးနောက် ဗီယက်နမ်သည် အဘယ့်ကြောင့်စစ်ပွဲပြန်လည်ဆင်နွှဲခဲ့ရသနည်း။

ဂ။ ပြင်သစ်တပ်များကိုတိုက်ထုတ်နိုင်ရန် ဗီယက်နမ်နိုင်ငံအတွက် အဘယ့်ကြောင့်အလွန်ခဲယဉ်းခဲ့ရသနည်း။

ဃ။ နောက်ဆုံးတွင် ပြင်သစ်သည် အဘယ်ကြောင့်ဗီယက်နမ်မှထွက်ခွာခဲ့ရသနည်း။

**ဗီယက်နမ် - အပိုင်း ၂**

ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံလွတ်လပ်ရေးရရှိသွားပြီးဟုယုံ ကြည်ခဲ့သည်။ သို့သော် ၁၉၅၄ခုနှစ် အောက်တိုဘာလကျင်းပသော ဂျီနီဗာမြို့ အစည်းအဝေးတွင် ယူအက်စ်အေနှင့် အခြားနိုင်ငံများသည် ဗီယက်နမ်နိုင်ငံအတွက် စီမံချက်တစ်ခုချမှတ်ခဲ့သည်။ ဂျီနီဗာသဘောတူညီချက်စာချုပ်တွင် ဗီယက်နမ်ကိုတောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်ဟူ၍ နှစ်နိုင်ငံခွဲခြားသတ်မှတ်ခဲ့သည်။ တောင်ဗီယက်နမ်မြို့တော်မှာ စိုင်းဂွန်ဖြစ်ပြီး မြောက်ဗီယက်နမ်မြို့တော်မှာ ဟန်နွိုင်းဖြစ်သည်။ ဟိုချီမင်းသည် ကွန်မြူနစ်ထောက်ခံသော မြောက်ဗီယက်နမ်ခေါင်းဆောင်ဖြစ်ပြီး တောင်ဗီယက်နမ်ကိုအရင်းရှင်နိုင်ငံများက ထောက်ခံအားပေးခဲ့သည်။




ယူအက်စ်အေနှင့် အခြားဥရောပနိုင်ငံအချို့သည် ဗီယက်နမ်နိုင်ငံအား လွတ်လပ်သောနိုင်ငံနှင့် ကွန်မြူနစ်နိုင်ငံမဖြစ်စေချင်ပေ။ ၄င်းနိုင်ငံများ စိုးရိမ်ကြသည်မှာ ဗီယက်နမ်နိုင်ငံသည် ကွန်မြစ်နစ်နိုင်ငံဖြစ်သွားပါက အရှေ့တောင်အာရှ အခြားနိုင်ငံများသို့ ကွန်မြူနစ်ဝါဒပြန့်ပွား သွားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ပြီးနောက်တွင် အရင်းရှင်နိုင်ငံများသည် ကွန်မြူနစ်ဝါဒပြန့်ပွားမှုကို ကြိုးပမ်းဟန့်တားခဲ့ကြသည်။

အောက်ပါအဖြစ်အပျက်များကို ခုနှစ်သက္ကရာဇ်နှင့်ယှဉ်တွဲပါ။

| | |
|---|---|
| ၁၉၄၀ | ဂျပန်သည် ဗီယက်နမ်ကို ပြင်သစ်ထံမှသိမ်းယူခဲ့သည်။ |
| ၁၉၄၅ | ဗီယက်နမ်သည် ပြင်သစ်ကို စတင်တိုက်ခိုက်ခဲ့သည်။ |
| ၁၉၄၆ | ဒီယမ်ဘီယမ်ဖူရှာရှိဝိုင်းရံပိတ်ဆို့မှုပြီးဆုံးချိန်။ |
| မေ ၁၉၅၄ | တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်ဖြစ်လာခဲ့ရသည်။ |
| အောက်တိုဘာ ၁၉၅၄ | ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံလွတ်လပ်ရေးကို ကြေညာခဲ့သည်။ |

**ဗီယက်နမ် - အပိုင်း ၃**

၁၉၆၀ ခုနှစ်အစောပိုင်းအမေရိကန်သည် တောင်ဗီယက်နမ်တွင် စစ်တပ်များချထားခဲ့သည်။ အလားတူပင် ဆိုဗီယက်ရုရှား ပြည်ထောင်စုသည် မြောက်ဗီယက်နမ်စစ်သည်များကို ပံ့ပိုးကူညီခဲ့သည်။ တောင်ဗီယက်နမ်တွင် နှစ်ပေါင်းများစွာကြာ ပြောက်ကျား စစ်ပွဲများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်တွင်အမေရိကန်သည် မြောက်ဗီယက်နမ်ကို စတင်ထိုးစစ်ဆင်ခဲ့သည်။

ထိုစစ်ပွဲကြီးသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့ ပြန့်နှံ့ခဲ့သည်။တောင်နှင့်မြောက် ဗီယက်နမ် နှစ်နိုင်ငံစလုံးတွင် အရပ်သားသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ အမေရိကန်စစ်သားထောင်ပေါင်းများစွာလည်း သေဆုံးခဲ့ရပြီး ၁၉၇၀ခုနှစ်အစောပိုင်းတွင် အမေရိကန်သည်၎င်း စစ်တပ်များကို စတင်ရုပ်သိမ်းခဲ့သည်။
၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ ပဲရစ်မြို့တွင်လက်မှတ်ရေးထိုးသည် ငြိမ်းချမ်းရေးသဘောတူညီမှုတွင် မြောက်နှင့် တောင်ဗီယက်နမ် တို့အတွက်သီးခြား ကိုယ်ပိုင်အချုပ်အခြာအာဏာသတ်မှတ်ပေးခဲ့သည်။ ၁၉၇၃ ခုနှစ် မတ်၂၉ရက်နေ့တွင် အမေရိကန်စစ်တပ်သည် တောင်ဗီယက်နမ်မှ အပြီးအပိုင်ပြန်လည် ရုပ်သိမ်းခဲ့ပြီးနောက်တိုက်ပွဲ အနည်းငယ်ဆက်လက်ဖြစ်ပွားခဲ့သော်လည်း တိုက်ပွဲကြီးများအားလုံး ရပ်တန့်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် မြောက်ဗီယက်နမ်သည် တဖန်ပြန်လည်ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခြင်းဖြင့် တောင်ဗီယက်နမ် ကိုသိမ်းပိုက်ခဲ့သည်။ တောင်နှင့်မြောက်ဗီယက်နမ်သည် ကွန်မြူနစ်အုပ်ချုပ်အောက်တွင် ဗီယက်နမ် ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတ နိုင်ငံအဖြစ် ပြန်လည်ပေါင်းစည်းခဲ့သည်။

**တိုးချဲ့လေ့ကျင့်ခန်း**
**အစဉ်လိုက်စီခြင်း**
**အတိုချုံးခြင်း**

အထက်ပါအကြောင်းအရာမှ အချက်အလက်များကို ယခင်အချိန်ပြမျဉ်းလိုင်းပေါ်တွင် ထည့်သွင်းပါ။ ထို့နောက်မျက်မှောက်ခေတ် ဗီယက်နမ်သမိုင်းကို ဖော်ပြသည့်အနေဖြင့် မျဉ်းလိုင်းပေါ်ရှိ အရေးကြီးဆုံး အချက်အလက်များကိုအသုံးပြု၍ အတိုချုံးရေးသားပါ။

## ၃။(၆) ပျိုးထောင်ခါစနိုင်ငံသစ်များအတွက် စိန်ခေါ်မှုများ

နယ်ချဲ့နိုင်ငံကြီးများထံမှ လွတ်လပ်ရေးရရှိပြီးနောက် ပျိုးထောင်ခါစနိုင်ငံများသည် စိန်ခေါ်မှုများစွာရင်ဆိုင်နေရသည်။ ကိုလိုနီစနစ်အောက်တွင် ကိုယ်ပိုင်အုပ်နိုင်ခွင့် အခွင့်အလမ်းအနည်းသာ ရရှိခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံခေါင်းဆောင်များသည်ယဉ်ကျေးမှုနှင့် လူမှုရေးကွဲပြားသော အုပ်စုများကိုပြန်လည်ပေါင်းစည်းရသည်။ ပျိုးထောင်ခါစနိုင်ငံအများစုသည် ပြင်းထန်သော စီးပွားရေးအခက်အခဲပြဿနာများကို ရင်ဆိုင်နေရသည်။ အရှေ့တောင်အာရှနိုင်ငံအချို့သည် လွတ်လပ်ရေးပြီး နောက် နိုင်ငံရေးတည်ငြိမ်မှု မရရှိနိုင်သေးပေ။ နိုင်ငံအချို့သည် ဥရောပကိုလိုနီမှ လွတ်မြောက်ခဲ့သော်လည်း အင်အားကြီး အိမ်နီးချင်းနိုင်ငံများ ထိန်းချုပ်မှုအောက်သို့ကျရောက်ခဲ့ရသည်။ အရှေ့တောင်အာရှ သေတွင်းနိုင်ငံအများစုသည် လွတ်လပ်ရေး ရပြီးနောက် နှစ်ပေါင်းကြာရှည်စွာ ပြည်တွင်းစစ်များရင်ဆိုင်နေရပြီး နိုင်ငံအချို့တွင် ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။

**ဆွေးနွေးခန်း**

က။ ပျိုးထောင်ခါစ အရှေ့တောင်အာရှနိုင်ငံများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုဖော်ပြပါ။
ခ။ ဖော်ပြပါအခက်အခဲများကို ရင်ဆိုင်နေရသည့်မကြာသေးမီက လွတ်လပ်ရေးရခဲ့သော နိုင်ငံအချို့ကို သိပါသလား။
ဂ။ ထိုနိုင်ငံများသည် မည်သည့်အခက်အခဲများကို ရင်ဆိုင်နေရပါသနည်း။

**ကြိုတင်လေ့လာခြင်း**

အရှေ့တီမောနိုင်ငံအကြောင်းကို မည်မျှသိရှိထားသနည်း။

**လေ့ကျင့်ခန်း**
**အသေးစိတ်ဖတ်ခြင်း ခွဲခြားခြင်း**

အရှေ့တီမောနိုင်ငံအကြောင်းကို ဖတ်၍ပဋိပက္ခတွင်ပါဝင်သော အဖွဲ့အားလုံးကိုဖော်ထုတ်ပါ။ ပါဝင်သူများ လိုလားချက်များနှင့် အကြောင်းရင်းများကိုလည်း ဖော်ထုတ်ပါ။

ထိုအချက်အလက်များကို အောက်ပါဇယားကွက်တွင် ထည့်သွင်းပါ။

| ပါဝင်သူ | လိုလားချက်များ | အကြောင်းရင်း |
|---|---|---|
| | | |
| | | |
| | | |
| | | |

**အဓိကဝေါဟာရများ**

| | |
|---|---|
| နန်းစွန့်(ကြိယာ) | - အာဏာရာထူးမှ နုတ်ထွက်သည် သို့မဟုတ် အာဏာလက်လျှော့သည်။ ဥပမာ ဘုရင်ကထီးနန်းကိုလက်လွှတ်ပေးရသည်။ |
| အခိုင်အမာဆို(ကြိယာ) | - ရဲရဲတင်းတင်းချေပသည် သို့မဟုတ် တိုက်တွန်းသည်။ |
| အထူးတပ်ဖွဲ့(နာမ်) | -ပြောက်ကျားစစ်ဆင်ရေးအတွက် သင်တန်းပို့ခြင်းခံရသောတပ်သား။ |
| သိမ်းပိုက်(ကြိယာ) | - နေရာတစ်ခုကိုသိမ်းယူပြီး ထိုနေရာတွင် နေထိုင်သည်။ |
| ဖိနှိပ်ချုပ်ချယ်(နာမဝိသေသန) | -အခြားသူများလှုပ်ရှားမှုကိုချုပ်ချယ်သည်၊ ရံဖန်ရံခါတွင်အတင်းအကြပ်ချုပ်ချယ်သည်။ |

**အရှေ့တီမောဖြစ်ရပ်**

အင်ဒိုနီးရှားမှဒတ်ချ်များ ထွက်ခွာပြီးနောက် အင်ဒိုနီးရှားနိုင်ငံအား အရှေ့တီမောကျွန်းအနောက်ဘက်ပိုင်းကို အုပ်ချုပ်ခွင့်ပေးခဲ့သည်။ သို့သော်လည်း ကျွန်းအရှေ့ဘက်ပိုင်းရှိ အရှေ့တီမောသည် ပေါ်တူဂီလက်အောက်ခံဖြစ်သည်။

အရှေ့တီမောတွင် ကိုလိုနီအုပ်ချုပ်မှုသည် အင်ဒိုနီးရှားနှင့်ကွဲပြားသည်။ ပေါ်တူဂီများသည် အလွန်ဖိနှိပ်ချုပ်ချယ်သောအုပ်ချုပ်သူများ မဟုတ်ပေ။ ပေါ်တူဂီများသည် ဒေသတွင်းအုပ်ချုပ်မှုကို ပေါ်တူဂီများဖြင့်အစားမထိုးခဲ့ပေ ၎င်းတို့သည် အတတ်နိုင်ဆုံး ဒေသခံဥပဒေကို အကောင်အထည်ဖော်ခြင်းနှင့် ဒေသခံအုပ်ချုပ်သူများကို ခန့်အပ်ခြင်းတို့ဖြင့် အုပ်ချုပ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အရှေ့တီမော ရိုးရာလူမှုရေးစနစ်သည် ထိခိုက်မှုအများအပြားမခံရပေ။


၁၉၇၀ ခုနှစ်အလယ်ပိုင်းတွင် ပေါ်တူဂီပြည်သူများသည် ကိုလိုနီစနစ်ကိုမနှစ်သက်တော့ပေ။ တင်မြှောက်ခံရသော ပေါ်တူဂီအစိုးရသစ်သည် အရှေ့တီမောကို အင်ဒိုနီးရှားနှင့်ငြိမ်းချမ်းစွာ ပေါင်းစည်းစေလိုခဲ့သည်။ အရှေ့တီမောတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကိုလည်း ပေါ်တူဂီအစိုးရသည် တာဝန်မယူလိုပေ။

အရှေ့တီမောသည် ပေါ်တူဂီတို့ဆုံးဖြတ်ချက်ကို မနှစ်သက်ခဲ့ပေ။ ကွဲပြားခြားနားစွာအုပ်ချုပ်ခံခဲ့ရသောကြောင့် အရှေ့တီမောနှင့် အင်ဒိုနီးရှားတို့တွင် တူညီမှုတစ်စုံတစ်ရာမျှမရှိပေ။ အရှေ့တီမောလူမျိုးအများစုသည် ကတ်သလစ်ဘာသာဝင်များဖြစ်ပြီး အင်ဒိုနီးရှားလူမျိုးအများစုသည် မူဆလင်ဘာသာဝင်များဖြစ်သည်။ ၁၉၆၀ ခုနှစ်တွင်အင်ဒိုနီးရှားစစ်တပ်နှင့် အာဏာပိုင်များသည် ပါပေါ(Papua) အနောက်ပိုင်းတွင်နေထိုင်သော လူနည်းစုများအား ဆိုးရွားစွာပြုမူကျင့်ကြံခဲ့သည်ကို အရှေ့တီမောလူမျိုးများ သိရှိထားသောကြောင့် အင်ဒိုနီးရှားနှင့် ပေါင်းစည်းလိုစိတ်မချေ။

အင်ဒိုနီးရှားအစိုးရသည် အရှေ့တီမောမှ ပေါ်တူဂီများထွက်ခွာသွားခြင်းကို နှစ်သက်သော်လည်း အရှေ့တီမောအား လွတ်လပ်သော နိုင်ငံမဖြစ်လာစေချင်ပေ။ အဘယ့်ကြောင့်ဆိုသော် အင်ဒိုနီရှားအရှေ့ပိုင်းရှိ အခြားနယ်ပယ်များအတွက် လွတ်လပ်ရေးရယူခြင်း နမူနာမဖြစ်လိုပေ။ ထို့အပြင်အင်ဒိုနီးရှားအစိုးရသည် အရှေ့တီမော သယံဇာတများကိုလည်းလိုလားခဲ့သည်။

**လှုပ်ရှားမှုစတင်လာခြင်း**

၁၉၇၅ ခုနှစ်တွင် အင်ဒိုနီးရှားအထူးတပ်ဖွဲ့များသည် စစ်ဆင်ရေး ကွန်မန်ဒိုစတင်ကာ အရှေ့တီမောအား ကြည်း၊ ရေ၊ လေတို့ဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုအချိန်တွင် အရှေ့တီမောသည် သေးငယ်သော်လည်း ၎င်းခိုင်မာသောနိုင်ငံရေးပါတီများသည်အတူတကွ ပူးပေါင်းပြီး အင်ဒိုနီးရှားကို ခုခံခဲ့သည့်တိုက်ပွဲတွင်အဓိကဦးဆောင်သောပါတီသည် **ဖရီတီလင်**ဖြစ်သည်။




**မြေပုံ(၁၆) အရှေ့တီမောနိုင်ငံ**

**လေ့ကျင့်ခန်း**
**ခန့်မှန်းခြင်း**

အရှေ့တီမောနိုင်ငံတွင် မည်သည့်ဖြစ်ရပ်များဆက်လက်ဖြစ်ပွားခဲ့သနည်း။

### လာအို

၁၈ရာစုနှင့် ၁၉ရာစုကြားကာလတွင် လာအိုနိုင်ငံကို ဆီယမ်(ထိုင်း)က ထိန်းချုပ်ခဲ့သည်။ ၁၉ ရာစုအဆုံးပိုင်းတွင် ဆီယမ်ထိန်းချုပ်မှုအောက်တွင်ရှိသော လာအိုနိုင်ငံသည် ပြင်သစ်လက်အောက်သို့ ကျရောက်ခဲ့သည်။ တဖန်ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်နိုင်ငံက လာအိုကိုသိမ်းပိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် လာအိုနိုင်ငံသည် လွတ်လပ်ရေးကြေညာခဲ့သော်လည်း ပြင်သစ်နိုင်ငံက ပြည်လည်ထိန်းချုပ်ခဲ့ပြီး ၁၉၅၀ခုနှစ်တွင် ပြင်သစ်ပြည်ထောင်စုအတွင်း တွဲဖက်နိုင်ငံတစ်ခုအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာတစ်ဝက် ပေးအပ်ခြင်းခံရသည်။ လာအိုနိုင်ငံသည် ၁၉၅၄ ခုနှစ်အထိ ပြင်သစ်လက်အုပ်ချုပ်မှုခံရပြီးနောက် လွတ်လပ်ရေးအပြည့်အဝရရှိခဲ့ကာ စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးသောနိုင်ငံဖြစ်လာသည်။

လာအိုနိုင်ငံတွင်လည်း ဗီယက်နမ်စစ်ပွားစဉ်ကာလ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ ပြည်တွင်းစစ်အတွင်း မြောက်ဗီယက်နမ်စစ်တပ်သည် ပါသက်လာအို(Pathet Lao) သူပုန်များကို ထောက်ပံ့ခဲ့သည်။ ထို့နောက် မြောက်ဗီယက်နမ်စစ်တပ်သည် လာအိုနိုင်ငံကို ကျူးကျော်တိုက်ခိုက်ကာ လာအိုနိုင်ငံအရှေ့ပိုင်းဒေသ အချို့ကိုသိမ်းပိုက်ခဲ့သည်။ ထိုဒေသများတွင်ရှိသော မြောက်ဗီယက်နမ်စစ်အခြေစိုက်စခန်းများကိုဖျက်ဆီးရန် အမေရိကန်စစ်တပ်မှ ဗုံးကျဲတိုက်ခိုက်ခဲ့သည်။

၁၉၆၈ခုနှစ်တွင် မြောက်ဗီယက်နမ်စစ်တပ်သည် တော်ဝင်လာအိုစစ်တပ်ကိုတိုက်ခိုက်ခဲ့သည်။ ထိုစစ်ပွဲသည် နှစ်ချီ၍ဖြစ်ပွားခဲ့သည်။ ၁၉၇၅ခုနှစ်တွင် ကွန်မြူနစ်ကို ထောက်ခံသော ပါသက်လာအိုများသည် တော်ဝင်အစိုးရကို အောင်နိုင်ခဲ့သောကြောင့် ဘုရင်စန်ဘန်ဗဿန (Savang Vatthana)သည် နန်းစွန့်ခဲ့ရသည်။ ပြည်တွင်းစစ်တွင် ပါသက်လာအိုများကို ဆိုဗီယက်ရုရှားပြည်ထောင်စု နှင့်မြောက်ဗီယက်နမ်စစ်တပ်တို့ကပံ့ပိုးကူညီခဲ့သည်။ ထို့ကြောင့် လာအိုနိုင်ငံကိုကူညီကြီးကြပ်ပေးရန်အတွက် ဗီယက်နမ်စစ်တပ် စေလွှတ်နိုင်ခွင့်နှင့်အကြံပေးပုဂ္ဂိုလ်ခန့်အပ်နိုင်ခွင့် သဘောတူညီချက်စာချုပ်ကို ပါသက်လာအိုအစိုးရသည် ဗီယက်နမ်နိုင်ငံနှင့်ချုပ်ဆိုခဲ့ရသည်။ ၁၉၈၀၀န်းကျင်တွင် ဗီယက်နမ်နိုင်ငံသည် မိမိစီးပွားရေး တင်းကြပ်မှုများကိုတဖြည်းဖြည်းလျှော့ပေါ့ပေးခြင်းဖြင့် လာအိုနိုင်ငံသည် အခြေအနေတိုးတက်ကောင်းမွန်ကာ ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။

**မြေပုံ(၁၇) - လာအိုနိုင်ငံ**




**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု**

က။ လာအိုနိုင်ငံသည် ၄င်းသမိုင်းတစ်လျှောက် မည်သည့်နိုင်ငံများ ထိန်းချုပ်မှုခံခဲ့ရသနည်း။
ခ။ ဗီယက်နမ်စစ်ပွဲသည် လာအိုနိုင်ငံပေါ် မည်သို့အကျိုးသက်ရောက်မှုရှိခဲ့သနည်း။

**ဆွေးနွေးခန်း**
**ကောက်ချက်ချခြင်း**

က။ လာအိုသည် အမေရိကန်စစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါသလား။
ခ။ ရုရှားပြည်ထောင်စုနှင့်မြောက်ဗီယက်နမ်စစ်တပ်တို့သည် ကွန်မြူနစ်ကိုထောက်ခံသော ပသက်လာအိုများကို အဘယ်ကြောင့်ပံ့ပိုးကူညီခဲ့ရသနည်း။

**လေ့ကျင့်ခန်း**
**အချက်အလက်အသုံးချခြင်း**

က။ လာအိုနိုင်ငံသည် ပျိုးထောင်ခါစနိုင်ငံသစ်များဟူသော ခေါင်းစဉ်တွင်ဖော်ပြထားသော စိန်ခေါ်မှုများအနက်မှ မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသနည်း။
ခ။ အရှေ့တီမောနိုင်ငံသည် ပျိုးထောင်ခါစနိုင်ငံသစ်များအကြောင်းတွင် ဖော်ပြထားသော စိန်ခေါ်မှုများအနက်မှ မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသနည်း။

**တိုးချဲ့လေ့ကျင့်ခန်း**
**လွတ်လပ်စွာရေးသားခြင်း**

ကိုလိုနီစနစ်လက်အောက်မှ သင့်နိုင်ငံလွတ်မြောက်ခဲ့ခြင်းအကြောင်းကို အချိန်(၁၅-၂၀)မိနစ်ယူ၍ ရေးပါ။ ထိုအချိန် သင့်နိုင်ငံသည် မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပြီး ယနေ့ခေတ်တွင် မည်သည့်စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရသနည်း။ သင့်နိုင်ငံအကြောင်းကို မရေးသားချင်ပါက အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံအကြောင်းကိုရေးသားနိုင်သည်။

## ၃။(၇) ပြန်လည်ဆန်းစစ်ခြင်း

**စာအုပ်ထဲတွင်မရှာဘဲ အောက်ပါမေးခွန်းများကိုဖြေပါ။**

၁။ အရှေ့တောင်အာရှတိုက်ကို ဖြတ်သွားရသော အဓိကကုန်သွယ်ရေးလမ်းကြောင်း နှစ်လမ်းကိုဖော်ပြပါ။
၂။ ဥရောပတိုက်သားများမရောက်လာမီ အရှေ့တောင်အာရှကို မည်သူများကဖြတ်သန်းသွားလာသနည်း။
၃။ မည်သည့်အရာဝတ္ထုကုန်သွယ်မှုသည် ဥရောပတိုက်သားများအတွက် အရေးပါဆုံးဖြစ်သနည်း။
၄။ အဘယ့်ကြောင့် အရှေ့တောင်အာရှတွင် အမျိုးသားရေးဝါဒစတင်ခဲ့ရသနည်း။
၅။ အစောဆုံးလှုပ်ရှားသော အမျိုးသားရေးဝါဒီများသည် မည်သည့်အရာများကိုလိုလားခဲ့ကြသနည်း။
၆။ မည်သည့်နိုင်ငံသည် ဗီယက်နမ်နိုင်ငံကို ကိုလိုနီစနစ်ဖြင့်ပထဦးဆုံးအုပ်ချုပ်ခဲ့သနည်း။
ထို့နောက် အခြားမည်သည့်နိုင်ငံများလည်း အုပ်ချုပ်ခဲ့သနည်း။
၇။ ဒုတိယကမ္ဘာစစ်ပြီးနောက် ဗီယက်နမ်နိုင်ငံတွင် မည်သည့်ဖြစ်ရပ်များဖြစ်ခဲ့သနည်း။
၈။ မည်သည့်နိုင်ငံသည်အရှေ့တီမောကို ကိုလိုနီစနစ်ဖြင့်ပထဦးဆုံးအုပ်ချုပ်ခဲ့သနည်။
ထို့နောက် အခြားမည်သည့်နိုင်ငံများကလည်းအုပ်ချုပ်ခဲ့သနည်း။

**အောက်ပါမေးခွန်းများကို သင်ကိုယ်ပိုင်စကားဖြင့် ဖြေပါ။**

၁။ ဥရောပတိုက်သားများအတွက် ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုသည် အဘယ်ကြောင့်အရေးပါသနည်း။
၂။ ရှေးခေတ်ကာလတွင် မလက္ကာရေလက်ကြားပေါ်အခြေချနေထိုင်ခြင်းသည် မည်သည့်ကောင်းကျိုးနှင့်ဆိုကျိုးများရှိသနည်း။
၃။ အရှေ့တောင်အာရှသို့ ဥရောပတိုက်သားများနယ်ချဲ့လာခြင်း ပထမအဆင့်ကိုဖော်ပြပါ။
၄။ အရှေ့တောင်အာရှသို့ ဥရောပတိုက်သားများနယ်ချဲ့လာခြင်း ဒုတိယအဆင့်ကိုဖော်ပြပါ။
၅။ ဒုတိယကမ္ဘာစစ်အတွင်း အရှေ့တောင်အာရှနိုင်ငံအများအပြားသည် ဂျပန်နိုင်ငံကိုအဘယ့်ကြောင့်ကြိုဆိုခဲ့ကြသနည်း။

၆။ အရှေ့တောင်အာရှပေါ် ကိုလိုနီစနစ် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအကျိုးသက်ရောက်မှုများကိုဖော်ပြပါ။
၇။ ကိုလိုနီစနစ်အုပ်ချုပ်မှု ပုံစံနှစ်မျိုးကိုဖော်ပြပါ။
၈။ ဗီယက်နမ်နိုင်ငံသည် နောက်ဆုံးတွင်လွတ်လပ်ရေးကို မည်သို့ရယူခဲ့သနည်း။
၉။ လွတ်လပ်ရေးရပြီးနောက် အရှေ့တောင်အာရှနိုင်ငံသစ်များ ရင်ဆိုင်လေ့ရှိသော စိန်ခေါ်မှုများအနက် အနည်းဆုံးငါးခုကိုဖော်ပြပါ။

**အောက်ပါဝေါဟာရများကို သင့်ကိုယ်ပိုင်စကားဖြင့် အနက်ဖွင့်ပါ။**


(၁)တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း
(၂)ကိုလိုနီစနစ်
(၃) ကိုယ်ပိုင်ဖူလုံမှု
(၄) အမျိုးသားရေးဝါဒီ

**ပြန်လည်ဆန်းစစ်ခြင်း**
**ခွဲခြားသတ်မှတ်ခြင်း**

အရှေ့တောင်အာရှတိုက်သားများသည် အင်အားကြီးနယ်ချဲ့နိုင်ငံများထံမှ လွတ်လပ်ရေးကို အဘယ်ကြောင့်လိုချင်ခဲ့ကြသနည်း။ အကြောင်းရင်းများကို အောက်ပါဇယားကွက်ထဲတွင်ရေးပါ။

| လွတ်လပ်ရေးရယူလိုသောအကြောင်းရင်းများ | | |
|---|---|---|
| နိုင်ငံရေး | လူမှုရေး | စီးပွားရေး |
| ၁။ | ၁။ | ၁။ |
| ၂။ | ၂။ | ၂။ |

# ၄။မျက်မှောက်ခေတ် အရှေ့တောင်အာရှ







**ဤအခန်းတွင် အောက်ပါတို့ကို လေ့လာသင်ယူရမည်၊**

- အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အကြောင်း၊ တည်ထောင်ခဲ့ရပုံနှင့် ယနေ့ရင်ဆိုင်နေရ သောစိန်ခေါ်မှုများ။
- ခေတ်သစ်အရှေ့တောင်အာရှတွင် အိန္ဒိယနှင့် တရုတ်တို့အခန်းကဏ္ဍ။
- အင်ဒိုနီးရှား၊ အရှေ့တီမော၊ ထိုင်းနှင့် ကမ္ဘောဒီးယားတို့တွင် မကြာသေးမီက ဖြစ်ခဲ့သောနိုင်ငံရေးပြောင်းလဲမှုများအကြောင်း။

**ဤအခန်းကိုလေ့လာသင်ယူပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်၊**

- အာဆီယံအဓိကရည်မှန်းချက်များနှင့် လှုပ်ရှားမှုများကိုဖေါ်ပြခြင်း။
- အာဆီယံအားသာချက်များနှင့် အားနည်းချက်များကိုဖေါ်ထုတ်ခြင်း။
- တရုတ်နှင့် အိန္ဒိယနိုင်ငံတို့စီးပွားရေးကဏ္ဍ တူညီချက်များနှင့် ခြားနားချက်များကိုဖေါ်ထုတ်ခြင်း။
- တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အရှနိုင်ငံတို့ကြားနိုင်ငံရေး၊ စီးပွားရေးဆက်သွယ်ချက်များကိုဖေါ်ထုတ်ခြင်း။
- အင်ဒိုနီးရှားနိုင်ငံတွင် စူဟာတို(Suharto)ကျဆုံးခဲ့ရသော အဓိကအကြောင်းရင်းများကိုဖေါ်ပြခြင်း။
- ထိုင်းနိုင်ငံတွင်မကြာသေးမီက ဖြစ်သောနိုင်ငံရေးဖြစ်ရပ်များကို ခွဲခြားစိတ်ဖြာသုံးသပ်ခြင်း။
- ကမ္ဘောဒီးယားပြည်တွင်းစစ် အကျိုးဆက်များကိုဖေါ်ပြခြင်း။

## ၄။(၁)အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)

| ကြိုတင်လေ့လာခြင်း |
|---|
| ခန့်မှန်းခြင်း |

အရှေ့တောင်အာရှနှင့်ပတ်သက်၍ သင့်တွင်ဗဟုသုတမည်မျှရှိသည်ကိုဆန်းစစ်ရန် အောက်ပါဉာဏ်စမ်းမေးခွန်းများကို ဖြေပါ။ အားလုံးမဖြေဆိုနိုင်သော်လည်းမစိုးရိမ်ပါနှင့်။ မကြာမီတွင် လေ့လာသင်ယူရမည်ဖြစ်သည်။

### အာဆီယံနှင့်ပတ်သတ်၍ အတွေထွေဉာဏ်စမ်းမေးခွန်း

က။ အာဆီယံကိုစတင်တည်ထောင်သောအချိန် နိုင်ငံမည်မျှပါဝင်သနည်း။ ၎င်းနိုင်ငံများ အမည်ကိုဖော်ပြပါ။
ခ။ သီရိလင်္ကာနိုင်ငံမှ ဟောင်ကောင်သို့ လေယာဉ်ဖြင့်ခရီးသွားပါက နိုင်ငံငါးနိုင်ငံကိုဖြတ်သန်းရမည်။
၎င်းနိုင်ငံများအနက်နှစ်နိုင်ငံ အမည်ကိုဖော်ပြပါ။
ဂ။ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် ဒီမိုကရေစီနိုင်ငံများဖြစ်သည်။ မှား သို့မဟုတ် မှန်ပါသလား။
ဃ။ အောက်ပါနိုင်ငံများအနက်မည်သည့်နိုင်ငံသည် အာဆီယံအသင်းဝင်နိုင်ငံဖြစ်သနည်း။
(၁) တရုတ်　　(၂) အိန္ဒိယ　　(၃) ဂျပန်
င။ အာဆီယံအသင်းဝင်နိုင်ငံအချို့သည် အဖွဲ့လိုက်ဆုံးဖြတ်ချက်ချရာ အခြားအသင်းဝင်နိုင်ငံများထက် အာဏာပိုရှိသည်။
မှား သို့မဟုတ် မှန်ပါသလား။
စ။ အာဆီယံအဖွဲ့အဓိကရည်မှန်းချက်အချို့ကိုဖော်ပြပါ။
ဆ။ လွန်ခဲ့သောဆယ်နှစ်တာကာလအတွင်း မည်သည့်အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ပြည်တွင်းပဋိပက္ခများ နှင့်ရင်ဆိုင်ခဲ့ရသနည်း။
ဇ။ အာဆီယံအဖွဲ့အချို့သော ရည်မှန်းချက်များကိုဖော်ပြပါ။
ဈ။ လွန်ခဲ့သောဆယ်နှစ်ကာလတွင် မည်သည့်အာဆီယံအသင်းဝင်နိုင်ငံများ စီးပွားရေးအကြပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရပါသနည်း။
ည။ ၂၀၀၉ ခုနှစ်အရှေ့တောင်အာရှ အာကစားပြိုင်ပွဲကို မည်သည့်နိုင်ငံတွင်လက်ခံကျင်းပခဲ့သနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| မဟာမိတ်(နာမ်) | -ရည်မှန်းချက်ပြီးမြောက်ရန် အုပ်စုနှစ်စု သို့မဟုတ် နှစ်စုထက်ပို၍အတူတကွပေါင်းစည်းခြင်း။ |
| ကြေညာခြင်း(နာမ်) | -ထုတ်ပြန်ချက် သို့မဟုတ် ကြေညာချက်။ |
| ရှေ့ဆောင်ဦးစီးမှု(နာမ်) | -ဖြစ်စဉ်တစ်ခုကိုစတင်ရန် ပထမခြေလှမ်း။ |
| အနုမြူစွမ်းအင်နှင့်ဆိုင်သော(နာမဝိသေသန) (ဥပမာ- အနုမြူလက်နက်ပေါက်ကွဲခြင်း) | -ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်စေသောဓာတုဓာတ်ပြုမှု။ |
| မြူခိုး၊ မီးခိုးများ(နာမ်) | -မီးခိုး၊ ဖုန် သို့မဟုတ်အခြားအမှုန်ငယ်လေးများကြောင့်။ |

လေထုမသန့်ရှင်းခြင်း(ယာဉ်၊ စက်ရုံ သို့မဟုတ် မီးများကြောင့် ဖြစ်လေ့ရှိသည်)

| ကြိုတင်လေ့လာခြင်း |
|---|
| ခန့်မှန်းခြင်း |

က။ အဘယ့်ကြောင့် အာဆီယံပေါ်ပေါက်လာရသနည်း။
ခ။ မည်သည့်ကိစ္စရပ်များပါဝင်သနည်း။
ဂ။ အာဆီယံကဲ့သို့သောနိုင်ငံများ ပူးပေါင်းပါဝင်ထားသည့်အသင်းတစ်သင်းအတွက် မည်သည့်အခက်အခဲများနှင့် အောင်မြင်မှုများရှိသနည်း။

**အာဆီယံအကြောင်းနောက်ခံ**

၁၉၆၁ခုနှစ်တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် အရှေ့တောင်အာရှအသင်းဟုခေါ်သော မဟာမိတ်အသင်းကို သုံးနိုင်ငံပေါင်း၍ ဖွဲ့စည်းခဲ့ကြသည်။ အရှေ့တောင်အာရှအသင်း (Association of South East Asia)သည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းတို့ကဘန်ကောက်ကြေညာချက်ကို လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးစင်မြင့်တစ်ခုဖြစ်လာသည်။ ၎င်းကြေညာချက်တွင် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ချမှတ်ခဲ့ခြင်းဖြင့် အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)ပေါ်ပေါက်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင်ဘရူနိုင်းဒါရုစလင်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း ကိုပူးပေါင်းခဲ့သည်။ ထို့နောက် ၁၉၉၅ခုနှစ်တွင် သတ္တမမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဗီယက်နမ်နိုင်ငံမှပူးပေါင်းလာပြီး၊ ၁၉၉၇ ခုနှစ်တွင် မြန်မာနှင့် လာအိုတို့လည်း အာဆီယံအဖွဲ့အသင်းဝင်နိုင်ငံများအဖြစ် ဝင်ရောက်လာခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ပြည်တွင်းနိုင်ငံရေးပြဿနာများကို ဖြေရှင်းပြီးနောက်မှ အာဆီယံအသင်းဝင်နိုင်ငံတနိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |

က။ ဘန်ကောက်ကြေညာချက်စာတမ်းသည် မည်သည့်သဘောတူညီမှုမျိုးဖြစ်သနည်း။
ခ။ ၁၉၉၉ခုနှစ်အထိ အာဆီယံအသင်းဝင်နိုင်ငံများအမည်ကိုဖော်ပြပါ။

**အာဆီယံ ရည်မှန်းချက်များ**

ဖွဲ့စည်းခါစအာဆီယံအဖွဲ့ရည်မှန်းချက်များမှာ -စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းစေရေး၊ လူမှုရေးတိုးတက်မှု အားကောင်းလာစေရေး၊ ဒေသတွင်းယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းကာကွယ်ရေးဟူသော ရည်မှန်းချက်လေးချက်ကိုချမှတ်ခဲ့သည်။

၁၉၉၇ခုနှစ်တွင် အာရှတိုက်အတွင်းစီးပွားရေအကြပ်အတည်းများ ရင်ဆိုင်ခဲ့ရသဖြင့် အာဆီယံအသင်းဝင်နိုင်ငံ ကိုယ်စားလှယ်များသည် ချင်းမိုင်မြို့တွေ့ဆုံ၍ စီးပွားရေးဆိုင်ရာရည်မှန်းများကို ဆွေးနွေးခဲ့ကြသည်။ ထိုစည်းဝေးမှ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့သော ဒေသတွင်းစီးပွားတောင့်တင်းသော နိုင်ငံများနှင့်ပူးပေါင်းလုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့ကြသည်။

အာဆီယံအသင်းဝင်နိုင်ငံများသည် ငြိမ်းချမ်းရေနှင့်တည်ငြိမ်မှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၀၁ခုနှစ်တွင် အနုမြူလက်နက်ကင်းလွတ်သောနယ်မြေ သဘောတူညီချက်စာချုပ် (Nuclear-Weapon-Free Zone Treaty)ကို ချုပ်ဆိုခဲ့ကြသည်။ ယင်းသဘောတူညီချက်စာချုပ် ရည်ရွယ်ချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းတွင် အနုမြူလက်နက်ပပျောက်ရေးဖြစ်သည်။

ဒေသတွင်းတည်ငြိမ်မှု အဓိကသော့ချက်မှာ ဒီမိုကရေစီဖြစ်သည်ကို နားလည်သဘောပေါက်သောကြောင့် အာဆီယမ်အသင်းဝင်နိုင်ငံများသည် ၂၀၀၃ ခုနှစ်တွင် ဘာလီသင့်မြတ်ရေးစာချုပ်(၂)ကိုချုပ်ဆိုခဲ့ကြသည်။ သင့်မြတ်ရေးစာချုပ်တွင် အာဆီယံအသင်းဝင်နိုင်ငံအားလုံးသည် ဒီမိုကရေစီသို့ ပြုပြင်ပြောင်းလဲရေးကို လက်ခံယုံကြည်ကြသည်။ အသင်းဝင်နိုင်ငံ အားလုံးတွင်ဒီမိုကရေစီစနစ်သို့ဦးတည်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သင့်ကြောင်းကို ဒီမိုကရေစီစနစ်မကျင့်သုံးသေးသော အသင်းဝင်နိုင်များကလည်း သဘောတူညီခဲ့ကြသည်။

၂၁ ရာစုတွင် အာဆီယံအသင်းကြီးသည် သဘာဝပတ်ဝန်းကျင်ထိန်းကာကွယ်ရေး ရည်မှန်းချက်များကို ထည့်သွင်းချမှတ်ခဲ့သည်။ မြူခိုးများကြောင့် လေထုညစ်ညမ်းခြင်းကိုလျော့ကျစေရန် အာဆီယံအသင်းဝင်နိုင်ငံများသည် ၂၀၀၂ ခုနှစ်တွင် နယ်စပ်ကျော် မြူခိုးခြင်းတားမြစ်ရေးသဘောတူညီချက် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ သို့သော် ဤကြိုးပမ်းချက်သည် အောင်မြင်မှုမရှိသည့်အပြင် မြူခိုးခြင်းပြဿနာ လေထုညစ်ညမ်းမှု ပြဿနာသည်ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |

အာဆီယံအသင်းကြီးနှင့်ပတ်သက်သော အကြောင်းအရာနှစ်ခုစလုံးကို အသုံးပြု၍ပေးထားသော ခုနှစ်သက္ကရာဇ်များ အရှေ့တောင်အာရှတွင်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကိုသင့်ကိုယ်ပိုင်စကားဖြင့် ရှင်းပြပါ။


က။ ၁၉၆၇　　　　ဂ။ ၁၉၉၇

ခ။ ၁၉၈၄　　　　ဃ။ ၂၀၀၂

င။ ၂၀၀၃

| တိုးချဲ့လေ့ကျင့်ခန်း |
| --- |
| **စိတ်ကူးဖော်မြေပုံ** |

အောက်ပါစိတ်ကူးဖော်မြေပုံကို ယခင်လေ့ကျင့်ခန်းမှ အချက်အလက်များဖြင့်ဖြည့်စွက်ပါ။ ထို့နောက် သင်ကိုယ်တိုင်စဉ်းစားတွေးခေါ်ပြီး ပါဝင်နိုင်သော၊ ပါဝင်သင့်သောအချက်အလက်များကိုထည့်သွင်းပါ။




**အဓိကဝေါဟာရများ**

| | |
| --- | --- |
| ထိပ်တိုက်ရင်ဆိုင်ခြင်း(နာမ်) | -ရန်လိုသောမျက်နှာချင်းဆိုင်သဘောထားကွဲလွဲမှု။ |
| အများဆန္ဒ(နာမ်) | -အများသဘောတူညီမှု။ |
| ကြားဝင်(ကြိယာ) | -အခြေအနေတစ်ခု လမ်းကြောင်းကိုပြောင်းလဲရန်သို့မဟုတ် ၄င်းကိုဖြေရှင်းရန်ဝင်ရောက်သည်။ |
| ကြားဝင်စွက်ဖက်ခြင်း(နာမ်) | -အခြားသူများအရေးကိစ္စတွင် မလိုလားအပ်သောပါဝင်မှု။ |
| အားငယ်မှု (နာမ်) | - အင်အားချိနဲ့ခြင်း သို့မဟုတ် ခုခံနိုင်စွမ်းမရှိခြင်း။ |

## အာဆီယံအသင်းကြီးရင်ဆိုင်နေရသော စိန်ခေါ်မှုများ

အာဆီယံအသင်းဝင်နိုင်ငံအချို့သည် မကြာသေးမီကာလတွင် လွတ်လပ်ရေးရရှိခဲ့ကြပြီးနောက် နိုင်ငံတော်ပြန် လည်တည်ထောင်ရေးလုပ်ငန်းစဉ်သို့ ဦးတည်လုပ်ဆောင်နေကြသည်။ ထိုသို့လုပ်ဆောင်ရာတွင် အာဆီယံအသင်းဝင်နိုင်ငံအချို့သည် နိုင်ငံအရွယ်အစားသေးငယ်သောကြောင့် အခြားအသင်းဝင်နိုင်ငံများအလယ်တွင် အားငယ်မှုရှိနိုင်သည်။

နိုင်ငံများသည်ဘုံရည်မှန်းချက်များအောင်မြင်ရန် အတူတကွလက်တွဲကြရာတွင် သဘောတူညီမှုများရှိရန် အပေးအယူလုပ်လေ့ရှိသည်။ အပေးအယူလုပ်ခြင်းဆိုသည်မှာ နှစ်ဦးနှစ်ဖက်ကြားတွင် အလျှော့ပေးမှုများပြုလုပ်ခြင်းဖြစ်သည်။ နိုင်ငံငယ်များသည် နိုင်ငံကြီးများလွှမ်းမိုးမှုကိုထိတ်လန့်သောကြောင့် နိုင်ငံကြီးများမှ လုပ်ပိုင်ခွင့်များရယူခြင်းကို လိုလားမည်မဟုတ်ချေ။ ထို့ကြောင့် အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် အာဆီယံအသင်းဝင်နိုင်ငံများသည် ဝင်ရောက်စွက်ဖက်မှုမပြုရခြင်း၊ အများဆန္ဒရယူခြင်း၊ အင်အားအသုံးမပြုရခြင်းနှင့် ထိတ်တိုက်ရင်ဆိုင်မှုမပြုလုပ်ရခြင်းစသော မူများကိုလိုက်နာကျင့်သုံးရသည်။ အများဆန္ဒရယူခြင်းမူဆိုသည်မှာ အသင်းဝင်နိုင်ငံတိုင်းသည် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်ရှိပြီးအသင်းဝင်နိုင်ငံများအားလုံး သဘောတူညီမှုသာဆုံးဖြတ်ချက်ချနိုင်သည်။ ဝင်ရောက်စွက်ဖက်မှုမပြုရခြင်းဆိုသည်မှာနိုင်ငံတစ်နိုင်ငံသည် တောင်းဆိုခြင်းမခံရဘဲ အခြားနိုင်ငံတစ်နိုင်ငံ အခက်အခဲပြဿနာများတွင် ဝင်ရောက်ပါဝင်စွက်ဖက်မှုများမပြုလုပ်ရခြင်းကို ဆိုလိုသည်။

လွတ်လပ်သောနိုင်ငံများအားလုံး ဘုံသဘောတူညီမှုကို ရရှိရန်အလွန်ခဲယဉ်းသဖြင့် အဖွဲ့လိုက်ဆုံးဖြတ်ချက်ချရာတွင် အခက်အခဲကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အာဆီယံကိုအားပျော့စေကြောင်း ဝေဖန်သူများကဆိုသည်။ ဝင်ရောက်စွက်ဖက်ခြင်းမပြုရမူ ကြောင့်လည်း အာဆီယံအဖွဲ့သည် နိုင်ငံအများအပြားက ကြားဝင်ဖြေရှင်းပေးရန် တိုက်တွန်းကြသော်လည်း အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ကြုံတွေ့ခဲ့ရသည့် မြူခိုးခြင်းပြဿနာများကို မကိုင်တွယ်မဖြေရှင်းနိုင်ခဲ့ချေ။

**လေ့ကျင့်ခန်း**
**သဘောပေါက်နိုင်မှု**

က။ နိုင်ငံများအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် အဘယ့်ကြောင့်ခဲယဉ်းသနည်း။
ခ။ အာဆီယံအသင်းဝင်နိုင်ငံများက မည်သို့ဆုံးဖြတ်ချက်ချသည်ကို သင့်ကိုယ်ပိုင်စကားဖြင့်ရှင်းပြပါ။
ဂ။ ဝင်ရောက်စွက်ဖက်မှုမပြုရခြင်း၊ အများဆန္ဒရယူခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်မှုမပြုလုပ်ရခြင်း တို့ ကောင်းကျိုးနှစ်မျိုးကိုဖော်ပြပါ။

**လေ့ကျင့်ခန်း**
**အနက်ဖွင့်ခြင်း**

အထက်ပါအကြောင်းအရာကို အခြေခံ၍ အောက်ပါဝေါဟာရများကိုသင့်ကိုယ်ပိုင်စကားဖြင့် အနက်ဖွင့်ပါ။

(က) အပေးအယူလုပ်ခြင်း (ခ) အများဆန္ဒရယူခြင်း (ဂ) ဝင်ရောက်စွက်ဖက်မှုမပြုရခြင်း

**တိုးချဲ့လေ့ကျင့်ခန်း**
**အချက်အလက်အသုံးချခြင်း**

ထိုင်းနိုင်ငံအာဆီယံရေးရာ ဌာနသည် ကလေးများအား အာဆီယံသမိုင်း၊ ရည်မှန်းချက်များနှင့် လှုပ်ရှားမှုများအကြောင်း ပညာပေးရန် ၂၀၀၉ ခုနှစ်တွင် ကာတွန်းစာအုပ် တစ်အုပ်ထုတ်ဝေခဲ့သည်။

ငှင်းကာတွန်းစာအုပ်သည် အာဆီယံဆယ်နိုင်ငံတွင် မိတ်ဆွေဆယ်ယောက်ဖွဲ့ ထားသော ဂြိုလ်သားလေးတစ်ယောက် အကြောင်းဖြစ်သည်။




ထိုဂြိုလ်သားလေးသည် သင်နေထိုင်ရာဒေသသို့ အလည်အပတ်ရောက်လာသည်ဆိုပါစို့။ သို့သော်ဂြိုလ်သားလေးသည်သင်ပြောတတ်သောဘာသာစကားများကိုနားမလည်ပါ။ အာဆီယံအကြောင်းကို ထိုဂြိုလ်သားအား သင်မည်သို့ရှင်းပြမည်နည်း။

## ၄။(၂)မျက်မှောက်ခေတ် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ







**အဓိကဝေါဟာရများ**

| | |
|---|---|
| ရှုတ်ချ(ကြိယာ) | - ဝေဖန်သည်၊ အပြစ်တင်သည်၊ သို့မဟုတ် ပြင်းပြင်းထန်ထန်ကန့်ကွက်သည်။ |
| ပြဋ္ဌာန်း(ကြိယာ) | - တစ်စုံတစ်ဦးအား ဥပဒေတစ်ရပ် သို့မဟုတ် အခြေအနေတစ်ခုကို လိုက်နာစေသည်။ |
| ရင်နှီးမြှုပ်နှံမှု(နာမ်) | - အကျိုးအမြတ်ရရန် သို့မဟုတ် ဝင်ငွေရရန် ငွေကြေးအသုံးပြုခြင်း ။ |
| စစ်သွေးကြွ(နာမ်) | - နိုင်ငံရေး သို့မဟုတ် လူမှုရေးကိစ္စတစ်ရပ်ကို ထောက်ခံသောအနေဖြင့် အကြမ်းဖက်မှုပြုလုပ်သောသူ။ |
| အကန့်ခွဲခြင်း(နာမ်) | - ကိုးကွယ်သည့်ဘာသာတစ်ခုကို အုပ်စုခွဲစေခြင်း။ |
| ပြုပြင်ပြောင်းလဲမှု(နာမ်) | - အခက်အခဲ သို့မဟုတ် အားနည်းချက်များကိုဖယ်ရှားပြီး ပြုပြင်မွမ်းမံခြင်း။ |
| ပြိုင်ဖက်(နာမ်) | - ရန်သူ သို့မဟုတ် အတိုက်အခံ။ |
| ပိတ်ဆို့မှု(နာမ်) | - နိုင်ငံတာကာဥပဒေတစ်ရပ်ကို ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးခြင်း၊ ဖိအားပေးဒဏ်ခတ်ခြင်း။ |

**ကြိုတင်လေ့လာခြင်း**
**တွေးခေါ်ခြင်း**

တရုတ်နှင့်အိန္ဒိယနိုင်ငံတွင် မကြာသေးမီကဖြစ်ပျက်ခဲ့သော ကိစ္စရပ်များကိုမည်မျှသိရှိထားသနည်း။

**လေ့လာခြင်း**
**ယှဉ်တွဲခြင်း**
**အတိုချုံးခြင်း**

အိန္ဒိယနိုင်ငံမကြာသေးမီက ဖြစ်ပျက်ခဲ့သောကိစ္စရပ်များကို လေ့လာသောအခါ အောက်ပါခေါင်းစဉ်များကိုစာပိုဒ်များနှင့်ယှဉ်တွဲပါ။

(က)စီးပွားရေးတည်ဆောက်ပြုပြင်မှု　　　　(ခ)သယံဇာတများ
(ဂ)ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ　　　　(ဃ)အနုမြူစီမံကိန်း

၁။ အိန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ဘာသာရေးခွဲထွက်မှုကြုံတွေ့ခဲ့ရာမှ ပါကစ္စတန်နိုင်ငံအဖြစ် နိုင်ငံခွဲထွက်ခဲ့သည်။ ထိုအချိန်မှစ၍ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ပြိုင်ဖက်များဖြစ်လာပြီး ကပ်စမီးယားနယ်စပ်ဒေသ တစ်လျှောက်တွင် အပြန်အလှန်တိုက်ခိုက်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင် နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးသဘောတူညီမှုရယူခဲ့ကြပြီးနောက် ထိုဒေသတွင် ပြတ်တောက်၊ ပြတ်တောက် ဖြစ်ပွားခဲ့သောစစ်ပွဲများ အဆုံးသတ်ခဲ့သည်။ သို့သော်လည်း ၂၀၀၈ခုနှစ် နိုဝင်ဘာတွင် အိန္ဒိယနိုင်ငံ မိုဘိုင်းမြို့ ဗုံးတစ်လုံးပေါက်ကွဲခဲ့သောကြောင့် အိန္ဒိယရဲများသည် ပါကစ္စတန်စစ်သွေးကြွများလက်ချက်ဟု ပြစ်တင်စွပ်စွဲပြီးနောက် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ယနေ့ထိရပ်ဆိုင်းထားလိုက်သည်။

၂။ အိန္ဒိယနှင့် အခြားကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများကြားတွင် အားကောင်းသောစီးပွားရေးဆက်သွယ်ချက်ရှိသည်။ ၁၉၈၀ခုနှစ်အဆုံးပိုင်းတွင် အိန္ဒိယနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှပ်နှံမှုများကို လမ်းဖွင့်ပေးခဲ့သည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံတွင် လူလတ်တန်းစားတစ်ရပ်ကြီးထွားလာကာ ကျွမ်းကျင်သောအလုပ်သမားအင်အားစုလည်း ပေါ်ပေါက်လာခဲ့သည်။

၃။၁၉၈၈ခုနှစ်မေလတွင် အိန္ဒိယနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုတစ်ခုပြုလုပ်ခဲ့သည်။ ပါကစ္စတန်သည်လည်း ရက်သတ္တပတ်အနည်းငယ်ကြာပြီးနောက် နျူယူကလီးယားစမ်းသပ်ခဲ့သည်။ ထိုစမ်းသပ်မှုနှစ်ခုစလုံးကို နိုင်ငံတာကာအသိုင်းအဝိုင်းများက ဝေဖန်ရှုတ်ချခဲ့ကြပြီး လူအများအပြားသည်လည်း ဒေသတွင်းတည်ငြိမ်မှုအတွက် စိုးရိမ်မကင်းဖြစ်ခဲ့ရသည်။ နျူကလီးယား စမ်းသပ်မှုများကိုတုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံမှ ပိတ်ဆို့မှုများချမှတ်ခဲ့သည်။

၄။ အိန္ဒိယနိုင်ငံတွင် ကမ်းလွန်ရေနံသိုက်များအပြင် ကမ္ဘာ့တတိယအကြီးဆုံး ကျောက်မီးသွေးသိုက်များလဲရှိသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်မှုပမာဏလည်း ကြီးမားလာသည်။ ပြည်တွင်းရေနံထုတ်လုပ်မှုသည် စွမ်းအင်လိုအပ်မှု၂၅ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည်မိမိနိုင်ငံတွင်းသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ပမာဏ အများအပြားတင်သွင်းရန် လိုအပ်သောကြောင့် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေးဆိုင်ရာဆက်နွယ်မှုများ ဖန်တီးခဲ့ရသည်။

**အဓိကဝေါဟာရများ**

| | |
|---|---|
| စုပေါင်းမြေယာ(နာမ်) | - အထူးသဖြင့် ကွန်မြူနစ်နိုင်ငံများတွင် အစိုးရကြီးကြပ်မှုအောက်လူများက စိမ်းလုပ်ကိုင်ကြသောမြေ သို့မဟုတ် မြေယာစု။ |
| လာဒ်စားမှု(နာမ်) | - မိမိကိုယ်ကျိုးအတွက် တစ်ဦးတစ်ယောက်အာဏာ သို့မဟုတ် ယုံကြည်မှုကိုအလွဲသုံးစားလုပ်ခြင်း၊ သို့မဟုတ် အာဏာပိုင်ဆိုင်ထားသောသူက ငွေလက်ခံပြီးတရားမဝင်သောကိစ္စရပ်များကို ပြုလုပ်ခွင့်ပေးခြင်း။ |
| စီမံကိန်း(နာမ်) | - စီးပွားရေလုပ်ငန်း။ |
| နှင်ထုတ်(ကြိယာ) | - တစ်စုံတစ်ဦးအား နေရာတစ်ခုမှ ထွက်ခွာရန် အတင်းအကြပ်မောင်းထုတ်သည်။ |
| ကွပ်မျက်(ကြိယာ) | - တစ်စုံတစ်ဦးအား ပြစ်ဒဏ်အဖြစ်သေဒဏ်ပေးသည်။ |
| တင်ပို့(ကြိယာ) | - ရောင်းချရန်အတွက် အခြားနိုင်ငံပို့ကုန်ပစ္စည်းပို့သည်။ |
| ကျူးကျော်ဝင်ရောက်(ကြိယာ) | - နယ်မြေတစ်ခုကို အင်အားဖြင့်ဝင်ရောက်သည် သို့မဟုတ် တိုက်ခိုက်သည်။ |
| အလုပ်ကြမ်းစခန်း(နာမ်) | - အလုပ်ကြမ်းလုပ်ရသော ထောင်သားများကို ထိန်းသိမ်းထားသည့်နေရာ။ |
| ကန့်ကွက်(ကြိယာ) | - အငြင်းပွားသည် သို့မဟုတ် ဆန့်ကျင်သည်။ |
| မူမမှန်(နာမဝိသေသန) | - ဖိစီးနေသော၊ ပုံမှန်မဟုတ်သော သို့မဟုတ် သက်တောင့်သက်သာမရှိသော။ |
| အပိုအလျှံ(နာမ်) | - သုံးစွဲပြီးနောက်ကျန်ရှိသောပမာဏ။ |
| မူပိုင်ခွင့်ထိပါးခြင်း(နာမ်) | - အရာဝတ္ထုတစ်ခုကို တရားမဝင်သောနည်းဖြင့် မိတ္တူကူးခြင်း၊ ဖြန့်ဝေခြင်းနှင့်သုံးစွဲခြင်း။ |
| ဖမ်းဆီးခြင်း(နာမ်) | - တစ်စုံတစ်ခုကိုသိမ်းဆည်းမိခြင်း။ |

| လေ့ကျင့်ခန်း |
|---|
| အဓိကအချက်ကိုဖော်ထုတ်ခြင်း |

တရုတ်နိုင်ငံမကြာသေးမီက ဖြစ်ပျက်ခဲ့သောဖြစ်ရပ်အချို့ကိုလေ့လာပြီး စာပိုဒ်တစ်ပိုဒ်စီကို ခေါင်းစဉ်တပ်ပေးပါ။ ဥပမာ - ပထမစာပိုဒ်ကို "စီးပွားရေးပြောင်းလဲမှု" ဟုခေါင်းစဉ်တပ်နိုင်သည်။

၁။ ၁၉၈၀ခုနှစ်အစောပိုင်းတွင် တရုတ်နိုင်ငံသည် စုပေါင်းလယ်ယာလုပ်ကိုင်ခြင်းကိုဖျက်သိမ်းပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအားလုပ်ကိုင်ခွင့်ပေးခဲ့သည်။ ယခုအခါတရုတ်နိုင်ငံသည် ကမ္ဘာ့ပို့ကုန်အမြင့်မားဆုံးနိုင်ငံဖြစ်လာပြီး ပြည်တွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည်လည်း အလွန်ပင်ကျယ်ပြန့်သည်။ ၎င်းကိုယ်တိုင်လည်း နိုင်ငံရပ်ခြားတွင်ဒေါ်လာဘီလျံသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံနေသည်။

၂။ တရုတ်နိုင်ငံကုန်သွယ်မှု အမြောက်အမြားပိုလျှံခြင်းနှင့် မူပိုင်ခွင့်မရရှိဘဲ ကုန်ပစ္စည်းများ အတုလုပ်ခိုးထုတ်လုပ်ခြင်းကြောင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးသည် ပုံမှန်မဟုတ်သော အခြေအနေသို့ရောက်ရှိလာသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ဈေး တော်သော ကုန်ပစ္စည်းအမြောက်အများ ထုတ်လုပ်ရောင်းချနေသည်။ ထို့ကြောင့် ကုန်သွယ်ဖက်နိုင်ငံများသည် တရုတ်နိုင်ငံ ငွေကြေးတန်ဖိုးကို မြှင့်တင်လိုကြပြီး ပို့ကုန်အရေအတွက်ကိုလည်း လျော့ကျစေလိုသည်။

၃။ အစိုးရပိုင်လုပ်ငန်းမှ ပုဂ္ဂလိပိုင်လုပ်ငန်းအဖြစ်သို့ ပြောင်းလဲခြင်းသည် စီးပွားရေးအကျိုးအမြတ်နှင့် လူမှုရေးထိခိုက်မှု နှစ်ခုစလုံးရှိသည်ဟု အချို့ကဆိုကြသည်။ တရုတ်နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်မှုနှင့် လူမှုရေးမတည်ငြိမ်မှု တိုးပွားလာသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှ မြို့ပြဧရိယာများသည် ကျေးလက်ဧရိယာများထက် အကျိုးများစွာခံစားရသည်။ ကျေးလက်ဒေသများတွင် လာဒ်စားမှု၊ မြေယာသိမ်းယူမှုနှင့် နေထိုင်သည့်နေရာဒေသမှ နှင်ထုတ်ခံရမှုများသာ အများအပြားဖြစ်လာသည်။

၄။ တရုတ်နိုင်ငံတွင် စီးပွားရေးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်မှုပမာဏလည်း တိုးမြင့်လာသည်။ နှစ်စဉ်နှစ်တိုင်း တရုတ်နိုင်ငံသည်စွမ်းအင်တင်သွင်းရန်အတွက် ဒေါ်လာဘီလျံများစွာအသုံးပြုရသည်။ တရုတ်နိုင်ငံသည် ဒေါ်လာ၂၅ဘီလျံ ကုန်ကျသောချောက်နက်ရေကာတာသုံးခု စီမံကိန်းအပါအဝင် ရေအားလျှပ်စစ်စီမံကိန်းများတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

၅။ တရုတ်နိုင်ငံကို အုပ်ချုပ်သောပါတီသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံရေးပါတီဖြစ်သည်။ ကွန်မြူနစ်ပါတီကြီးသည် တရုတ်ပြည်သူများအားတင်းကြပ်စွာအုပ်ချုပ်နေပြီး အန္တရာယ်ပြုနိုင်ဖွယ်ရှိသောသူများအပါအဝင် ၎င်းကိုတိုက်ရိုက်ဆန့်ကျင်သူများအား ညှင်းပန်းနှိပ်စက်သည်။ တရုတ်အရပ်သားပြည်သူများသည် အလုပ်ကြမ်းစခန်းများသို့ပို့ဆောင်ခံရပြီး နှစ်စဉ်နှစ်တိုင်းလူရာပေါင်းများစွာသုတ်သင်ခံရသည်။

| လေ့ကျင့်ခန်း |
|---|
| အဓိကအချက်အလက်ဖော်ထုတ်ခြင်း |

တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ပတ်သက်သောအကြောင်းအရာသည် အများအားဖြင့်အောက်ပါတို့ အကြောင်းဖြစ်သည်(နှစ်ခုကိုစက်ဝိုင်းဝိုင်းပါ)။

(က)နိုင်ငံရေး　　(ခ)ပထဝီ　　(ဂ)ယဉ်ကျေးမှု　　(ဃ)စီးပွားရေး　　(င)သမိုင်း

| လေ့ကျင့်ခန်း |
|---|
| သဘောပေါက်နိုင်မှုကောက်ချက်ချခြင်း |

က။ ယနေ့ခေတ်တွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မည်သည့်စိန်ခေါ်မှုကြီးများကို ရင်ဆိုင်နေရသနည်း။

ခ။ မကြာသေးမီကာလ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် မည်သည့်အောင်မြင်မှုရှိလာခဲ့သနည်း။

ဂ။ နှစ်နိုင်ငံအနက် မည်သည့်နိုင်ငံသည် အရှေ့တောင်အာရှပေါ်ဩဇာလွှမ်းမိုးမှုပိုမိုရှိသနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| စီးပွားရေးစွမ်းဆောင်နိုင်မှု(နာမ်) | - ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းစတင်တည်ထောင်ခြင်း။ |
| စာပေတတ်မြောက်မှု(နာမ်) | - စာရေးတတ်ဖတ်တတ်နိုင်ရည်။ |
| နိုင်ငံမျိုးစုံတွင်အခြေစိုက်သောကုမ္ပဏီ(နာမ်) | - နိုင်ငံအပြားအများတွင် စီးပွားရေးလုပ်ငန်းလည်ပတ်နေသော ကုမ္ပဏီတစ်ဦးချင်း။ |
| ဂျီဒီပီ(နာမ်) | - လူဦးရေအရေအတွက်ဖြင့်စားရသော နိုင်ငံတစ်နိုင်ငံ နှစ်စဉ်ဝင်ငွေစုစုပေါင်း။ |
| တစ်ဦးချင်း ဂျီအင်ပီ(နာမ်) | - နိုင်ငံတစ်နိုင်ငံမှထုတ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအားလုံး ဈေးကွက်တန်ဖိုးစုစုပေါင်း |

## တရုတ်နှင့် အိန္ဒိယတို့စီးပွားရေးကိုနှိုင်းယှဉ်ခြင်း

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသည် နိုင်ငံတာကာအသိုင်းအဝိုင်းကြားတွင် နိုင်ငံရေးနှင့်စီးပွားရေးသြဇာအာဏာ ပိုမိုရှိချင်ကြသည်။ တရုတ်နိုင်ငံသည် နိုင်ငံရေးအားဖြင့် ကမ္ဘာ့အလယ်တွင် သြဇာအာဏာကြီးသောနိုင်ငံဖြစ်ပြီးပြင်သစ်၊ ရုရှား၊ အင်္ဂလန်၊ အမေရိကန်တို့နှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သည်။

၁၉၈၀ ခုနှစ်တွင် အိန္ဒိယနှင့်တရုတ်နှစ်နိုင်ငံစလုံးစီးပွားရေးသည် ကြီးကြီးမားမားတိုးတက်ပြောင်းလဲခဲ့သည်။ နှစ်နိုင်ငံစလုံး စီးပွားရေး လုပ်ငန်းများတွင် နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းလုပ်ကိုင်ခွင့်ပေးသည်။ အိန္ဒိယနိုင်ငံသည် မိမိနိုင်ငံတွင်းသို့ နိုင်ငံပေါင်းစုံမှအခြေစိုက်ကုမ္ပဏီများ လာရောက်လုပ်ကိုင်ရန်ခဲယဉ်းစွာ တိုက်တွန်းကြိုးပမ်းခဲ့ချိန်တွင် တရုတ်နိုင်ငံသည် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းစွမ်းဆောင်နိုင်မှု ဖွံ့ဖြိုးတိုးတက်မှုရှိလာရန် ကြိုးပမ်းရုန်းကန်ခဲ့ရသည်။

၁၉၈၀ နှင့်၂၀၀၅ ခုနှစ်ကြားကာလတွင် တရုတ်နိုင်ငံ တစ်ဦးချင်းဂျီဒီပီ တိုးတက်မှုသည် ပျမ်းမျှ ၈ရာခိုင်နှုန်းရှိခဲ့သည်။သို့သော် ထိုအချိန် အိန္ဒယနိုင်ငံ ဂျီဒီပီတိုးတက်နှုန်းသည် တရုတ်နိုင်ငံ တဝက်သာရှိသည်။ ၂၀၀၃ ခုနှစ်တရုတ်နိုင်ငံဂျီဒီပီသည် အိန္ဒိယနိုင်ငံထက် ၇၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံ စီးပွားရေးသည် အိန္ဒယနိုင်ငံစီးပွားရေးထက် နှစ်ဆပိုမိုတိုးတက်များပြားလာသည်။

တရုတ်နိုင်ငံ လူနေမှုအဆင့်အတန်းသည် အိန္ဒိယနိုင်ငံထက် ပိုမိုတိုးတက်ကောင်းမွန်လာသည်။ အိန္ဒိယနိုင်ငံရှိ ဆင်းရဲမွဲတေမှုနှုန်းသည် တရုတ်နိုင်ငံထက် ပိုမိုများပြားပြီး အရွယ်ရောက်သူ စာပေတတ်မြောက်မှုနှုန်းသည်လည်း အိန္ဒိယနိုင်ငံတွင် အလွန်နိမ့်သည်။ တရုတ်နိုင်ငံ လူ့သက်တမ်းသည် အိန္ဒိယနိုင်ငံလူ့သက်တမ်းထက် ရှစ်နှစ်ပိုများသည်။

**လေ့ကျင့်ခန်း**

**အသေးစိတ်ဖတ်ခြင်း**

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အကြောင်းအရာကိုအသုံးပြု အောက်ပါဇယားကွက်ကိုဖြည့်ပါ။

| အညွှန်း | တရုတ် | အိန္ဒိယ | အနိုင်ရသူ |
|---|---|---|---|
| နိုင်ငံတကာအဆင့် နိုင်ငံရေးအာဏာ | ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်ဖြစ် | ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည်၊ | |
| နိုင်ငံတကာကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှု | | | |
| ဂျီဒီပီ (၁၉၈၀-၂၀၀၅) | | | |
| ဂျီဒီပီ (၂၀၀၃) | | | |
| စီးပွားရေးအရွယ်အစား | | | |
| ဆင်းရဲမှုနှုန်း | | | |
| စာပေတတ်မြောက်မှုနှုန်း | | | |
| လူ့သက်တမ်း | | | |

**ဆွေးနွေးခန်း**

ဤနှစ်နိုင်ငံအနက် မည်သည့်နိုင်ငံတွင် သင်နေထိုင်ချင်သနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| မှီခို(နာမဝိသေသန) | - တစ်စုံတစ်ဦးပေါ် ရပ်တည်နေသော။ |
| လုပ်ဆောင်သည် (ကြိယာ) | - ဖန်တီးသည်၊ ပြုလုပ်သည်။ |
| တင်းမာသော(နာမဝိသေသန) | - အလွန်ပြင်းထန်သော သို့မဟုတ် မြင့်မားသောအတိုင်းအတာတစ်ခုအထိ။ |

**တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် အရှေ့တောင်အာရှတွင်ပြိုင်ဖက် သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များဖြစ်ပါသလား။**

၁၉၉၀စဦးပိုင်း စစ်အေးကာလပြီးဆုံးပြီးနောက် အိန္ဒိယနိုင်ငံသည် စိန်ခေါ်မှုကြီးနှစ်ခုရင်ဆိုင်ခဲ့ရသည်။ ပထမတစ်ခုမှာ ရုရှားပြည်ထောင်စု ပြိုကွဲသွားပြီးနောက် အိန္ဒိယသည်ဈေးပေါသော ရေနံများဝယ်ယူနိုင်သည့် ပင်ရင်းတစ်ခုဆုံးရှုံးခဲ့ရသည်။ ဒုတိယတစ်ခုမှာပင်လယ်ကွေ့ စစ်ပွဲကြောင့် ရေနံဈေးနှုန်းမြင့်တက်သွားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတကာဈေးကွက်တွင် ရေနံဝယ်ယူနိုင်သောပင်ရင်းများ လိုအပ်သောကြောင့် အခြားနိုင်ငံများနှင့်နိုင်ငံရေး ဆက်နွယ်၊ဆက်သွယ်မှုများ ပြုလုပ်လာခဲ့သည်။ ၎င်းသည် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး(အေပီအီးစီ)နှင့် အာရှဥရောပအစည်းအဝေးတို့တွင်ပူးပေါင်းပါဝင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးဆက်နွယ်မှု ပြုလုပ်လာခဲ့ပြီး မြောက်အမေရိကနှင့် ဥရောပတို့အပေါ် မှီခိုနေမှုကိုလျော့ကျခဲ့သည်။

အာဆီယံအသင်းဝင်နိုင်ငံများသည်လည်း အနောက်နိုင်ငံများပေါ် မှီခိုနေရမှုများကို လျော့ချလိုသည့် အတွက်ကြောင့် အိန္ဒိယနိုင်ငံအား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများစသည့်နယ်ပယ်များတွင် လုပ်ဖော်ကိုင်ဖက်အဖြစ်ကြိုဆိုခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် အိန္ဒိယသည် အာဆီယံဝန်ကြီးအဆင့် ညီလာခံများနှင့် အာဆီယံဒေသတွင်းဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခဲ့သည်။၁၉၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့နှင့် ပိုမိုလက်တွဲနိုင်ရန်ကြိုးပမ်းလာခဲ့သည်။

၁၉၉၀ခုနှစ်အလယ်ပိုင်းတွင် တရုတ်နှင့်အမေရိကန် ဆက်ဆံရေးတိုးတက်လာပြီးနောက်တွင် တရုတ်နှင့်အိန္ဒိနိုင်ငံကြား သြဇာအာဏာပြိုင်ဆိုင်မှုသည် ပိုမိုပြင်ထန်လာသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နှင့်အပြိုင်အဆိုင် အရှေ့တောင်အာရှဒေသတွင်း အုပ်စုများနှင့် ပိုမိုလက်တွဲနိုင်ရန်အတွက် နိုင်ငံရေးနှင့် စီးပွားရေးအားဖြင့် ချဉ်းကပ်ကြိုးပမ်းနေသည်။

| လေ့ကျင့်ခန်း |
| --- |
| သဘောပေါက်နိုင်မှု |

က။စစ်အေးကာလပြီးနောက် အိန္ဒိယနိုင်ငံသည် အဘယ့်ကြောင့် ရေနံကိုဈေးကြီးပေး၍ ဝယ်ယူခဲ့ရသနည်း။

ခ။ စစ်အေးကာလပြီးနောက် အိန္ဒိယနိုင်ငံသည် ဆုံးရှုံးသွားသော စီးပွားရေးအခွင့်အလမ်းအချို့ကို ပြန်လည်ရရှိရန် မည်သို့ဆောင်ရွက်ခဲ့သနည်း။

ဂ။ အမေရိကန်နှင့် တရုတ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်လာခြင်းသည် အိန္ဒိယအတွက် အဘယ့်ကြောင့် ဆိုးကျိုးဖြစ်စေသနည်း။

ဃ။ မည်သည့်စီမံကိန်းများသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများကြား ဆက်ဆံရေးကို ပိုမိုတိုးတက်စေသနည်း။

င။ အရှေ့တောင်အာရှနှင့် ကောင်းမွန်သောဆက်ဆံရေးရရှိခြင်းသည် အိန္ဒိယနိုင်ငံအတွက် အဘယ့်ကြောင့်အရေးကြီးသနည်း။

**အဓိကဝေါဟာရများ**

| | |
| --- | --- |
| လက်နက်(နာမ်) | - သေနတ်၊ ရိုင်ဖယ်၊ အနုမြူ တင့်ကား စသည့်လက်နက်။ |
| အမှတ်တရစာ(နာမ်) | - နှုိးဆော်စာ။ |
| ဆိပ်ကမ်းမြို့(နာမ်) | -သင်္ဘောများ ကုန်တင်ကုန်ချသောလုပ်သော ပင်လင်ကမ်းနားမြို့။ |

**ဖြစ်ရပ်လေ့လာခြင်း**

## မြန်မာ့သယံဇာတရရှိရေးအတွက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြိုင်ဆိုင်မှု

မြန်မာကမ်းရိုးတန်းသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ထိုင်းနိုင်ငံကမ်းရိုးတန်းအထိ မိုင်တစ်ရာနီးပါးရှည်လျားပြီး ဖွံ့ဖြိုးမှုနည်းပါးသည်။ ရေနံထွက်နိုင်ချေရှိသည့် မြန်မာ့ကမ်းရိုးတန်း ကန်းလွန်ပင်လယ်ရေထဲတွင် သဘာဝဓာတ်ငွေ့အနည်းဆုံး ကုဗပေ ၁၀ ထရီလျံခန့်ရှိသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံသည် ဤသယံဇာတကို လိုလားကြသည်။

အိန္ဒိယနိုင်ငံသည် ပင်လယ်ရေအောက်လုပ်ကွက် အေ-၁ ဟု လူသိများသောလုပ်ကွက်မှ မြန်မာနိုင်ငံသဘာဝဓာတ်ငွေ့ ကုဗပေ ၅ ဒသမ ၆ ကြီလျံကို ဝယ်ယူရန်ပထဦးဆုံးကမ်းလှမ်းခဲ့သည်။ ထိုလုပ်ကွက်သည် စစ်တွေမြို့နှင့်နီးသော ရွှေသဘာဝဓာတ်ငွေ့ကွင်းတွင်တည်ရှိသည်။

အိန္ဒိယနိုင်ငံသည် သဘာဝဓာတ်ငွေ့ပို့ဆောင်နိုင်ရန်အတွက် မိုင်၉၆၀ ရှည်လျားသောပိုက်လိုင်းကြီးကို တည်ဆောက်ရန်စစ်ဆေးနေချိန်တွင် တရုတ်နိုင်ငံသည် မြန်မာ့သယံဇာတအပေါ် စိတ်ဝင်စားမှုပြသခဲ့သည်။ တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံစလုံးသည် သဘာဝဓာတ်ငွေ့ တရားဝင်ဝယ်ယူနိုင့်ခွင့်ရရှိရန်တွက် မြန်မာနိုင်ငံနှင့်သဘောတူစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးလိုခဲ့ကြသည်။




တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် သဘာဝဓာတ်ငွေ့ ပို့ဆောင်နိုင်ရန်အတွက် ပိုက်လိုင်းစီမံကိန်းတွင် ဒေါ်လာဘီလျံ ပေါင်းများစွာ ရင်းနှီးမြှုပ်နှံရမည့်အပြင် အေ-၁ လုပ်ကွက်တွင် နှစ်(၂၀)အတွင်းဝယ်ယူရန် သဘောတူညီမှုလက်မှတ် မရေးထိုးပါကနှစ်နိုင်ငံစလုံးသည် ရင်းနှီးမြှုပ်နှံခွင့်ရမည် မဟုတ်ချေ။ အိန္ဒိယနိုင်ငံသည်အာသမ်နှင့် မီဇိုရမ်ပြည်နယ်သို့ သဘာဝဓာတ်ငွေ့ပို့ဆောင်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၃ ဘီလျံခန့်ကုန်ချမည့်ပိုက်လိုင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကွေ့ပတ်၍တည်ဆောက်ရမည်။ တရုတ်နိုင်ငံသည်လည်း ယူနန်ပြည်နယ်မှတဆင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့ဆောင်နိုင်ရန်အတွက် ဧရာဝတီမြစ်ဝှမ်းအပေါ်ပိုင်းတစ်လျှောက် ဖြတ်၍ ပိုက်လိုင်းတည်ဆောက်ရမည် ဖြစ်သည်။

တရုတ်နိုင်ငံသည် ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက် အေ-၁မှဓာတ်ငွေ့များကို မဝယ်သည့်တိုင်ပင်လျှင် မြန်မာနိုင်ငံ ကိုဖြတ်၍ ပိုက်လိုင်း တည်ဆောက်နိုင်ဖွယ်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံကိုဖြတ်၍တည်ဆောက်မည့်ပိုက်လိုင်းသည် ယခုလက်ရှိတရုတ်နိုင်ငံ ရေနံသယ်ယူပို့ဆောင်ရေးလမ်းနှင့် ယှဉ်လျှင်အကွာအဝေးမိုင် ၂၀၀၀ ခန့်ပိုမိုနီးသည်။

အိန္ဒိယနိုင်ငံသည် ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက် အေ-၁ မှ ဓာတ်ငွေ့များကို မဝယ်သည့်တိုင်ပင်လျှင် စစ်တွေမြို့ဆိပ်ကမ်းမြို့ တည်ဆောက်နိုင်ဖွယ်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ဆိပ်ကမ်းမြို့တည်ဆောက်လျှင် အိန္ဒိယနိုင်ငံသည် ကုလားတန်မြစ်အထက်ပိုင်းမှ တဆင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းသို့ လျင်လျင်မြန်မြန်နှင့် ကုန်ကျစရိတ်သက်သာစွာ ကုန်ပစ္စည်းများကို သယ်ပို့နိုင်မည်ဖြစ်သည်။

က။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံတွင်းရှိ မည်သည့်သံယံဇာတများကို လိုချင်ကြသနည်း။
ခ။ သဘာဝဓာတ်ငွေ့ကိုရရှိရန်အတွက် တရုတ်နိုင်ငံသည် မည်သည့်အရာများပြုလုပ်ရန် လိုအပ်သနည်း။
   အိန္ဒိယနိုင်ငံလည်း မည်သည့်အရာများပြုလုပ်ရန်လိုအပ်သနည်း။
ဂ။ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံတွင်အခြားမည်သည့်အကျိုးအမြတ်ရှိသနည်း။

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**

မြန်မာနိုင်ငံသဘာဝဓာတ်ငွေ့ကို မည်သည့်နိုင်ငံက ဝယ်ယူခွင့်ရသင့်သနည်း။ ဈေးအကောင်းပေးနိုင်သည့် နိုင်ငံအားရောင်းပေးသင့်ပါသလား။
နိုင်ငံရေးသြဇာအာဏာ အကြီးဆုံးရှိသောနိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံအကောင်းဆုံး အိမ်နီးချင်းနှင့်မိတ်ဆွေနိုင်ငံအားရောင်းပေးသင့်ပါသလား။ အောက်တွင်ပေးထားသောဖော်ပြချက်များအနက် တစ်ခုကိုရွေး၍အကြောင်းပြချက်ပြဖြင့်တင်ပြပါ။

**တိုးချဲ့လေ့ကျင့်ခန်း**

မြန်မာနိုင်ငံ ဓာတ်ငွေ့များကို တရုတ်နိုင်ငံအား ရောင်းပေးသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ---

မြန်မာနိုင်ငံ ဓာတ်ငွေ့များကို အိန္ဒိယနိုင်ငံအား ရောင်းပေးသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ---

မြန်မာနိုင်ငံ ဓာတ်ငွေ့များကို ထိုင်းနိုင်ငံအား ရောင်းပေးသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ---

မြန်မာနိုင်ငံ ဓာတ်ငွေ့များကို ---နှင့် ---နိုင်ငံများအား ခွဲရောင်းပေးသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ---

## ၄. ၃ မျက်မှောက်ခေတ်အရှေ့တောင်အာရှ

**လေ့ကျင့်ခန်း**

**အချက်အလက်အသုံးချခြင်း**


အောက်တွင်ပေးထားသော ကော်လံ(က)ရှိအစိုးရစနစ်များကို ကော်လံ(ခ)ရှိဖော်ပြချက်များ ၄င်းတို့ကိုကျင့်သုံးသော ကော်လံ(ဂ)ရှိနိုင်ငံတို့နှင့်ယှဉ်တွဲပေးပါ။

| ကော်လံ(က) | ကော်လံ(ခ) | ကော်လံ(ဂ) |
|---|---|---|
| ၁။ ကွန်မြူနစ် | (က) ဤအစိုးရစနစ်တွင် ဘုရင်၊ ဘုရင်မ သို့မဟုတ် စော်ဘွားသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ၄င်းတို့အာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် ကန့်သတ်ထားသည်။ ဘုရင်သည်အရေးကြီးသော ဆုံးဖြတ်ချက်များမချမီ ဘာသာရေး သို့မဟုတ် ရွေးချယ်တင်မြောက်ခံရသောအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ရမည်။ | ဘရူနိုင်းဒါရုဆလင်<br>ဗီယက်နမ် |
| ၂။ ဒီမိုကရေစီ | (ခ)ဤစနစ်တွင်အစိုးရသည် နိုင်ငံတော်အာဏာကို ချုပ်ကိုင်ထားသည်။ ဤစနစ်ကိုကျင့်သုံးသော နိုင်ငံများကို အများအားဖြင့် ပြည်ထောင်စုသမ္မတနိုင်ငံ သို့မဟုတ် ပြည်တောင်စု ဟုခေါ်သည်။ ဤစနစ်တွင် လူတစ်ဦးချင်းစီ လွတ်လပ်မှုသည် အတိုင်းအတာတစ်ခုအထိ ရှိသော်လည်း ရွေးချယ်တင်မြောက်ခြင်းမခံရသော အုပ်ချုပ်သူများတွင် အမြင့်ဆုံးအာဏာရှိသည်။ | ကမ္ဘောဒီးယား<br>အင်ဒိုနီးရှား |
| ၃။ အာဏာရှင်စနစ် | (ဂ) ဤအစိုးရစနစ်သည် လူမှုရေးလိုအပ်ချက်များကိုတန်းတူညီ မျှမှုရှိစေရန် ပြုလုပ်ပြီး လူများကြားတွင်ဖြစ်ပေါ်သော မတူညီမျှမှု များကိုဖယ်ရှားပေးသည်။ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စီးပွားရေး လုပ်ငန်းပိုင်ဆိုင်ခွင့်တို့သည်။ ဤစနစ်ကျင့်သုံးသောသူများ အတွက် အရေးကြီးသည်။အဘယ့်ကြောင့်ဆိုသော် လူတိုင်းတွင်ဥစ္စာနေ ပိုင်ဆိုင်မှုအညီအမျှရှိရမည်ဟု ယုံကြည်ကြသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံတော်အစိုးရသည် ပြည်သူများကြားတွင်အမြတ်အစွန်းများကို ညီမျှစွာခွဲဝေပေးနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းအားလုံးကို လက်ဝါးကြီးအုပ်နိုင်သည်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးစနစ်တစ်ခုတည်းကိုသာ ရည်ညွှန်းပြောဆိုပါက ဆိုရှယ်လစ်စနစ်ဟုခေါ်နိုင်သည်။ | စင်္ကာပူ<br>ဖိလစ်ပိုင်<br>လာအို |
| ၄။ စည်းမျဉ်းခံဘုရင်စနစ် | (ဃ) ဤအစိုးရစနစ်သည် ပုံစံနှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ပြည်သူများထံတွင် နိုင်ငံရေးအာဏာရှိခြင်းနှင့် နိုင်ငံရေးဆုံးဖြတ်ချက်များချရာတွင် ပြည်သူများကတိုက်ရိုက်ဩဇာ လွှမ်းမှုရှိခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ပြည်သူများသည် မိမိတို့အကျိုးအမြတ်ကို သယ်ပိုးပေးရန်နှင့် ဆုံးဖြတ်ချက်များချပေးရန်တို့အတွက်ခေါင်းဆောင်များ ရွေးချယ်တင်မြောက်ကြသည်။ | ထိုင်း<br>မလေးရှား |

**အဓိကဝေါဟာရများ**

| | |
|---|---|
| ခန့်အပ်(ကြိယာ) | - တစ်စုံတစ်ဦးအား တာဝန်ပေးသည်။ |
| အလွဲသုံးစားလုပ်ခြင်း(နာမ်) | - အပ်နှံခံရသူမှ ပစ္စည်း သို့မဟုတ် ပိုက်ဆံကိုခိုးယူခြင်း၊ မိမိကိုယ်ကျိုးအတွက်အသုံးပြုခြင်း။ |
| ခိုးယူ(ကြိယာ) | - ပိုက်ဆံ သို့မဟုတ် ပစ္စည်းများကို တရားမဝင်သောနည်းဖြင့် ယူသည်။ |
| မကျေမနပ်ဖြစ်ခြင်း (နာမ်) | - ပြင်းထန်ခါးသီးစွာ မုန်းတီး ဒေါသထွက်ခြင်း။ |
| တုံ့ပြန်မှု(နာမ်) | - အမှန်တကယ်အမှားတစ်ခုအတွက် သို့မဟုတ် မှားသည်ဟု ယူဆချက်ကြောင့် ဆန့်ကျင်သည့်အနေဖြင့် တစ်ဦးတစ်ယောက် သို့မဟုတ် တစ်အုပ်စုအား အနာတရဖြစ်စေခြင်း၊ ကလဲ့စားချေခြင်း။ |
| ဖိနှိပ်သည်(ကြိယာ) | - အင်းအားဖြင့် အုပ်ချုပ်သည်။ |

**မျက်မှောက်ခေတ် အင်ဒိုနီးရှား**




ရာစုနှစ်သုံးခုခွဲခန့် ဒတ်ချ်အုပ်ချုပ်မှုအောက်တွင် အုပ်ချုပ်ခံရပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် ၁၉၄၅ခု နှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ စူကာနိုဟုခေါ်သော ခူစနိုဆိုစရိုဒီဟာဂျိုသည် အင်ဒိုနီးရှားနိုင်ငံ ပထဦးဆုံးသမ္မတဖြစ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံကို ဒီမိုကရေစီနည်းကျသော ပုံစံဖြင့်စတင်အုပ်ခဲ့သည်။ သို့သော်လည်း အချိန်ကြာမြင့်လာသည်နှင့် အမျှသမ္မတစူဟာနိုသည် ပို၍အာဏာရှင်ဆန်လာခဲ့သည်။

၁၉၆၅ ခုနှစ်စက်တင်ဘာလ ၃၀ ရက်နေ့တွင် စူဟာနိုကိုဆန့်ကျင် အာဏာသိမ်းရန်ကြံစည်သည့် တော်လှန်မှုတရပ် ဖြစ်ပွားခဲ့သည်။ သို့ရာတွင်မအောင်မြင်ဘဲ စစ်တပ်မှအာဏာသိမ်းမှုဖြစ်ပွားခဲ့သည်။ ထို့ကြောင့် စူဟာနိုသည် လက်တုံ့ပြန်သည့်အနေဖြင့် လူပေါင်း ၅ သိန်းနှင့်တစ်သန်းကြား သတ်ဖြတ်ခဲ့သည်။ အာဏာသိမ်းရန် ကြံစည်မှု သည်မအောင်မြင်ခဲ့သော်လည်း စူကာနိုအင်အားကိုယုတ်လျော့စေခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်စူဟာတိုသည် ဖြစ်ပျက်နေသော အ ခြေအနေကိုအခွင့်ကောင်းအဖြစ်အသုံးချ၍ ၁၉၆၇ ခုနှစ်မတ်လတွင် အာဏာသိမ်းခဲ့သည်။ ဗိုလ်ချုပ်စူဟာတိုသည် အမေရိကန် ထောက်ခံအားပေးမှုကို ရရှိခဲ့သည်။

| လေ့ကျင့်ခန်း |
|---|
| သဘောပေါက်နိုင်မှု |

က။ လွတ်လပ်ရေးရပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် မည်သည့်အစိုးရစနစ်ရှိခဲ့သနည်း။
မည်သူသည် အင်ဒိုနီးရှားနိုင်ငံပထဦးဆုံးသမ္မတဖြစ်ခဲ့သနည်း။
ခ။ ပထဦးဆုံးသမ္မတအုပ်ချုပ်မှုသည် မည်မျှကြာရှည်ခဲ့သနည်း။
ဂ။ ပထဦးဆုံးသမ္မတအုပ်ချုပ်မှုနှောင်းပိုင်းသည် အစောပိုင်းနှင့်အဘယ်မျှလောက်ခြားနားရသနည်း။

အမေရိကန်အစိုးရသည် စူဟာတိုအစိုးရကို အစောပိုင်းတွင်ထောက်ခံအားပေးခဲ့သည်။ အမေရိကန်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် နောက်ထပ်ဆယ်စုနှစ်သုံးခုအတွင်း အင်ဒိုနီးရှားနိုင်ငံတွင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

သို့သော်လည်း နိုင်ငံရေးအခြေအနေသည် စူဟာတိုအာဏာသိမ်းပြီးနောက် ပြောင်းလဲမှုအများအပြားမရှိခဲ့ပေ။ အာဏာရှင်ဆန်သော အုပ်ချုပ်မှုဖြင့်သာ အုပ်ချုပ်ခဲ့သည်။ ထို့ကြောင့် စူဟာတိုအစိုးရသည် လာတ်စားမှုနှင့် နိုင်ငံရေးအတိုက်အခံများအား ဖိနှိပ်ချုပ်ချယ်မှုတို့ဖြင့် စွပ်စွဲခံရသည်။ စူဟာတိုမိသားစုနှင့် ဆွေမျိုးတို့သည်အစိုးရအခန်းကဏ္ဍတွင် အဏာပိုင်ရာထူးများ ရယူထားပြီးပိုမိုကြွယ်ဝချမ်းသာလာ နေချိန်တွင် အတိုက်အခံများမှာ ထောင်သွင်းအကျဉ်းကျခံရသည်။ ထို့အပြင်အဂတိလိုက်စားမှုနှင့် အမျိုးသားရံပုံငွေခိုးယူမှုများလည်း ပိုမိုတိုးပွားခဲ့သည်။

၁၉၉၉ ခုနှစ်တွင် နိုင်ငံတကာသည် အင်ဒိုနီးရှားနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေပေါ် စိုးရိမ်ပူပန်မှုပြလာခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် လူတစ်စုက အင်ဒိုနီးရှားထံမှ အာချေပြည်နယ်အတွက် လွတ်လပ်ရေးတောင်ဆိုခဲ့သည်။
စူဟာတိုသည် ထိုလူစုအားနှိမ်နင်းရန် စစ်တပ်များစေလွှတ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် လူပေါင်း ၁၅၀၀၀ သေဆုံးခဲ့ရသည်။ ၁၉၉၁ ခုနှစ်တွင်အင်ဒိုနီးရှားစစ်တပ်သည် အရှေ့တီမောနိုင်ငံတွင် အရပ်သား ၂၀ ကျော်ကိုသတ်ဖြတ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အာရှတိုက်တွင်း စီးပွားပျက်ကပ်ကြောင့်လည်း အင်ဒိုနီးရှားနိုင်ငံသည် ဆိုးဆိုးရွားရွားထိခိုက်ခံခဲ့ရသည်။ အခြေခံကုန်ပစ္စည်းများဖြစ်သော အစားအစာနှင့်လောင်စာဆီတို့ ဈေးနှုန်းလည်း ၅၀၀ ရာခိုင်နှုန်းလောက် မြင့်တက်ခဲ့သည်။ အမေရိကန်အစိုးရသည် အင်ဒိုနီးရှားနိုင်ငံသို့ စစ်ရေးကူညီထောက်ပံ့မှုကို စတင်ကန့်သတ်ခဲ့ပြီး နိုင်ငံတကာငွေကြေး ရံပုံငွေအဖွဲ့ကလည်း အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံရေးပြောင်းလဲမှုရှိမှသာ ဝင်ရောက်ကူညီတော့မည်ဟု ကမ်းလှမ်းခဲ့သည်။ နိုင်ငံခြား ရင်းနှီးမြှပ်နှံသူများလည်း အင်ဒိုနီးရှားနိုင်ငံတွင်း ရင်နှီးမြှပ်နှံမှုပေါ် ယုံကြည်မှုအားနည်းလာခဲ့ပြီးထိုမြုပ်နှံမှုများကို ရပ်တန့်ခဲ့သောကြောင့် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေး ကိုပိုမိုယုတ်လျော့စေခဲ့သည်။




စီးပွားရေးအကြပ်အတည်းများ ရင်ဆိုင်နေရသောကြောင့် အင်ဒိုနီးရှားပြည်သူများ သည် စူဟာတိုအပေါ် မကျေမချမ်းဖြစ်ခဲ့ပြီးလမ်းမများပေါ်သို့ထွက်၍ ဆန္ဒပြခဲ့ကြ သည်။ နိုင်ငံရေးပြောင်းလဲမှု ဖြစ်လာရန်အတွက် ပြည်သူများငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသော်လည်း အခြေအနေပြောင်းလဲမှုမရှိသောကြောင့် ပြည်သူများ ဒေါသပိုမိုပြင်းထန်ခဲ့သည်။ ထို့နောက် ဆန္ဒပြသူများသည် အကြမ်းဖက်မှုများနှင့် လမ်းမများပေါ်တွင် ဆူပူအုံကြွမှုများပြုလုပ်ခဲ့သည်။ လူများသည်အဆောက်အအုံ များကို မီးရှို့ဖျက်ဆီးကြပြီး ဈေးဆိုင်များမှပစ္စည်းများကိုလုယက်ခိုးယူကြသည်။ ဆူပူအုံကြွမှုတွင် လူပေါင်း ၁၀၀၀ နှင့် ၅၀၀၀ ကြားအသက်ဆုံးရှုံးခဲ့ရသည်။

ပြည်တွင်းပြည်ပဖိအားပေးမှု အကျိုးဆက်များကြောင့် နောက်ဆုံးတွင်သမ္မတ စူဟာတို နုတ်ထွက်ခဲ့ပြီး ဘီဂျေဟဘေ့ဘိုင်ကို သမ္မတအဖြစ်ခန့်အပ်ခဲ့သည်။

**လေ့ကျင့်ခန်း**


**သဘောပေါက်နိုင်မှု**

**(က)** အင်ဒိုနီးရှား ဒုတိယသမ္မတသည် မည်သူဖြစ်သနည်း။
**(ခ)** သမ္မတမဖြစ်လာမီ စူဟာတို ရာထူးအဆင့်အတန်းကို ဖော်ပြပါ။
**(ဂ)** ဒုတိယသမ္မတ အုပ်ချုပ်မှုနှောင်းပိုင်းသည် စဦးပိုင်းနှင့် မည်သို့ခြားနားသနည်း။

**လေ့ကျင့်ခန်း**

**အကြောင်းနှင့်အကျိုး ဇယားကွက်သုံးခြင်း**

ပေးထားသောစာပိုဒ်တွင် စူဟာတိုနုတ်ထွက်ရခြင်းအကြောင်းရင်းများကိုမျဉ်းသားပါ။ အောက်တွင်ပေးထားသည့် အကြောင်းနှင့်အကျိုးပြငါးရိုးပုံအကွက်ကို သင့်ကိုယ်ပိုင်အတွေးအခေါ်ကို သုံး၍ဖြည့်ပါ။ ဥပမာအနေဖြင့်အချက်အလက်အချို့ဖြည့်ပေးထားသည်။




**အဓိကဝေါဟာရများ**

| | |
|---|---|
| ငတ်မွတ်ခေါင်းပါးမှု(နာမ်) | - နေရာအနှံ့အပြားတွင် အစာပြတ်လပ်မှုနှင့် ဆာလောင်မှုဖြစ်ပေါ်သောကာလ |
| အခြေခံအဆောက်အအုံ(နာမ်) | -စနစ်တကျဖွဲ့စည်းထားသောလူမှု အသိုင်းအဝိုင်းတစ်ခု လည်ပတ်နိုင်ရန် လမ်းတံတားများ၊ လမ်းများ၊ကျောင်းများ။ |
| ဇီဝအခြေခံဖြစ်သော(နာမဝိသေသန) | -ဓာတ်မြေဩဇာ သို့မဟုတ် ပိုးသတ်ဆေးများထောက်ပံ့မှု မလိုအပ်ဘဲ သဘာဝအတိုင်းကြီးထွားသော။ |

**ပြန်လည်ဆန်းစစ်ခြင်း**

**(က)**အရှေ့တီမောကို မည်သည့်နိုင်ငံကနယ်ချဲ့အုပ်ချုပ်ခဲ့သနည်း။
**(ခ)**အုပ်ချုပ်သူဥရောပနိုင်ငံများ ထွက်ခွာပြီးနောက် အရှေ့တီမောနိုင်ငံတွင် မည်သည့်ဖြစ်ရပ်များ ဖြစ်ပျက်ခဲ့သနည်း။
**(ဂ)**မည်သူသည် ဖရီတီလင်(Fretilin)ဖြစ်သနည်း။
သူတို့သည်မည်သည့်အရာကိုလိုလားကြသနည်း။

**မျက်မှောက်ခေတ်အရှေ့တီမောနိုင်ငံ**

၁၉၇၅ ခုနှစ် နိုဝင်ဘာလတွင် အရှေ့တီမောသည် ဖရီတီလင်တို့အကူအညီဖြင့် လွတ်လပ်ရေးရခဲ့သည်။သို့သော် ရက်သတ္တပတ် အနည်းကြာပြီးနောက် အရှေ့တီမောကို ဩစတြေးလျအကူညီအဖြင့် အင်ဒိုနီးရှားနိုင်ငံက သိမ်းပိုက်ခဲ့သည်။ ပဋိပက္ခဖြစ်ပွားခြင်း၊ တိုက်ပွဲများ၊ ရောဂါများနှင့်ငတ်မွတ်ခေါင်းပါးမှုများကြောင့် အရှေ့တီမောတွင် ခန့်မှန်းခြေ လူ ၁၀၀၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

ဖရီတီလင်တို့ စစ်လက်ရုံးဖြစ်သော ဖာလန်တေးသည် အစောပိုင်းတွင်အောင်မြင်မှုအချို့ရခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တီမောကို ၁၉၉၁ ခုနှစ်အထိအုပ်ချုပ်နိုင်ခဲ့သည်။ အင်ဒိုနီးရှားစစ်တပ်သည် ၁၉၉၁ ခုနှစ်တွင် အရှေ့တီမောနိုင်ငံ ခန့်မှန်းခြေ ဆန္ဒပြသူ ၂၀၀ ကိုသတ်ဖြတ်ခဲ့သည်။ ဤသတ်ဖြတ်မှုကြောင့်အင်ဒိုနီးရှားဒေသပေါ်ထိန်းချုပ်နိုင်မှုကို အားလျော့စေခဲ့ပြီး နိုင်ငံတကာအလယ်တွင်လည်း မျက်နှာပျက်ခဲ့ရသည်။ စူဟာတို အုပ်ချုပ်မှုကျဆုံးပြီးနောက် အရှေ့တီမောတွင် ပြောင်းလဲမှုရှိ လာခဲ့သည်။

အင်ဒိုနီးရှားသမ္မတသစ်သည် အရှေ့တီမောပြည်သူများ လွတ်လပ်ရေးလိုချင်မှုရှိမရှိအတွက် ဆန္ဒခံယူပွဲပြုလုပ်ပေးခဲ့သည်။။ ကမ္ဘာ့ကုလသမဂ္ဂကလည်း ထိုဆန္ဒခံယူပွဲကို ထောက်ခံကြိုဆိုခဲ့သည်။ ဆန္ဒခံယူပွဲမှ ရှင်းလင်းသော ရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ၁၉၉၉ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် မဲပေးသူ ၇၈ ဒသမ ၅ ရာခိုင်နှုန်းသည် အင်ဒိုနီးရှားထံမှ လွတ်လပ်ရေးတောင်း ဆိုခဲ့ကြသည်။

သို့သော် အင်ဒိုနီးရှားသည် လွတ်လပ်ရေးတောင်ဆိုသူများကို အကြမ်းဖက်ခြင်းဖြင့် တုံ့ပြန်ခဲ့ရာခန့်မှန်းခြေအားဖြင့် အရှေ့ တီမောပြည်သူ ၁၄၀၀ ခန့်အသက်ဆုံးရှုံးရပြီး နောက်ထပ်ပြည်သူ ၃၀၀၀၀၀ခန့်သည် ဒုက္ခသည်အဖြစ် အရှေ့တီမော အနောက်ဘက်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဤသို့ဖြစ်ပွားချိန်တွင် တံတားများ၊ အစိုးရအဆောက်အဦးများ၊ ဈေးဆိုင်များ၊ ဆက်သွယ်ရေးနှင့် စွမ်းအင်စက်များအပါအဝင် အရေးပါသော အခြေခံအဆောက်အုံများစွာပျက်စီးခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့ဖြစ်သော အင်တာဖက် (အရှေ့တီမောအတွက်နိုင်ငံတကာစစ် တပ်)မှ ကြားဝင်ဖျန်ဖြေခဲ့ရသည်။ အရှေတီမောကို ကုလသမဂ္ဂက ၁၉၉၉ ခုနှစ်စက်တင်ဘာလမှ ၂၀၀၂ ခုနှစ်အထိ စီမံကြီးကြပ်အုပ်ချုပ်ခဲ့သည်။ ၂၀၀၂ ခုနှစ် မေလတွင် အရှေ့တီမောပြည်သူများကို ကုလသမဂ္ဂက အုပ်ချုပ်ခွင့်ပေးခဲ့ပြီးနောက် အရှေ့တီမောပထမဦးဆုံးသမ္မတမှာ ဖာလန်တေးခေါင်းဆောင်ဟောင်း ဖန်နာနာဂူစမာအိုဖြစ်ပြီး ပထမဝန်ကြီးချုပ်မှာ ဖရီတီလင်ခေါင်းဆောင်ဟောင်း မာရီအကာတီရီ ဖြစ်သည်။

## လွတ်လပ်ရေးလွန် အရှေ့တီမောနိုင်ငံ

အရှေ့တီမောနိုင်ငံတွင် လွတ်လပ်ရေးမတိုင်မီဖြစ်ခဲ့သော ပြဿနာအချို့သည် လွတ်လပ်ရေးရပြီး နောက်ဆက်လက် ဖြစ်ပွားနေဆဲဖြစ်သည်။ ဤဒီမိုကရေစီနိုင်သစ်တွင် ဆင်းရဲမွဲတေမှုသည် အကြီးမားဆုံးပြဿနာဖြစ်သည်။ ပြည်သူများသည် ၎င်းပြဿနာကို ဆက်လက်ရင်ဆိုင်နေရသောကြောင့် မခံမရပ်ဖြစ်ကာ မြို့တော်ဒေလီတွင် ဆူပူအုံကြွမှုများပြုလုပ်ခဲ့သည်။

မျက်မှောက်ခေတ်တွင် အရှေ့တီမောအစိုးရသည် ပြည်တွင်းပြည်ပမှ စီးပွားရေးဖွံ့ဖြိုးနိုင်သောနည်းလမ်းများဖြင့် ကြိုးစားနေသော်လည်း တိုးတက်မှုသည် အလွန်နှေးကွေးနေဆဲဖြစ်သည်။




တီမောပင်လယ်ပြင်တွင် ရေနံနှင့်ဓာတ်ငွေ့သိုက်များရှိပြီး ၎င်းတို့သည် အနာဂတ်တွင် အရှေ့တီမောစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အထောက်အကူပြုနိုင်သည်။ ကော်ဖီသည်အရှေ့တီမောအခြား သယံဇာတတစ်ခုဖြစ်သည်။ အရှေ့တီမောကော်ဖီသည် သဘာဝမြေ သြဇာဖြင့်ဖြစ်ထွန်းအောင်မြင်သောကြောင့် ကမ္ဘာပေါ်တွင်လူကြိုက်အများ ဆုံးကော်ဖီတစ်မျိုးဖြစ်သည်။ (ကော်ဖီစိုက်ပျိုးသူများသည် ဓာတ်မြေသြဇာသို့မဟုတ် ပိုးသတ်ဆေးများကို သုံးစွဲလိုမလိုသောကြောင့် ဤအချက်သည် စီးပွားရေးဖွံ့ဖြိုးရန် အကြောင်းရင်းတစ်စိတ်တစ်ပိုင်းဖြစ်သည်။) ယခုအခါ ကော်ဖီထုတ်လုပ်သော စက်ရုံတွင်အလုပ်သမားပေါင်း ၅၀၀၀၀ ခန့်အလုပ်လုပ်ကိုင်နေသဖြင့် ထုတ်လုပ်မှုမြင့်မားလာသည်။ နိုင်ငံရေးမတည်ငြိမ်မှုကြောင့်အရှေ့တီမောနိုင်ငံသို့ လူများအလည်အပတ်သွားရန် တုံ့ဆိုင်းကြသော်လည်း ခရီးသွားလုပ်ငန်းသည်နိုင်ငံအတွက် ဝင်ငွေရနိုင်သော အခြားနည်းလမ်းတစ်ခုလည်းဖြစ်သည်။

ယခုလက်ရှိအခြေအနေတွင် အရှေ့တီမောနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် နိုင်ငံတကာအထောက်အပံ့ပေါ် မှီခိုနေရသည်။ သြစတြေးလျနိုင်ငံသည် အရှေ့တီမောနိုင်ငံကို အများဆုံးအထောက်အပံ့ပေးသော နိုင်ငံတနိုင်ငံဖြစ်သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် သြစတြေးလျနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်ဒေါ်လာ ၉၆ သန်းထောက်ပံ့ခဲ့သည်။

| လေ့ကျင့်ခန်း |
| --- |
| **သဘောပေါက်နိုင်မှု** |

**(က)**ပေါ်တူဂီတို့ထွက်ခွာပြီးနောက် အရှေ့တီမောပြည်သူများသည် နိုင်ငံရေးပြောင်းလဲမှုများကို မည်သို့ကြိုးစားရယူခဲ့ရသနည်း။

**(ခ)**အင်ဒိုနီးရှားနိုင်ငံ မည်သည့်နိုင်ငံရေးအဖြစ်အပျက်သည် အရှေ့တီမောနိုင်ငံရေးကို ပြောင်းလဲမှုရှိစေခဲ့သနည်း။

**(ဂ)**အရှေ့တီမောတွင် လွတ်လပ်ရေးတောင်းဆိုသူများကို အင်ဒိုနီးရှားနိုင်ငံက မည်သို့လက်တုံ့ပြန်ခဲ့သနည်း။

**(ဃ)**ထိုတုံ့ပြန်မှုသည် စီးပွားရေးပေါ်တွင် မည်သည့်အကျိုးသက်ရောက်မှုရှိသနည်း။

**(င)**မည်သူသည် အင်ဒိုနီးရှားထံမှ အရှေ့တီမောနိုင်ငံအတွက် လွတ်လပ်ရေးကိုရယူပေးခဲ့သနည်း။


**(စ)**လွတ်လပ်ရေးရပြီးနောက် အရှေ့တီမောပြည်သူများသည် အဘယ့်ကြောင့်ဆူပူအုံကြွမှုများ ဆက်လက်ပြုလုပ်နေပါသနည်း။

**(ဆ)**အရှေ့တီမောနိုင်ငံရင်ဆိုင်နေသော အဓိကစိန်ခေါ်မှုကြီးမှာအဘယ်နည်း။

**(ဇ)**ထိုစိန်ခေါ်မှုအား အရှေ့တီမော အစိုးရမှတုံ့ပြန်သောနည်းလမ်းသုံးမျိုးမှာအဘယ်နည်း။

## အရှေ့တီမောမီးတောင် မြောက်ဖက်အောက်ကျောက်ရည်ပူအခန်းများ

- အင်ဒိုနီးရှားသိမ်းပိုက်ထိန်းချုပ်မှု
- ပေါ်တူကီနှင့် ဒတ်ချ်တို့ ကိုလိုနီစနစ်
- ဘာသာရေးဆိုင်ရာခြားနားမှုများ
- တိုင်းရင်းသားလူမျိုးစုယှဉ်ပြိုင်မှုများ




**က။** ပေးထားသောပုံအရ အရှေ့တီမောနိုင်ငံရှိ ပြဿနာများ အဓိက အကြောင်းရင်းများ မှာအဘယ်နည်း။

**ခ။** အရှေ့တီမောနိုင်ငံကို အဘယ့်ကြောင့် မီးတောင်တစ်လုံးနှင့်နှိုင်း ယှဉ်ရသနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| သဘောထားကွဲလွဲမှု(နာမ်) | -သဘောမတူညီမှု သို့မဟုတ် ဆန့်ကျင်မှု။ |
| အကောင်အထည်ဖော်(ကြိယာ) | -ရလဒ်ထွက်ပေါ်လာအောင်လုပ်သည်။ |
| ပညာတတ်(နာမ်) | -ဖန်တီးတီထွင်တတ်သောဉာဏ်ရှိသူ၊ စဉ်းစားတွေးခေါ်တတ်သူ၊ ဘာသာရပ်တစ်ခုကို အသေးစိတ်တူကျွမ်းနားလည်းသူ။ |
| အထိမ်းအမှတ်(နာမ်) | -အရေးပါသောတစ်ဦးတစ်ယောက် သို့မဟုတ် အပြစ်အပျက်တစ်ခုကို သတိရစေသောနေရာ သို့မဟုတ်အဆောက်အအုံ။ |
| ယုံမှားသံသယဖြစ်(ကြိယာ) | -သက်သေအထောက်အထားမရှိဘဲ အပြစ်ရှိသည် ဟုယုံကြည်ခံရသူ။ |

## မျက်မှောက်ခေတ် ကမ္ဘောဒီးယားနိုင်ငံ

၁၉၆၇ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံအတွင်းတွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ မြောက်ဗီယက်နမ်မှ ထောက်ပံ့သော ကွန်မြူနစ်စစ်တပ်နှင့် အမေရိကန်နှင့် တောင်ဗီယက်နမ်တို့ထောက်ပံ့သော ကမ္ဘောဒီးယားအစိုးရစစ်တပ်တို့ကြား ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ ပြည်တွင်းစစ်အဆုံးတွင် ကွန်မြူနစ်အုပ်စုသည်ကမ္ဘောဒီးယားကိုထိန်းချုပ်နိုင်ခဲ့သည်။ ကွန်မြူနစ်များသည် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် ထိုအဖွဲ့ကို ခမာရောဲအဖြစ်လူသိများလာခဲ့သည်။

၁၉၇၆ ခုနှစ် ခမာရောဲလက်အောက် ကမ္ဘောဒီးယားနိုင်ငံသည် ဒီမိုကရက်တစ်ကမ်ပူချားနိုင်ငံဖြစ်လာခဲ့ပြီးနောက် ကြီးမားသော အပြောင်းအလဲများ စတင်အကောင်အထည်ဖော်ခဲ့သည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုအားလုံးကို နိုင်ငံပိုင်အဖြစ်သိမ်းပိုက်ခဲ့သည်။ လူများကိုလည်း အလုပ်သမားအုပ်စုအမျိုးမျိုးအဖြစ်သို့ ခွဲခြားသတ်မှတ်ပြီး စိုက်ပျိုးရေးလုပ်ရန်အတွက် ကျေးလက်ဒေသသို့ ပို့ဆောင်ခဲ့သောကြောင့် လူနှစ်သန်းကျော်သည် မြို့ပြဒေသများမှ ကျေးလက်ဒေသများသို့ ပို့ဆောင်ခံခဲ့ရသည်။ ထိုလူများသည် တစ်နေ့လျှင် ၁၂ နာရီခန့်အလုပ်ခိုင်းစေခံရပြီး အစားအစာအနည်းငယ်နှင့် နားချိန်အနည်းငယ်မျှသာရရှိသည်။ ညှဉ်းပန်း နှိပ်စက်ခြင်း၊ အချိန်ပိုခိုင်းစေခြင်း၊ အစာငတ်ပြတ်ခြင်း သို့မဟုတ် ရောဂါဘေးဆိုးကြောင့် လူပေါင်းတစ်သန်းနှင့်နှစ်သန်းကြား အသက်ဆုံးရှုံးခဲ့ရသည်။ ခမာရောဲများသည် နိုင်ငံရေးတွင်သဘောထားကွဲလွဲသူများကို လက်မခံပေ။ ယခင်ကမ္ဘောဒီးယားအစိုးရဟောင်း သို့မဟုတ် ပြည်ပနိုင်ငံများနှင့် အဆက်အသွယ်ရှိသည်ဟု ယုံကြည်ခံရသူများ သံသယရှိသူများကို ကွပ်မျက်သည်။ ခမာရောဲ အုပ်ချုပ်သူများသည် ကမ္ဘောဒီးယားနိုင်ငံရှိ ပညာတတ် ပညာရှင်လူတန်းစားများဖြစ်သည့်ဆရာဝန်များ၊ ဆရာဆရာမများနှင့် ရှေ့နေများအပါအဝင် အသိပညာ၊ အတတ်ပညာရှင်များကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ဗီယက်နမ်စစ်တပ်သည် ကမ်ပူးချား အမျိုးသားပြည်လည်ကယ်တင်ရေး ညီညွတ်ရေးတပ်နှင့် အတူသတ်ဖြတ်မှုများကို ရပ်တန့်ရန်ကြိုးပမ်းသည့်အနေဖြင့် ကမ္ဘောဒီးယားကိုတိုက်ခိုက်ခဲ့သည်။ ၎င်းတိုက်ပွဲများကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ ၎င်းတိုက်ပွဲသည် ပဲရစ်မြို့တွင် ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်မရေးထိုးမီ၁၉၉၁အထိ ဆက်လက်ဖြစ်ပွားခဲ့သည်။

ထိုအချိန်ကာလတွင် ခမာရောဲခေါင်းဆောင်မှာ ပိုပေါ့ဖြစ်သည်။ ယနေ့တွင် လူအများအပြားသတ်ဖြတ်ခံရသည့် နေရာဖြစ်သော ကမ္ဘောဒီးယား လူသတ်ကွင်းကို လူများစွာသွားရောက်ကြည့်ရှုကြသည်။ ၁၉၉၇ခုနှစ်ရွေးကောက်ပွဲကျင်းပခဲ့ရာ ခမာရောဲရှုံးနိမ့်သွားပြီးနောက် ၁၉၉၉ ခုနှစ် ခရာရောဲအုပ်စုပျက်ပြားခဲ့သည်။

| လေ့ကျင့်ခန်း |
|---|
| **သဘောပေါက်နိုင်မှု** |

**(က)**ကမ္ဘောဒီးယားစစ်ပွဲတွင် မည်သူတို့အပြန်လှန်တိုက်ခိုက်ခဲ့ကြသနည်း။
**(ခ)**မည်သူက အနိုင်ရရှိခဲ့သနည်း။
**(ဂ)**ကမ္ဘောဒီးယားပထမအစိုးရရည်မှန်းချက်များမှာ အဘယ်နည်း။
**(ဃ)**ပထမအစိုးရသည် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးခဲ့သနည်း။

| လေ့ကျင့်ခန်း |
|---|
| **အချက်အလက်များကို စိတ်ဖြာသုံးသပ်ခြင်း အကြောင်းနှင့်အကျိုး** |

**(က)**ခမာရောဲအုပ်ချုပ်မှုသည် ကမ္ဘောဒီးပြည်သူများကို မည်သို့ထိခိုက်ခဲ့သနည်း။
**(ခ)**ခမာရောဲအုပ်ချုပ်မှုကာလတွင် လူတစ်သန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၎င်းအစိုးရသည် အထူးသဖြင့် ပညာရှင်များဖြစ်သော အဆရာဝန်များ၊ ဆရာဆရာမများနှင့် ရှေ့နေများကိုသတ်ဖြတ်လိုသည်။ အဘယ့်ကြောင့်နည်း။
**(ဂ)**ဤသို့သတ်ဖြတ်ခြင်းသည် ရေတိုနှင့်ရေရှည်ကာလတွင် ကမ္ဘောဒီးယားတစ်နိုင်ငံလုံး အတိုင်းအတာပေါ် မည်သည့်သက်ရောက်မှုဖြစ်လာနိုင်သနည်း။

## ခမာရောဇ့်ပျက်ပြားသွားပြီးနောက် လူနေမှုဘဝ

ခမာရောဇ့်လက်ထက်တွင် ဒုက္ခဆင်းရဲကြီးကြီးမားမားခံစားခဲ့ရပြီးနောက် ကမ္ဘောဒီးယားပြည်သူများသည် ၁၉၉၀ခုနှစ်မှစ၍ မိမိတို့နိုင်ငံတော်ကို ပြည်လည်ထူထောင်ခဲ့ကြသည်။ ခမာရောဇ့်အစိုးရလက်ထက် လူအမြောက်အများသတ်ဖြတ်ခြင်းခံရခြင်းကြောင့် ၂၀၀၅ ခုနှစ်တွင်ကမ္ဘောဒီးယားလူဦးရေ လေးပုံသုံးပုံမှာ ကလေးများသာကျန်တော့သည်။

ကမ္ဘောဒီးယားမျိုးဆက်သစ်လူငယ်များသည် ခမာရောဇ့်အုပ်ချုပ်မှုကို တိုက်ရိုက်မဖြတ်သန်းခဲ့ရသော်လည်း အခြားသူများထံမှ လေ့လာသိရှိခဲ့ကြသည်။ ကမ္ဘောဒီးယားအစိုးရသည် အချိန်ကြာမြင့်လာခဲ့သော်လည်း ခမာရောဇ့်အကြောင်းကို စာသင်ကျောင်းများ ဆရာဆရာမများ သင်ကြားပေးရမည်ဟု မပြဋ္ဌာန်းခဲ့ပေ။ ကမ္ဘောဒီးယားပညာရေးဝန်ကြီးဌာနသည် ၂၀၀၉ ခုနှစ်တွင်မှစတင်၍ ခမာရောဇ့်သမိုင်းကြောင်းကို စာသင်ကျောင်းများတွင်သင်ကြားရန်ပြဋ္ဌာန်းခဲ့သည်။

**လေ့ကျင့်ခန်း**

**တနည်းအားဖြင့် ဆိုခြင်း၊ ထင်မြင်ချက် ထုတ်ဖော်ခြင်း**

၂၀၀၅ ခုနှစ်တွင် ကမ္ဘောဒီးယားလူဦးရေလေးပုံသုံးပုံသည် ကလေးများသာဖြစ်သည်။ အဘယ့်ကြောင့်ဖြစ်ရသည်ကို ကမ္ဘောဒီးယားသမိုင်းအကြောင်းမသိသောသူတစ်ဦး နားလည်နိုင်အောင် ရှင်းပြပေးပါ။ သမိုင်းကြောင်းကိုလေ့လာခြင်းနှင့် အတိတ်မှဖြစ်ရပ်များကိုသိရှိထားခြင်းတို့သည် အရေးကြီးသည်ဟု အချို့ကထင်မြင်ကြသည်။ အချို့ကအတိတ်မှဖြစ်ရပ်ဆိုးများကို မေ့ပျောက်နိုင်ရန် အရေးကြီးသည်ဟု ဆိုသည်။ သင်မည်သို့ထင်မြင်သနည်း။

သင့်ထင်မြင်ချက်သည် ကမ္ဘောဒီးယားသမိုင်းကြောင်းနှင့် ဆက်စပ်ပါသလား။ ကမ္ဘောဒီးယားကလေးငယ်များသည် စာသင်ကျောင်း ခမာရောဇ့်အကြောင်းကို လေ့လာသင့်ပါသလား၊ သို့မဟုတ် ထိုအကြောင်းကို ကလေးငယ်များမသိပါက ပိုကောင်းပါသလား။ သင်မည်သို့ထင်မြင်သနည်း။

**လေ့ကျင့်ခန်း**

**အချက်အလက်များကို စိတ်ဖြာသုံးသပ်ခြင်း ကာတွန်းပုံ**

ခမာရောဇ့်အုပ်စု ကိုပေါ့ဦးဆောင်ချိန် ကမ္ဘောဒီးယား ပြည်သူများ ဒုက္ခဆင်းရဲခံစားရသည့်အကြောင်းကို ပြန်လည်ဖတ်ရှု လေ့လာပြီးနောက်ပေးထားသောပုံကို လေ့လာကြည့်ပါ။




ထိုပုံတွင်ရှိသောတောင်ခြေရှိ ဆိုင်းဘုတ်နှင့်အမှတ်အသားများသည် ပိုပေါ့အတွက် အထိမ်းအမှတ်ဖြစ်သည်။ အထိမ်းအမှတ်ဆိုသည်မှာ အဘယ်နည်း။ အဘယ့်ကြောင့် ပန်းချီဆရာသည် ဤပုံစံမျိုးဆွဲထားသနည်း။

**အဓိကဝေါဟာရများ**

| | |
|---|---|
| သက်သာ(ကြိယာ) | - နာကျင်မှု သို့မဟုတ် ခံစားမှုကို လျော့စေသည်။ |
| မျိုးရိုးဗီဇပွားဗိုင်းရပ်စ်တားဆေး(နာမ်) | - အိတ်ချ်အိုင်ဗီကဲ့သို့သော ဗိုင်းရပ်စ်များကိုကုသရန်ဆေးဝါး။ |
| ဝေဖန်(ကြိယာ) | - တစ်စုံတစ်ခု သို့မဟုတ် တစ်ဦးတစ်ယောက်အမှားကို မှတ်ချက်ပေးသည်။ |
| ပို့ကုန်လိုအပ်မှု(ကြိယာ) | - သင့်နိုင်ငံထံမှ အခြားနိုင်ငံများလိုအပ်သော ကုန်ပစ္စည်းပမာ။ |
| ပေးစာကမ်းစာ(နာမ်) | - အလကားပေးဝေသောတစ်စုံတစ်ခု။ |
| အိတ်ချ်အိုင်ဗီ(နာမ်) | - ခုခံအားစနစ်ကိုတိုက်ခိုက်သောဗိုင်းရပ်စ်တစ်မျိုး။ |
| အတိုး(နာမ်) | - ပိုက်ဆံချေးပြီးသောအခါ ပေးဆောင်ရသောအခွန်ငွေ။ |
| အပြတ်အသတ်အနိုင်ရခြင်း(နာမ်) | - မဲအရေအတွက်များစွာဖြင့်အောင်ပွဲခံသည်ကိုဖော်ပြခြင်း။ |
| ထောက်ပံ့ငွေအငယ်စား(နာမ်) | - ဆင်းရဲမွဲတေမှုရင်ဆိုင်နေရသူများကို ဝင်ငွေများရှိလာပြီးဆင်းရဲခြင်းမှ ကင်းလွတ်ရန်ပေးသော ငွေပမာဏအနည်းငယ်။ |
| သက်ဝင်နိုးကြားလာခြင်း(နာမ်) | - အရာဝတ္ထုဟောင်းတစ်ခု သို့မဟုတ် လှုပ်ရှားမှုဟောင်းတစ်ခုကို လူများတဖန်အာရုံစိုက်လာစေခြင်း။ |
| အမတော်ငွေနှင့်ဆိုင်သော(နာမ်) | - အစိုးရထံမှငွေကြေးထောက်ပံ့မှုပေးရသော။ |

## မျက်မှောက်ခေတ် ထိုင်းနိုင်ငံ

သက်ဆင်ရှင်နာဝတ်ကြာသည် ထိုင်းနိုင်ငံရေးတွင် လူသိအများဆုံးပုဂ္ဂိုလ်ဖြစ်နိုင်ဖွယ်ရှိသည်။ ၁၉၉၄ ခုနှစ်တွင်သက်ဆင်သည် ထိုင်းနိုင်ငံရေးလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ သူသည်လေးနှစ်ကြာပြီးနောက် လူကြိုက်အများဆုံးပါတီဖြစ်သော ထိုင်းရတ်ထိုင်းပါတီကို တည်ထောင်ခဲ့သည်။ သက်ဆင်ပါတီသည် ၂၀၀၁ ခုနှစ်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး သက်ဆင်သည် ထိုင်းနိုင်ငံဝန်ကြီး ချုပ်ဖြစ်လာသည်။ သူသည်ထိုင်းနိုင်ငံသမိုင်းတွင် သက်တမ်းပြည့်အုပ်ချုပ်နိုင်ခဲ့သော ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာသည်။သက်ဆင်သည် ၄င်း ကျန်မာရေးစောင့်ရှောက်မှုစနစ်မှတဆင့် ကျေးလက်ဒေသဆင်းရဲမွဲတေမှုကိုပပျောက်ရန် ကြိုးစားခြင်း၊ စီးပွားရေးမူဝါဒများ ချမှတ်ခြင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့ကြောင့် ကျော်ကြားလာခဲ့သည်။

## လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု

သက်ဆင်သည် ထိုင်းကျန်းမာရေးစနစ်တွင် အဓိကအချက်နှစ်ချက်ကိုပြောင်းလဲခဲ့သည်။ ပထမအချက်မှာ ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရမှငွေကြေးအထောက်အပံ့များ ပံ့ပိုးစေခဲ့သည်။ ဒုတိယအချက်မှာမျိုးရိုးဗီဇပွား ဗိုင်းရပ်တားဆေးပံ့ပိုးရာတွင် ကုန်ကျမှုသက်သက်စေ ရန်လုပ်ဆောင်ခဲ့သည်။ ကုသမှုတစ်ကြိမ်ခံယူလျှင် ဘတ်သုံးဆယ်သာကုန်ကျသည့် သက်ဆင်ကျန်းမာရေးစနစ်သည် ပြည်သူများအကြိုက် နှစ်သက်ဆုံးဖြစ်သည်။ သို့သော် ဆရာဝန်များနှင့် အာဏာပိုင်အချို့က ထိုစနစ်ကိုဝေဖန်ကြသည်။ ဆေးဝါးကုသရန်မတတ်နိုင်သောလူ များသည် ဤစနစ်ကြောင့် ဆေးဝါးကုသခွင့်ရရှိခဲ့ကြသည်။ သို့ရာတွင် လူအမြောက်အများ ဆေးဝါးကုသမှုခံယူကြသောကြောင့် ဆရာဝန်များအား အလွန်ပင်ပန်းစေသည်။ အကျိုးဆက်အနေဖြင့် ဆရာဝန်အချို့သည် အစိုးရဆေးရုံများမှနုတ်ထွက်ပြီး ဝင်ငွေကောင်းရသော ပုဂ္ဂလိကဆေးရုံများတွင် လုပ်ကိုင်လာကြသည်။ ဤကျန်းမာရေးစနစ်သည် အစီအစဉ်ကောင်းတစ်ခုဖြစ်သော်လည်း အစိုးရထံမှလုံလောက်သော ထောက်ပံ့မှုမရရှိကြောင်း အချို့ကဆိုသည်။

## စီးပွားရေးမူဝါဒ

သက်ဆင်အစိုးရသည် ဆင်းရဲသောကျေးလက်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများရှိလာရန် အစီအစဉ်သစ်များစွာစတင် အကောင်အထည် ဖော်ခဲ့သည်။ ထိုအစီအစဉ်အချို့မှာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့အနေဖြင့်ကျေးရွာများကိုယ်တိုင် စီမံကိုင်တွယ်ရသောထောက်ပံ့ ကြေးအငယ်စားပေးခြင်း၊ စိုက်ပျိုးရေးအတွက် အတိုးနည်းသောချေးငွေထုတ်ပေးခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုက်ရိုက် ငွေကြေးထည့်ဝင်ခြင်းတို့ဖြစ်သည်။ အခြားသောစီးပွားရေးဆိုင်ရာအစီအစဉ်များမှာ အဆောက်အအုံများတည်ဆောက်ခြင်းနှင့် ကျေးလက် ဒေသတွင် "ကျေးရွာအုပ်စုတစ်စု ထုတ်ကုန်တစ်ခု" ဖြစ်သည့် အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် များကိုဆောင်ရွက်ခဲ့သည်။

သက်ဆင်တစ်နိုင်ငံလုံးအတွက် စီးပွားရေးမူဝါဒသည် ထိုင်းနိုင်ငံစီးပွားရေးကို ၁၉၉၇ ခုနှစ် အာရှငွေကြေးအကြပ်အတည်းကြုံတွေ့ ခဲ့ရသောအခြေအနေမှ ပြန်လည်နလန်ထူလာစေပြီး ဆင်းရဲမွဲတေမှုများကိုသိသိသာသာကျဆင်းစေခဲ့သည်။ နိုင်ငံတော်ဂျီဒီပီသည် ၂၀၀၁ ခုနှစ်နှောင်းပိုင်းတွင် ဘတ် ၄ဒသမ ၉ ထြိလျံမှ၊ ၂၀၀၆ ခုနှစ် နှောင်းပိုင်းတွင် ၇ ဒသမ ၁ထြိလျံအထိ မြင့်တက်ခဲ့သည်။ ထိုင်းနိုင်ငံသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အား သတ်မှတ်ထားသောအချိန်မတိုင်မီ နှစ်နှစ်ပိုစော၍ အကြွေးပြန်ဆပ်နိုင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် နှင့် ၂၀၀၄ ခုနှစ်ကြားတွင် တစ်နိုင်ငံလုံးနေရာအနှံ့ ဆင်းရဲမွဲတေမှုသည် ၂၁ ဒသမ ၃ရာခိုင်နှုန်းမှ ၁၁ ဒသမ ၃ ရာခိုင်နှုန်းအထိ ထိုးကျသွားချိန်တွင် အရှေ့မြောက်ပိုင်းရှိ အဆင်းရဲဆုံးဒေသများဝင်ငွေသည် ၄၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ထိုအချိန်ထိုင်းနိုင်ငံ စတော့အိတ်ချိန်း(စတော့နှင့်ရှယ်ယာ)သည် ဒေသတွင်းတွင် အခြေအနေပိုမိုသာလွန်ခဲ့သည်။

ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး သုတေသနဌာနမှ စီးပွားရေးပညာရှင်များက နိုင်ငံခြားသို့ပို့ကုန်တင်ပို့မှုပြန်လည် အားကောင်း လာခြင်းကဲ့သို့သော အခြားအခြေခံအကြောင်းရင်းများသည် စီးပွားရေးပြန်လည်နလန်ထူလာခြင်း အဓိကအကြောင်းရင်း များသာဖြစ်သည်ဟုဝေဖန်သည်။ ထို့အပြင် သက်ဆင်စီးပွားရေးမူဝါဒသည် ကျေးလက်ဒေသရှိဆင်းရဲသားပြည်သူများအား အစိုးရပေးစာ ကမ်းစာပေါ်မှီခိုမှုဖြစ်ပေါ်စေသည်ဟု အချို့ကလည်းဝေဖန်ကြသည်။

**မူးယစ်ဆေးဝါးနှိမ်နှင်းရေး**

၂၀၀၃ ခုနှစ် ဇန်နဝါရီလ၁၄ ရက်နေ့တွင် သက်ဆင်သည် ထိုင်းနိုင်ငံတနိုင်ငံလုံးမူးယစ်ဆေးဝါးကင်းစင်ရေး လှုပ်ရှားမှုတစ်ခုကို စတင်ဆောက်ရွက်ခဲ့သည်။ အခြားနိုင်ငံရေးသမားများကလည်း မူးယစ်ဆးဝါးကင်းဝေးရေးကို ကတိပေးခဲ့ပြီးနောက်ပညာရေး၊ အားကစားနှင့် သက်တူရွယ်တူသူအား ဖိအားပေးမှုတို့ကို အသုံးပြုခြင်းဖြင့် အကောင်အထည်ဖော်ခဲ့သည်။



သို့သော် သက်ဆင်အစီအစဉ်သည် ပိုမိုသက်ရောက်မှုရှိသည်။ပြစ်ဒဏ်ရှိသည့် မူးယစ်ဆေးစွဲသူများ ပြစ်ဒဏ်ကိုပြောင်းလဲပေးခဲ့သည်။ထို့အပြင်သူသည် ခရိုင်များအတွင်း လစဉ်အကောင်အထည်ဖော်သင့်သည့် မူးယစ်ဆေးဝါး ဖမ်းဆီးခြင်းနှင့် သိမ်းဆည်းခြင်းများအတွက်ကိုလည်း သတ်မှတ်ချက်များ ချမှတ်ပေးခဲ့သည်။ ၎င်းသတ်မှတ်ချက်များကို ဖြည့်ဆီးပေးနိုင်သော သူများအား ဆုချီးမြှင့်ပြီး မဖြည့်ဆည်းပေးနိုင်သော သူများကိုတာဝန်မကြေပွန်သူအဖြစ် ဒဏ်ခတ်ခြင်းဖြင့် ခြိမ်းခြောက်သည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့အဆိုအရ သက်ဆင်မူးယစ်ဆေးဝါး ပပျောက်ရေးမူဝါဒသည် မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေးတွင် ထိရောက်မှုရှိပြီးအထူးသဖြင့်စာသင်ကျောင်းများ မူးယစ်ဆေးဝါးသုံးစွဲမှုကို လျော့နည်းစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုမူဝါဒအကျိုးဆက်ကြောင့် မူးယစ်ဆေးဝါး အများစုစျေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် သက်ဆင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းလုပ်ဆောင်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိသောကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းကဝေဖန်ခဲ့သည်။ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့အဆိုအရ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပထမသုံးလပတ်အတွင်းတွင် လူပေါင်း ၂၂၇၅ ယောက် သေဆုံးခဲ့ရသည်။ လူ့အခွင့်အရေးဆိုင်ရာဝေဖန်သူများက တရားရုံးတွင် မျှတသောတရားစီရင်ရေးစနစ် သို့မဟုတ် အမှုစစ်ဆေးခြင်းများမရှိဘဲ လူအများအပြားသေဆုံးခဲ့ရသည်။

**လေ့ကျင့်ခန်း**

**အသေးစိတ်ဖတ်ခြင်းနှင့်သတ်မှတ်ခြင်း**

**က။**သက်ဆင်အဓိကရည်မှန်းချက်ကို ဖော်ပြပါ။

**ခ။**အထက်ပါအကြောင်းအရာများကိုအသုံးပြု၍ အောက်ပါဇယားကွက်ကိုဖြည့်ပါ။ အထက်ပါအကြောင်းအရာတွင် သက်ဆက်မူဝါဒတစ်ခုစီအောင်မြင်ရခြင်းနှင့်ဝေဖန်ခံရခြင်း။ အကြောင်းရင်းပါဝင်သည်။ အကြောင်းရင်းများကိုစုစည်းပြီးနောက် ဇယားကွက်ထဲရှိ ထင်မြင်ချက် အကွက်ထဲတွင် သင်နှစ်သက်သောမူဝါဒအတွက် မှန်သောအမှတ်အသားခြစ်ပြီး မနှစ်သက်သောမူဝါဒအတွက် မှားသောအမှတ်သားခြစ်ပေးပါ။

| မူဝါဒ | ရည်မှန်းချက် | အစီအစဉ် | အောင်မြင်မှု | ဝေဖန်ခံရမှု | သင့်ထင်မြင်ချက် |
|---|---|---|---|---|---|
| လူတိုင်းအတွက်ကျန်းမာရေးစောင့်ရှောက်မှု | | (က) ဆေးရုံတစ်ကြိမ်သွားလျှင် (၃၀)ဘတ် (ခ) အစိုရမှ အိတ်ချ်အိုင်ဗီဆေးထောက်ပံ့သည်။ | | | |
| စီးပွားရေးမူဝါဒများ | | | | စီးပွားရေးအောင်မြင်မှုသည် အခြားအကြောင်းအရင်းများကြောင့်သာဖြစ်သည်။ | |
| မူးယစ်ဆေးဝါးတိုက်ဖျက်ရေး | ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းလျှော့ကျသွားသည်။ | | | | |

**အဓိကဝေါဟာရများ**

ရွေးကောက်ပွဲလိမ်လည်မှု(နာမ်) -ရွေးကောက်ပွဲအတွင်းရလဒ်တစ်ခုလုံးကို ထိခိုက်နိုင်သောတရားမဝင်လှုပ်ရှားမှု။

ဘုရင့်အားထိပါးမှု(နာမ်) - ဘုရင့်အပေါ်သစ္စာမရှိခြင်း သို့မဟုတ် ကျူးလွန်သောပြစ်မှု။

အခွန်ရှောင်တိမ်းမှု(နာမ်) - ရည်ရွယ်ချက်ရှိရှိအခွန်မဆောင်ခြင်း။

## ၂၀၀၆ ခုနှစ် စစ်အာဏာသိမ်းမှု



၂၀၀၅ ခုနှစ်ရွေးကောက်ပွဲတွင် သက်ဆင်ကို အထူးသဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းသားများက ကြိုက်နှစ်သက်ကြသည်။ ထိုင်းနိုင်ငံသမိုင်း၌ သက်ဆင်သည် ရွေးကောက်ပွဲတွင် မဲအရေအတွက်အများဆုံးရရှိခဲ့သော ဝန်ကြီးချုပ်တဦးဖြစ်သည်။ သို့သော်လည်း လူတိုင်းနီးပါးသည် သက်ဆင်ကိုမနှစ်သက်ကြပေ။

ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုကို လျော့ကျနိုင်ခဲ့ဖွယ်ရှိသော်လည်း သက်ဆင်အစိုးရ လာဒ်စားမှု၊ နိုင်ငံတော် အပေါ်သစ္စာဖောက်မှု၊ အာဏာရှင်ဆန်မှု၊သတင်းများကိုထိန်းချုပ်မှုတို့ဖြင့် စွပ်စွဲပြောဆိုကြသည်။ ဥပမာ -သက်ဆင် ကိုယ်တိုင်သည်လည်း နိုင်ငံတော်ပိုင်ဆိုင်မှုများကို နိုင်ငံခြားရင်းနှီးမြှပ်နှံသူများအား မိမိကိုယ်ကျိုးအတွက်ရောင်းပေးမှုနှင့် ဘုရင့်အား ထိပါးမှုတို့ဖြင့်စွပ်စွဲခံရသည်။

သက်ဆင်ပြန်လည်ရွေးကောက်ခံရပြီးနောက် သက်ဆင်ကိုဆန့်ကျင်သူများက စတင်စုစည်းလာခဲ့ကြရာမှ ဒီမိုကရေစီ ပြည်သူ့မဟာမိတ်(ပီအေဒီ သို့မဟုတ် အဝါရောင်အကျီအဖွဲ့) ဟူသောအဖွဲ့ဖြစ်လာပြီး ပီအေဒီများသည် ၂၀၀၆ ခုနှစ်တွင် ဦးဆောင်ဆန္ဒပြခဲ့ကြသည်။ ၂၀၀၆ ခုနှစ်စက်တင်ဘာလ ၁၉ ရက်တွင် စစ်တပ်မှအာဏာသိမ်းမှုကြောင့် ဆန္ဒပြပွဲများ အဆုံးသတ်ခဲ့သည်။

ထိုင်းစစ်အစိုးရသည် သက်ဆင်အားရွေးကောက်ပွဲလိမ်လည်မှုဖြင့် တရားစွဲပြီးသက်ဆင်ပါတီအဖွဲ့ဝင်အားလုံးကို ငါးနှစ်အတွင်း နိုင်ငံရေးတွင်မပါဝင်ရန် ပိတ်ပင်ခဲ့သည်။ စစ်အစိုးရသည် အခြေခံဖွဲ့စည်းပုံဥပဒေကိုစတင်ရေးဆွဲ ပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် အတည်ပြုခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင်ရွေးကောက်ပွဲကျင်းပခဲ့ရာ ပြည်သူ့စွမ်းအားပါတီမှ အနိုင်ရရှိခဲ့သော်လည်း ထိုင်းနိုင်ငံသည်သေချာချောမွတ်သော နိုင်ငံရေးလမ်းမပေါ်သို့ပြည်လည် မရောက်လာနိုင်သေးပေ။ သက်ဆင်ကိုဆန့်ကျင်သော အဝါရောင် ရှပ်အကျီ(ပီအေဒီ) အဖွဲ့ နှင့်သက်ဆင်ကိုလိုလားသော အနီရောင်ရှပ်အကျီအဖွဲ့(စစ်အာရှင်စနစ်ကိုဆန့်ကျင်သော အမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီတပ်ဦး)ဟူ၍ အင်အားကြီးအုပ်စုနှစ်စု ပေါ်ပေါက်လာသည်။

အနီရောင်ရှပ်အကျီအဖွဲ့သည် ၂၀၀၇ ခုနှစ်ရွေးကောက်ပွဲတွင် အောင်နိုင်ခဲ့သော်လည်း အဝါရောင်ရှပ်အကျီအဖွဲ့မှ ဘန်ကောက်လေဆိပ်နှင့် အစိုးရအဆောက်အဦးနှစ်လုံးကို ဝင်ရောက်စီးနင်းခဲ့ပြီးနောက် အစိုးရဖြစ်မှုမှနှင်ထုတ်ခြင်းခံရသည်။ အဝါရောင်ရှပ်အကျီအဖွဲ့အာဏာရလာသည်နှင့် အနီရောင်ရှပ်အကျီအဖွဲ့စတင်ဆန္ဒပြသည်။ အနီရောင်ရှပ်အကျီ အဖွဲ့အထင်ရှားဆုံးဆန္ဒပြပွဲမှာ ၂၀၀၉ ခုနှစ်ဧပြီလတွင် ပတ္တရားမြို့တွင်ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးကြီးကို ဖျက်သိမ်းစေခဲ့သော ဆန္ဒပြပွဲဖြစ်သည်။

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု တနည်းအားဖြင့်ဆိုခြင်း**

(က)သက်ဆင်စွပ်စွဲခံရသောအချက်အားလုံးကို သင်ကိုယ်ပိုင်စကားဖြင့် ဖော်ပြရေးသားပါ။
(ခ)အဝါရောင်ရှပ်အင်္ကျီအဖွဲ့အမည်ကို ဖော်ပြပါ။
(ဂ)အဝါရောင်ရှပ်အင်္ကျီအဖွဲ့ အဓိကယုံကြည်ချက်ကို ဖော်ပြပါ။
(ဃ)ရည်မှန်းချက်များ အောင်မြင်ရန်အဝါရောင်ရှပ်အင်္ကျီအဖွဲ့သည် မည်သည့်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သနည်း။
(င)အနီရောင်ရှပ်အင်္ကျီအဖွဲ့အမည်ကို ဖော်ပြပါ။
(စ)အနီရောင်ရှပ်အင်္ကျီအဖွဲ့ အဓိကယုံကြည်ချက်ကို ဖော်ပြပါ။
(ဆ)ရည်မှန်းချက်များအောင်မြင်ရန် အနီရောင်ရှပ်အင်္ကျီအဖွဲ့သည် မည်သည့်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သနည်း။

**တိုးချဲ့လေ့ကျင့်ခန်း**

**ရှုထောင့်အမျိုးမျိုး ထင်မြင်ချက်ဖော်ပြခြင်း**

**(က)** သင်ကိုယ်သင်စေ့စပ် ဆွေးနွေးရေးတွင်ကျွမ်းကျင် သူတစ်ဦး အဖြစ်ယူဆပါ။ ထိုင်း နိုင်ငံတွင် ငြိမ်းချမ်းရေး နှင့်ဒီမိုကရေစီ ပြန်လည် ဖေါ်ဆောင်ပေးရန် သင့်အားစေ့စပ်ဆွေးနွေးပေးရန် တောင်းဆိုလာသည် ဆိုပါစို့။ သင်သည်အင်အားကြီးအုပ်စုနှစ်စုအား မည်သည့်အကြောင်းအချက်များကို စေ့စပ်ပြောဆိုမည်နည်း။



**(ခ)**သင်ကိုယ်သင် နိုင်ငံခြားသားတစ်ယောက်အဖြစ် ယူဆပါ။
သင်သည် ထိုင်းနိုင်ငံအကြောင်းသတင်းကို ဖတ်မိသောအခါ ထိုင်းနိုင်ငံရေးအပေါ် မည်သည့်ထင်မြင်ချက်များပေးဘို့ရန်ရှိပါသနည်း။
**(ဂ)**ထိုင်းနိုင်ငံတွင်မကြာသေးမီကဖြစ်သော နိုင်ငံရေးအဖြစ်အပျက်အများသည် နိုင်ငံရေးနှင့်စီးပွားရေးပေါ် မည်သည့်သက်ရောက်မှုများကိုဖြစ်ပေါ်စေခဲ့ပါသနည်း။

## ၄။ (၄)ပြန်လည်ဆန်းစစ်ခြင်း

**သင်လေ့လာပြီးသောအကြောင်းအရာများကို ပြန်မကြည့်ဘဲ အောက်ပါမေးခွန်းများကိုဖြေပါ။**

၁။ မည်သည့်နိုင်ငံများသည် အာဆီယံအသင်းဝင်နိုင်ငံများဖြစ်သနည်း။

၂။ ယနေ့ခေတ်တွင် အာဆီယံအဓိကရည်မှန်းချက်များမှာ မည်သည့်အချက်များဖြစ်သနည်း။

၃။ အရှေ့တောင်အာရှနိုင်ငံများနှင့် အိန္ဒိယနိုင်ငံရေးပူးပေါင်းမှုတိုးမြင့်မားလာရခြင်း အဓိကအကြောင်းရင်းမှာ အဘယ်နည်း။

၄။ စူဟာတိုသည် မည်သူဖြစ်သနည်း။

၅။ ပေါ်တူဂီထံမှ လွတ်လပ်ရေးရပြီးနောက် အရှေ့တီမောနိုင်ငံတွင် မည်သည့်အဖြစ်အပျက်များဖြစ်ပွားခဲ့သနည်း။

၆။ ဖရီတီလင်ဆိုသည်မှာ မည်သူများဖြစ်သနည်း။

၇။ အရှေ့တောင်အာရှရှိ မည်သည့်ဖြစ်ရပ်သည် အရှေ့တီမောနိုင်ငံလွတ်လပ်ရေးရရှိရာတွင် များစွာအထောက်အကူပြုသနည်း။

၈။ ပြင်သစ်ထံမှလွတ်လပ်ရေးရပြီးနောက် ကမ္ဘောဒီးယားနိုင်ငံတွင် မည်သည့်ဖြစ်ရပ်များဖြစ်ပွားခဲ့သနည်း။

၉။ ခမာရောဲ့ အဓိကလုပ်ဆောင်ချက်အချို့ကို ဖေါ်ပြပါ။

၁၀။ သက်ဆင်သည်မည်သူဖြစ်သနည်း။ သူအဓိကနိုင်ငံရေးရည်မှန်းချက်များမှာ အဘယ်နည်း။ သူ့အပေါ် ပြည်သူအများလက်ခံလူကြိုက်များသည့် အစီအစဉ်အချို့ကိုဖေါ်ပြပါ။

**သင့်ကိုယ်ပိုင်စကားဖြင့် အောက်ပါမေးခွန်းများကို ဖြေပါ။**

၁။ အာဆီယံအားသာချက်နှင့် အားနည်းချက်အချို့ကို ဖော်ပြပါ။

၂။ သင့်အမြင်တွင် တရုတ်နှင့် အိန္ဒိယတို့အနက်မှ မည်သည့်နိုင်ငံသည် ပို၍ဩဇာအာဏာရှိသနည်း။ အဘယ့်ကြောင့်နည်း။

၃။ အရှေ့တောင်အာရှတွင် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ ပြိုင်ဆိုင်မှုများအနက်မှ တစ်ခုကိုဖော်ပြပါ။

၄။ စူဟာတိုအစိုးရအကြောင်းကို ဖော်ပြပါ။

၅။ စူဟာတိုကျဆုံးရခြင်းအကြောင်းရင်းမှ အနည်းဆုံးသုံးခုကို ဖော်ပြပါ။

၆။ ခမာရောဲ့ကြောင့် ဖြစ်ပေါ်ခဲ့ရသော အဓိကအကျိုးသက်ရောက်မှုများကို ဖော်ပြပါ။

၇။ သင့်အမြင်တွင် သက်ဆင်အစီအစဉ်များသည် ထိုင်းနိုင်ငံအတွက် အကျိုးပြုပါသလား။ အကျိုးပြုသော် အဘယ်ကြောင့်နည်း။ အကျိုးမပြုသော် အဘယ့်ကြောင့်နည်း။

၈။ ယနေ့ခေတ် ထိုင်းနိုင်ငံရှိ အင်အားကြီးအုပ်စုနှစ်စုနှင့် ၄င်းတို့ရည်မှန်းချက်များကို ဖော်ပြပါ။

**ပြန်လည်ဆန်းစစ်ခြင်း**

**အနက်ဖွင့်ခြင်း**

**အာက်ပါဝေါဟာရများကို သင်ကိုယ်ပိုင်စကားဖြင့် အနက်ဖွင့်ပါ။**

၁။ အပေးအယူရှိသောသဘောတူညီချက်။

၂။ အများဆန္ဒ။

၃။ မဝင်ရောက်စွက်ဖက်ရခြင်း။ ပါဝင်စွက်ဖက်ခွင့်မပြုခြင်း။

၄။ ကွန်မြူနစ်စနစ်။

၅။ ဒီမိုကရေစီစနစ်။

၆။ အာဏာရှင်စနစ်။

၇။ စည်းမျဉ်းခံဘုရင်စနစ်။

**တိုးချဲ့လေ့ကျင့်ခန်း**

**စိတ်ဖြာသုံးသပ်ခြင်း**

**ထပ်လောင်းပြောဆိုခြင်း**

စာမျက်နှာတွင်ပေးထား သောပုံများကိုလေ့လာပါ။ အလယ်ရှိ ဆောင်ပုဒ်တွင်သက်ဆင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစီမံကိန်းမှ ထိုင်းလူမျိုးအယောက် ၃၀၀၀ ကို သေဆုံးစေခဲ့ခြင်း ဖြစ်ရပ်သည် နိုင်ငံတကာအလည်တွင် ဂုဏ်သရေဖျက်မှု တခုဖြစ်သည်ဟု ရေးထားသည်။

ပုံတွင်ပြထားသောဆန္ဒပြပွဲများတွင် သတင်းယူနေသော သတင်းထောက်တစ်ယောက်အဖြစ် သင့်ကိုယ်သင်ယူဆပါ။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဆောင်းပါးတိုတစ်ပုဒ်ရေးပါ။ ဆောင်းပါထဲတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ထောက်ခံသူများနှင့် ဝေဖန်သူများနှစ်ဖက်စလုံးတို့ ထင်မြင်ချက်များကိုထည့်သွင်းပါ။




**တဖက်ပါ ကာတွန်းရုပ်ပုံများကိုကြည့်၍ မေးခွန်းများကိုဖြေပါ။**




၁။ ကာတွန်းပုံကိုကြည့်၍ အကြောင်းအရာများကို ဖော်ပြပါ။

၂။ ပေးထားသောပုံထဲရှိ လူတစ်ဦးစီမျက်နှာကိုကြည့်ပါ။ မည်သည့်မျက်နှာအနေအထား မျိုးတွေ့ရသနည်း။တွေ့ရသောပုံစံအနေအထားမျိုးကို အရှေ့အာရှရှိနိုင်ငံများကြား လက်တွေ့ဆက်ဆံရေး နှင့်နှိုင်းယှဉ်ပြပါ။

၃။ အောက်ပါဖော်ပြချက်များမှ မည်သည့်ဖော်ပြချက်သည် အမှန်ကန်ဆုံးဖြစ်သည်ဟု သင်ထင်သနည်း။ အကြောင်းရင်းများဖြင့် ဖော်ပြပါ။

| | | |
|---|---|---|
| ရုပ်အကျီများ၏ လက်ရှည်များကို ချည်နှောင်ထားပုံသည် အရှေ့တောင် အာရှနိုင်ငံများကြား စည်လုံးညီညွတ်မှုရှိကြောင်းဖော်ပြနေသော်လည်း လက်တွေ့တွင် အာဆီယံဝန်ကြီးချုပ်များသည် ၎င်းတို့ကိုလိုလားသည့်အတိုင်း ကိုယ့်လမ်းကိုယ်လျှောက်နေကြသည်။ | ရုပ်အကျီများ၏ လက်ရှည်များကို ချည်နှောင်ထားပုံသည် အတူတကွပူပေါင်းဆောင်ရွက်မှုပြုလုပ်နေစဉ်တွင်ပင်လျှင် မိမိတို့၏ကိုယ်ပိုင်လွတ်လပ်ရေးကို ပိုင်ဆိုင်ထားသည်ကိုလည်း ဖော်ပြသည်။ | ရုပ်အကျီများ၏ လက်ရှည်များကို ချည်နှောင်ထားပုံသည် လက်တွေ့ဖြစ်နေသော အာဆီယံအသင်း၏ အာဏာမဲ့မှုကို ဖော်ပြသည်။ မည်သူမှလက်တွေ့အကောင်အထည်မဖော်နိုင်ပါ။ |

အုပ်စုဖွဲ့၍ အခန်းငယ်(၄)ကိုပြန်လေ့လာပြီး အခြားအုပ်စုများကိုမေးရန်ဉာဏ်စမ်းမေးခွန်း(၅)ခုထုတ်ပါ။ သင့်အုပ်စုထုတ် သောမေးခွန်းများ အဖြေကိုသင်သိရမည်။ အခြားအုပ်စုများအားသင့်အုပ်စု မေးခွန်းများကို ဖြေစေပြီးသင့်အုပ်စုသည် အခြားအုပ်စုများ မေးခွန်းများကိုဖြေပါ။ အဖြေမှန်အများဆုံးရသောအဖွဲ့သည် အနိုင်ရသူဖြစ်သည်။

# ၅။ အရှေ့တောင်အာရှအနာဂတ်







**ဤအခန်းတွင် အောက်ပါအကြောင်းအရာကို လေ့လာရမည်၊**

- အရှေ့တောင်အာရှအနာဂတ်နှင့်ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုး

**ဤအခန်းအပြီးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်၊**

- အရှေ့တောင်အာရှအနာဂတ်နှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းမှုပြုလုပ်ခြင်း။
- အတိတ်၊ ပစ္စုပ္ပာန်နှင့် အနာဂတ်အဖြစ်အပျက်များကြား ဆယ်နွယ်မှုရှာခြင်း။

# ၅။(၁)နိဒါန်း

**အဓိကဝေါဟာရများ**

| | |
|---|---|
| တွက်ဆချင့်ချိန်တတ်သည် (ကြိယာ) | - တစ်စုံတစ်ခုအကြောင်းတွေးခေါ်ရာတွင် သို့မဟုတ်လုပ်ဆောင်ရာတွင်အခြားသူများထက်ရှေ့ပြေးသည်။ |
| ပေါ်ထွက်လာသည် (ကြိယာ) | - တစ်နေရာမှထွက်လာသည်။ |

အခန်းငယ်တွင် အရှေ့တောင်အာရှ လူသားအခြေချနေထိုင်မှုဖွံ့ဖြိုးတိုးတက်လာမှုနှင့် ၄င်းအကြောင်းရင်း၊ ဒေသတွင်း ဥရောပကိုလိုနီစနစ်အကျိုးသက်ရောက်မှုများနှင့် ကိုလိုနီစနစ်ကိုဆန့်ကျင်သော အမျိုးသားရေးလှုပ်ရှားမှုများမှ နိုင်ငံသစ်ပေါ်ထွက်လာခြင်း အကြောင်းတို့ကို လေ့လာရမည်။ အရှေ့တောင်အာရှရှိနိုင်ငံသစ်များသည် မျက်မှောက်ခေတ်တွင် စိန်ခေါ်မှုများစွာကြုံတွေ့နေရပြီး ထိုနိုင်ငံများအတွက် မရှေးမနှောင်းအနာဂတ်တွင် စိန်ခေါ်မှုများစွာကျန်ရှိနေသေးသည်။ အရှေ့တောင်အာရှ အနာဂတ်သည် မည်သိုမည်ပုံဖြစ်လာမည်နည်း။

နိုင်ငံတစ်နိုင်ငံ အနာဂတ်နှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းမှုပြုလုပ်ခြင်းသည် အရေးပါသောပညာရပ်တစ်မျိုးဖြစ်သည်။ နိုင်ငံတိုင်းခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးကို မည်သို့ပြောင်းလဲနိုင်ကြောင်း၊ အနာဂတ်တွင် မည်သည့်နိုင်ငံရေး အခက်အခဲများ ရှိလာနိုင်ကြောင်းနှင့် လူမှုအသိုင်းအဝိုင်းများ မည်သို့ဖြစ်ပျက်သွားနိုင်ကြောင်းတို့ကို သိလိုကြသည်။ အနာဂတ်ကိုကြိုတင်မှန်းဆနိုင်သောခေါင်းဆောင်များသည် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အသင့်အနေအထားတွင် ရှိသည်။ ထိုခေါင်းဆောင်များသည် မဖြစ်လာသေးသည့် ပြဿနာများကို ဖြေရှင်းရန် ဖြေရှင်းချက်များကိုကြိုတင်စီစဉ်နိုင်သည်။ တခါတရံတွင် ဖြစ်ပျက်နေသောပြဿနာအားလုံးကိုလည်း အတူတကွပူပေါင်းဖြေရှင်းနိုင်ကြသည်။ ကောင်းမွန်သော ကြိုတင်ခန့်မှန်းမှုသည် အနာဂတ်ကို သေသေချာချာနားလည်ထားမှုအပေါ်တွင် မူတည်ပြီး ခိုင်မာသောဥပမာများနှင့် အကြောင်းရင်းများ ပါသောခန့်မှန်းမှုမျိုးဖြစ်ရသည်။ ထိုခန့်မှန်းမှုမျိုးပေါ်မူတည်၍ နိုင်ငံခေါင်းဆောင်များသည် မိမိတို့နိုင်ငံအတွက် တခါတရံတွင် အရေးကြီးသော ဆုံးဖြတ်ချက်များချရသည်။

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**

က။အနာဂတ်နှင့်ပတ်သင်၍ ခေါင်းဆောင်များသည် မည်သည့်အရာများကိုသိရှိလိုကြသနည်း။
ခ။အနာဂတ်တွင်ဖြစ်ပျက်နိုင်မည့် အရာများကိုမှန်းဆနိုင်လျှင် ခေါင်းဆောင်များသည် မည်သည့်အရာများကိုကြိုတင်လုပ်ဆောင်နိုင်သနည်း။
ဂ။ကောင်းမွန်သောကြိုတင်ခန့်မှန်းမှုဆိုသည်မှာ အဘယ်နည်း။

## ၅။ (၂)ထင်မြင်ချက်များ


**အဓိကဝေါဟာရများ**

| | |
|---|---|
| ရုပ်လုံးပေါ် (ဗန်းစကား) | - အခြေအနေတစ်ခုလုံးကိုမြင်လာသည်။ |
| အမျိုးသားဝင်ငွေစုစုပေါင်း (နာမ်) | - နိုင်ငံတစ်နိုင်ငံအတွင်းထုတ်လုပ်သော စုစုပေါင်းတန်ဖိုး။ ပြည်တွင်းစုစုပေါင်းထုတ်ကုန် နှင့်အခြားနိုင်ငံများမှပေးကမ်းခြင်း (ဥပမာ-အထောက်အပံ့နှင့်အတိုး)တို့ပေါင်းလဒ်ကို အခြားနိုင်ငံများအား ပေးကမ်း၊ ပေးချေရသောငွေအားလုံးနှင့် နှုတ်ခြင်းဖြင့်တွက်ယူသည်။ |
| အလားအလာ(နာမ်) | - အနာဂတ်တွင် ဖြစ်နိုင်ခြေ။ |
| စည်ပင်ဖြစ်ထွန်းသော(နာမဝိသေသန) | - အောင်မြင်သော သို့မဟုတ် ချမ်းသာကြွယ်ဝသော။ |

**တိုးချဲ့လေ့ကျင့်ခန်း**
**အတိုချုံးခြင်း**

အရှေ့တောင်အာရှအနာဂတ်နှင့်ပတ်သက်၍ အောက်ပါနိုင်ငံရေးကျွမ်းကျင်သူများက အမျိုးအမျိုးအဖုံဖုံထင်မြင်ကြသည်။

အရှေ့တောင်အာရှအနာဂတ်ကို ရုပ်လုံးပေါ်ထင်မြင်ကြည့်လျှင် စိုးရိမ်စရာအများ အပြားမရှိပါ။ လူဦးရေကြီးထွားမှုသည် ထိန်းချုပ်နိုင်သောအနေအထားတွင်ရှိသည် (၂၀၀၅ ခုနှစ်တွင် လူဦးရေ ၅၅၅ သန်းရှိပြီး၊ ၂၀၃၀တွင်သန်း ၇၀၀ရှိမည်ဟု မျှော်လင့်ထားသည်)။ အရှေ့တောင်အာရှ စီးပွားရေးသည်
ဖြစ်ထွန်းအောင်မြင်ပြီး အမျိုးသားဝင်ငွေစုစုပေါင်းသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈၅ ဘီလီယံခန့်ရှိသည်။ ၁၉၈၇ နှင့် ၁၉၉၆ ခုနှစ်ကြား အရှေ့တောင်အာရှ နိုင်ငံအားလုံးတွင်ဖွံ့ဖြိုး တိုးတက်မှုရှိလာသည် (ထုတ်လုပ်မှုအားသည်နှစ်စဉ် ၇ ရာခိုင်နှုန်းတိုးသည်)။သို့သော် ၁၉၉၇ ခုနှစ်ငွေကြေးအကြပ်အတည်း နှင့် ၂၀၀၁ခုနှစ် နည်းပညာမြင့် စက်မှုလုပ်ငန်းများအကြပ်အတည်း ရင်ဆိုင်ရမှုကြောင့် စီးပွားရေးများစွာထိခိုက်ခဲ့ရသည်။ ယနေ့ခေတ်တွင် အရှေ့တောင်အာရှနိုင်ငံ အများစုသည် တရုတ်နိုင်ငံစီးပွားရေးဆိုင်ရာ ပြိုင်ဆိုင်မှုများကို ရင်ဆိုင်နေရသည်။ အကျိုးဆက်အနေဖြင့် ထိုနိုင်ငံများသည် အနာဂတ်တွင် ဖွံ့ဖြိုးခဲ့သည့်အတိုင်းအတာအတိုင်း မမျှော်လင့်နိုင်ပေ။ သို့သော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုအလားအလာသည် အခြေအနေကောင်းမွန်လျှက်ရှိပြီး ၂၀၃၀ တွင် အမျိုးသားဝင်ငွေစုစုပေါင်း ၂၄၆၅ ဘီလီယံရရှိနိုင်သည်။



**ဒေါက်တာ ဂဲရှ်ပရိုက်စ်**
**Free World Academy**

**အဓိကဝေါဟာရများ**

| | |
|---|---|
| နေရာရွှေ့ပြောင်းရခြင်း(နာမ်) | - ရွှေ့ပြောင်းခြင်း သို့မဟုတ် သွားလာခြင်း။ |
| အားထုတ်(ကြိယာ) | - အလွန်ကြိုးစားသည်။ ကြိုးပမ်းအားထုတ်သည်။ |
| တသမတ်တည်းမဟုတ်သော(နာမဝိသေသန) | - ကြိုတင်ခန့်မှန်း၍မရသော သို့မဟုတ် ပုံမှန်မဟုတ်သော။ |
| ကြိုတင်ခန့်မှန်း(ကြိယာ) | - အနာဂတ်အတွက် ဟောကိန်းထုတ်သည်၊ သို့မဟုတ် ခန့်မှန်းသည်။ |
| စားဝတ်နေရေး(နာမ်) | - နေထိုင်စားသောက်နိုင်ရန်အတွက် ငွေရှာခြင်း။ |
| ချွတ်ယွင်းချက် (ကြိယာ) | - အခက်အခဲအသေးအမွှား။ |
| ဖြစ်ပေါ်(ကြိယာ) | - တင်ပြသည် သို့မဟုတ် မိတ်ဆက်သည်။ |
| ယိုစိမ့်နေသော(နာမဝိသေသန) | - အရာဝတ္ထုများကိုထုတ်ယူထည့်သွင်းနိုင်သည့် အပေါက်များစွာပါသော။ |
| ဒဏ်ခံနိုင်မှု(နာမ်) | - အခက်အခဲနှင့် ဖိစီးမှုတို့မှ ပြန်လည်နလန်ထူနိုင်သောစွမ်းရည်။ |

အရှေ့တောင်အာရှဟာ အကြမ်းဖက်မှုနှိမ်နှင်းရေးတိုက်ပွဲမှာ အရေးပါတဲ့စစ်တပ်တစ်တပ်ဖြစ်တယ်။ အကြမ်းဖက်မှုတွေဟာ ဒေသတွင်းစီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို အန္တရာယ်ပြုနိုင်တယ်။ အရှေ့တောင်အာရှဟာ အကြမ်းဖက်သမားတွေတွေ့ဆုံစုဝေးနိုင်တဲ့ နေရာလည်းဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့နယ်စပ်ဒေသတွေဟာ ယိုစိမ့်နိုင်တဲ့ အခြေအနေမှာရှိနေပြီးတော့ ဥပဒေအကောင် အထည်ဖော်ခြင်းလည်း ထိရောက်မှုမရှိဘူး။ ထိုင်းနိုင်ငံတောင်ပိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့မှာ အကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့တာတွေရှိတယ်။ ဒီအကြမ်းဖက်မှုတွေဟာ ဆက်လက်ပျံ့ပွားသွားနိုင်တယ်။



**ကွန်ဒိုလီဆာရိုက်စ် (အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်) အမေရိကန် (၂၀၀၅-၂၀၀၉)**



**အစ်စဘယ်လီ လူးဝစ်**
**ညွှန်ကြားရေးမှူး WWF နိုင်ငံတကာ (စင်္ကာပူ)**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုသည် အရှေ့တောင်အာရှဒေသတွင်းနှင့် ပြင်ပတွင်နေထိုင်သော သူများနေ့စဉ် စားဝတ်နေရေးကို ထိခိုက်လျှက်ရှိသည်။ ဤထိခိုက်မှုများကြောင့် စီးပွားရေးပျက်စီးဆုံးရှုံးများစွာရှိသည်။ ကြိုတင်ခန့်မှန်းချက်များအရ အနာဂတ်တွင်ဖြစ်ပွားနိုင်သော ပြောင်းလဲမှုများမှာ ရေလွှမ်းမိုးခြင်းများနှင့် ပြင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့ဖြစ်သည်။ ထိခိုက်မှုအများဆုံးရှိနိုင်သည့်ဒေသများအနက် ဘန်ကောက်မြို့နှင့် ဗီယက်နမ်ကန်းရိုးတန်းဒေသတို့မှာ အများဆုံး နှင့် အဆိုးဝါးဆုံး ထိခိုက်ဖွယ်ရှိသည်။ ဘန်ကောက်မြို့အချို့နေရာများသည် ယခုပင်လျှင် ရေအောက်ရောက်နေပြီဖြစ်သည်။

အာဆီယံနိုင်ငံများမှာ ပိုမိုလုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ ကျွန်တော်မြင် တယ်။ ကျွန်တော်တို့တွေဟာ ဘတ်စ်ကားစီးပြီးတော့ လမ်းခရီးပေါ်မှာပဲရှိနေသေးတယ်။ လမ်းပေါ်မှာရှိတဲ့ အဖုအထစ်တွေနဲ့ ကောက်ကွေ့တဲ့လမ်းပေါ်မှာ တသမတ်တည်း မဟုတ်တဲ့ မောင်းနှင်မှုတွေဟာ ကျွန်တော်တို့ကို ခေါင်းစားစေပြီးတော့ သဲထိတ်ရင်ဖိုဖြစ်စေပါတယ်။ သို့သော်လည်း ကျွန်တော်တို့တွေဟာ ဘတ်စ်ကား ပေါ်မှာရှိနေသေးတယ်။ အတိတ်မှာကျွန်တော်တို့တွေဟာ ပိုမိုခက်ခဲတဲ့ပြဿနာ တွေကိုကျော်လွှားခဲ့ကြပြီး၊ အာဆီယံရဲ့အခက်အခဲတွေနဲ့ ခရီးလမ်းမှာရှိတဲ့ချွတ်ယွင်း ချက်တွေဟာ မထူးဆန်းပါဘူး။ ကျွန်တော်တို့တွေဟာ အဲဒီအခက်အခဲ တွေကိုဖြတ်သန်းလာခဲ့ပြီ။ ဒါပေမဲ့ကျွန်တော်တို့ ကြိုးစားရအုံးမယ်။ ပြီးတော့ကျွန်တော်တို့ဆီမှာ ရှေ့ဆက်သွားဖို့ မတ်တည်နိုင်စွမ်းနဲ့ စွမ်းဆောင် နိုင်ရည်ရှိရမယ်။ ဆုံးဖြတ်ချက်ခိုင်မာနေတယ် ဆိုတာပြသရမယ်။



အုန်ခင်ရုန်း
အာဆီယံ အထွေထွေအတွင်းရေးမှူး
(၂၀၀၃-၂၀၀၇)



သမ္မတ မီဂါဝတ်တီစူကာနိုပူတရီ
အင်ဒိုနီးရှားသမ္မတ(၂၀၀၁ ၂၀၀၄)

အနာဂတ်မှာ အာဆီယံဟာ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုပဲကြည့်ပြီးတော့ လက်မတွဲသင့်ဘူး။ စီးပွားရေးနဲ့ နိုင်ငံရေးနှစ်ခုစလုံးတို့ရဲ့ အကျိုးအမြတ်ကိုကြည့်ပြီး လက်တွဲသင့်တယ်။ ဒါမှသာလျှင် တန်းတူညီမျှပြီး လျင်မြင်တဲ့တိုးတက်မှုကိုရနိုင်မယ်။

**အဓိကဝေါဟာရများ**

| | |
|---|---|
| ရေရေလည်လည်ကျွံဝင်လျက်(ဗန်းစကား) | - ပြန်ပြင်လို့မရအောင် ဖြစ်သွားခြင်း။ |
| ဆီလျော်သော (နာမဝိသေသန) | - တစ်စုံတစ်ခုနှင့် အရေးပါသည့်ဆက်နွယ်မှုရှိသော။ |
| စီမံချက်(နာမ်) | - အစီအစဉ် သို့မဟုတ် စီမံကိန်း။ |
| လုနီးပါး(ကြိယာဝိသေသန) | - ပြီးဆုံးခါနီး။ |

အကြမ်းဖက်မှုနှင့်ပတ်သက်တဲ့ ပြောဆိုမှုတွေဟာ အရှေ့တောင်အာရှနိုင်ငံအများစုနှင့် ဆီလျော်မှုမရှိပါဘူး။ အနာဂါတ်မှာနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတွေဟာ အရှေ့တောင်အာရှဒေသအတွင်းမှာပဲ ဖြစ်ပေါ်လာမယ်။ ဒီစိန်ခေါ်မှုတွေအာလုံးနီးပါးဟာ ကိုလိုနီခေတ်ပြီးနောက် တိုင်းပြည်နိုင်ငံပြန်လည် ထူထောင်ရေးလုပ်ငန်းနဲ့ သက်ဆိုင်နေတယ်။ ရာစုနှစ်တစ်ဝက် (သို့) အဲဒီထက်ပိုကြာတဲ့အချိန်ဟာ နိုင်ငံပြန်လည်ထူထောင်ဖို့အတွက် မလုံလောက်ပါဘူး။ဒီဒေသတွင်း နိုင်ငံအားလုံးနီးပါးဟာ ဒီလုပ်ငန်းထဲမှာရေရေလည်လည် ကျွံဝင်လျက်ရှိနေပါပြီ။ အရှေ့တောင်အာရှဒေသတွင်းပျိုးထောင်ခါစ နိုင်ငံများရဲ့အဓိက စိန်ခေါ်မှုကတော့ ယဉ်ကျေးမှုနှင့် လူမှုရေး မတူညီတဲ့တိုင်းရင်းသားလူမျိုးများကို သူတို့သဘော တူညီမှုရနိုင်မယ့် နိုင်ငံရေးဇာတ်ခုံပေါ် ရောက်ရှိအောင် စည်းရုံးသိမ်းသွင်းဖို့ပဲဖြစ်တယ်။



မိုဟာမက်ဂျော်ဟာဟတ်စန်
နည်းဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာန
ဥက္ကဋ္ဌ နှင့်ဗဟိုအလုပ်အမှုဆောင်အရာရှိ



ပါမောက္ခ လင်ချောင်ရမ်
နန်ရန် နည်းပညာတက္ကသိုလ်(စင်္ကာပူ)

မျက်မှောက်ခေတ်မှာ အရှေ့တောင်အာရှရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကတော့ လူတွေရဲ့လူနေမှု အရည်အသွေးကိုမြင့်တင်ဖို့ပဲဖြစ်တယ်။ နိုင်ငံတွေဟာ ညီမျှတဲ့ဖွံ့ဖြိုးမှုစီမံကိန်းတွေနဲ့ လူတွေကိုဆင်းရဲမွဲတေမှုကနေ လွတ်မြောက်အောင်လုပ်ဆောင်ရမယ်။ လွတ်မြောက်ဖို့ဆိုရင် အရှေ့တောင်အာရှနိုင်ငံတွေဟာ စိုက်ပျိုးရေးတွေမှာ ထုတ်ကုန်အရေအတွက် မြင့်မားလာအောင်လုပ်ဆောင်ဖို့ လိုအပ်တယ်။ ဘာကြောင့် လဲဆိုတော့ ဒီနိုင်ငံအများစုဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စိုက်ပျိုးရေးကို မှီခိုနေရလို့ဖြစ်တယ်။ နိုင်ငံရဲ့သယံဇာတတွေကိုလည်း မှန်မှန်ကန်ကန်သုံးစွဲဖို့လိုအပ်ပြီး ထုတ်လုပ်သုံးစွဲရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့လိုအပ်တယ်။ သို့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာဖို့ဆိုရင် နိုင်ငံရေးနှင့် လူမှုရေးတည်ငြိမ်မှုလည်းလိုအပ်တယ်။

**အောက်ပါကွက်လပ်များကိုဖြည့်ခြင်းဖြင့် ပညာရှင်များပြောဆိုချက်များကို အတိုချုံးပါ။**

ဥပမာ -ဒေါက်တာဂျာရတ်ပရိုက်စ်က ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ စီးပွားရေးမဖြစ်နိုင်ဘူး။ ဘာကြောင့်လဲတော့ စီးပွားရေးအခြေအနေကောင်းမွန်နေပါတယ်။

ကွန်ဒိုလီဇာရိုက်စ် - ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ ----------ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ . . .

----------------------------------------------------------------

အစ်စဘယ်လီ လူးဝစ် - ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ ----------ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ . . .

----------------------------------------------------------------

အုန်ခင်ရုန်း - ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ ----------ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ . . .

------------------------------------------------------------------

သမ္မတ မီဂါဝတ်တီ စူကာနိုပူတရီ - ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ ----------ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ . . .

---------------------------------------------------

မိုဟာမက် ဂျော်ဟာဟတ်စန် - ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ --------------ဖြစ်တယ် ဘာကြောင့်လဲဆိုတော့ . . .

---------------------------------------------------

လင်ချောင်ရပ် - ဖြစ်လာနိုင်မယ့်အကြီးဆုံးစိန်ခေါ်မှုကတော့ --------------------------ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ . . .

---------------------------------------------------------

**(က)**ကိုလိုနီခေတ်ပြီးနောက် ပျိုးထောင်ခါစနိုင်ငံများ ကြုံတွေ့ရသောစိန်ခေါ်မှုများကို ဖော်ပြပါ။
**(ခ)**အရှေ့တောင်အာရှဒေသတွင်း မည်သည့်နိုင်ငံများသည် ထိုစိန်ခေါ်မှုများကိုရင်ဆိုင်နေရပါသနည်း။
**(ဂ)**အရှေ့တောင်အာရှနိုင်ငံများသည် မည်သည့်စိန်ခေါ်မှုအသစ်များ ထပ်မံကြုံတွေ့နေပါသနည်း။

| စိန်ခေါ်မှုများ | စီးပွားရေး | နိုင်ငံရေး | လူမှုရေး | သဘာဝပတ်ဝန်းကျင် |
|---|---|---|---|---|
| ယခင် | | | | |
| အသစ် | | | | |

| ဆွေးနွေးခန်း |
| --- |
| **ခန့်မှန်းခြင်း၊ ဦးစားပေး သတ်မှတ်ခြင်း** |

သုံးယောက်(သို့)လေးယောက်တစ်စု အုပ်စုဖွဲ့ပြီး အရှေ့တောင်အာရှအနာဂတ်နှင့်ပတ်သက်၍ဆွေးနွေးပါ။ စီးပွားရေးမည်သို့ပြောင်းလဲသွားနိုင်သနည်း။ မည်သည့်နိုင်ငံရေးပြောင်းလဲမှုများ ဖြစ်လာနိုင်သနည်း။ သဘာဝပတ်ဝန်းကျင်လည်း မည်သို့ဖြစ်ပျက် ပြောင်းလဲသွားနိုင်သနည်း။

သင့်ကိုယ်သင် အာဆီယံအကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ်ခံယူလျှက် အရှေ့တောင်အာရှဒေသအတွင်းရှိနိုင်ငံများအား မည်သည့်အရေးကြီးဆုံးကိစ္စများအတွက် ငွေသုံးစွဲစေမည်နည်း။ အာဆီယံအဖွဲ့အနေဖြင့် အနာဂတ်သုံးစွဲသင့်သော အရေးကြီးဆုံးဦးစားပေးကိစ္စ ရပ်သုံးခုကိုဖော်ပြပါ။

| တိုးချဲ့လေ့ကျင့်ခန်း |
| --- |
| **တင်ပြခြင်း** |

သင့်အုပ်စုသည် အာဆီယံအစည်းအဝေးတွင်အကြံဉာဏ်များ ပံ့ပိုးကူညီမှုပေးပါရန် မေတ္တာရပ်ခံခြင်းခံရသည်ဆိုပါစို့။ အဖွဲ့များအနေဖြင့်တင်ပြရမည့် အချက်များကိုပြင်ဆင်ထားပါ။ သတိထားရမည့် အချက်မှာ ခန့်မှန်းပြောဆိုချက်များတွင် မည်သည့်အတွက်ကြောင့်ဖြစ်သည်ဆိုသော ကောင်းမွန် ရှင်းလင်းတိကျသော အကြောင်းပြချက်များကိုပေး၍ တင်ပြသွားရန်ဖြစ်ပါသည်။

| သုတေသနလုပ်ငန်း |
| --- |

သုတေသနလုပ်ငန်းများအတွက်ဆရာ၊ ဆရာမမှခေါင်းစဉ်တစ်ခုပေးမည်။ (ဥပမာ-ကုန်သွယ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာရေး၊ နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)

ထိုခေါင်းစဉ်ကိုသုတေသနလုပ်ဆောင်နိုင်ရန်အတွက် ဤသင်ခန်းစာစာအုပ်ကို ပြန်လည်လေ့လာပြီး ၎င်းခေါင်းစဉ်နှင့်ပတ်သက်သော အချက်အလက်များကိုစုဆောင်းပါ။ စာကြည့်တိုက် သို့မဟုတ် အချက်အလက်များရရှိနိုင်သောနေရာများရှိပါသလဲ ဤစာအုပ်အပြင်အခြားမှ ရရှိလာသည့် အကြောင်းအရာအချက်အလက်များကိုလည်း စုဆောင်းလေ့လာထားရန် ဖြစ်ပါသည်။

အချက်အလက်များစုဆောင်းပြီးသောအခါ ထိုခေါင်းစဉ်နှင့်သက်ဆိုင်သော အရှေ့တောင်အာရှအနာဂတ်ကို သင့်ကိုယ်ပိုင်စကားဖြင့် စာပိုဒ်သုံးပိုဒ်ခွဲ၍ရေးပါ။ သင့်ခန့်မှန်းချက်များ မှန်ကန်နိုင်ကြောင်းကို အကြောင်းပြချက်များပေး၍ ရှင်းပြရေးသားပေးရန် လိုအပ်ပါသည်။

**လေ့ကျင့်ခန်း**

**မြေပုံသုံးလုပ်ဆောင်ခြင်း**

၁

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**
**အကြောင်းနှင့်အကျိုး**
**ခွဲခြားသတ်မှတ်ခြင်း**

**ကြိုတင်လေ့လာခြင်း**

**တွေးခေါ်ခြင်း**
**စိတ်ကူးဖော်မြေပုံ**

**ကြိုတင်လေ့လာခြင်း**

**အနက်ဖွင့်ခြင်း**

**လေ့ကျင့်ခန်း**

**နှိုင်းယှဉ်ခြင်းနှင့်**
**ခြားနားချက်ရှာခြင်း**

**ပြန်လည်ဆန်းစစ်ခြင်း**

**အကြောင်းနှင့်အကျိုး**

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**

**ပြန်လည်ဆန်းစစ်ခြင်း**

**မြေပုံကြည့်လုပ်**
**ဆောင်ခြင်း**

ဆွေးနွေးခန်း

ကြိုတင်လေ့လာခြင်း

က

ဆွေးနွေးခန်း

**လေ့ကျင့်ခန်း**

**သဘောပေါက်နိုင်မှု**